www.burmeseclassic.com

ပုဂံစာအုပ်

# စုံထောက်ဦးစံရှား

(ပေါင်းချုပ်)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

[ တတိယအကြိမ် ]

[illegible]
Ph: 73187

ခံလှစာပေတိုက်

အမှတ် ၁၀၉၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း-၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း ကြိုတင် ခွင့်ပြုချက်အမှတ် (၀၈၃၁)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၃၁)

**ပုံနှိပ်မှတ်တမ်း**

ပုံနှိပ်ခြင်း—တတိယအကြိမ်

၁၉၈၅-ခု၊ မေလ

စောင်ရေ—၁၅၀၀

ပန်းချီ—တင်မောင်မျိုး

အဖုံးရိုက်—ပင်မြင့်မာလာအော့ဖ်စက်

စာအုပ်ချုပ်—ညွန့်ညွန့်နှင့် မောင်များ

# တန်ဖိုး - ၄၅ကျပ်

**ပုံနှိပ်သူ**

ဦးစံလှ၊ စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်၊
(၀၂၂၀၉) ၁၄၆၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးစံလှ၊ စံလှစာပေတိုက် (၀၁၃၆၄)၊
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ ၏
## ထုတ်ဝေပြီး အခြားစာအုပ်များ စာရင်း

၁။ ရတနာပုံ[၁] (၁၉၁၆)
၂။ ရန်ကြီးအောင်[*] (၁၉၁၆)
၃။ ရတနာပူရ[၃] (၁၉ ?)
၄။ စုံထောက် မောင်စံရှား
(ဘောင်ဒရီလဲ့ လူသတ်မှု)[၃] (၁၉၂ ?)
၅။ လမ်းနှစ်သွယ် (၁၉၃၅)
၆။ သိန်းထိုက်[၄] (၁၉၃၅)
၇။ အဓရာဟင်လင်ကွန်း အတ္ထုပ္ပတ္တိ (၁၉၃ ?)
[နှစ်အတိအကျ မသိရ၊ ဒုတိယ ကမ္ဘာစစ်မတိုင်မီ ၁၉၄၀ တပိုက် ထုတ်ဝေသည်ဟု မှန်းဆနိုင်သော စာအုပ်များ။]
၈။ ရတနာသိုက်[၅] ၊
၉။ ဆော်လမွန်သိုက်[၆]
၁၀။ အိုင်ဗင်ဟို[၇]
၁၁။ ပထမံ ဆရာသိန်း[၈]
၁၂။ ဝသုံးလုံး[၉]
၁၃။ လွှမ်းအောင်ဖန်
၁၄။ ဝက်နွ[၁၀]
၁၅။ ခင်စက်မေ[၁၁]
၁၆။ စုံထောက်မောင်စံရှား
(ပွေလီအင်းခွေးကြီးအမှု)[၁၂]
၁၇။ စောဒေဝီ[၁၃]
၁၈။ ဂဠုန်နက်ဂိုဏ်း[၁၄]
၁၉။ ရန်အောင် မင်္ဂလာ[၁၅]
၂၀။ ဒေါက်တာ သောင်းထိုက် (ပထမတွဲ)

---

၁။ Mrs Henry Wood ၏ *East Lyne* ကို မှီးသည်။
* ပထမဆုံးရေး ဝတ္ထုဖြစ်သည်။ သို့သော် ဒုတိယအုပ်အဖြစ် ထွက်ရခြင်းမှာ သူရိယမဂ္ဂဇင်းတွင် ၁၉၁၆ ရတနာပုံ ဝတ္ထု ထည့်သွင်းပြီး နောက်မှ ထည့်သွင်းဖော်ပြခံရခြင်း ကြောင့် ဖြစ်သည်။ စာအုပ် အဖြစ်ကား ၁၉၁၇ တွင် ထွက်သည်။
၂။ G.W.M Reynolds ၏ *The Bronze Statute* ကို မှီးသည်။
၃။ ပထမဆုံး စုံထောက်မောင်စံရှား လုံးချင်း စာအုပ် ဖြစ်သည်။ မူရင်းမှာ Sir Arthur Conan Doyle ၏ *A Study in Scarlet* အမည်ရှိ ရှားလော့ဟုမ်း လုံးချင်းစာအုပ် ဖြစ်သည်။
၄။ Wilkie Collins၏ *The Moonstone* ကို မှီးသည်။
၅။ Alexander Dumas၏ *The Count of Monte Cristo* ကို ဘာသာပြန်သည်။
၆။ Sir Rider Haggard ၏ *King's Solamon's Mine* ကို ဘာသာပြန်သည်။
၇။ Sir Walter Scott ၏ *Ivanhoe* ကို ဘာသာပြန်သည်။
၈။ Guy Boothy ၏ *Doctor Nicola* ကို မှီးသည်။
၉။ Edgar Wallace ၏ *The Crimson Circle* ကို မှီးသည်။
၁၀။ Marie Corelli ၏ *Vendatta* ကို မှီးသည်။
၁၁။ Wilkie Collins ၏ *The Woman in White* ကို မှီးသည်။
၁၂။ Sir Arthur Conan Doyle ၏ *The Hounds of Baskervilles* ကို မှီးသည့် စုံထောက်မောင်စံရှား လုံးချင်းအုပ်ဖြစ်သည်။ (ယင်းကိုပင် 'ပါစကာမျိုးလိုခွေးကြီး' အမည်ဖြင့် တိုက်ရိုက် ဘာသာပြန် လုံးချင်းလည်း ထုတ်ခဲ့ဖူးသည်။)
၁၃။ Maurice Collis ၏ *She was a Queen* ကို မှီးသည်။
၁၄။ အမှီး ဝတ္ထု။ မူရင်း မသိရသေး။
၁၅။ Sir Rider Haggard ၏ *Cleopatra* ကို မှီးသည်။

www.burmeseclassic.com

၂၁။ ရူပနန္ဒီ[၁၆]
၂၂။ ရူပကလျာဏီ[၁၇]
၂၃။ ရူပနန္ဒီနှင့် ဘိုးဘိုးအောင်[၁၈]
၂၄။ ဟစ်တလာ လုပ်ခဲ့သမျှ

---

[ဒုတိယကမ္ဘာစစ် နောက်ပိုင်း ထုတ်ဝေသော စာအုပ်များ။]

၂၅။ အာဟာရဖြင့် ကျန်းမာနည်း[၁၉] (၁၉၄၅)
၂၆။ အကြံဉာဏ်ဖြင့်ကြီးပွားရေး[၂၀] (၁၉၄၆)
၂၇။ ဂမုန်းနက်[၂၁] (၁၉၄၇)
၂၈။ ဗာစကာဗျိုးလ်ခွေးကြီး[၂၂] (၁၉၄၇)
၂၉။ ဆင်စွယ်မင်းသမီး[၂၃] (၁၉၄ ?)
၃၀။ မြတ်သက်မော် (၁၉၄ ?)
၃၁။ သူရဲကောင်းသုံးယောက်[၂၄] (၁၉၄၉)
၃၂။ မြော်တလင့်လင့်[၂၅] (၁၉၅၀)
၃၃။ ကိုယ်ရံတော်[၂၆] (၁၉၅၀)
၃၄။ ဂျမဒါကိုကိုကြီး[၂၇] (၁၉၅ ?)
၃၅။ ကိုယ်တွေ့ တရုတ်ပြည်သစ် (၁၉၅၃)
၃၆။ ဦးဖေသိန်း၏ ရွှေဥဒေါင်း (၁၉၅၃)
၃၇။ သွေးစုတ်မြေ[၂၈] (၁၉၅၅)
၃၈။ လက်ထက်တော်ကြီး[၂၉] (၁၉၆၀)
၃၉။ ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ လက်တွေ့ကျင့်စဉ် (၁၉၆၀)
၄၀။ မြန်မာ့စွမ်းရည်[၃၀] (၁၉၆၂)
၄၁။ စစ်ရှုံးသူ[၃၁] (၁၉၆၂)
၄၂။ စိတ်ထားဝတီ*[၃၂] (၁၉၆၅)
၄၃။ ဒဂိုတင့်* (၁၉၆၅)
၄၄။ ဘာသာရေး ခံယူချက်** (၁၉၆၅)
၄၅။ တသက်တာ မှတ်တမ်းနှင့်
အတွေးအခေါ်များ*** (၁၉၆၅)

---

၁၆။ Sir Rider Haggard ၏ *She* ကို မှီးသည်။
၁၇။ Sir Rider Haggard ၏ *Aysha* ကို မှီးသည်။
၁၈။ Sir Rider Haggard ၏ *She and Allan* ကို မှီးသည်။
၁၉။ *Health via Food* ကို မှီးသည်။
၂၀။ Napoleon Hill ၏ *Think and Grow Rich* ကို ဘာသာပြန်သည်။
၂၁။ Alexander Dumas ၏ *The Black Tulip* ကို ဘာသာပြန်သည်။
၂၂။ Sir Arthur Conan Doyle ၏ *The Hounds of Baskervilles* ကို တိုက်ရိုက် ဘာသာပြန်သည်။ (ဖွေလီ သင်းခွေးကြီးအမှု အမည်ဖြင့် စုံထောက်မောင်စံရှားလုံးချင်း အမှီး တပုဒ် ထွက်ခဲ့သေးသည်။)
၂၃။ Sir Rider Haggard ၏ *Ivory Child* ကို ဘာသာပြန်သည်။
၂၄။ Alexander Dumas ၏ *The Three Musketeers* ကို ဘာသာပြန်သည်။ (မူလက ဗိုမိုးနှင်းဘာသာပြန်ခဲ့သည့် ပထမတွဲ ရှိပြီးဖြစ်သဖြင့် ၁၉၄၉ တွင် ဒုတိယတွဲကိုသာ ဘာသာပြန်ခဲ့ပြီး နောက်ပိုင်းကျမှ ပထမတွဲကိုပါ ဘာသာပြန်ခဲ့ခြင်း ဖြစ်သည်။)
၂၅။ Charles Dickens ၏ *Great Expectation* ကို ဘာသာပြန်သည်။ (၁၉၅၀ စာပေဗိမာန် ဘာသာပြန်ဆု ရသည်။)
၂၆။ Alexander Dumas ၏ *Companions of Jehu* ကို ဘာသာပြန်သည်။
၂၇။ Sir Arthur Conan Doyle ၏ *Brigadier Gerad* ကို မှီးသည်။ (ဖွဲ့ဝတ္ထုကိုပင် 'အာဗာနည် အသင်း အမှု' အမည်ဖြင့် ဿုံးကောင်း၊ 'ဇတ်ဇတ်ကြိုက်း' အမည်ဖြင့် လည်းကာင်း မဂ္ဂဇင်းများတွင် သီးခြား ရေးခဲ့သေးသည်။)
၂၈။ Upton Sinclair ၏ *The Jungle* ကို ဘာသာပြန်သည်။ (၁၉၅၅ စာပေဗိမာန် ဘာသာပြန်ဆုရသည်။)
၂၉။ Sir Arthur Conan Doyle ၏ *The Rodney Stone* ကို မှီးသည်။
၃၀။ Sir Walter Scott ၏ *The Old Mortality* ကို မှီးသည်။ [စိတ်ထားဝတီ (၁၉၆၅) အမည်ဖြင့်လည်း တိုက်ရိုက်ဘာသာပြန်ချင်း ထုတ်သေးသည်။]
၃၁။ Sir Walter Scott ၏ *The Waverly* ကို မှီးသည်။
၃၂။ Sir Walter Scott ၏ *The Old Mortality* ကို ဘာသာပြန်သည်။ [မြန်မာ့စွမ်းရည် (၁၉၆၂) အမည်ဖြင့်လည်း မှီးရေးဖူးသည်။]

* အမှီး ဝတ္ထုတိုများ ဖြစ်သည်။ ထိုသော် တပုဒ်တည်းကို ပင်တိုင်ထား မှီးခြင်းမဟုတ်သဖြင့် မူရင်းအမည်များ ဖော်ပြရန် ခဲယဉ်းသည်။

** ဒုတိယအကြိမ် ထုတ်ဝေခြင်းနှင့် 'လာကုဗ္ဗဆရာရေးရာ ဆွေးနွေးခန်းများ' ဟု အမည်ပြောင်းခဲ့သည်။

*** ကိုယ်ရေး အတ္ထုပ္ပတ္တိနှင့် ကိုယ်ပိုင် အတွေးအခေါ်များကို တင်ပြသည်။ [၁၉၆၀ စာပေဗိမာန် စာပဒေသာဆု (ပူးတွဲ) ရ စာအုပ်။]

www.burmeseclassic.com

www.burmeseclassic.com



၄၆။ ဇတ်ဇတ်ကြဲဂိုဏ်း[၃၃] နှင့် ရန်အောင်မင်္ဂလာ[၃၄]§ (၁၉၆၆)

၄၇။ ရွှေဥဒေါင်း၏ ဆွေးနွေးခန်းများ

၄၈။ ဗုဒ္ဓဝါဒနှင့် အယူအဆရေးရာများ

၄၉။ ဗုဒ္ဓဝါဒနှင့် အယူအဆရေးရာများ ထပ်မံတင်ပြချက်

၅၀။ စာပဒေသာ

၅၁။ အတွေးအခေါ် ဟင်းလေးအိုးကြီး

---

၃၃။ **Sir Arthur Conan Doyle** ၏ *Brigadier Gerad* ကို မှီးသည်။ (ယင်းကိုပင် 'ဂျမဒါကိုကိုကြီး' အမည်ဖြင့်လည်း လုံးချင်းရေးဖူး၍ 'အာဇာနည်အသင်းအမှု' အမည်ဖြင့်လည်း 'စုံထောက် ဦးစံရှား' ဝတ္ထုရေးဖူးသည်။)

၃၄။ **Sir Rider Haggard** ၏ *Cleopatra* ကို မှီးသည်။ (စစ်မဖြစ်မီက အုပ်ချင်းအဖြစ် ထုတ်ဖူးသည်။)

§ အထက်ဖော်ပြပါ ၃၃ နှင့် ၃၄ ဝတ္ထုနှစ်ပုဒ်ကို စုစည်း ထုတ်ဝေခြင်း ဖြစ်သည်။

[၁၉၆၄-၅ ခုနှစ်အတွင်း 'ရွှေဥဒေါင်းစာစဉ်' အဖြစ် စုစည်း ထုတ်ဝေခဲ့သော စာအုပ်များ။]§§

၅၂။ ဖော်ဟိတ်

၅၃။ လူစွန့်စား

၅၄။ စေတလုံးပိုင်ရှင်

၅၅။ သူတော်စိန်

၅၆။ စန္ဒာဒေဝီ

၅၇။ ကာလ ယန္တရား

၅၈။ ဆုကြီးပန်

၅၉။ ချစ်ပန်းပွင့်

---

§§ ယင်းတို့သည်လည်း အမှီးများ ဖြစ်သည်။ အချို့မည်သည်ကို မှီးမှန်း မသိရသေး။ အချို့မူ ဟိုဝတ္ထုမှ ဒီဝတ္ထုမှ စသဖြင့် (ဥပမာ ဒဂုံတင့်၊ ဖော်ဟိတ်) မူလ စာရေးဆရာ တူ၊ ဇာတ်လမ်းတူကို တသမတ်တည်း မမှီးဝဲ မိမိ၏ 'ဇာတ်ဆောင်' အမည်ကိုသာ 'မူသေ' ယူ၍ မှီငြမ်းပြု ရေးသားခဲ့ခြင်းများ ဖြစ်၏။

www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၁ / ၈

ခံလှစာပေတိုက်

အမှတ် ၁၀၉၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း–၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| —॥ | ပုဂံစာတည်းအဖွဲ့၏ မှတ်ချက် | .... | ဍ |
| —॥ | ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ | .... | အံ |
| ၁॥ | မိတ်ဆက် | .... | ၁ |
| ၂॥ | ဘောင်ဒရီလမ်း လူသတ်မှု | .... | ၁၆ |
| ၃॥ | အစိုးရစာချုပ် ပျောက်ဆုံးမှု | .... | ၈၂ |
| ၄॥ | မဟာရာဇာတဦးအမှု | .... | ၁၀၃ |
| ၅॥ | ထူးဆန်းသော အိမ်ငှားမှု | .... | ၁၁၅ |
| ၆॥ | စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု | .... | ၁၂၈ |
| ၇॥ | ကပ်စေးနှဲသော ရဟူဒီအမှု | .... | ၁၄၂ |
| ၈॥ | ကာဏာရိုဂျ်အသင်း | .... | ၁၅၇ |
| ၉॥ | ဝန်ထောက်လူလိမ် အမှု | .... | ၁၇၃ |
| ၁၀॥ | သိရိမ္မာသောကမင်းကြီး တံဆိပ်တော် | .... | ၁၈၄ |
| ၁၁॥ | တိုင်ကပ်နာရီများ ရိုက်ခွဲမှု | .... | ၂၀၃ |
| ၁၂॥ | တဂူကူးကူး | .... | ၂၁၆ |
| ၁၃॥ | ခြေကျိုး ငကြိုင် | .... | ၂၃၃ |
| ၁၄॥ | အိမ်ထွင်းပုန်း ကုလားမ အမှု | .... | ၂၄၇ |
| ၁၅॥ | ငမောက်တူး အမှု | .... | ၂၅၇ |
| ၁၆॥ | ပြိုင်မြင်းရှင် မောင်ကြာညွန့်အမှု | .... | ၂၇၀ |
| ၁၇॥ | အာဠဝက မောင်ကလေးအမှု | .... | ၂၈၆ |
| ၁၈॥ | ထူးဆန်းသော နားရွက်ပြတ် နှစ်ခု | .... | ၃၀၃ |
| ၁၉॥ | ကမာရွတ်ရွာ လူသတ်မှု | .... | ၃၂၁ |
| ၂၀॥ | ရည်းစားခဲပျောက် ရှာပုံတော် | .... | ၃၄၃ |
| ၂၁॥ | ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု | .... | ၃၅၆ |
| ၂၂॥ | သိုက်ဆရာတယောက်၏ အမှု | .... | ၃၇၀ |
| ၂၃॥ | အင်္ဂလိ စကားပြန်အမှု | .... | ၃၈၂ |


www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနှဲ မိုးဇက်အမှု .... ၃၉၆

၂၅။ အင်လျားကန် လူသတ်မှု .... ၄၁၀

၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃

၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀

၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀

၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃

၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅

၃၁။ ဩဇာ သုံးစေ့အမှု .... ၄၉၇

၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆

၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀

၃၄။ မသင်္ကာသော လင်မယား .... ၅၄၂

၃၅။ စံဖဲအဆောင်း တွေ့မှု .... ၅၅၇

၃၆။ အမွေမပေးလိုသော ပထွေးအမှု .... ၅၇၀

၃၇။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု .... ၅၈၈

၃၈။ စင်တာဖောဇပ် ဘောသမားပျောက်မှု .... ၆၀၄

၃၉။ ဉာဏ်သမား မောင်မောင်ဦး .... ၆၁၈

၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂

၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃

၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃

၄၃။ လေးပွင့်ဆိုင် .... ၇၀၁

၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂

၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆

၄၆။ ကျောက်စိ ခါးမြှောင် ပျောက်ဆုံးမှု .... ၇၉၈

၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂

၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁

၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉

၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂

၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆

၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅

၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


www.burmeseclassic.com

www.burmeseclassic.com

# ပုဂံ စာတည်းအဖွဲ့၏ မှတ်ချက်

## ၁

ရသစာပေ၏သဘောတွင် အင်္ဂါရပ်နှစ်ခု ပါဝင်သည်ဟု ဆိုပါသည်။ ယင်းတို့မှာ ဘဝအသိ၊ လောကအသိ ပေးခြင်း (တနည်းဆိုရသော်) ပညာပေးခြင်းနှင့် ဖျော်ဖြေမှု ပေးခြင်းတို့ ဖြစ်ပါသည်။

ရသစာပေကို ဖန်တီးသူသည် စာဖတ်သူအား မိမိပေးလိုသော အသိကို (တနည်း) ပညာကို ရသမြောက်အဖွဲ့ဖြင့် ပေးတတ်လေ့ရှိလေသည်။ ယင်းသို့ ရသမြောက်ဖွဲ့ရာတွင် ဇာတ်လမ်းဖြင့် မက်လုံးပေးသည်လည်း ရှိ၏။ ဇာတ်ဆောင်အဖွဲ့ဖြင့် မက်လုံး ပေးသည်လည်း ရှိ၏။ အရေးအခင်းကိုဖွဲ့၍ မက်လုံးပေးသည်လည်း ရှိ၏။ ဤသို့ မက်လုံးပေး ဆွဲဆောင်သည်ကိုပင် ဖျော်ဖြေမှု သဘောသက်ဝင်သည်ဟု ဆိုကြပါသည်။

ဤတွင် ဖျော်ဖြေမှုနှင့် ဘဝအသိ၊ လောကအသိ အမျှအတပြု ဖန်တီးသော ရသစာပေတို့နှင့် အတူ ဖျော်ဖြေမှုအဓိကစာပေနှင့် ပညာပေး အဓိကစာပေ ဟူ၍ အစွန်းနှစ်ဘက်ထွက် စာပေတို့လည်း ပေါ်လာခဲ့ လေသည်။ အစွန်းတဘက်ရောက် ဖျော်ဖြေမှု အဓိက စာပေတွင် စုံထောက်ဝတ္ထုများကို ထည့်သွင်း ဖော်ပြတတ်လေ့ ရှိလေသည်။ သို့ဖြင့် ကမ္ဘာ့ စာဖတ် ပရိသတ်လောကတွင် များစွာသော စုံထောက်ဝတ္ထုများကို အိပ်ရာဝင် ပုံပြင်များ အဖြစ် သတ်မှတ်ခဲ့ကြလေသည်။ တနည်းဆိုရသော် အပျင်းဖြေ စာအုပ်များအဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်လေသည်။

သို့သော် စုံထောက်ဝတ္ထု တိုင်းသည် အိပ်ရာဝင် ပုံပြင်များ ဖြစ်ကြသလော၊ အပျင်းဖြေ စာအုပ်များ သက်သက် ဖြစ်ကြသလော၊ ဖျော်ဖြေမှု အဓိက စာပေ ဖြစ်ကြသလော ဟူသော အချက်သည်ကား စဉ်းစားဆင်ခြင်ဖွယ် ဖြစ်ပေသည်။

အခြား တဘက်တွင်လည်း စုံထောက်ဝတ္ထုများက စာဖတ် ပရိသတ်အပေါ် လွှမ်းမိုးနိုင်စွမ်းကိုလည်း ချင့်တွက် သင့်လေသည်။ များစွာသော စာချစ်သူတို့သည် စုံထောက်ဝတ္ထုများနှင့် ရင်းနှီးခဲ့ကြပြီး ဖြစ်သည်ကိုကား စာချစ်သူ အများပင် လက်ခံနိုင်ကြမည် ထင်ပါသည်။

ဤသို့ဖြင့် စာပေလောကတွင် စုံထောက် ဝတ္ထု၏ အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်စွာ ဖြစ်ထွန်းတည်ရှိလာခဲ့သည်ဟု ဆိုရပေမည်။

## ၂

မြန်မာစာပေတွင် ဇာတ်ကြီးဆယ်ဘွဲ့လာ မဟောသဓ ဇာတ်တော်ကြီး ဝတ္ထုမှ မဟောသဓ သတို့သား၏ တရားစီရင်ခန်းများသည် စုံထောက်ဝတ္ထုပုံစံနှင့် နီးစပ်သော ဇာတ်လမ်းများ ဖြစ်သည်ဟု ဆိုကြပါသည်။

ဤသို့ဖြစ်လျှင် မြန်မာ စာဖတ် ပရိသတ်သည် ကာလအတန်ကြာကပင် စုံထောက်ဝတ္ထုများနှင့် စတင် ရင်းနှီးခဲ့သည်ဟု ဆိုရပေမည်။

ထို့ကြောင့်ပင် မြန်မာစာပေ အရှိန်အဟုန် တိုးတက်စ ပြုလာသော နှစ်ဆယ်ရာစု အစောပိုင်းတွင် မြန်မာပဂ္ဂိုလ်များ၌ စုံထောက်ဝတ္ထုများကို စတင် ဖော်ပြလာခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ယင်းတို့တွင် ပီမိုးနင်း၏ စုံထောက် မောင်ရွှေမားး ဝတ္ထု များနှင့် ရွှေဥဒေါင်း၏ စုံထောက် မောင်စံရှားတို့ကို အစောဆုံး စုံထောက် ဝတ္ထုများအဖြစ် မှတ်တမ်းတင်ခဲ့ကြပါသည်။

ထို့နောက်တွင် မြန်မာ စာဖတ်ပရိသတ်သည် ဒဂုန်ရွှေမျှား၏ စုံထောက်ဦးထင်ကျော်၊ ဝဇီရာ၏ စုံထောက် ဦးထွန်းပေါ်တို့နှင့် ရင်းနှီး ကျွမ်းဝင်လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင်ကား မြန်မာစာဖတ်ပရိသတ် လောကတွင် မိုးဝေ၏ စုံထောက် တင်မောင်ဆွေ ဝတ္ထုများ တိုးဝင်လာခဲ့ပါသည်။ အခြားစုံထောက်ဝတ္ထု အများအပြားလည်း ပေါ်ထွက် လာခဲ့ပါသည်။

ယင်းတို့တွင် စုံထောက် ဦးစံရှား ဝတ္ထုများသည် အနှစ် ခြောက်ဆယ်နီးပါး ခရီးကို ဖြတ်သန်းလာခဲ့သည် အထိ မြန်မာစာဖတ်ပရိသတ်နှင့် အကျွမ်းတဝင် ဖြစ်လာခဲ့သော ဝတ္ထုများဟု ဆိုနိုင်လေသည်။

အဘယ်ကြောင့် ယင်း စုံထောက် ဦးစံရှား ဝတ္ထုများသည် မြန်မာ စာပေလောကတွင် ဤမျှ နှစ်ကာလကြာမြင့်စွာ တည်တံ့လာခဲ့ရသနည်း။ အကြောင်းကား စုံထောက် ဦးစံရှား ဝတ္ထုများသည် သာမန် စုံထောက်ဝတ္ထုမျိုး မဟုတ်ချေ။ အပျော်ဖတ်သက်သက် စုံထောက်ဝတ္ထုမျိုး၊ အိပ်ရာဝင်ဖတ် စုံထောက်ဝတ္ထုမျိုး မဟုတ်၊ ကမ္ဘာ့စာပေ ဂန္ထဝင်မြောက် စုံထောက်ဝတ္ထု အမျိုးအစားမှ ပေါက်ဖွားလာခဲ့သောကြောင့် ဖြစ်လေသည်။

၃

စုံထောက် ဦးစံရှား ဝတ္ထုအများစု၏ အခြေခံဝတ္ထုများကား အင်္ဂလိပ် စာပေတွင် ထင်ရှားသော ရှားလော့ဟုမ်း[၁] ဝတ္ထုများဖြစ်၏။ ယင်း ရှားလော့ဟုမ်း ဝတ္ထုများကိုဖန်တီးသူမှာ ဆာအာသာကိုနင်ဒွိုင်း[၂]ဖြစ်သည်။

ကိုနင်ဒွိုင်းသည် အိုင်းရစ် အမျိုးသား အဆက်အနွယ် ဖြစ်သည်။ ၁၈၅၉ မေ ၂၂ တွင် အင်္ဂလန်နိုင်ငံ အီဒင်ဘာရာမြို့၌ မွေးဖွားခဲ့သည်။ ဆေးပညာကို သင်ယူခဲ့စဉ်ကာလမှ အက်ဂါအယ်လင်ပိုး[၃]၊ ဝီလကီကောလင်း[၄]၊ ဂါဗရီယို[၅] စသော စုံထောက်ဝတ္ထုရေး ဆရာများ၏ ဝတ္ထုများကိုဖတ်ပြီး စာပေ၌ စိတ်ဝင်စားခဲ့သည်။

၁၈၆၆တွင် ကိုနင်ဒွိုင်းသည် ဆောက်ဆီး[၆] (တောင်ပင်လယ်) ၌ ဆရာဝန်အဖြစ် အသက်မွေးခဲ့၏။ သို့သော် သူ့ ရည်မှန်းချက်မှာ စာပေလုပ်ငန်းသာ ဖြစ်သည်။ သူသည် စုံထောက်ဝတ္ထုများ၌ စိတ်ဝင်စားသည်။ သူ ဆေးပညာ သင်ယူခဲ့သော ဆရာရင်း ဒေါက်တာ ဂျိုးဆက်ဗဲ[၇] ထံတွင် ပညာသင်စဉ်ကပင် ဆေးပညာနှင့် သိပ္ပံပညာကို စိတ်ဝင်စားခဲ့သည်။ ဗဲသည် တပည့်များကို ဆေးပညာသင်ယင်း ထုတ်နုတ် ဆင်ခြင်နည်း[၈]များကိုပါ သင်ပြ ပို့ချခဲ့၏။

ဤသည်တို့ကား ကိုနင်ဒွိုင်းအဖို့ သိပ္ပံနည်းကျသော ထုတ်နုတ် ဆင်ခြင်နည်းနှင့် ယှဉ်သည့် ရှားလော့ဟုမ်း ဝတ္ထုများကို ဖန်တီးလာစေသည့် နောက်ခံအကြောင်းများ ဖြစ်လေသည်။

ကိုနင်ဒွိုင်းသည် မူလကပင် ကွန်းဟီး[၉] မဂ္ဂဇင်းနှင့် အဆက်အသွယ်ရှိပြီး ဖြစ်သည်။ ကွန်းဟီး မဂ္ဂဇင်း၌ စာများ ရေးစပြုနေပြီ ဖြစ်၏။ ယခုမူ ကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်းကို စတင် ဖန်တီးလေပြီ။ သူ့ဆရာ ဂျိုးဆက်ဗဲ၏ စရိုက်ကို အခြေခံ၍ ရှားလော့ဟုမ်းကို ဖန်တီးကာ "အ စတားဒီ အင် စကားလက်"[၁၀] အမည်ရှိဝတ္ထုကို စ၍ ရေးလေသည်။ ၁၈၆၆ ဧပြီလတွင် ဝတ္ထုကို အဆုံးသတ်ပြီး ကွန်းဟီး မဂ္ဂဇင်းတိုက်သို့ ပို့ခဲ့သည်။ သို့သော် ကွန်းဟီး အယ်ဒီတာများသည် ထို ပထမဆုံး ရှားလော့ဟုမ်းကို များစွာ စိတ်ဝင်စားပုံ မပေါ်ချေ။ ထို့ကြောင့် "မဂ္ဂဇင်းတွင် ဖော်ပြရန် ဝတ္ထုတပုဒ် အဖြစ် ရှည်လွန်းပြီး စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် တိုလွန်းသည်" ဟူသော သာမန် အကြောင်း ပြချက်ဖြင့်

၁။ Sherlock Holmes

၂။ Doyle, Sir Arthur Conan (1859-1930)

၃။ Poe, Edgar Allan (1809-1849)။ ။အမေရိကန်လူမျိုး ကဗျာဆရာ၊ ဝေဖန်ရေးသမားနှင့် လျှို့ဝှက်သဲဖို စုံထောက်ဝတ္ထု စာရေးဆရာ။

၄။ Collins, (William) Wilkie (1824-1889)။ အင်္ဂလိပ်လူမျိုး၊ လျှို့ဝှက်သဲဖိုနှင့်စုံထောက်ဝတ္ထုများ ရေးလေ့ရှိသည်။ သူ၏ *The Woman in White* (1860) [ယင်းကို ရွှေဥဒေါင်းက ခင်စက်မေ၊ ကိုကိုက ခရူအိမ်၊ ရှုဝံက ခင်နှင်းဖြူ အမည်ဖြင့် မှီးရေးခဲ့ဖူးသည်။] နှင့် *The Moon-Stone* (1868) [ယင်းကို ရွှေဥဒေါင်းက သိန်းထိုက် အမည်ဖြင့် မှီးရေးခဲ့ဖူးသည်။] တို့သည် ထင်ရှား၏။

၅။ Gabriao, Emile (1835-1873)။ ။ပြင်သစ် စုံထောက်ဝတ္ထု လောကတွင် ထင်ရှားသော စုံထောက် ဝတ္ထုရေးဆရာ။ သူ၏ထင်ရှားသော စုံထောက် ဇာတ်ဆောင်မှာ မွန်စီယာလေကိုး (Monsieur Lecoq) ဖြစ်သည်။

၆။ South Sea

၇။ Bell, Joseph

၈။ Deductive method

၉။ *Cornhill*

၁၀။ *A Study in Scarlet* [ဤစာအုပ်တွင် 'ဘောင်အနီလမ်း ထူးသတ်မှု' အမည်ဖြင့် ပါဝင်သည်။]

www.burmeseclassic.com



ဝတ္ထုကို ကိုနင်ဒွိုင်းထံသို့ ပြန်ပို့ခဲ့၏။ ထို့နောက်ထိုဝတ္ထု ပုံနှိပ်ရေးအတွက် အခြားပုံနှိပ်တိုက်တခုနှင့် ဆက်သွယ်ကြည့်သေးသော်လည်း စာမူကို ဖတ်၍မျှပင် မကြည့်ပဲ ပြန်ပို့ခဲ့၏။ နောက်ဆုံးတွင် ဝပ်ဒလော့နှင့် ကုမ္ပဏီ [၁၁] စာအုပ်တိုက်သို့ ပို့ခဲ့ရာ ယင်းစာအုပ်တိုက်ကမူ အနည်းငယ် စိတ်ဝင်စားဟန် ပြခဲ့၏။ ထိုစာအုပ်တိုက်က ထိုဝတ္ထုကို လောလောဆယ် မရိုက်နိုင်သေး စောကာမူ ၁၈၈၇ နှစ်ပတ်လည် **ခရစ်စမတ် အထူးထုတ် ဗီးတွန်** [၁၂] စာစောင်တွင် ထည့်သွင်း ဖော်ပြပေးခဲ့ခြင်းဖြင့် ရှားလော့ဟုမ်း ဝတ္ထုသည် စာဖတ်ပရိသတ် တွင်းသို့ စတင် ရောက်ရှိလာခဲ့လေသည်။

ဤတွင် **လစ်ပင်ကုတ် မဂ္ဂဇင်း** [၁၃] အယ်ဒီတာသည် **ဗီးတွန်**စာစောင်၌ပါလာသောရှားလော့ဟုမ်းဝတ္ထုကို ဖတ်ရပြီး သဘောကျသဖြင့် ကိုနင်ဒွိုင်းထံသို့ ရှားလော့ဟုမ်း ဝတ္ထုများ ဆက်လက်ရေးသား ပေးပို့ရန် တောင်းခံလိုက်လေသည်။ သို့ဖြင့် ကိုနင်ဒွိုင်းသည် ဒုတိယမြောက် ရှားလော့ဟုမ်း ဝတ္ထုဖြစ်သော **လေးဂဏန်းအမှတ်အသား** [၁၄] ကို ရေးခဲ့၏။ ယင်းကို ၁၈၉၀ တွင် အင်္ဂလန်နှင့် အမေရိကတို့၌ တပြိုင်တည်း ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

၁၈၉၁ တွင် ကိုနင်ဒွိုင်းသည် သမိုင်းနောက်ခံဝတ္ထုကြီးများကို ရေးသားလာ၏။ စာရေးသားမှုကို စောက်ချလုပ်ကိုင်လာခဲ့ပြီဖြစ်ရာ ဆရာဝန်အလုပ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့လေသည်။ ထိုအခါမှ စ၍ ကိုနင်ဒွိုင်းသည် ကလောင်ကို စွဲစွဲမြဲမြဲ ကိုင်စ ပြုလာ၏။ စာရေးဆရာလောကသို့ ဝင်ခဲ့၏။

ထိုအချိန်မှာပင် **စထရင်းမဂ္ဂဇင်း** [၁၅] က ကိုနင်ဒွိုင်းအား ရှားလော့ဟုမ်းဝတ္ထုတိုခြောက်ပုဒ်ခန့်ရေးပေးရန် တောင်းခံချက်အရ **အစကင်းဒဲ အင် ဗိုဟီးမီးယား** [၁၆] ဝတ္ထုမှ အစပြုကာ **သ ရက် ဟက်ဒက်လိ** [၁၇]၊ **အ ကေ့စ် အော့ (ဖ်) အိုက်ဒင်တတီ** [၁၈]၊ **သ ဗော့စကွန်ဗီး မဲ့လီး မစ်စထရီ** [၁၉]၊ **သ ဖိုက် အော့ရိန့်ပစ်** [၂၀] နှင့် **သ မင်း ဝစ် သ တွစ်စတက် လစ်** [၂၁] ဝတ္ထုများကို ရေးလေတော့သည်။

ပထမ ဝတ္ထုကို ဂျူလိုင်ထုတ် မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြလိုက်သည်မှစ၍ ရှားလော့ဟုမ်းနှင့် သူ့မိတ်ဆွေဝပ်ဆန် [၂၂] တို့သည် စာဖတ်ပရိသတ်၏ စိတ်ဝင်စားဖွယ်ရာ အသည်းစွဲ ဖြစ်လာ၏။ သို့သော် ထိုအချိန်အထိ စာမူခမှာ တပုဒ်လျှင် ၃၅ ပေါင်သာ ရခဲ့သည်။

ထိုပထမအသုတ် ဝတ္ထုခြောက်ပုဒ် ကုန်သွားသောအခါ **စထရင်းမဂ္ဂဇင်း** အယ်ဒီတာသည် ကိုနင်ဒွိုင်းထံသို့ ရှားလော့ဟုမ်း ဝတ္ထုများ ဆက်လက် ရေးသားရန် တောင်းခံခဲ့လေသည်။ သို့သော် ကိုနင်ဒွိုင်းသည် ရုတ်တရက် ဆက်မရေးခဲ့ပေ။ မဂ္ဂဇင်း အယ်ဒီတာက အကြိမ်ကြိမ် တောင်းခံလာမှ စာမူခတိုးပေးရန် တောင်းဆိုလိုက်ရာ အယ်ဒီတာတို့မှာလည်း စာမူခကိုတပုဒ်လျှင် ပေါင် ၅၀ းဆယ်သို့ တိုးပေးရ၏။ သို့ဖြင့် ဒုတိယအသုတ် ဝတ္ထုခြောက်ပုဒ်ကို ဆက်ရေးဖြစ်လေတော့သည်။

ထိုပထမအသုတ်ဝတ္ထုခြောက်ပုဒ်နှင့် ဒုတိယအသုတ် ဝတ္ထုခြောက်ပုဒ်ကို စုပေါင်း၍ ၁၈၉၂ တွင် ရှားလော့ဟုမ်း ဝတ္ထုတိုစု ပထမအုပ်အဖြစ် ထုတ်ဝေ လိုက်လေသည်။ ထိုပထမစာအုပ်ကို ကိုနင်ဒွိုင်းသည် ဆရာဖြစ်သူ ဂျိုးဆက်ဗဲကို အညွှန်းပြု ထုတ်ဝေခဲ့သည်။ **စထရင်းမဂ္ဂဇင်း**သည် ရှားလော့ဟုမ်းဝတ္ထုများ ထည့်သွင်းရသည်ကို မရောင့်ရဲ။ ဤဆယ့်နှစ်ပုဒ်ဖြင့် အဆုံးသတ်သွားမည်ကိုလည်း မကျေနပ်။ ထို့ကြောင့် နောက်ထပ် ဝတ္ထုဆယ့်နှစ်ပုဒ် ရေးပေးရန် တောင်းခံခဲ့၏။ ထိုဆယ့်နှစ်ပုဒ် အတွက် စာမူခ ပေါင် တထောင် ချီးမြှင့်ခဲ့၏။ သို့ဖြင့် ၁၈၉၂

---

၁၁။ Ward Lock & Co.

၁၂။ *Beeton's Christmas Annual for 1887*

၁၃။ *Lippincott's Magazine*

၁၄။ *The Sign of Four* [ဤစာအုပ်တွင် 'လေးပွင့်ဆိုင်' အမည်ဖြင့် ပါဝင်သည်။ စိုးမြိုင်ကလည်း **လေးပွင့်စာနှင့် သိုက်မာယာ**အမည်ဖြင့် တိုက်ရိုက် ဘာသာပြန်ဖူးသည်။]

၁၅။ *Strand Magazine*

၁၆။ A Scandal in Bohemia [ဤစာအုပ်တွင် 'မဟာ ရာဇာ တဦးအမှု']

၁၇။ The Red-Headed League [ဤစာအုပ်တွင် 'ကာလာရှိင်ဂ္ဂအသင်း']

၁၈။ A Case of Identity [ဤစာအုပ်တွင် 'ရည်းစားပျောက် ရှာပုံတော်']

၁၉။ The Boscombe Valley Mystery [ဤစာအုပ်တွင် 'တရုကူးကူး']

၂၀။ The Five Orange Pips [ဤ စာ အုပ် တွင် 'ညြဇာသုံးစေ့ အမှု']

၂၁။ The Man With the Twisted Lip [ဤစာအုပ်တွင် 'ခြေကျိုးကြိုင်']

၂၂။ Watson

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာလတွင် **ဆီးလဗားဗလေ့**[၂၃] မှ အစပြုကာ နောက်ထပ် ရှားလော့ဟုမ်း ဝတ္ထုများ ဆက်လက် ထွက်ပေါ်လာခဲ့၏။

ကိုနင်ဒွိုင်းသည် တဘက်တွင် ရှားလော့ဟုမ်း ဝတ္ထုများဖြင့် ကျော်ကြား အောင်မြင်မှု ရနေဲ့ဆဲမှာပင် စိတ်မချမ်းမြေ့ဖွယ် ကိုယ်ရေးကိုယ်တာအဖြစ်အပျက်များကို ရင်ဆိုင်နေရသည်။ ယင်း အဖြစ်အပျက်များကား ဇနီးဖြစ်သူ၏ ကျန်းမာရေး အခြေအနေ ဖြစ်သည်။ ဇနီးဖြစ်သူမှာ တီဘီရောဂါဖြင့် အိပ်ရာတွင် လဲနေ၏။ ကိုနင်ဒွိုင်းမှာ ဇနီး၏ ဝေဒနာကို မျှဂျခံစားနေရသည့် အခြေအနေ ဖြစ်၏။ဇနီး၏ အခြေအနေမှာ မျှော်လင့်ချက် မရှိတော့သော အခြေအနေသို့ ရောက်လာသည်။ ဆရာဝန်ကြီးများ၏ အကြံပေးချက်အရ ဇနီး၏ ကျန်းမာရေး အတွက် ဆွစ်ဇာလန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ရသည့် အခြေအနေသို့ပင် ဆိုက်လာ၏။

ကိုနင်ဒွိုင်းမှာ ဇနီးအတွက် စိတ်ဒုက္ခ ခံစားနေရသည့် အချိန်မှာပင် သူ၏ ရှားလော့ဟုမ်း ဝတ္ထုများ ဆက်လက် ရေးသားနေရသည်ကိုလည်း ငြီးငွေ့စ ပြုလာ၏။ သို့ဖြင့် ၁၈၉၃ ဒီဇင်ဘာလတွင် ကိုနင်ဒွိုင်းသည် **ဖိုင်နယ်ပရော်ဗလင်**[၂၄] ဝတ္ထုကို ရေးကာ ထိုဝတ္ထု၌ လူဆိုးကြီး မော်ရီယာတီ[၂၅] က ရှားလော့ဟုမ်းကို ရေတံခွန်ပေါ်မှ တွန်းချ အဆုံးစီရင်လိုက်လေသည်။ ဤနည်းဖြင့် ကိုနင်ဒွိုင်းသည်သူ၏ဇာတ်ဆောင်ရှားလော့ဟုမ်းကို အသေသတ်၍ သူ၏ ရှားလော့ဟုမ်း ဝတ္ထုများကို အဆုံးသတ်လိုက်ခြင်း ဖြစ်သည်။

ထိုအခါ ရှားလော့ဟုမ်း၏ ပရိသတ်တို့ အကြားမှ ခံစားမှုအဖြာဖြာ ဝေဒနာ အဖုံဖုံတို့သည် ပေါက်ကွဲလာခဲ့လေတော့သည်။

ထိုရှားလော့ဟုမ်း၏ နောက်ဆုံး ဇာတ်သိမ်းဝတ္ထု ပါလာသောအခါ စာဖတ်ပရိသတ်ကြီးသည် ရှားလော့ဟုမ်း အတွက် ယူကြုံးမရ ဖြစ်လာသည်။ တကယ့်သက်ရှိတယောက်၊ မိမိတို့နှင့်ရင်းနှီးပြီးမိတ်ဆွေကောင်းတယောက် ကွယ်လွန်ရသည့်နှယ် အမှတ်ထားကာ လန်ဒန်မြို့တဝန်းလုံးက စာဖတ်ပရိသတ်သည် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အဝတ်နက်များကို ဝတ်ဆင်ကြသည်။ လက်ပတ်နက်များကို ပတ်ကြသည်။

အမှန်တကယ် ဝမ်းနည်းပက်လက် ဖြစ်ကြရသလို မကျေမနပ်နိုင်အောင်လည်း ဖြစ်ကြရသည်။တချိန်တည်းမှာပင် အချို့ စာဖတ်ပရိသတ်သည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကြရလေ၏။

သို့ဖြင့် စာဖတ်ပရိသတ် အများပင် ကိုနင်ဒွိုင်းထံသို့ 'ခင်ဗျားဟာ အလွန်ရက်စက်တဲ့ လူတယောက်ပဲ' ဟု စာများရေးကာ ရှားလော့ဟုမ်း သေဆုံးရသည့်အတွက် ဒေါသတကြီး ပြစ်တင် ကန့်ကွက်ကြလေသည်။သို့သော် ၁၈၉၂ တွင် ရေးခဲ့သော ဝတ္ထုဆယ့်နှစ်ပုဒ်ကို ၁၈၉၄ တွင် **ရှားလော့ဟုမ်း၏ အမှတ်တရများ**[၂၆] အဖြစ် စာအုပ် ထုတ်ဝေခဲ့သည်မှအပ ကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်း ဝတ္ထုများကို ဆက်မရေးခဲ့တော့ပေ။

သို့သော် ၁၉၀၁ တွင် ကိုနင်ဒွိုင်းသည် မိတ်ဆွေတဦးထံမှ စိတ်ဝင်စားဖွယ် ဇာတ်လမ်းတခုကို နားထောင်ခဲ့ရာမှ အစပြုကာ ရှားလော့ဟုမ်းကို ပြန်လည် အသက်သွင်းရန် စိတ်ကူးရလာခဲ့၏။ သို့ဖြင့် ၁၉၀၁–၂ တွင် **စထရင်းမဂ္ဂဇင်း**၌ ရှားလော့ဟုမ်း ဝတ္ထုရှည်ကြီး တပုဒ် ထည့်သွင်းခဲ့လေသည်။ ထို ဝတ္ထုကား ရှားလော့ဟုမ်းကို ပြန်လည် အသက်သွင်း ပေးလိုက်သော **ဗာစကာဗျိုးလ်ခွေးကြီး**[၂၇] အမည်ရှိ ဝတ္ထုဖြစ်သည်။

ကိုနင်ဒွိုင်းသည် **ဗာစကာဗျိုးလ်ခွေးကြီး**အခန်းဆက် ဝတ္ထုရှည်ကြီးကို ရေးသား ပုံနှိပ်ထုတ်ဝေပြီးနောက် ၁၉၀၃ တွင် ရှားလော့ဟုမ်း အသက်မသေပဲ လွတ်မြောက် လာခဲ့ရပုံကို **သအမ်းပတီးဟောက်(စ်)**[၂၈] ဝတ္ထုတိုဖြင့် ပြန်လည် ဖော်ပြကာ ရှားလော့ဟုမ်း ဝတ္ထုတိုများ ဆက်လက် ရေးသားခဲ့လေသည်။ ယင်း ဝတ္ထုတိုများကို စုပေါင်း၍ **ရှားလော့ဟုမ်း ပြန်လာပြီ**[၂၉] အမည်ဖြင့် ၁၉၀၅ တွင် ရှားလော့ဟုမ်း ဝတ္ထုတိုစု တတိယမြောက်ကို ထုတ်ဝေခဲ့လေသည်။ ထို့နောက် ၁၉၁၇ တွင် **သူ၏ နောက်ဆုံး ဦးညွှတ်နှုတ်ဆက်ခြင်း**[၃၀] ဝတ္ထုတို စုနှင့် ၁၉၂၇ တွင်

---

၂၃။ *Silver Blaze* [ဤ စာအုပ်တွင် 'စိန်ဝေလျှံ ပျောက်ဆုံးမှု']

၂၄။ *Final Problem* [ဤစာအုပ်တွင် 'ရှိန်းမကားရွာ လူသတ်မှု']

၂၅။ **Moriarty**

၂၆။ *The Memoirs of Sherlock Holmes*

၂၇။ **The Hound of Baskervilles** [ဤ စာအုပ်တွင် 'ပွေလီ အင်းခွေးကြီး']

၂၈။ **The Empty House** [ဤ စာအုပ်တွင် 'ဦးစံရှား အသက်ကို လုပ်ကြံမှု']

၂၉။ *The Return of Sherlock Holmes*

၃၀။ *His Last Bow*

www.burmeseclassic.com

www.burmeseclassic.com

ရှားလော့ဟုမ်း၏မှုခင်းမှတ်တမ်းစာအုပ်[၂၁] အမည်ရှိ ဝတ္ထုတိုစုများကို ထုတ်ဝေခဲ့၏။ ၁၉၂၀ တွင် ယင်းဝတ္ထုတိုစုလေးတွဲကို ဝတ္ထုတိုပေါင်းချုပ်အဖြစ် ထုတ်ဝေခဲ့ပြီး ၁၉၂၉ တွင် ရှားလော့ဟုမ်း၏ ဝတ္ထုရှည်စုံများကို စာအုပ်အဖြစ် ပထမအကြိမ် ထုတ်ဝေခဲ့လေသည်။

၁၉၃၀ ဂျူလိုင် ၇ တွင် ကိုနင်ဒွိုင်း ကွယ်လွန်ခဲ့သည်။

ယင်းကာလအတွင်း ရှားလော့ဟုမ်း ဝတ္ထုများသာမဟုတ်၊ သမိုင်းနောက်ခံ ဝတ္ထုကြီးများကိုလည်း ရေးခဲ့၏။ဗိုလ်မှူးချုပ် ဂျရတ်၊ပါမောက္ခ ချဲလင်းဂျား အမည်ရှိ ပင်တိုင် ဇာတ်ဆောင်များမွေးပြီး စွန့်စားခန်း ဝတ္ထုများနှင့် သိပ္ပံ ဝတ္ထုများကိုလည်း ရေးခဲ့၏။ သို့သော် ရှားလော့ဟုမ်း ဝတ္ထုများသည်ကား ပရိသတ်၏ အနှစ်ခြိုက်ဆုံး ဝတ္ထုများအဖြစ် ထင်ရှားခဲ့လေသည်။

## ၄

လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်က လန်ဒန်မြို့တွင် ဟုမ်း၏ အနှစ်တရာမြောက် မွေးနေ့ အခမ်းအနားကို ကျင်းပခဲ့ဖူးလေသည်။ သို့သော် ရှားလော့ဟုမ်းသည် မသေသေး။ ယနေ့တိုင် လန်ဒန်မြို့ ဘေကာလမ်း အမှတ် ၂၂၁ ဘီ သို့ လိပ်တပ်လျက် ရှားလော့ဟုမ်းထံ ပေးပို့သော စာများ ရောက်လာဆဲဖြစ်သည်။ ကမ္ဘာလှည့် ခရီးသည်အများပင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ရောက်လာလျှင် ဘေကာလမ်းသို့ ဝင်ရောက်လေ့ရှိကြ၏။ ရှားလော့ဟုမ်းနှင့် တွေ့ဆုံနိုင်ရန် ကြိုးစားလေ့ရှိကြ၏။

သို့ဖြစ်ရာ အမှန်စင်စစ် ကိုနင်ဒွိုင်း ဖန်တီးလိုက်သော ဇာတ်ဆောင် ရှားလော့ဟုမ်းသည် စာအုပ်ထဲက ဇာတ်ဆောင်တဦး အဖြစ်သာ မဟုတ်၊ တကယ့်လူ့ဘဝတွင် သက်ရှိထင်ရှား ရှိခဲ့သော၊ ရှိနေသော ပုဂ္ဂိုလ်ကြီးတဦးအဖြစ် ရှားလော့ဟုမ်း စာဖတ်ပရိသတ်အဖို့ ထင်ယောင်ထင်မှား ဖြစ်နေခဲ့သည်မှာ ယခုတိုင် ဖြစ်သည်။

စင်စစ်စုံထောက်ဝတ္ထုရေးဆရာအများပင်စုံထောက်ဇာတ်ဆောင်တဦးကို ပင်တိုင် ဇာတ်ဆောင် ထားပြီး ရေးဖွဲ့ခဲ့ကြသည်မှာ ခေတ်ဦး စုံထောက် ဝတ္ထုများမှာကတည်းက ဖြစ်သည်။ ယင်းသို့ ခေတ်ဦးစုံထောက်ဝတ္ထုများကို ဖန်တီးကြရာတွင် ရှေးအကျဆုံး စုံထောက်ဝတ္ထုအဖြစ် အက်ဂါအယ်လင်ပိုး၏ **ရူးမောက်လမ်းလူသတ်မှုများ**[၂၂] ဝတ္ထုကို သတ်မှတ်ခဲ့ကြ၏။ အက်ဂါအယ်လင်ပိုးသည် ဒူပင်[၂၃]အမည်ရှိ စုံထောက် ဇာတ်ဆောင်တဦးကို ဖန်တီးခဲ့၏။

ကိုနင်ဒွိုင်းသည် အက်ဂါအယ်လင်ပိုး၏ ဝတ္ထုများကို စွဲစွဲလမ်းလမ်း ဖတ်ရှုခဲ့ကြောင်း၊ ထိုဝတ္ထုများကို ဖတ်ပြီး စုံထောက်ဝတ္ထုများ ဖန်တီးလိုစိတ် ဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ရာ ကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်းကို ဖန်တီးရာတွင် ပိုး၏ ဒူပင်သည် အခြေခံ ဖြစ်မည်ဟု သုတေသီတို့ ယူဆကြ၏။ ထို့အတူပင် ကိုနင်ဒွိုင်းသည် ပြင်သစ် စုံထောက်ဝတ္ထုရေးဆရာ ဂါဗိုရီယို၏ ပင်တိုင် စုံထောက် ဇာတ်ဆောင် လေကိုး[၂၄] ဝတ္ထုများကိုလည်း ဖတ်ရှုခဲ့သူ ဖြစ်သည်။ သို့ဖြင့် ရှားလော့ဟုမ်းကို လေကိုး၏ နောက်လိုက် အဖြစ်လည်း သတ်မှတ်ခဲ့ကြသည်။ ထို့ပြင် ကိုနင်ဒွိုင်းသည် ရှာလော့ဟုမ်းကို ဖန်တီးရာတွင် အိုင်ယာလန်လူမျိုး စုံထောက်ဝတ္ထုရေးဆရာ လီဖန်နူး[၂၅]၏ အဓိက ဇာတ်ဆောင် ဒေါက်တာ

---

၂၁။ *The Case-Book of Sherlock Holmes*

၂၂။ *The Murders in the Rue Morgue* (၁၈၄၁)။ ။အက်ဂါအယ်လင်ပိုး၏ထင်ရှားသော စုံထောက်ဝတ္ထု။ သားအမိနှစ်ယောက် ရက်စက်စွာ အသတ်ခံရမှုကို အလွတ်စုံထောက် ဒူပင်က စုံစမ်းထောက်လှမ်းပုံ။

၂၃။ **Dupin, C. Augustus**။ ။အက်ဂါအယ်လင်ပိုး၏ စုံထောက် ဝတ္ထုများမှ ဇာတ်ဆောင်။ အလွတ်စုံထောက်။ ထုတ်နုတ် ဆင်ခြင်နည်းကို အခြေခံ၍ စုံထောက်လေ့ရှိသည်။

၂၄။ **Lecoq, Monsieur**။ ။ပြင်သစ် စုံထောက်ဝတ္ထုရေးဆရာ အယ်မီဂါဗိုရီယို၏ ပင်တိုင် ဇာတ်ဆောင်။ စုံထောက်စာပေ၌ ထင်ရှားသည်။ ရှားလော့ဟုမ်း၏ ရှေ့ပြေး ဇာတ်ဆောင်အဖြစ် သတ်မှတ်ထားကြသည်။

၂၅။ **Le Fanu, Joseph Sheridan** (1814-1873) အိုင်ယာလန်လူမျိုး စာရေးဆရာ၊ ဝတ္ထုရေးဆရာ၊ သတင်းစာဆရာ၊ ပြဇာတ်ဆရာ၊ စုံထောက်နှင့် လျှို့ဝှက်သဲဖို စာရေးဆရာအဖြစ် ထင်ရှားသည်။ သူ၏ ဝတ္ထုများကို အက်ဂါအယ်လင်ပိုး၊ ဝီလကီ ကောလင်းတို့၏ ဝတ္ထုများနှင့် တတန်းတည်းထားဖော်ပြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟက်စီလိယတ်[၃၆]ကို အခြေခံခဲ့သည်ဟု သုတေသီအချို့က မှတ်ချက်ချခဲ့ကြ၏။

ဤသို့လျှင် ရှားလော့ဟုမ်းရှေ့တွင် ထင်ရှားသော စုံထောက် ဇာတ်ဆောင်များ ပေါ်ပေါက်ခဲ့ပြီး ဖြစ်သလို ရှားလော့ဟုမ်းနှင့် ခေတ်ပြိုင် စုံထောက် ဇာတ်ဆောင် အများလည်း ပေါ်ထွန်းခဲ့သည်။ ရှားလော့ဟုမ်းသည် ဖော်ပြပါ စုံထောက် ဇာတ်ဆောင်များကို တစိတ်တဒေသ အခြေခံခဲ့သည့်နည်းတူ ရှားလော့ဟုမ်းနှင့် ခေတ်ပြိုင် စုံထောက် ဇာတ်ဆောင်များသည် ရှားလော့ဟုမ်းကို အတုယူခဲ့ကြ၏။

ယင်းသို့ ရှားလော့ဟုမ်းနှင့် ခေတ်ပြိုင် ပေါ်ခဲ့သော စုံထောက် ဇာတ်ဆောင် များတွင် ရှားလော့ဟုမ်းနောက် ထင်ရှားသော စုံထောက် ဇာတ်ဆောင်တဦးကား ဒေါက်တာ သွန်ဒိုက်[၃၇] ဖြစ်သည်။ ယင်းကို ဖန်တီးသူမှာ စာရေးဆရာ ဖရီးမင်း[၃၈] ဖြစ်သည်။ ရှားလော့ဟုမ်း၏ အရိပ်ကို ခိုလှုံထင်ရှားသော အခြား စုံထောက် ဇာတ်ဆောင် တဦးကား စုံထောက် ဝတ္ထုရေးဆရာ မက်ပင်ဗာတန်[၃၉]၏ ပင်တိုင်ဇာတ်ဆောင် မာတင်ဟောဝစ်[၄၀] ဖြစ်သည်။ ထို့နောက်ပိုင်း ထင်ရှားသော စုံထောက် ဇာတ်ဆောင်များတွင် ချက်စတာတန်[၄၁]၏ ဖားသားဗရောင်း[၄၂]နှင့် စုံထောက် စာရေးဆရာမကြီး အက်ဂသာခရစ္စတီး[၄၃]၏ စုံထောက် ဇာတ်ဆောင် ဟာကျူလီပွဲရိုး[၄၄] သည်လည်း ထင်ရှားသော စုံထောက် ဇာတ်ဆောင်များ ဖြစ်သည်။ ယနေ့ခေတ်တွင် အိုင်ယန်ဖလင်းမင်း[၄၅]၏ ဂျိမ်းစဘွန်း[၄၆] သည်လည်း အများသိ စုံထောက် ဇာတ်ဆောင်တဦး ဖြစ်သည်။

ဖော်ပြပါ ရှားလော့ဟုမ်း၏ ရှေ့ခေတ် စုံထောက် ဇာတ်ဆောင်များ၊ ခေတ်ပြိုင် စုံထောက် ဇာတ်ဆောင်များနှင့် ခေတ်နှောင်း စုံထောက် ဇာတ်ဆောင်များသည် သူ့နည်းနှင့်သူ ထင်ရှားကြသည်။ လူအများ သိကြသည်ကား မှန်၏။ သို့သော် ယင်းတို့သည် ရှားလော့ဟုမ်း၏ ကျော်ကြားမှုကိုကား မလွှမ်းမိုးနိုင်ပေ။

ကမ္ဘာ့စုံထောက် စာပေလောကတွင် ကျော်ကြားမှု အရှိန်အဝါချင်း တန်းတူရှိသည် ဆိုစေဦး၊ ကမ္ဘာ့စာပေ ဂန္ထဝင်အဖြစ် အသတ်အမှတ် ခံရသော စုံထောက် ဝတ္ထု အရေအတွက်မှာ အလွန်ပင် နည်းပါးလှပေသည်။ အထူးသဖြင့် ဂန္ထဝင်စာပေ စာရင်းဝင် စုံထောက် ဇာတ်ဆောင်ဟူ၍ ယခုအထိ နှစ်ဦးသာ တွေ့ရသေး၏။ ယင်းတို့မှာ ရှားလော့ဟုမ်းနှင့် ဖားသားဗရောင်းတို့ ဖြစ်ကြသည်။ စင်စစ် ရှားလော့ဟုမ်းနှင့် ဖားသားဗရောင်းတို့သည် မရှေးမနှောင်း ပေါ်ပေါက် လာခဲ့ကြသော စုံထောက် ဇာတ်ဆောင်များ ဖြစ်ကြသည်။ သို့သော် ထိုဇာတ်ဆောင်နှစ်ဦးသည် လုံးဝမတူ၊ ကွဲပြားခြားနား၏။ ဂန္ထဝင်စာပေ စာရင်းတွင် ထည့်သွင်း ဖော်ပြခံရပုံချင်း တူစေကာမူ၊ စရိုက်

---

၃၆။ Hesselius, Dr.။ ။လီဖန်နူး၏ အမိက ဇာတ်ဆောင် စုံထောက်။

၃၇။ Dr. Thorndyke။ ။အင်္ဂလိပ် စုံထောက်ဝတ္ထုရေးဆရာ ဖရီးမင်း၏ ပင်တိုင် ဇာတ်ဆောင်။ သမားတော်ကြီးနှင့် သိပ္ပံပညာရှင်လည်း ဖြစ်သည်။ ထိုဇာတ်ဆောင်ပါဝင်သော ဝတ္ထုများကို ရွှေဥဒေါင်းနှင့် ဗျူဟာခင်တို့က 'ဒေါက်တာသောင်းထိုက်' အမည်ဖြင့် မှီးရေးခဲ့ကြဖူးသည်။

၃၈။ Freeman, Richard Austin (1862-1943)။ ။အင်္ဂလိပ်လူမျိုး။ သိပ္ပံနှင့် စုံထောက်ဝတ္ထုရေးဆရာ။

၃၉။ Pemberton, Max (1863-1950)

၄၀။ Hewitt, Martin

၄၁။ Chesterton, Gilbert Keith (1874-1936)။ ။အင်္ဂလိပ်လူမျိုး သတင်းစာ ဆရာ၊ စာတန်းဆရာ၊ ဝတ္ထုဆရာ၊ ကဗျာဆရာနှင့် သမိုင်းဆရာ၊ အတ္ထုပ္ပတ္တိရေး ဆရာဖြစ်သည်။

၄၂။ Father Brown။ ။ကက်သလစ် ဂိုဏ်းဝင် ဘုန်းကြီး စုံထောက်။ ယင်းကို အမိက ဇာတ်ဆောင်ပြု ရေးဖွဲ့သော ဝတ္ထုများ ၁၉၁၁ တွင် စတင် ရေးသားခဲ့သည်။

၄၃။ Christie, Agatha (1891- )။ ။အင်္ဂလိပ် စုံထောက် ဝတ္ထုရေး ဆရာမ။

၄၄။ Poirot, Hercule။ ။အက်ဂသာခရစ္စတီး၏ ပင်တိုင် စုံထောက်ဇာတ်ဆောင်။ ဗယ်လ်ဂျီယန် လူမျိုး။

၄၅။ Fleming, Ian (1908-1964)။ ။အင်္ဂလိပ် အမျိုးသား မှုခင်းနှင့် စွန့်စားခန်း ဝတ္ထုရေး ဆရာ။

၄၆။ James Bond။ ။ဗြိတိသျှ လျှို့ဝှက် ထောက်လှမ်းရေးသမား ဇာတ်ဆောင်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ ပြောင်မြောက်ပုံချင်း တူစေကာမူ ကျော်ကြားမှု အရှိန်အဝါ၌ ရှားလော့ဟုမ်းကသာလျှင် ပိုမိုကြီးမားခဲ့ ပေသည်။

ထိုကဲ့သို့ ရှားလော့ဟုမ်းသည် ကျော်ကြားမှု အရှိန်အဝါ၌ လည်းကောင်း၊ ဂန္ထဝင်စာပေ၌ လည်းကောင်း ယနေ့တိုင် ထင်ရှားနေရလောက်အောင် ကိုနင်ဒွိုင်းသည် မည်သို့ ဖန်တီးခဲ့သနည်း။

ဖော်ပြခဲ့သည့်အတိုင်း ကိုနင်ဒွိုင်းသည် သူ့ရှေ့ စုံထောက် ဇာတ်ဆောင်များကို အခြေခံ၍ နည်းမှီ၍ ရှားလော့ဟုမ်းကို ဖန်တီးခဲ့သည်ကား မှန်၏။ သို့သော် သူ့ရှေ့ စုံထောက်စာရေးဆရာများထက် ပိုမို ထူးကဲသည်မှာ ရှားလော့ဟုမ်းကို ဖန်တီးရာ၌ သက်ရှိ လူပုဂ္ဂိုလ်ကို အခြေခံယူခြင်းပင် ဖြစ်သည်။ ထို ရှားလော့ဟုမ်း အခြေခံထားသော ပုဂ္ဂိုလ်ကား ကိုနင်ဒွိုင်း၏ ဆေးပညာဆရာ ဒေါက်တာ ဂျိုးဆက်ဗဲ ဖြစ်လေသည်။

အထူးသဖြင့် ကိုနင်ဒွိုင်းသည် ဂျိုးဆက်ဗဲ၏ လူကဲခတ် ပညာနှင့် ထုတ်နုတ်ဆင်ခြင်နည်း ပညာတို့ကို သူ့ ဇာတ်ဆောင် ရှားလော့ဟုမ်းအား ကျင့်သုံးစေခဲ့၏။

ဒေါက်တာ ဗဲကား လူ့သဘာဝကို ပိပြင်စွာ နားလည်၏။ လူတယောက်ကို အကဲခတ်ရာ၌ စေ့စပ်သေချာ၍ တိကျ၏။

တနေ့တွင် လူနာ တယောက်သည် ဒေါက်တာဗဲ ထံသို့ ရောက်လာ၏။

ထိုအခါ ဆရာဝန်ကြီး ဒေါက်တာ ဗဲသည် လူနာ၏ သွင်ပြင်ကို သေချာစေ့စပ်စွာ လေ့လာ အကဲခတ်ပြီး

''မြို့တောင်ဘက်မှာရှိတဲ့ ဂေါက်သီး ကွင်းထဲက ဖြတ်ပြီး လမ်းလျှောက် လာခဲ့ရတာ ဟန်ကျရဲ့လား မိတ်ဆွေ''ဟု မေးခွန်းထုတ်လိုက်လေသည်။

လူနာသည် အံ့အားသင့်လှသော မျက်နှာထားဖြင့် ဆရာဝန်အား စူးစိုက်ကြည့်ရှု၍ နေလေသည်။

''ဘယ်လို အမိန့်ရှိပါလိမ့် ဆရာရယ်၊ ကျွန်တော် လမ်းလျှောက်လာတာကို ဆရာမြင်လို့လား''

လူနာဖြစ်သူက၊တအံ့တသြ စုံစမ်းမေးမြန်းလိုက်သည်။

ထိုအခါ ဒေါက်တာ ဗဲသည် နှစ်မြို့ကစွာ ပြုံးရယ်လိုက်ပြီး

''ကျုပ် မမြင်တာကတော့ အမှန်ပါပဲဗျာ။ ဒါပေမယ့် အခုလို မိုးရွာတဲ့ နေ့မျိုးမှာ မိတ်ဆွေရဲ့ ဖိနပ်မှာ ကပ်ပါလာတဲ့ မြေနီရွှံ့စေးတွေကို မြင်ရတာနဲ့ မိတ်ဆွေ ဘယ်က ဖြတ်လာတယ်ဆိုတာ သိရတာပေါ့။ အဲဒီ မြေနီ ရွှံ့စေးတွေဟာ ဒီမြို့က ဂေါက်သီးရိုက်ကွင်းထဲက လွှဲယင် တခြားနေရာမှာ မရှိဘူးဗျ'' ဟု ရှင်းလင်း ပြောဆိုလိုက်လေသည်။

ဒေါက်တာ ဗဲကား ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးပေတည်း။*

ကိုနင်ဒွိုင်းသည် ဆရာရင်းဖြစ်သော ဒေါက်တာ ဗဲ၏ လူကဲခတ်ပညာ အင်္ဂဝိဇ္ဇာနည်းကို လေ့လာ၍ စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးရေးသား ထားပေရာ တကယ့် လူတယောက်နှင့် တူ၍လာလေသည်။

စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်က 'ရှားလော့ဟုမ်း' နှင့် ပတ်သက်၍ ဤသို့ ရေးသားခဲ့ဖူး၏။

ကမ္ဘာ့ စာပေကောင်း စာရင်းဝင် ရှားလော့ဟုမ်း စုံထောက်ဝတ္ထုများမှာ ဇာတ်လမ်း အချိတ်အဆက် အကွက် လည်လှပေသည်။ စာဖတ်သူများ၏ စိတ်၌ကား ရှုပ်ထွေးဆန်းကြယ်လှသော ဝတ္ထုဇာတ်လမ်းကို သေချာစေ့ငုစွာ မှတ်မိ ကျန်ရစ်စေရန် ခဲယဉ်းပေသည်။ သို့သော် ဆေးတံကြီး ခဲနေသည့် နှာခေါင်းချွန်ချွန် စူးရှသည့် မျက်လုံးရှိသော စုံထောက်ကြီး ရှားလော့ဟုမ်း (မြန်မာလို ဦးစံရှား) ကိုကား စာဖတ်သူ၏ စိတ်တွင် စွဲကျန်ရစ်ခဲ့သည်။ စာရေးဆရာကြီး ဆာကွန်နန်ဒွိုင်းသည် သူ၏ ဇာတ်ကောင် ရှားလော့ဟုမ်းကို အသက် သွင်းနိုင်ခဲ့သည်။

ရှားလော့ဟုမ်းသည် စာဖတ်သူတို့၏ စိတ်တွင် တကယ့် လူကဲ့သို့ မည်မျှစွဲသည်ကို သာဓက သက်သေခံသည်။ တခါရံသော် ပြင်သစ်ပြည်မှ ကျောင်းသား ကလေးများ အင်္ဂလန်သို့ အလည်အပတ် လာကြရာ ခေါင်းဆောင် ဆရာဖြစ်သူက ''မင်းတို့ ဘယ်ကို အလျင်ဆုံး သွား ကြည့် ချင် ကြ သ လဲ။ ဝက်စမင်စတာဘုရားရှိခိုးကျောင်းလား၊ဘတ်ကင်ဟမ် နန်းတော်ကြီးလား''ဟု မေးမြန်းရာ ကျောင်းသားလေးများက ''ဘေကာလမ်းက ရှားလော့ဟုမ်းနေတဲ့ အိမ်ခန်းကို သွားကြည့်ချင်ပါတယ်''ဟု ဖြေကြားသော ဟူသည်။*

* ဒေါက်တာ ဗဲနှင့် ပတ်သက်၍ *The Man Who Self Sherlock Holmes* စာအုပ်တွင် အကျယ်တဝင့် ဖတ်နိုင်ပါသည်။

* သော်တာဆွေ၏ 'ဘွဲ့နော ကြက်သူနိုး' ဝတ္ထုတွင် ဒေါ်ခင်မျိုးချစ်ရေးသော အမှာစာမှ ကောက်နုတ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်းကို ဖန်တီးရာတွင် ဒေါက်တာ ဂျိုးဆက်ဗဲကို အခြေခံယူသည် ဆိုရစေကာမူ အလုံးစုံပုံတူကူးယူသည့်မျိုး မဟုတ်ချေ။ ဒေါက်တာ ဗဲ၏ လူကဲခတ်နည်းနှင့် ဒေါက်တာဗဲ၏ စရိုက်အချို့ကိုသာ ထင်ဟပ်စေခဲ့ခြင်း ဖြစ်သည်။ သို့သော် တကယ့် သက်ရှိပုဂ္ဂိုလ်တယောက်အဖြစ် ထင်မှတ်လာစေရန် ဖန်တီးရာ၌ ရှားလော့ဟုမ်း၏ မျိုးရိုးက အစ ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့လေသည်။

ယင်းသို့ ဖော်ပြရာတွင်လည်း ဝတ္ထုတပုဒ်တည်း၌ အပြည့်အစုံ ဖော်ပြသည့်မျိုး မဟုတ်။ ရံခါတွင် ရှားလော့ဟုမ်းဝတ္ထုများကို ဇာတ်ကြောင်းပြန်သူ ဝပ်ဆန်က ရှားလော့ဟုမ်း အကြောင်းကို ပြော၏။ ရံခါတွင် ရှားလော့ဟုမ်းနှင့် ဝပ်ဆန်တို့ စကားစပ်မိရာမှ ရှားလော့ဟုမ်း၏ ဇာတိကို ပြ၏။ ဤနည်းဖြင့် ရှားလော့ဟုမ်း ဝတ္ထုများသည် ရှားလော့ဟုမ်း၏ စရိုက်ကို ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

ရှားလော့ဟုမ်းသည် ပြင်သစ်နိုင်ငံ ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသူ ဖြစ်သည်။ ရှားလော့ဟုမ်း၏ အဖွားသည် ပြင်သစ်ပန်းချီကျော် ဟိုရေ့ဗာနေး[၄၇] ၏ နှမ ဖြစ်သည်။ သို့သော် ရှားလော့ဟုမ်း၌ ပန်းချီဝါသနာ ပါမလာခဲ့ပေ။ ရှားလော့ဟုမ်း၏ အစ်ကို မိုင်းကော့[၄၈] သည်မူ ပန်းချီဝါသနာအိုး ဖြစ်သည်။

ရှားလော့ဟုမ်းသည် တက္ကသိုလ် ပညာကိုလည်း ဆည်းပူးခဲ့သည်။ ပန်းချီဝါသနာ မပါသော်လည်း ဂီတ၌ မွေ့လျော်တတ်သည်။ ရံခါတွင် တရောပြား တလက်ဖြင့် ကြည်နူးနေတတ်သည်။ အားကစား၌ ဝါသနာ အပါကြီး မဟုတ်စေကာမူ အပျော်တမ်း အားကစားခြင်းကိုကား လိုလားသူ ဖြစ်သည်။ ကိုယ်တိုင် သေနတ်ပစ်တည့်သည်။

သူနေသော နေရာမှာ လန်ဒန်မြို့ ဘေကာလမ်း အမှတ် ၂၂၁ ဘီ အခန်းဖြစ်သည်။ သူသည် ထိုအခန်းထဲတွင် ဆေးတံတလက်နှင့် စဉ်းစားခန်းဝင်မြဲ ဖြစ်၏။ စောစောပိုင်းတွင် ရှားလော့ဟုမ်းနှင့် အတူ ဒေါက်တာ ဝပ်ဆန်သည်လည်း ထိုအခန်းမှာပင် နေခဲ့၏။ နောင်တွင် ဒေါက်တာ ဝပ်ဆန် လက်ထပ်သွားသည့်အခါတွင် ရှားလော့ဟုမ်း တဦးတည်းသာ ထိုအခန်း၌ ဆက်လက် နေထိုင်ခဲ့လေသည်။

ရှားလော့ဟုမ်းသည် ရံခါတွင် ခရီး ထွက်လေ့ရှိသည်။ တိဗက်၊ ပါရှား၊ မက်ကာ၊ ခါတွမ် အရပ်ဒေသများသို့ သွားရောက် လည်ပတ်လေ့ ရှိသည်။ ထိုအခါများတွင် ဝပ်ဆန်သည် ရှားလော့ဟုမ်း၏ စုံထောက်နည်းများကို ကျင့်သုံးကာ မှုခင်းပြဿနာများကို ဖြေရှင်းလေ့ ရှိသည်။ ရှားလော့ဟုမ်းသည် ၁၈၉၄ တွင် ခရီးထွက်ရာမှ ဘေကာလမ်းနေအိမ်သို့ ပြန်လာခဲ့သည်မှ ၁၉၀၃ အထိ ဆယ်နှစ်နီးပါး ကာလတွင် ရှားလော့ဟုမ်းနှင့် ဝပ်ဆန်တို့သည် အလုပ်ကို အားတက်သရော ကြိုးစား လုပ်ကိုင်ခဲ့ကြသည်။ ၁၉၀၃ တွင် ရှားလော့ဟုမ်းသည် **သ ကရိပင်း မင်း**[၄၉] အမှုကို စုံစမ်းခဲ့ပြီးနောက် ဆတ်ဆက်ဒေသ[၅၀] သို့ သွားရောက် အနားယူ နေထိုင်လေတော့သည်။

ယင်း ဒေသတွင် ရှားလော့ဟုမ်းသည် အိမ်တလုံးဖြင့် မိမိဘဝကို အေးချမ်းစွာ နေခဲ့၏။ ကမ်းခြေတွင် လမ်းလျှောက်လိုက်၊ သဘာဝအလှတွင် ယစ်မူးလိုက်၊ ပျားမွေးလိုက်ဖြင့် နေထိုင်ခဲ့သေး၏။

သို့သော် ရှားလော့ဟုမ်း၏ လုပ်ငန်းတာဝန်များကား မပြီးဆုံးသေးပေ။ ၁၉၁၂ တွင် ရှားလော့ဟုမ်း အဖို့ လုပ်ငန်းတာဝန်သို့ ပြန်လည်ဝင်ရောက်ရန် ပြဿနာ ပေါ်လာခဲ့လေသည်။ ဝန်ကြီးအဖွဲ့အတွင်း၌ စိုးရိမ်ဖွယ်ရာ အမှုကိစ္စများ ပေါ်ပေါက်လာသည့် အတွက် ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးတို့ ရှားလော့ဟုမ်းအား အလုပ်တာဝန်များ ကူညီထမ်းဆောင်ရန် တောင်းခံလာသည်ဖြစ်ရာ အလုပ်ခွင်သို့ ပြန်ခဲ့ရလေသည်။ ထို့နောက် ချီကာဂိုသို့ သွားရောက်ပြီး အိုင်ယာလန် လျှို့ဝှက်အဖွဲ့နှင့် ဆက်သွယ်ခဲ့ရ၏။ အမှုကိစ္စများကို စုံစမ်း ထောက်လှမ်းရပြန်လေသည်။

၁၉၁၄ တွင် ရေးသားသော **သူ၏ နောက်ဆုံး ဦးညွတ်ခြင်း** နောက်၌ကား ရှားလော့ဟုမ်း၏ စုံထောက်ခန်းများကို မတွေ့ရတော့ပေ။

ဤသို့လျှင် ကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်း၏ ဘဝကို တကယ့် လူတယောက်အသွင် ရေးဖွဲ့ခဲ့သော်လည်း ရှားလော့ဟုမ်း၏ ကိုယ်ရေးဇာတ်လမ်း၌ အချစ်ရေးကိစ္စကား မပါဝင်ခဲ့ပေ။

---

၄၇။ **Vernet, Horace (1789-1863)**

၄၈။ **Mycroft**

၄၉။ *The Creeping Man*

၅၀။ **Sussex**။ ။အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ကမ်းခြေဒေသ။

www.burmeseclassic.com

www.burmeseclassic.com


ကိုနှင် ဒွိုင်း သည် ရှားလော့ဟုမ်း ကို သာ လူတယောက်၏ စရိုက်သဘာဝ ပီပြင်စွာ ရေးဖွဲ့ခဲ့သည် မဟုတ်။ ရှားလော့ဟုမ်း ဝတ္ထုများကို မှတ်တမ်းတင် ဇာတ်ကြောင်းပြန်ခဲ့သော ဒေါက်တာ ဝပ်ဆန်၏ စရိုက်ကိုလည်း ပီပီပြင်ပြင် ဖော်ပြခဲ့ပေသည်။

စင်စစ် ရှားလော့ဟုမ်း ဝတ္ထုများကို မှတ်တမ်းတင်သော ဒေါက်တာ ဝပ်ဆန်သည် စာရေးဆရာကို ကိုယ်စားပြုသော ဇာတ်ဆောင် ဖြစ်သည်။ ဝပ်ဆန်သည် ကိုနှင်ဒွိုင်း၏ စရိုက်ကို ထင်ဟပ်လေ့ ရှိသည်။

ဒေါက်တာ ဝပ်ဆန်သည် ဆရာဝန်တယောက် ဖြစ်သည်။ အိမ်ထောင်မပြုမီအထိ ရှားလော့ဟုမ်းနှင့်အတူ ဘေကာလမ်းတွင် နေခဲ့သည်။ ရှားလော့ဟုမ်းနှင့်အတူ စုံထောက်လုပ်ငန်းများကို တွဲဖက် လုပ်ကိုင်ခဲ့သည်။

ဤသို့လျှင် ကိုနှင်ဒွိုင်းသည် ဇာတ်ဆောင်တို့၏စရိုက်သဘာဝကို ပီပြင်စေရန် သူတို့၏ တကယ့်သက်ရှိ လူပုဂ္ဂိုလ်များ အဖြစ် ဖန်တီးရုံသာမက နေရာဒေသတို့ကိုလည်း အကယ် ထင်မှတ်မှားအောင် ဖန်တီးနိုင်စွမ်းခဲ့လေသည်။

စင်စစ် ဘေကာလမ်း အမှတ် ၂၂၁ ဘီ အခန်း ဖြစ်သော ရှားလော့ဟုမ်း၏ အခန်းမှာ ရုံးအဆောက်အအုံကြီး ဖြစ်သည်။ ဘေကာလမ်း အမေးနေ့ရှင်နယ် အဆောက်အအုံအသင်း၏ ရုံးခန်းသည် ဘေကာလမ်း ၂၁၉ မှ ၂၃၃ အထိ ဖြစ်သည်။ သို့သော် စာဖတ်ပရိသတ်၏ စိတ်တွင် ၂၂၁ ဘီ အခန်းမှာ အမှန်တကယ်ပင် ရှားလော့ဟုမ်း နေထိုင်သော အခန်းဟု ထင်မှတ်ထားခဲ့လေသည်။

ကိုနှင်ဒွိုင်းသည် ဇာတ်ဆောင်စရိုက်၊နောက်ခံတို့ကိုသာ ပီပီပြင်ပြင် ရေးဖွဲ့ခဲ့သည် မဟုတ်သေး။ ဇာတ်လမ်းအဖွဲ့ကိုလည်း စိတ်ဝင်စားဖွယ်ရေးဖွဲ့နိုင်၏။လူ့သဘာဝ လူ့လောကနှင့် အနီးစပ်ဆုံး ဖြစ်အောင်လည်း ရေးဖွဲ့နိုင်ခဲ့သည်။ သူဖန်တီးသော မှုခင်းဖြစ်ရပ် များသည် တကယ့် လူ့လောကတွင် ဖြစ်နေသည့် အရေးကိစ္စများဟု ထင်ရလောက်အောင် ရေးဖွဲ့နိုင်စွမ်းခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့်လည်း ကိုနှင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများသည် စုံထောက် ဝတ္ထုများ ဖြစ်စေကာမူ သာမန် အများကြိုက်သက်သက် ဝတ္ထုများ မဟုတ်။ အိပ်ရာဝင် အပျော်ဖတ် ဝတ္ထုများ မဟုတ်။ ကမ္ဘာ့စာကြီးပေကြီး စာရင်းဝင်သော ဂန္ထဝင်မြောက် ဝတ္ထုများအဖြစ် ထင်ရှားခဲ့ခြင်း ဖြစ်လေသည်။

## ၅

စင်စစ် ရှားလော့ဟုမ်းသည် သက်ရှိ လူသားမဟုတ်ပေ။ သို့စေကာမူ ရှားလော့ဟုမ်း ပရိသတ်ကမူ ရှားလော့ဟုမ်းကို တကယ့်သက်ရှိ လူသားတယောက်အဖြစ် မှတ်ယူကြ၏။

ယနေ့တိုင် ကမ္ဘာလှည့် ခရီးသည်များသည် လန်ဒန်မြို့သို့ ရောက်လာတိုင်း အချို့ခရီးသည်များမှာ အမေးနေ့ရှင်နယ် အဆောက်အအုံ အသင်းတိုက်သို့ ရောက်လာမြဲ ဖြစ်၏။ ထိုအသင်းတိုက်ကား ဘေကာလမ်း၌ ရှိ၏။ ရှားလော့ဟုမ်း ပရိသတ်သည် ထိုအသင်းတိုက်ကို မသိ။ ထိုအသင်းတိုက် တည်ရှိရာကို ရှားလော့ဟုမ်း နေအိမ်ဟုသာ သိကြသည်။ ထို့ကြောင့် သူတို့သည် ဘေကာလမ်း ၂၂၁ ဘီသို့ လာခဲ့ကြခြင်း ဖြစ်သည်။ ရှားလော့ဟုမ်းကို တွေ့ဆုံရန် ဖြစ်သည်။

သို့ဖြင့် အသင်းတိုက် ဒရဝမ်ကြီးအဖို့ နေ့စဉ်လိုရောက်လာတတ်သော ရှားလော့ဟုမ်း၏ ဧည့်သည်များကို အားနာပါးနာ လက်ခံနေရလေသည်။ ရှားလော့ဟုမ်း ပရိသတ်ကမူ ရှားလော့ဟုမ်း ရှိနေသည်ဟု ထင်သည်။ သို့ပါလျက် ဤ အဆောက်အအုံကြီးတွင် ရှားလော့ဟုမ်း မနေပါဟု ပြောလျှင် ယုံပါမည်လော။ မတတ်နိုင်တော့။ အသင်းတိုက်ကြီးသည် ရှားလော့ဟုမ်း၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်ကို ထားပေးရတော့သည်။ ရှားလော့ဟုမ်းနှင့် တွေ့ရန် လာသူများသည် ရှားလော့ဟုမ်းကို မတွေ့ရစေကာမူ ရှားလော့ဟုမ်း၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်း ရေးရလျှင်ပင် ကျေနပ်ကြလေသည်။ ဤနည်းဖြင့် ရှားလော့ဟုမ်းသည် ဆက်လက် အသက်ရှင်နေရလေတော့သည်။

ဤသို့ ရှားလော့ဟုမ်း၏ နေအိမ်သို့ ရှားလော့ဟုမ်းနှင့် တွေ့ရန် ကမ္ဘာအရပ်ရပ်က ခရီးသည်များ ရောက်လာတတ်သလို ကမ္ဘာ့နိုင်ငံ အသီးသီးမှ ရှားလော့ဟုမ်းထံသို့ ပေးပို့သော စာများမှာလည်း နေ့စဉ်လိုပင် ရောက်လာဆဲ ဖြစ်လေသည်။ ဤ ပြဿနာကိုလည်း ထိုအသင်းတိုက်ကြီးကပင် ဖြေရှင်းပေးရ လေသည်။ ရှားလော့ဟုမ်းထံသို့ စာရေးလာသူများအား အသင်းတိုက်ကြီးသည် လျစ်လျူရှုထား၍ မဖြစ်။ ''ရှားလော့ဟုမ်း ဆိုသည်မှာ တကယ့် သက်ရှိပုဂ္ဂိုလ် မဟုတ်၊ ကိုနှင်ဒွိုင်း၏ ဖန်တီးဇာတ်ဆောင်ပါ''ဟု စာပြန်လျှင်လည်း ကျေနပ်မည် မထင်။ ထို့ကြောင့် အသင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် ''မစ္စတာဟုမ်းသည် မူလ သူနေထိုင်သော ဤ အခန်းမှာ မနေတော့ပါ။ တခြားသို့ ပြောင်းသွားပါပြီ။ မည်သည့်အရပ်သို့ ပြောင်းရွှေ့ သွားသည်ကို ကျွန်ုပ်တို့ မသိရပါခင်ဗျား'' ဟူသော စာတစောင်ကို ပုံသေရိုက်ထားရ၏။ ရှားလော့ဟုမ်းထံသို့ စာရေးလာသမျှ ပုဂ္ဂိုလ်များထံသို့ ဤသို့ပင် စာပြန်ကြားပေးရလေသည်။

ဤနည်းဖြင့် ကိုနင်ဒွိုင်း ရေးသားခဲ့သော ရှားလော့ဟုမ်း ဝတ္ထုပေါင်း ၅၉ ပုဒ်အနက် ဝတ္ထုရှည်ကြီးသုံးပုဒ်ဖြစ်သည့် **ဗာစကာဗျူးလ်ခွေးကြီး၊ ကြောက်ဖွယ်ချိုင့်ဝှမ်း နှင့် လေးဂဏန်း အမှတ်အသား**တို့ကို သီးခြား စာအုပ်များအဖြစ်လည်းကောင်း၊ ကျန်ဝတ္ထုတိုများကို **ရှားလော့ဟုမ်း၏စွန့်စားခန်းများ၊ ရှားလော့ဟုမ်း၏ မှုခင်းမှတ်တမ်းစာအုပ်၊ ရှားလော့ဟုမ်း၏ အမှတ်တရများ၊ ရှားလော့ဟုမ်း ပြန်လာပြီ၊ သူ၏ နောက်ဆုံး ဦးညွှတ်ခြင်း** ဟူ၍ လည်းကောင်း သီးခြားစာအုပ်များ ထုတ်ဝေခဲ့ကြပြီး ၁၉၂၀ တွင် ဝတ္ထုတိုပေါင်းချုပ်၊ ၁၉၂၉ တွင် ဝတ္ထုရှည်ပေါင်းချုပ် ဟူ၍ သီးခြား ထုတ်ဝေခဲ့ကြသည်။ ယခုအချိန် အထိလည်း သီးခြား အုပ်တွဲများအဖြစ် လည်းကောင်း၊ ပေါင်းချုပ်အတွဲများအဖြစ် လည်းကောင်း၊ လက်ရွေးစင် အုပ်တွဲများအဖြစ် လည်းကောင်း ထုတ်ဝေနေရဆဲ ဖြစ်ပေသည်။

ယင်းသို့ ထုတ်ဝေရာတွင် ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံအများကပင် မိမိတို့ ဘာသာသို့ ပြန်ခဲ့ကြပြီးဖြစ်ရာ ယခုအထိ ဘာသာ ၄၁ မျိုး ပြန်ဆိုခဲ့ပြီး ဖြစ်၏။ ယင်း ဘာသာပြန်များတွင် အက်စကီမို ဘာသာပြန်လည်း ပါဝင်၏။ ထို့ပြင် ရှားလော့ဟုမ်း ဝတ္ထုများကို မျက်မမြင် အက္ခရာဖြင့်လည်း ထုတ်ဝေထားရ၏။ ယခု အချိန်အထိ ရှားလော့ဟုမ်း ဝတ္ထုများသည် စောင်ရေအားဖြင့် သန်းတရာခန့် ထုတ်ဝေခဲ့ရပြီး ဖြစ်လေသည်။

သို့တိုင်အောင် ရှားလော့ဟုမ်းကို စာပေဖြင့်သာ ဖတ်ရသည်ကို မရောင့်ရဲကြ။ ထို့ကြောင့် ရှားလော့ဟုမ်းကို ရုပ်ရှင်ကားအဖြစ်လည်း အသွင်အမျိုးမျိုးဖြင့် ရိုက်ကူးတင်ပြခဲ့ရာ ယခုအချိန်အထိ ရှားလော့ဟုမ်း ရုပ်ရှင်ကားပေါင်း တရာ့ငါးဆယ်ခန့် ရှိပေပြီ။ အနောက်နိုင်ငံ ပြဇာတ်စင်၊ ရုပ်မြင်သံကြားတို့တွင်လည်း ရှားလော့ဟုမ်းကို အမြဲမပြတ် တွေ့နေကြရလေသည်။

ဤသို့အားဖြင့် ရှားလော့ဟုမ်းသည် ဆက်လက် ကျော်ကြားဆဲ၊ ထင်ရှားဆဲ ဖြစ်ပေသည်။

ရှားလော့ဟုမ်းကို အစွဲပြုကာ ယခုအခါ လန်ဒန်မြို့၌ 'ရှားလော့ဟုမ်းအသင်း' နယူးယောက်မြို့၌ 'ဘေကာလမ်းအသင်း' စသည်တို့ကိုလည်း ဖွဲ့စည်းတည်ထောင်ထားပေသည်။ ရှားလော့ဟုမ်း၏ ကျော်ကြားမှုကား လက်တင် အမေရိကနိုင်ငံလို ဒေသမျိုး၌ပင် အရပ်သုံးစကားလုံးတခုအဖြစ် ထင်ရှားလာခဲ့ပေသည်။ လက်တင်အမေရိကတွင် 'ကျိုးကြောင်းဆင်ခြင်မှု' ဟူသော ဝေါဟာရကို (Sherlock Holmito) ဟု ခေါ်ဝေါ် သုံးစွဲကြ၏။

မြန်မာနိုင်ငံတွင်ရှားလော့ဟုမ်း တဖြစ်လဲ စုံထောက် ဦးစံရှားသည် သော်တာဆွေ၏ စုံထောက် ဦးနံပြား၊ ကာတွန်း အောင်ရှိန်၏ စုံထောက် ဦးရှံစား တို့ကို ဆင့်ပွား မွေးခဲ့ရုံမက 'မှားတဲ့အခါလဲ မှားပေမပေါ့' ဟူသော လက်သုံးဝေါဟာရ တခုပင်လျှင် ပေါ်ပေါက်လာခဲ့လေသည်။

မှန်သည်။ ကြောင်းကျိုးဆက်စပ်မှု ဆင်ခြင်တုံတရားဖြင့် ရှားလော့ဟုမ်း ဝတ္ထုများကို ဖန်တီးခဲ့သော ကိုနင်ဒွိုင်း ကိုယ်တိုင် ရံခါတွင် 'မှားတဲ့အခါ မှားခဲ့ရသောဖြစ်ရပ်တခု'သည်လည်း ယနေ့ထက်တိုင် စာနယ်ဇင်းများတွင် အဖန်တလဲလဲ ထပ်မံဖော်ပြသည်ကို တွေ့ရတတ်လေသည်။

ထိုဖြစ်ရပ်ကား ဤသို့တည်း။

စာရေးဆရာကြီး ကိုနင်ဒွိုင်းနှင့် ခင်မင်ရင်းနှီးသော မြင်းရထားသမားတဦး ရှိသည်။ တနေ့တွင် ထို မြင်းရထားသမားသည် ဆရာကြီးအား ဗိတိုရိယ ဘူတာရုံသို့ မြင်းရထားဖြင့် လိုက်ပို့၏။

ကိုနင်ဒွိုင်းသည် ဘူတာရုံသို့ ရောက်သော် ရထားသမားအား ငွေထုတ်ပေး၏။ ရထားသမားသည် ပေးသမျှ ငွေများကို အသေအချာ စစ်ဆေးကြည့်ရှုပြီးနောက်

''တဆိတ် ခွင့်ပြုပါ ဆရာကြီး၊ ဆရာကြီး ဘာမင်ဂန်ကို ရောက်ခဲ့သေးတယ် မဟုတ်လား''ဟု ခပ်တည်တည် မေးလိုက်၏။

''ကျုပ် ရောက်ခဲ့သားပဲ''

ကိုနင်ဒွိုင်းက ခပ်ပေါ့ပေါ့ပင် အဖြေပေးလိုက်သည်။

ဤတွင် ရထားသမားသည် စုံထောက်ကြီး ရှားလော့ဟုမ်း၏ အမူအရာမျိုးဖြင့် ဆရာကြီးပေးသော ငွေများမှ ခြောက်ပဲနီ ငွေစကို အသေအချာ ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com


''နောက်ပြီး အောက်စဖို့မြို့မှာ ဆရာကြီး နေခဲ့တာ မကြာသေးဘူးနော်''ဟု ပြောပြန်သည်။

''မောင်ရင် ပြောပုံဆိုပုံကတော့ မှတ်သားလောက်ပါပေတယ်။ ဒီလို အမှန်အတိုင်း ဘယ်လိုလုပ်ပြီး သိတာပါလိမ့်''

ကိုနင်ဒွိုင်းက ရထားသမားအား စူးစမ်းဟန်ဖြင့် မေးလိုက်သည်။

ထိုအခါ ရထားသမားက ခပ်ကြွားကြွား လေသံဖြင့်

''ဒါကတော့ ဆရာကြီးရယ်၊ ဆန်းကြယ်လှတယ်လို့လဲ မဆိုနိုင်ပါဘူးခင်ဗျာ။ ဆရာကြီးရေးတဲ့ ရှားလော့ဟုမ်း ဝတ္ထုထဲကလို တွေးတောကြံဆ ကြည့်ရတာပေါ့''

ဟု အဖြေပေးလေ၏။

ထို့နောက် ရထားသမားသည် ဦးထုပ်ကိုချွတ်၍ ဝေ့ယမ်းနှုတ်ဆက်ကာ ရထားကို ဆက်လက် မောင်းနှင်သွားယင်း အော်ဟစ် ရယ်မော သွားလေသည်။

ရက်ပေါင်း ကြာညောင်းခဲ့လေပြီ။

ကိုနင်ဒွိုင်းသည် ရထားသမား၏ တွေးခေါ်ဆင်ခြင်ယူဆပုံနှင့် ပတ်သက်၍ လေးလေးနက်နက် စဉ်းစား၍ နေခဲ့လေသည်။ ထိုရထားသမားသည် မိမိသွားလာခဲ့သောအရပ်၊ နေထိုင်ခဲ့သော အရပ်ကို မည်ကဲ့သို့ အကဲခတ် လေ့လာခြင်းအားဖြင့် သိရှိခဲ့ရသနည်း။ အဖြေမရခဲ့။

ဤ အရှုပ်တော်ပုံကို စဉ်းစားယင်း ကိုနင်ဒွိုင်းခမျာ ဦးနှောက်ခြောက်၍ နေရှာသည်။ သူ့အဖို့ လုံးဝ စဉ်းစား၍ မရခဲ့။

သူသည် စဉ်းစားမရနိုင်အောင် ရှိနေသဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်နေလေသည်။

ကိုနင်ဒွိုင်းသည် စဉ်းစား၍ မရနိုင်သဖြင့် အဆုံးတွင် ဇနီးသည်အား အိပ်ရာမနိုးကာ အဖြစ်ကို ပြောပြမိလေတော့သည်။

ဇနီးဖြစ်သူက အိပ်ချင်မူးတူး လေသံဖြင့်

''အ ပါဘိတော့ ဆရာကြီးရယ်၊ ရထားသမားဟာ ရှင့်ရဲ့ပစ္စည်းတွေပေါ်မှာ ကပ်ထားတဲ့ တံဆိပ်တွေကို ကြည့်ယင် လိပ်စာတွေကို သိနိုင်တာပေါ့ရှင်''

ဇနီးဖြစ်သူသည် အဖြေပေးပြီးလျှင် ပြန်လည် အိပ်ပျော်သွားလေသည်။

ထိုအခါ ကိုနင်ဒွိုင်းသည် ရထားသမား၏ ပြောပြချက်ကို ပြန်လည် တွေးတောကာ ရယ်မောနေမိသည်။

ပစ္စည်းများ ပေါ်တွင် ကပ်ထားသည့် စက္ကူတွင် ရောက်ခဲ့သည့် နေရပ်များကို ရေးသားထားသည်ကို တွေ့မြင်နိုင်၏။ ဤအချက်ကို ရထားသမားက မြင်သွားပြီး ကိုနင်ဒွိုင်းအား အတည်ပေါက် အဖြေပေးလိုက်ခြင်းပင် ဖြစ်သတည်း။

ဤသည်တို့ကား ကမ္ဘာ့စာပေတွင် ထင်ရှားသော ရှားလော့ဟုမ်း ဝတ္ထုများနှင့် ရှားလော့ဟုမ်းကို ဖန်တီးခဲ့သော စာရေးဆရာကြီး ကိုနင်ဒွိုင်း၏ ဖြစ်ရပ်တခု ဖြစ်၏။

## ၆

ဤသို့ ကမ္ဘာ့စာပေ ဂန္ထဝင်မြောက် ရှားလော့ဟုမ်း ဝတ္ထုများကို မြန်မာစာပေအတွင်းသို့ စတင် ထည့်သွင်းခဲ့သူမှာ ဗိုမိုးနှင်း ဖြစ်သည်။

ဗိုမိုးနှင်းသည် ၁၉၁၂ လောက်တွင် **ကောဇာသစ်** မဂ္ဂဇင်း၌ ရှားလော့ဟုမ်းကို စုံထောက် မောင်ရွှေခေး အမည်ဖြင့် မြန်မာမှုပြု ရေးသားခဲ့၏။ သို့သော် နောက်ပိုင်းတွင် ဆရာကြီး ရွှေဥဒေါင်းကသာလျှင် အစဉ်တစိုက် ဆက်လက် ရေးသားခဲ့သဖြင့် 'စုံထောက် မောင်စံရှား' ဝတ္ထုများသည် 'စုံထောက် မောင်ရွှေခေး' ဝတ္ထုများထက် ထင်ရှားခဲ့ခြင်း ဖြစ်လေသည်။

ရွှေဥဒေါင်းသည် မန္တလေးဇာတိ ဖြစ်သည်။ ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် မွေးဖွားခဲ့သည်။ အဖမှာ ဦးရော၊ အမိမှာ ဒေါ်ရွှေ ဖြစ်သည်။ အမည်ရင်း ဦးဖေသိန်း ဖြစ်လေသည်။

ဆရာကြီးသည် သီလရှင်ကျောင်း၊ဘုန်းကြီးကျောင်း၊ ထို့နောက် သာသနာပြု ကျောင်းတို့တွင် အဆင့်ဆင့် ပညာသင်ခဲ့သည်။ ကာလကတ္တား တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့သည်။

ထို့နောက် ကျောင်းဆရာ၊ စာရေး၊ သတင်းစာ အယ်ဒီတာစသည့် ဘဝအမျိုးမျိုးတွင် ကျင်လည်ခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် **ရန်ကြီးအောင်** ဝတ္ထုကို စ ရေးခဲ့သည်။ သို့သော် ပထမဆုံး ပုံနှိပ်စာမူမှာ စာရေးဆရာမ ဟင်နရီဝု[၁] ၏ **အီစလင်း**[၂] ဝတ္ထုကို မှီးရေးသော **ရတနာပုံ** ဝတ္ထုဖြစ်သည်။

ဆရာကြီး၏ အမှီးဝတ္ထုများသည် ထူးခြားသည်ဟု ဆိုရပေမည်။ မြန်မာစာပေလောက၌ အမှီးဝတ္ထုအများပင် ထွန်းကားခဲ့ပေသည်။ ဝန်ခံကြသည်လည်း ရှိ၏။ ဝန်မခံကြသည်လည်း ရှိပေသည်။ အမှီးဝတ္ထုများနှင့်

၁။ Wood. Mrs Henry

၂။ *East Lynne* (1816)

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ မှီးရေးခြင်းသည် သင့် မသင့် ဟူသော အယူအဆများလည်း ပေါ်ပေါက်ခဲ့လေသည်။ ယင်းသို့ မှီးရေးခြင်းနှင့် ပတ်သက်၍ ဆရာကြီး ရွှေဥဒေါင်းက သူ၏ သဘောထားကို အောက်ပါအတိုင်း ဖော်ပြခဲ့ဖူးသည်။

၁၉၁၇ ခုနှစ် မတ်လထုတ် ပထမဆုံး သူရိယ မဂ္ဂဇင်းတွင် ကျွန်ုပ်၏ 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုတိုတပုဒ် ထည့်သွင်း ပြီးနောက် တိုက်အုပ် ဦးလှဖေက ရှားလော့ဟုမ်း (Sherlock Holmes)၏ စုံထောက်ဝတ္ထု များကို မှီပြီး မြန်မာဝတ္ထု ရေးရန် အကြံပေးသည့် အလျောက် ဧပြီလထုတ် သူရိယ မဂ္ဂဇင်းတွင် 'စုံထောက် မောင်စံရှား' ဝတ္ထု ရေးပြီးစွာ ထွက်ပေါ်လာ၏။ ထိုစဉ်က အင်္ဂလိပ်စာတတ်သူ ယခုထက် ရှားသေးသည့် အထဲတွင် ဝတ္ထု ဖတ် သူများလည်း အလွန် နည်းပါးသေးရကား မောင်စံရှား ဝတ္ထုမျိုး ဖတ်ရသူတို့က မောင်စံရှားသည် ရွှေဥဒေါင်း၏ စိတ်ကူးဖြင့် ရေးသားခြင်း ဖြစ်သည်ဟု မှတ်ထင်ကြရ၏။ မောင်စံရှား ဝတ္ထုကို လည်းကောင်း၊ ရတနာ့ပုံ ဝတ္ထုကို လည်းကောင်း အကြောင်းပြု၍ ရွှေဥဒေါင်းအား ချီးကျူးစကား ပြောသံများကို ကျွန်ုပ် ကြားရသောအခါ ရန်ကြီးအောင် ဝတ္ထုကို ချီးကျူးကြခြင်းကဲ့သို့ ကျွန်ုပ် ဂုဏ်မယူမိခြင်းများဟာ ကျွန်ုပ်အား (Plagiarism) နိုးချသည်ဟု နှိပ်နှိပ်နယ်နယ် စွပ်စွဲချင်ကြပါသည်။ နိုးချခြင်းဟူသည်မှာ လူမသိအောင် တကွက်တလေ နိုးချခြင်းမျိုးကို ဆိုလို၍ အနောက် တိုင်းပြည်များ၌ အကြီးအကျယ် နှုတ်ချခြင်း ဖြစ်ပါသည်။ မောင်စံရှား အစရှိသော ကျွန်ုပ်၏ ဝတ္ထုများမှာ တနည်းအားဖြင့် ဘာသာပြန်များသာ ဖြစ်ရာ တိုက်ရိုက် ဘာသာပြန်ဆိုခဲ့သော် နှုတ်သေးသော မြန်မာစာဖတ် ပရိသတ်အပြည့် စိတ်ဝင်စားမှု နည်းပါးလိမ့်မည်ဟု သိရှိရသောကြောင့် 'မှီး' ရှုံ သဘောမျိုးဖြင့် ရေးသားရပါသည်။*

မှန်သည်။ ဆရာကြီး သည် ယခုမှ ဝတ္ထုကြီး အများအပြားကို အမှီးပြုမိခြင်ဖြင့် ရေးသား၍ မြန်မာစာဖတ် ပရိသတ်ကို ကျေးဇူးစွာ စိတ်ဆက်ပေးခဲ့လေသည်။ အမှီး ဝတ္ထုဆိုရာတွင် အင်္ဂလိပ်ဝတ္ထုကလေး တပေါက်ကို ထမီ ဝတ်ပေးလိုက်ခြင်းဖြင့် မြန်မာမကလေး ဖြစ်လာသည်မျိုး မဟုတ်ပေ။ မြန်မာ့ နောက်ခံ၊ မြန်မာ့ကာလနှင့် မြန်မာ့စရိုက်များ တင်ဟပ်နေရန် ကြိုးစားရပေသည်။ မြန်မာစာပေတွင် အမှီးဝတ္ထု အမြောက်အမြား တွေ့နိုင်ပေသည်။ ယင်းတို့တွင် မြန်မာ့နောက်ခံ၊ မြန်မာ့ကာလ၊ မြန်မာ့စရိုက်နှင့်လျော်ညီအောင် မြန်မာ ဝတ္ထု တပုဒ်အဖြစ် ဖန်တီးထားကြသည်များ ရှိသကဲ့သို့ အမှီး မသေသတ်သဖြင့် ထမီဝတ်ထားသော အင်္ဂလိပ် မကလေးအသွင် ဝတ္ထုမျိုးလည်း ရှိပေသည်။ ဆရာကြီး ရွှေဥဒေါင်း၏ ဝတ္ထုများကား ဤသို့ မဟုတ် ပေ။ အင်္ဂလိပ်မူရင်းကိုသာ မဖတ်ဖူးပါက မြန်မာဝတ္ထုစစ်ပါပဲဟု ဝန်ခံရမည့် ဝတ္ထုများ ဖြစ်လေသည်။

ဤ နည်း ဖြင့် ဆ ရာ ကြီး သည် ကမ္ဘာ့ စာ ပေ ဂန္ထဝင်မြောက် ဝတ္ထု အများအပြားကို မှီငြမ်းခဲ့လေသည်။ ဤတွင် ဆရာကြီး၏ မြန်မာမှုပြု မှီးပုံ မည်မျှ ထိရောက် အောင်မြင်သည်ကို ဆာဝါလတာစကော့[၁၃]၏ အိုးလ်ဒ် မော်တဲ လတီး[၁၄] အမည်ရှိ ဝတ္ထုကို ဆရာကြီး ကိုယ်တိုင် တိုက်ရိုက် ဘာသာပြန်ခဲ့သော **စိတ်ထားဝတီ** နှင့် ဆရာကြီး မှီးရေးခဲ့သော မြန်မာ့ စွမ်းရည်တို့ကို ယှဉ်၍ လေ့လာသင့်ပါသည်။

တိုက်ရိုက် ဘာသာပြန် စိတ်ထားဝတီမှ ကောက်နှုတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

ဟိုပင်ဂျေး လူစွမ်းကောင်းများသည် ဖြိုင်၍ပြီးစီးသော အခါ၌ မိုလ်စွဲခဲ့သော ဟင်နရီမော်တင်၏ ဖိတ်ခေါ်ချက်အရ ဟော်ဟယ်အမည်ရှိ စုရုံး သွားရောက်ကြ၍ ဟိုပင်ဂျေးမိုလ် မော်တင်က မှာယူ ကျွေးမွေးသော စားသောက်ဖွယ်များကို ပျော်ရွှင် မြိန်ယှက်စွာ စားသောက်ကြလေ၏။ မော်တင်သည် ထုံးစံအတိုင်း ကျွေးမွေးရခြင်း ဖြစ်သော်လည်း မင်းတိုင်းကျေမှု ဝတ်ကျေဝတ်ကုန် ကျွေးမွေးသည်ဟု စွပ်စွဲခြင်း မခံရစေခြင်းငှာ လူငယ်များ စားသောက်နိုင်သမျှ ဖောဖောသီသီ စားသောက်ကြရန် အစားအသောက်များကို ရက်ရောစွာ မှာယူ ကျွေးမွေးလေ၏။ ဟိုပင်ဂျေး မိုလ်သည် မိမိကိုယ်တိုင် အရက်များစွာ မသောက်သော်လည်း 'ကပ်စေးနဲ' တယောက်ဟူ၍ အထင်မရောက်ကြစေရန်

* ရွှေဥဒေါင်း- တသက်တာ မှတ်တမ်းနှင့် အတွေး အခေါ်များ၊ ပထမတွဲ၊ စာမျက်နှာ ၃၅၉–၃၆၀။

၁၃။ Scott, Sir Walter.

၁၄။ *Old Mortality.*

www.burmeseclassic.com

www.burmeseclassic.com



အရက်များကို ဖောဖောသီသီ မှာယူ၍ ဝအောင် သောက်ကြဖို့ တိုက်တွန်းလျက် ရှိ၏။

ဟော်တယ်ခန်းမကြီးအတွင်း တခုသော ထောင့်၌ကား ရုပ်လက္ခဏာ ခပ်ကြမ်းကြမ်း ရှိသဖြင့် တောသားကြီးဟူ၍ မှတ်ထင်ရသော လူကြီးတယောက်သည် စားပွဲတခုတွင် တယောက်တည်း ထိုင်လျက် စားသောက်စရာများကို တိတ်ဆိတ်စွာ မှာယူ စားသောက် နေလေ၏။

ခန်းမကြီး အလယ်၌ရှိသော စားပွဲတခု၌ကား ဆာဂျင် တယောက်သည် နောက်ပါ စစ်သား တယောက်နှင့် အတူ ထိုင်လျက် အာကျယ် ပါကျယ်နှင့် ဖောင်လှအောင် စကားပြောကြယင်း အရက်ပုလင်းများကို တပုလင်းပြီး တပုလင်း မှာယူ သောက်သုံးလျက် ရှိ၏။ စစ်သားမှာ သာမန် လူ တယောက် ဖြစ်သော်လည်း ဆာဂျင်မှုကား မင်းသွေးပါသူ တယောက်ဖြစ်၍ အမည်မှာ ဘိုသွယ် ဟု ခေါ်တွင်လေသည်။ ဘိုသွယ်မှာ စတုးဝပ်ဘုရင်တပါး၏ မယားငယ်တယောက်မှ ပေါက်ဖွားခဲ့၍ မင်းသွေးပါရှိသည့် အလျောက် ရာထူးများ၌ ခန့်ထားခြင်း ခံရဖူးသော်လည်း အထက်အရာရှိများကို ပမာမခန့် ပြုတတ်ခြင်း၊ စည်းကမ်းကို မရိုသေခြင်း၊ အပျော်ကြူးခြင်း တည်းဟူသော အပြစ်များကြောင့် ရာထူးများ မတည်မြဲ×××။

နာမည်ကြီးသော စစ်တပ်တွင် မင်းသွေးပါသော လူရမ်း ဘိုသွယ် အမှုထမ်းနေခြင်း ဖြစ်သည့် အလျောက် လူမြင်လျှင် စော်ကားချင်သည့်စိတ် ဖြစ်ပေါ်နေတော့သည်တွင် ဘိုသွယ်သည် အတော်အတန် အရက်မူးလာသောအခါ၌ ထိုင်ရာမှ ထ၍ အခန်းတွင်းရှိ လူများကို ရန်စဖို့ ပြင်ဆင်လေတော့၏။ သို့ဖြစ်၍ ဘိုသွယ်သည် ခေါကို ချိုင်းတွင် ညှပ်လျက် အရက်တခွက်ကို ကိုင်ကာ အခန်းထောင့်၌ ခပ်ကုပ်ကုပ် ထိုင်နေသော လူကြီးအနီးသို့ ချဉ်းကပ်၍ ''ဗျို့ သရာကြီး၊ ကြွမ်းပေါ်မှာ ဒူးထောက်ပြီး ဂိုဏ်းထောက်ကြီး စိန့်အန်ဒရူး သက်တော် ရာကျော် ရှည်ပါစေလို့ ဆုတောင်းပြီး ဟောဒီ အရက်ကို သောက်လိုက်စမ်း''ဟု ခိုင်းလေ၏။

ထိုအခါ အခြားသော ထောင့်၌ သောက်စားလျက် ရှိကြသော ဟိုပင်ရေး မိုလ်နှင့် တကွ လူငယ်များသည် လူကြီးကို လှမ်းကြည့် လိုက်လေရာ လူကြီးမှာ အလွန် တောင့်တင်း မာကျောသော ကိုယ်ကာယနှင့် တင်းမာ ခက်ထန်သော မျက်နှာ ရှိသည်ဖြစ်၍ ၎င်း၏ တင်းမာသော မျက်နှာပေါ်တွင် သာ၍ တင်းမာသော မျက်နှာထား ဖြစ်ပေါ်လာသည်ကို တွေ့မြင်ကြရလေ၏။

''တကယ်လို့ မောင်ခိုင်းကဲ့အတိုင်း မလုပ်ယင်ကော ဘယ်လိုများလဲ မောင်''

''ဩော်၊ ကျုပ်ခိုင်းသလို မလုပ်ယင်လား။ ပထမဦးစွာ ခင်ဗျား နှာခေါင်းကြီးကို ဆွဲလိမ်ရလိမ့်မယ်။ ဒီနောက် ဒုတိယက ရွှေစောင်းနေတဲ့ ခင်ဗျား မျက်လုံးကို ရွှေသထက် ရွှေသွားအောင် လက်သီးနဲ့ သတ်ရလိမ့်မယ်။ နောက်ဆုံးမှာမှ ခင်ဗျား ပခုံးပေါ်မှာ ကျုပ်က ခေါးပြားနဲ့ ရိုက်ပြီး ဆုံးမရလိမ့်မယ်''*

အထက်ပါ အကြောင်းအရာကိုပင် မြန်မာမှုပြု မှီးရေးရာတွင် အောက်ပါအတိုင်း ရေးသားခဲ့၏။

ထိုနေ့ညဉ့်၌ မန်ကျည်းတိုရွာ၏ အစွန်အဖျားတွင် တည်ရှိသော အိမ်တအိမ်တွင် ကာလသား တစုတို့သည် ဈေးတန်းမှ ဝယ်ယူခဲ့ကြသော ကြက်ပေါင်ကြော်၊ ငါးကြော် အစရှိသည့် ဒေသအလျောက် မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ကို အကြီးအကျယ် တည်ခင်း၍ ချက်အရက်ပုလင်းကို နံဘေး၌ ထောင်ပြီးလျှင် ပျော်ရွှင်စွာ စားသောက်လျက် ရှိကြကုန်၏။

၎င်းတို့အနက်တွင် မောင်ထွန်းညွန့်လည်း ပါရှိလေရာ မြားပြိုင်ပွဲ၏ ထိုးစံမှာ ရရှိသမျှ ဆုငွေကို မိမိအဖို့ မချန်လှပ်ဝဲ ပြိုင်လှဉ်ချ လေးသမား ကာလသားတို့အား စားဖွယ် သောက်ဖွယ်တို့နှင့် ဝတ်ပြုရစမြဲ ဖြစ်သည့်အတိုင်း မောင်ထွန်းညွန့်သည် ရှိသမျှ ကာလသားတို့ကို ချက်အရက် ကောင်းသော ၎င်းနေအိမ်သို့ စုရုံးခေါ်ငင်၍ သွားရခြင်း ဖြစ်လေသည်။

၎င်းကာလသားတို့အနက်တွင် ဒေသအလျောက် လူကုံထံ၏ သားများလည်း ပါရှိလေရာ ၎င်းတို့မှာမူ ဝတ်ကျေ ဝတ်ကုန်မျှသာလျှင် ရောနှော၍ အနည်းငယ် သောက်စား ပြီးနောက် ရုပ်သေးပွဲ၊ ဇာတ်ပွဲ အစရှိသည်တို့သို့ အသီးသီး ထွက်သွားကြလေ၏။

မောင်ထွန်းညွန့်မှာမူ ကာလသား အားလုံး ကျေနပ်အောင် တိုက်ကျွေးရန် ယုံးစံပြုစ် သဖြင့်

---

* ရွှေဥဒေါင်း-စိတ်ထားတော် (၁၉၆၅)။ စာမျက်နှာ ၁၇-၁၉။

www.burmeseclassic.com



ဆယ့်တနာရီကျော် အချိန်ခန့် ဖြစ်သော်လည်း သောက်လုံး ကြီးသော ကာလသား သုံးလေးယောက်တို့ကို ညော်ခံကျွေးမွေးလျက် ရှိနေရလေ၏။

.................................................

သန်းခေါင်အချိန် နီးလတ်သော် စစ်အမှုထမ်း သုံးယောက် တို့သည် မောင်ထွန်းညွန့်တို့ ရှိရာ ချက်အရက် ရောင်းသော အိမ်တွင်းသို့ ဝင်လာကြပြီးလျှင် အရက်ပုလင်းများကို မှာယူ သောက်သုံးကြလေရာ ထိုအခါ၌ကား မောင်ထွန်းညွန့်တို့ သုံးလေးယောက် တစု၊ စစ်သားသုံးယောက် တစု၊ ၎င်းပြင် တခုသော ထောင့်၌ တယောက်တည်း ငြိမ်ဝပ်စွာ ကုပ်၍ ထိုင်နေသော လူကြီးတယောက်မျှသာ ရှိလေတော့၏။

စစ်အမှုထမ်းတို့လည်း စစ်သားတို့ဘာဝ တောသူ တောသားများ အပေါ်၌ ထောင်လွှားကြွားဝါလိုသော အမူအရာနှင့် ဆူညံစွာ စကားပြောဆိုယင်း အကြီးအကဲနှင့် တူသော စစ်သားက တောသားရှိရာသို့ မေးငေါ့လျက်....

....ပြောပြီးလျှင် တယောက်တည်း ချောင်ထဲကုပ်ကာ ငြိမ်ဝပ်စွာ သောက်၍နေသော လူကြီး၏ထံသို့ ထသွားလေ၏။

ထိုလူကြီးမှာ အသက် လေးဆယ်ကျော် ငါးဆယ်နီးပါး အရွယ်ခန့်ရှိ၍ တုတ်တုတ်ပြိုပြို အသားမည်းမည်း အလျားတိုတို ထုကောင်းကောင်းရှိ၍ အားခွန်ဗလနှင့် ပြည့်စုံဟန် လက္ခဏာရှိသည့်ပြင် မျက်နှာထားမှာလည်း သုန်မှုန်ထိုင်းမှိုင်းလှသည် ဖြစ်၍ မဟုတ်လျှင်မခံ ဟူသော သဘောမျိုး ရှိဟန် လက္ခဏာနှင့် ကြောက်မက်ဖွယ်ရာကောင်းသော လူကြီးတယောက်ပင် ဖြစ်လေသည်။

စစ်သားရဲခေါင်သည် ထိုလူကြီး၏ရှေ့၌ ပမာမခန့်သော အမူအရာဖြင့် ခါးထောက်ကာရပ်ပြီးလျှင်

"ဟေ့ ငနဲကြီး၊ ခင်ဗျား ဘယ်ရွာသားလဲ။ ခင်ဗျားမျက်နှာက လူမိုက်လိုလို၊ လူဆိုးလိုလိုနဲ့။ ခင်ဗျား ဘယ်သူ့လူလဲ။ မြင်ကွန်းရဲ့လူ မဟုတ်လား" ဟု မေးလိုက်သောအခါ အရက်သောက်လျက်ရှိသော ကာလသား အပေါင်းတို့သည်ယမ်းပုံကို မီးနှင့် တို့လိုက်သောအခါ မည်သို့ ဖြစ်မည်ကို သိရှိပြီး ဖြစ်သကဲ့သို့သော စိတ်ထားမျိုးနှင့် ထိုလူကြီးအကဲကို စိုက်ငေးကာ ကြည့်နေကြလေ၏။

လူကြီး။ ။တကယ့်လို့ မြင်ကွန်းရဲ့ လူဆိုယင် မောင်ရင်က ဘယ့်နှယ်လုပ်ချင်လို့လဲ။

ခေါင်။ ။မြင်ကွန်းရဲ့ လူဆိုယင်လား။ ကျုပ်ကလေ ရှေးဦးစွာ ခင်ဗျားနှာခေါင်းကို ခြေမနဲ့ ညှပ်ဆွဲလိုက်ပြီး နောက်ပြီးတော့ စွေနေတဲ့ မျက်စိကို စွေသထက် စွေသွားအောင် ဟောဒီက လက်သီးနဲ့ ပိတ်ပြီး ထိုးလိုက်ကရော။ နောက်ပြီးတော့မှ ခင်ဗျားကို မှောက်လိုက်လှန်လိုက် လုပ်ပြီး ရင်ဆယ်ချက် ကျောဆယ်ချက် ခြေဖနှောင့် နဲ့ စီပြီး ဘော့ပေါက်ချင်သဗျာ။*

ဖော်ပြပါ စာပိုဒ်နှစ်ခုကို ယှဉ်ကြည့်လျှင် ဆရာကြီး၏ အမှီးစွမ်းရည်ကို သိနိုင်ပေသည်။ ဆရာကြီး မှီးပုံမှီးနည်းသည် ဇာတ်လမ်း သက်သက်ကိုသာမဟုတ်။ နောက်ခံ၊ ကာလတို့ကိုလည်း မြန်မာနှင့် ကိုက်ညီအောင် မြန်မာ့ကာလ၊ မြန်မာ့နောက်ခံဖြစ်အောင် ဖန်တီး၏။ ဇာတ်ဆောင်၏စရိုက်ကိုမြန်မာ့စရိုက်နှင့်ညီအောင် ဖန်တီး၏။

ဤသို့ဖြင့် ဆရာကြီးသည် ကမ္ဘာ့စာပေ ဂန္ထဝင်ဝတ္ထုအများကို မှီငြမ်းပြု ရေးခဲ့ခြင်းဖြစ်လေသည်။ (ဆရာကြီး၏စာစာရင်းကို ဤစာအုပ်ရှေ့ပိုင်းတွင်ဖော်ပြထား၏)။

သို့သော် ဆရာကြီးသည် အမှီးဝတ္ထုများနှင့်ပတ်သက်သော သူ၏ သဘောထားကိုကား ပွင့်ပွင့်လင်းလင်း ဖော်ပြခဲ့သည်။ 'နုနယ်သေးသော မြန်မာစာဖတ်ပရိသတ်'အတွက် စိတ်ဝင်စားမှု ရှိအောင် မှီးရေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည့်အလျောက် ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင်ကား တိုက်ရိုက်ဘာသာပြန်များကိုသာ အရေးများခဲ့၏။ ထို့နောက်ပိုင်းတွင်ကား ဆရာကြီးသည် ဘာသာရေး ကျမ်းများကို ပြုစုခဲ့လေသည်။

ဆရာကြီးသည် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်။

ဆရာကြီး ကွယ်လွန်သွားပြီ ဖြစ်သည့်တိုင်အောင် ဆရာကြီး၏ စာပေစုသည် မြန်မာစာပေတွင် အထင်အရှား တင်ကျန်ခဲ့လေသည်။ ဆရာကြီး၏ ဘာသာရေးကျမ်းများ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၊ ပင်ကိုရေးဝတ္ထုများ၊ ဘာသာပြန်များနှင့်အတူ ဆရာကြီး၏ အမှီးဝတ္ထုများသည်လည်း မြန်မာစာပေတွင် အစွန့်ရှည်နေပေဦးမည်သာ ဖြစ်ပေသည်။ ဤသို့သော အမှီးဝတ္ထုများတွင် စုံထောက် ဦးစံရှား ဝတ္ထုများသည်လည်း နောင်တွင်

---

* ရွှေဥဒေါင်း—မြန်မာ့စွမ်းရည် (၁၉၆၂) ။စာမျက်နှာ ၁၃—၁၆။

www.burmeseclassic.com


စာပေဂန္ထဝင် ဝတ္ထုများအဖြစ် ထင်ရှားနေပေဦးမည် ဖြစ်သတည်း။

၃

ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများကိုဆရာကြီး ပီမိုးနင်းက စုံထောက် မောင်ရွှေမေားဟု မှီငြမ်းရေးသား ခဲ့သည်ကို ဖော်ပြခဲ့ပေပြီ။

၁၉၁၇ တွင် ဆရာကြီး ရွှေဥဒေါင်းသည် သူရိယ သတင်းစာတိုက်သို့ ရောက်လာ၏။ ထိုနှစ်မတိုင်မီ တနှစ် ကပင် ဆရာကြီးသည် ပင်ကိုရေး **ရန်ကြီးအောင်** ဝတ္ထုကို ရေးသားခဲ့ပြီး ဖြစ်၏။ သူရိယ သတင်းစာသို့ ရောက်သောအခါ ဆရာကြီးသည် **ရတနာပုံ** ဝတ္ထုကို သူရိယ သတင်းစာတွင် အခန်းဆက် ဖော်ပြခဲ့၏။ ထို အချိန်မှာပင် သူရိယ မဂ္ဂဇင်း၌ စုံထောက် မောင်စံရှား ဝတ္ထုများ ရေးရန်အကြောင်းဆိုက်လာခဲ့ခြင်းဖြစ်သည်။

ဆရာကြီး ရွှေဥဒေါင်းသည် ကိုနင်ဒွိုင်း၏ ရှားလော့ ဟုမ်းကို မှီးရာတွင် မူရင်းနှင့်လည်းအတတ်နိုင်ဆုံးနီးစပ်၊ မြန်မာမှု၊ မြန်မာ့ကာလ၊ မြန်မာ့စရိုက်နှင့်လည်း ညီညွတ် အောင် မှီငြမ်းပြုခဲ့ခြင်း ဖြစ်သည်။ 'ရှားလော့ဟုမ်း'၏ အမည်ကို မူလအမည်လည်းမပျောက်၊ မြန်မာ အမည် လည်း ဖြစ်အောင် 'ဦးစံရှား'ဟု အမည် ယူခဲ့၏။ မူရင်း ဝတ္ထု၌ ဇာတ်ကြောင်းပြန်သူသည် ဝပ်ဆန် ဖြစ်၏။ အမှီးဝတ္ထု၌ 'ဦးသိန်းမောင်'သည် 'ဝပ်ဆန်' ဖြစ်၏။ မူရင်း ဝတ္ထုပါ ရှားလော့ဟုမ်း၏ နေအိမ် တည်ရာ 'ဘေကာလမ်း'ကို ဦးစံရှား ဝတ္ထုများ၌ 'ဘုရတ်ကင်းလမ်း' အဖြစ် ဖန်တီးထား၏။

ဤတွင် စာဖတ်သူသည် 'ရှားလော့ဟုမ်း' ဟူသော အင်္ဂလိပ် စုံထောက် တယောက်ကို မြန်မာ့ရုပ်သွင်၊ မြန်မာ့ဟန်ပန်ဖြင့် 'ဦးစံရှား'အဖြစ် တွေ့ရသောအခါ 'ဦးစံရှား'ကို 'ရှားလော့ဟုမ်း'ဟု မထင်မှတ်လောက် အောင်ပင် မြန်မာမှု ပြုခဲ့ခြင်းဖြစ်သည်။ ဦးထုပ်နှင့် ဆေးတံကောက်အစား ခေါင်းပေါင်းနှင့် ဆေးတံ လဲလှယ် ပေးလိုက်ခြင်း သဘောသက်သက် မဟုတ် ပေ။ ဟန်ပန်မူရာ စရိုက်တို့ကိုပါ ပြောင်းလဲပေးလိုက် ခြင်း ဖြစ်သည်။

ဆရာကြီး ရွှေဥဒေါင်းသည် အမှီး ဝတ္ထုများနှင့် ပတ်သက်၍ မူရင်းစာအုပ်မှ အချက်အလက်လည်း မပျောက်ပျက်စေ၊ မြန်မာမှုလည်း ဆန်စေရန် မည်သို့ မှီးခဲ့သည်ကို ဆရာကြီးကိုယ်တိုင် ဘာသာပြန်ခဲ့သော အောက်ပါ **ဗာစကာဗျီးလ်ခွေးကြီး** ဝတ္ထုနှင့် ထိုဝတ္ထု ကိုပင် ဆရာကြီး မှီးရေးခဲ့သော **ပွေလီအင်းခွေးကြီးအမှု** တို့ကို ယှဉ်ကြည့်နိုင်ပါသည်။

---

**ဗာစကာဗျီးလ်ခွေးကြီး ဝတ္ထု။**

**(၁၉၆၂ ပုံနှိပ်မူ စာမျက်နှာ ၂ မှ ၇)**

မစ္စတာ ရှားလော့(က်)ဟုမ်း (စ်)သည် နံနက် စာ စားရန် စားပွဲ၌ ထိုင်လျက်ရှိစဉ် ကျွန်ုပ်သည် ဆောင်းမီးဖို အနီးရှိ ကော်ဇောပေါ်တွင် ရပ်လျက် ယမန်ညဉ့်က ဧည့်သည်တယောက် မေ့ကျန်ရစ်ခဲ့သော လမ်းလျှောက် တုတ်ကို ကောက်ယူ ကြည့်ရှုလေ၏။ ၎င်းတုတ်မှာ ခပ်တုတ်တုတ်ရှိ၍ သစ်သားဖြင့် ချောမွေ့ စွာ ပြုလုပ်ထားလေသည်။ တုတ်၏ လက်ကိုင်အောက်၌ ငွေကွပ် တခု ပါရှိလေရာ ၎င်း အကွပ်ပေါ်တွင် '၁၈၈၄ ခုနှစ်၊ စီ စီ အိတ်ချ် (C.C.H) ၏ မိတ်ဆွေ များထံမှ ဂျိမ်း၊ မော်တီ မာ၊ အမ် အာရ် စီ အက်(စ) (M.R.C.S) ထံသို့' ဟူသော စာလုံးများ ထွင်းထား လေသည်။

**ဤစာအုပ်ပါ ပွေလီအင်းခွေးကြီးအမှု ဝတ္ထု။**

**(ဤစာအုပ် စာမျက်နှာ ၉၀၆ မှ ၉၀၇)**

တနေ့သော နံနက်၌ ကျွန်ုပ်တော်သည် အိပ်ရာမှ ထလာ၍ ကာဖီသောက်ရန် ထမင်းစားခန်းသို့ ဝင်လာ သောအခါ ဦးစံရှားမှာ စားပွဲတွင်ထိုင်လျက် ကာဖီ သောက်နေနှင့်လေပြီ။ သို့ရာတွင် ကျွန်တော်မှာ စားပွဲသို့ ရုတ်တရက် မဝင်သေးပဲ ဧည့်ခန်းထဲ၌ ထောင်လျက်သားတွေ့ရသော တုတ်ကောက်တချောင်း ကို ကောက်ယူခဲ့၍ အခန်းဝ၌ရပ်ကာ မည်သူ၏ ပစ္စည်း ဖြစ်လေသည်ကို ကိုင်တွယ် ကြည့်ရှုနေသေး၏။ တုတ် ကောက်မှာ မယ်ကယ်သားဖြစ်၍ လက်ကိုင်မှာ ကျွဲချို နှင့် ပြုလုပ်ထားသည့်ပြင် ငွေဖြင့် သပ်ရပ်စွာကွပ်လျက် 'လုပ်ဖော်ကိုင်ဘက် တရုတ်က ဦးထွန်းဝေ (အမ် အာရ် စီ အက်စ်) အား မြတ်နိုးသော အထိမ်းအမှတ်' ဟူသော အဓိပ္ပာယ်ဖြင့် အင်္ဂလိပ်လို ထွင်းထုပါရှိလေ ၏။ ထို့ပြင် '၁၉၂၀'ဟူသော ခုနှစ် သက္ကရာဇ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဟုမ်း။ ။ဘယ့်နှယ်လဲ ဝပ်ဆန်၊ ညွှသည်ရဲ့ တုတ်မှာ ဘယ်လို ကောက်နုတ်ချက်များ ရထားသလဲ။ သူ့ကိုလဲ မတွေ့လိုက်ရ၊ သူ့ကိစ္စကိုလဲ ကျုပ်တို့ မသိလိုက်ရလေတော့ ကံအားလျော်စွာ တွေ့ရတဲ့ ဒီပစ္စည်းဟာ အတော်အရေးကြီးနေတယ်။ ဒီတော့ တုတ်ကိုကြည့်ပြီး လူကို ဘယ်လို အကဲဖြတ်သလဲလို့ ကြားစမ်းပါရစေလားဗျာ။

နှိပ်။ ။(ကျွန်ုပ် မိတ်ဆွေကြီး၏ စဉ်းစားနည်းကို တတ်နိုင်သမျှ အတုခိုးလျက်) သူ့ကို နှစ်သက်ကြတဲ့ အထိမ်းအမှတ် အဖြစ်နဲ့ ဒီလက်ဆောင် ပေးထားကြခြင်းကို ထောက်ခြင်းအားဖြင့် ဒေါက်တာ မော်တီမာဆိုတဲ့ ပုဂ္ဂိုလ်ဟာ လူကြိုက်များတဲ့ ဆရာဝန်ကြီးတယောက် ဖြစ်ရမယ်၊ အရွယ်အားဖြင့် လူကြီးပိုင်းရောက်ပြီလို့ ဆိုချင်တယ်ဗျာ။

ဟုမ်း။ ။ကောင်းတယ်ဗျို့။

နှိပ်။ ။သူဟာ တောပိုင်းမှာနေပြီး အများအားဖြင့် ခြေကျင်လျှောက်တဲ့ ဝါသနာ ရှိတယ်လို့ ဆိုချင်တယ်ဗျာ။

ဟုမ်း။ ။ဘာကြောင့်လဲဗျ။

နှိပ်။ ။ဘာကြောင့်လဲဆိုတော့ ဒီတုတ်ဟာ မူလက တော်တော်ကောင်းသော်လဲ ကိုင်ဖန်များလွန်းလို့ မရချာ ဖြစ်နေတဲ့အတွက် မြို့သား ဆရာဝန်တယောက်ဆိုလျှင် ကိုင်လိမ့်မယ်လို့ မထင်ဘူး။ တုတ်အဖျားက သံအစွပ်ကလေးဟာ အများကြီး စားသွားတဲ့အတွက် သူကိုင်ပြီး တော်တော်ကြီး လမ်းလျှောက်ထားတယ်လို့ ဆိုချင်တယ်။

လည်း ထွင်းထု ထားသေး၏။ တုတ်ကောက်မှာ အတော်ခန့်ထည် သိုက်မြိုက်လှ၍ ခပ်တည်တည် နေထိုင်တတ်သော ဆေးဆရာဝန် တယောက် ကိုင်တွယ်လောက်သည့် လက်နက်မျိုး ဖြစ်ပေသည်။

“ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ဘယ် လို များ ကောက်နုတ်ချက်ရပါသလဲ” ဟု ဦးစံရှားကရုတ်တရက် မေးလိုက်ရာ ကျွန်တော့်ဘက်သို့ ကျောခိုင်းလျက် ထိုင်နေသည့် အတွက်ကြောင့် အတော် အံ့အားသင့်သွားမိ၏။

“ခင်ဗျား ဘယ့်နှယ်မြင်ရသလဲ။ ဒီလူဟာ နောက်စေ့မှာ မျက်လုံးအပိုရှိတယ် ထင်တယ်”

“ဘာဟုတ်မလဲဗျ။ ကာဖီအိုးထဲမှာ ခင်ဗျားအရိပ်ကို မြင်ရလို့ပေါ့။ ဒါထက် တုတ်ကောက် အကြောင်း တွေးထင်ချက်များရှိယင် ပြောပြစမ်းလေဗျာ ကြားရအောင်။ တုတ်ကောက်ရှင်ဟာ ဘယ်လိုလူလဲလို့”

“ကျွန်တော့် ထင်မြင်ချက် ပြောရမှာဖြင့် ဦးထွန်းဝေဆိုတဲ့ လူဟာ အသက်အရွယ် တော်တော်ကြီးရင့်တဲ့ ဆရာဝန် တယောက်ပဲ။ သူ့အလုပ်မှာ တော်တော်လဲ ကြီးပွားဟန်တူတယ်။ ဒီတုတ်ကို လက်ဆောင်ပေးကြခြင်းကို ထောက်ယင် သူ့အလုပ်ကို သဘောကျတဲ့ လူများလဲ တော်တော် ပေါများဟန် တူတယ်”

“နိုင်ပဟ။ ကိုယ့်လူ သိပ်တိုးနေပါပြီလား။ ဆိုပါအုံးဗျာ။ ဒီ့ပြင်ကော”

“ဒီ့ပြင်တော့ လမ်းလျှောက်ဖို့ တော်တော် ဝါသနာပါတယ်။ တောပိုင်းက ဆရာဝန်တယောက်နဲ့ တူတယ်”

“ဘာကြောင့်လဲဗျာ”

“ဒီတုတ်ဟာ မူလက တော်တော်လှသော်လဲ ကိုင်တွယ်ဖန် များတဲ့အတွက် အရုပ်ခပ်ဆိုးဆိုး ဖြစ်နေလို့ မြို့ပေါ်က ဆရာဝန်တယောက်ဆိုယင် သုံးတော့မယ် မထင်ဘူး။ တုတ်ဖျားက သံကွပ်ဟာလဲ လိန်ပိန်ရွဲ့စောင်းနေတဲ့ အတွက် တော်တော် လမ်းလျှောက်တဲ့ လူလို့ ကျွန်တော် ဆိုချင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟုမ်း။ ။နေ့ရာကျူပါဗျာ။

နှပ်။ ။နို့ပြီး စီ စီ အိတ်(ချ်) ဝင် မိတ်ဆွေများ ထံမှ ဆိုတဲ့ စကားလုံးများ ရှိသေးတယ်။ ဒီဟာက အမဲလိုက် အသင်းတသင်း ထင်ပါရဲ့။ အဲဒီ အသင်း များအတွက် ဒေါက်တာ မော်တီမာက ဆရာဝန် အလုပ်နဲ့ ပတ်သက်တဲ့ ကိစ္စတခုခု ဆောင်ရွက်ပေးဖူးတဲ့ အတွက် ကျေးဇူးတင်တဲ့ သဘောမျိုးနဲ့ ဒီတုတ်ကို လက်ဆောင် ပေးကြဟန် တူတယ်။

ဟုမ်း။ ။တော်ပေတယ် ဝပ်ဆန်၊ တကယ် တော် ပါပေတယ်။ ကျုပ်ဆောင်ရွက်ခဲ့တဲ့ အမှုကိစ္စကလေး များ အကြောင်းကို ခင်ဗျားရေးသားရာတွင် ခင်ဗျားက ကိုယ့်အစွမ်းကို ကိုယ်နှိမ့်ချပြီး ဖော်ပြသေးတယ်လို့ ကျုပ်က ဝန်ခံရပေမယ်။ ခင်ဗျားက ကိုယ်တိုင်အလင်း ရောင်ထွက်နိုင်တဲ့ အစွမ်းသတ္တိ မရှိသော်လဲ အလင်း ရောင်ကို သွယ်ဆက်ပေးနိုင်တဲ့ သတ္တိရှိတယ်လို့ ဆိုရ ပေမယ်။ တချို့လူများဟာ ကိုယ်တိုင် မတော်လှပေ မယ့် လူတော်များကို နှိုးဆွပေးသလို ပြုတတ်ကြတယ်။ ခင်ဗျားရဲ့ ကျေးဇူး ကျုပ်အပေါ်မှာ အပုံကြီးများတယ် လို့ ကျုပ်က ဝန်ခံပါတယ်ဗျာ။

မစ္စတာ ရှားလော့(က်)ဟုမ်း(စ်)သည် ကျွန်ုပ် အကြောင်းကို ယခင်က ဤမျှလောက် မပြောဖူးသည် ဖြစ်၍ ယခုပြောလိုက်သော စကားများအတွက် ကျွန်ုပ် မှာ များစွာ နှစ်သက်အားရခြင်း ဖြစ်မိပေသည်။ ယခင် ကမူ ကျွန်ုပ်၏ ချီးကျူးခြင်းများ အတွက် သော် လည်းကောင်း၊ သူ၏ စဉ်းစား ဆင်ခြင်နည်းများကို လူအများသိအောင် ကျွန်ုပ် ကြိုးစားခြင်းများအတွက် သော်လည်းကောင်း မစ္စတာ ရှားလော့(က်)ဟုမ်း(စ်) သည် မထီတရီ ရှိခဲ့သည့်အတွက် ကျွန်ုပ်မှာ စိတ်ထဲက နာခဲ့ဖူးလေသည်။ ယခုမှာ ကျွန်ုပ်သည် သူ၏နည်းနာ များကို သူကိုယ်တိုင်က ထုတ်ဖော် ချီးကျူးခြင်း ပြုရ လောက်အောင် အသုံးပြုလိုက်သည်ဟု စဉ်းစားမိ သဖြင့် စိတ်ကြီး ဝင်မိပေ၏။ ၎င်းနောက် သူသည် တုတ်ကို ကျွန်ုပ်လက်မှ ယူ၍ မိနစ်အနည်းငယ်မျှ ကြာ အောင် ကြည့်ရှုလေ၏။

ဟုမ်း။ ။(နေ့ရာတွင် ပြန်ထိုင်ပြီးနောက်) သိပ် တော့ မနက်နဲလှဘူး။ နို့ပေမယ့် စိတ်ဝင်စားဖို့တော့ ကောင်းတယ်။ ဒီတုတ်မှာ အညွှန်းကလေး တခုနှစ်ခု လောက်တော့ ပါတယ်။ ဒါကို အခြေပြုပြီးတော့ ကောက်နုတ်ချက် ထုတ်ယူကြရမှာပဲ။

"ကောင်းပါ့ဗျာ။ တယ်ကောင်း၊ တယ်ရှင်း။ သပ်ရပ်ပါပေ့"

"ဂျီ ဆိုတဲ့ စကားက ဂေါက်ရိုက်တဲ့ အသင်း၊ အိတ်(ချ်) ဆိုတဲ့ စကားက ဟော်ကီရိုက်တဲ့အသင်း၊ အဲဒီ အသင်းတွေမှာ သူကိုယ်တိုင် ကစားခဲ့ဖူးလို့ ဖြစ်စေ၊ အသင်းသားတွေကို ဆေးဝါး ကုသပေးဖူးလို့ ဖြစ်စေ၊ မြတ်နိုးခြင်းခံရတဲ့အတွက် လက်ဆောင်ပေးကြ ခြင်း ဖြစ်မယ်လို့ ကျွန်တော် ဆိုချင်တယ်ဗျာ"

"ဟယ် ကိုယ့်လူက သိပ်ဟုတ်နေပါပြီလား။ ကိုသိန်း မောင်က ကိုယ်ပိုင်ဉာဏ် သိပ်ပြီး မပွင့်လင်းပေမယ့် ဉာဏ်ခေတ် ကူးနိုင်တဲ့လူမျိုး ထင်ပါရဲ့။ ကိုယ့်လူနဲ့ ပေါင်းရတာ တခါတခါမှာ ကျုပ်အဖို့ သိပ်ပြီး ဉာဏ် တိုးပေတယ်ဗျာ။ ကျေးဇူးပါပဲ"

ဦးစံရှားမှာ လူတဘက်သားကို ချီးမွမ်းခဲလှသည့်ပြင် ကျွန်တော်မှာ သူ၏ ချီးမွမ်းခြင်းထက် ကဲ့ရဲ့ပြစ်တင် ခြင်းကိုသာ ခံခဲ့ရဖူးလေရကား ယခုကဲ့သို့ ချီးကျူးပြော ဆို ခြင်းအတွက် များစွာ နှစ်သက်အားရခြင်း ဖြစ်မိ၏။ တုတ်ကောက်ကိစ္စ၌ ကျွန်တော်မှာ ဦးစံရှား၏ စဉ်းစား နည်းကို အတုယူကာ ဆင်ခြင်ရာတွင် ဦးစံရှားကိုယ်တိုင် ချီးမွမ်းခြင်း ခံရသဖြင့် နှစ်သိမ့်ဝမ်းမြောက်မိ၏။

ဦးစံရှားသည် တုတ်ကောက်ကို ကျွန်တော်၏လက်မှ လှမ်းယူ၍ အမှတ်တမဲ့ ကြည့်ရှုလေရာ ကြည့်ရှုယင်းပင် စိတ်ပါလာသည့် လက္ခဏာနှင့် ပြတင်းပေါက်သို့ ချဉ်း ကပ်ကာ မှန်ဘီလူးငယ်ဖြင့် ကြည့်ပြန်သေး၏။

"အင်း၊ တယ်ပြီးတော့ မဆန်းလှပါဘူး။ ဒါပေမယ့် ထူးခြားတဲ့ အချက်ကလေး တချက်နှစ်ချက် တော့ဖြင့် တွေ့ရပါရဲ့။ ကောက်တတ်ယင်တော့ အဓိပ္ပာယ်တွေ ထွက်လာမှာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



နှိပ်။ ။အရေးကြီးတာထဲက ကျွန်တော် ရှန်းသွားတာများ ရှိသလားဗျာ''

ဟုမ်း။ ။ခင်ဗျားရဲ့ ကောက်နုတ်ချက် တွေဟာ အများအားဖြင့် ချော်တယ်ထင်တယ်ဗျို့။ ခင်ဗျားဟာ ကျုပ်ကို နှိုးဆွပေးသလို ရှိတယ်လို့ ကျုပ်ပြောလိုက်တဲ့ စကား အဓိပ္ပာယ်က ပွင့်ပွင့် ပြောရယင် ခင်ဗျားရဲ့ လွဲခြင်း ချော်ခြင်းများကို ကျုပ် တွေ့ရခြင်းဖြင့် ကျုပ်အဖို့ အမှန်သို့ ရောက်အောင် လမ်းညွှန်ပေးသလို ဖြစ်တယ်လို့ ဆိုလိုခြင်း ဖြစ်တယ်။ ဒီကိစ္စမှာတော့ ခင်ဗျား လုံးလုံးကြီး မှားတယ်လို့ မဆိုလိုပါဘူး။ ဒီလူဟာ တောပိုင်းက ဆရာဝန်တယောက် ဖြစ်တယ်ဆိုတဲ့ အချက်ကတော့ မှန်ပါတယ်။ အများကြီး လမ်းလျှောက်တတ်တယ်ဆိုတဲ့ အချက်လဲ မှန်ပါတယ်။

နှိပ်။ ။ဒါဖြင့် ကျွန်တော် မှန်တာပေါ့။

ဟုမ်း။ ။အဲဒီလောက်အထိပဲ မှန်တယ်။

နှိပ်။ ။နို့ ဒါပဲ မဟုတ်လား။

ဟုမ်း။ ။မဟုတ်သေးဘူးဝပ်ဆန်။ ဒီဟာအားလုံး မဟုတ်သေးဘူး။ ဥပမာ တခုပြရယင် ဆရာဝန်တဦး တယောက်ကို လက်ဆောင်ပေးတယ် ဆိုခြင်းဟာ အမဲလိုက်သင်း တသင်းထံမှ မဟုတ်၊ ဆေးရုံတရုံထံမှ ဖြစ်ထိုက်တယ် မဟုတ်လား။ အိတ် (ချ်) ဆိုတဲ့ အက္ခရာရှေ့က စီ စီ ဆိုတဲ့ အက္ခရာများ ပါရှိခြင်းအားဖြင့် ချယ်ရင်ကရော့(စ်) ဆေးရုံလို့ မတွေးထိုက်ပေဘူးလား။

''ဘာလဲဗျ။ ကျွန်တော် မတွေ့တဲ့ အချက်များ ခင်ဗျား တွေ့ထားတာ ရှိသေးလို့လား''

''အမှန် ပြောရမှာဖြင့် ခင်ဗျားကောက်တဲ့အဓိပ္ပာယ်တွေက ခပ်လွဲလွဲချည်းပဲဗျို့ ကိုသိန်းမောင်။ ခင်ဗျားနဲ့ ပေါင်းရတာ ကျုပ်အဖို့ ဥာဏ်တိုးတယ်ဆိုတာ တခြားကြောင့် မဟုတ်ဘူး။ ခင်ဗျားအမှား မြင်ရခြင်းအားဖြင့် ကျုပ်ကို အမှန်ဘက်ကို တွန်းပို့သလို ဖြစ်နေလို့ပြောတာဗျ။ သို့သော်လဲ ခင်ဗျားတွေးတဲ့အချက်ထဲမှာ မှန်တာလဲ ပါပါပေရဲ့။ ခင်ဗျားပြောတဲ့အတိုင်း ဒီလူဟာ တောပိုင်းဆရာဝန်ဆိုတာရယ်၊ လမ်းလျှောက်တတ်တယ် ဆိုတာရယ် ဒီနှစ်ချက်တော့ဖြင့် မှန်ပါပေရဲ့ဗျာ''

''ဒါဖြင့်လဲ မှန်သားပဲပေါ့ဗျ''

''သို့သော်လဲ ခင်ဗျားမှန်းတာ ဒီဟာ အကုန်ပဲ။ ဒီက ရှေ့တော့ အလွဲချည်းပဲ''

''လွဲပုံ ပြောပါအုံးခင်ဗျာ''

''ဂျီ ဆိုတဲ့ စာလုံးနဲ့ အိတ် (ချ်) ဆိုတဲ့ စာလုံးနှစ်လုံးဟာ ဂေါက်နဲ့ ဟော်ကီ မဟုတ်ဘူးဆရာရှေ၊ ဂျင်နှရယ် ဟော်စပီတယ်ဆိုတဲ့ ဆေးရုံကြီးဗျ''

---

ဤသို့လျှင် ဆရာကြီးရွှေဥဒေါင်းသည် ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထု ၅၆ပုဒ်(ယင်းတို့တွင် **အစဖော်ဒီအင်စကားလက်** [ယခုစာအုပ်တွင် 'ဘောင်ဒရီလမ်းလူသတ်မှု'] ဝတ္ထုမှာ မူလက မဂ္ဂဇင်း၌ အခန်းဆက်အဖြစ် ထည့်သွင်းခဲ့၏။ အချို့က ဝတ္ထုရှည် စာရင်းတွင် ထည့်သည်။) နှင့် ဝတ္ထုရှည်သုံးပုဒ်ကို မြန်မာမှု ပြုခဲ့ပါသည်။ ယင်းတို့အနက် ယခုအထိ တွေ့ရှိထားပြီး စုံထောက် ဦးစံရှားဝတ္ထုပေါင်းမှာ (၀၄) ပုဒ် ဖြစ်ပါသည်။ ထိုဝတ္ထုများတွင် မူကွဲ ဝတ္ထုပေါင်း (၁၇) ပုဒ်မျှ ပါဝင် ပါသည်။

မူကွဲဝတ္ထုများမှာဆရာကြီးသည် မူရင်းဝတ္ထုတပုဒ်ကို အကြိမ်ကြိမ်မှီး၍ ရေးသားခဲ့ခြင်းဖြင့် မူကွဲဝတ္ထုများပေါ်ပေါက်လာရခြင်း ဖြစ်ပါသည် (ပုံစံ။ ။၁၉၁၇၊မြေထုတ် ဘူရိယမဂ္ဂဇင်းတွင် ပထမဆုံး စုံထောက်ဦးစံရှားဝတ္ထုအဖြစ် မူရင်း (The Final Problem) ကို 'ကြိုးကြာကန်ရွာ လူသတ်မှု၌ မောင်စံရှားစုံထောက်ပုံ' အဖြစ် ရေးခဲ့ပြီး ၁၉၅၅၊ ဖေဖော်ဝါရီ ရှုမဝ ရုပ်စုံမဂ္ဂဇင်းတွင် 'ရှိမ်းမကားရွာ လူသတ်မှု'အမည်ဖြင့် ဒုတိယ အကြိမ် ရေးခဲ့ပြန်သည်။)

ဆရာကြီးသည်ရှားလော့ဟုမ်းဝတ္ထုများကိုစုံထောက်ဦးစံရှား အမည်ဖြင့်သာ ရေးသားသည်မဟုတ်ပဲ အချို့ ရှားလော့ဟုမ်း ဝတ္ထုများကို အခြားဝတ္ထု တပုဒ်အဖြစ်လည်း ရေးသေး၏။ ပုံစံမှာ 'အာဇာနည်အသင်းအမှု' နှင့်'ဇတ်ဇတ်ကြဲဂိုဏ်း' တို့ဖြစ်သည်။ ယင်းဝတ္ထု၏မူရင်းဝတ္ထုမှာ ရှားလော့ဟုမ်းပါဝင်သော (The Valley of Fear) ဖြစ်သည်။ ဆရာကြီးသည် ယင်းဝတ္ထုရှည်၏ နောက်ပိုင်းကို အဓိကယူပြီး 'အာဇာနည်အသင်းအမှု' အမည်ဖြင့် စုံထောက်ဦးစံရှားဝတ္ထုအဖြစ် ရေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့အတူ ၎င်းကိုပင် **ဂျမဒါ ကိုကိုကြီး*** ဝတ္ထုအဖြစ်လည်း ရေး၍ ၎င်း အမည်ဖြင့်ပင် လုံးချင်း ထုတ်ခဲ့ချေသေးသည်။ တဖန် ထိုမူရင်းဝတ္ထုကိုပင် ၁၉၆၆ တွင် **ဇာတ်ဇာတ်ကြဲကိုကျား** အမည်ဖြင့် ရန်အောင်မင်္ဂလာ** ဝတ္ထုနှင့်တွဲ၍ စာအုပ်အဖြစ် ထုတ်ဝေဖူးသည်။ အချို့ဝတ္ထုများကိုမူ အပိုင်းခွဲ၍ ရေးသားခဲ့သည်။ ပုံစံအားဖြင့် **အစတာဒီ အင်စကားလက်** ကို ဘောင်ဒရီလမ်းလူသတ်မှု အမည်ဖြင့် ရေးရာတွင် မူရင်းဝတ္ထု၏ ပထမပိုင်းဖြစ်သော ရှားလော့ဟုမ်းအကြောင်းကို 'ဦးစံရှားနှင့် သိကျွမ်းရခြင်း' ဟူသော ခေါင်းစဉ်ဖြင့် သီးခြားရေးခဲ့ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် မူရင်းဝတ္ထုများတွင် ဝပ်ဆန်၏ အိမ်ထောင်ရေး ကိစ္စများ ကြိုးကြား ပါဝင်ခဲ့သော်လည်း ဆရာကြီးသည် သူ၏ စုံထောက်ဦးစံရှား ဝတ္ထုများတွင်ကား ကိုသိန်းမောင်၏ အိမ်ထောင်ရေး ကိစ္စများကို လုံးဝ ချန်လှပ်ခဲ့ပါသည်။

ဆရာကြီး ရွှေဥဒေါင်းသည် ရှားလော့ဟုမ်း ဝတ္ထုများကို စုံထောက် ဦးစံရှားဝတ္ထုများအဖြစ် ရေးသားရာတွင် မူလ ကိုနင်ဒွိုင်း ရေးခဲ့သော ဝတ္ထုအစီအစဉ်ကို မယူပေ။ ကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်း ဝတ္ထုများကို **အစတာဒီ အင်စကားလက်** (ဤစာအုပ်တွင်'ဘောင်ဒရီလမ်း လူသတ်မှု') ဝတ္ထုဖြင့် အစပြုခဲ့၏။'သ ဖိုင်နယ် ပရော်ဗလင်' (ဤစာအုပ်တွင် 'ရှိန်းမကားရွာ လူသတ်မှု') ဝတ္ထုဖြင့် ရှားလော့ဟုမ်းဘဝကို ဇာတ်သိမ်းစေပြီး ရှားလော့ဟုမ်းဝတ္ထုများ အဆုံးသတ်ရန် ကြိုးစားခဲ့၏။ ဆရာကြီးကမူ စုံထောက်ဦးစံရှား ဝတ္ထုများကို ရေးရာတွင် 'သ ဖိုင်နယ် ပရော်ဗလင်' ဝတ္ထုကိုမှီး၍ 'ကြိုးကြာကန်ရွာ လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ'ကို အဦးဆုံး ရေးခဲ့လေသည်။

(ယခု စာအုပ်တွင်မူ ကိုနင်ဒွိုင်း ပထမဦးဆုံးရေး **အစတာဒီ အင်စကားလက်**ကို မှီးသည့် 'ဦးစံရှားနှင့် သိကျွမ်းရခြင်းနှင့် ဘောင်ဒရီလမ်း လူသတ်မှု' တို့ကို ရှေ့ဆုံးထား စီစဉ်ပါသည်။ ။ပုဂံ)

ကိုနင်ဒွိုင်းသည် 'သ ဖိုင်နယ် ပရော်ဗလင်' တွင် ရှားလော့ဟုမ်းဘဝကို ဇာတ်သိမ်းစေခဲ့ပြီး ရှားလော့ဟုမ်း ဝတ္ထုများ အဆုံးသတ်ရန် ကြိုးစားခဲ့၏။ သို့သော် ပရိသတ်၏ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် ရှားလော့ဟုမ်း ဝတ္ထုများကို ပြန်လည် ရေးသားရလေသည်။ ထိုသို့ ပြန်လည်ရေးသားရာတွင် ပထမဆုံး ပြန်လည်ရေးသားသောဝတ္ထုမှာ **ဗာစကာမျိုးလ်ခွေးကြီး***ဖြစ်၏။ ယင်းကို ဆရာကြီးက 'ပွေလီအင်းခွေးကြီး' အမည်ဖြင့် ရေးခဲ့သည်။

သို့သော် ဆရာကြီးသည် ရှားလော့ဟုမ်း ဝတ္ထုများကို ဦးစံရှား ဝတ္ထုအသွင်ဖြင့် မြန်မာစာဖတ် ပရိသတ်နှင့် ရင်းနှီးမှု ရစေခဲ့သည်ကို တင်းတိမ်ရောင့်ရဲခြင်းရှိဟန်မတူပေ။ ဦးစံရှားမူရင်း ရှားလော့ဟုမ်းကိုလည်း မြန်မာပရိသတ်နှင့် မိတ်ဆက်ပေးလိုဟန် ရှိခဲ့ဟန်တူသည်။ ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ် ပြီးစတွင် 'ပွေလီအင်းခွေးကြီး'၏ မူရင်းကို **ဗာစကာမျိုးလ်ခွေးကြီး** အမည်ဖြင့် တိုက်ရိုက်ဘာသာပြန် ရေးသားခဲ့သည်။ (ထိုဘာသာပြန် မူမှာ မူရင်း ဆာအာသာ ကိုနင်ဒွိုင်း၏ ဝတ္ထုကို ချက်စတာ** အနှစ်ချုပ် ထားသော အနှစ်ချုပ်မူကို ပြန်ဆိုထားခြင်း ဖြစ်သည်။

ယင်းသို့ ဘာသာပြန်ရာတွင် ဆရာကြီးက နိဒါန်းတွင် ဤသို့ ဖော်ပြခဲ့၏။

> **ဗာစကာမျိုးလ်ခွေးကြီး** ဝတ္ထုကို စုံထောက်မောင်စံရှားအမည်ဖြင့် ဘာသာပြန်ဆိုခဲ့ဖူးသော်လည်း အင်္ဂလန်မှအဖြစ်အပျက်ကို မြန်မာပြည်သို့ ရွှေ့ပြောင်း သယ်ယူရခြင်း ဖြစ်သောကြောင့် သိမ်မွေ့သော အခြင်းအရာတို့၏ ထုံးစံအတိုင်း အပြည့်အစုံမပါလာဘဲ အပြောင်းအလွှဲအားဖြင့်

---

* ဂျမဒါကိုကိုကြီးမှာ ဆရာကြီးရွှေဥဒေါင်း၏ ထင်ရှားသော ဇာတ်ဆောင်တဦး ဖြစ်သည်။ ဆာအာသာ ကိုနင်ဒွိုင်းရေးခဲ့သော နပိုလီယန်စစ်ပွဲနောက်ခံဝတ္ထုများမှ ထင်ရှားသော ဇာတ်ဆောင် Brigadier Gerad ကို မှီးသည်။

** **Rider Haggard** ၏ *Cleopatra* ကို မှီးသည်။ ယင်းကို ၁၉၅၀ က ဦးလေးတင့်နှင့် ဒဂုန်ရွှေမျှားက **အီဂျစ်ဘုရင် မာယာရှင်** အမည်ဖြင့် လည်းကောင်း၊ ၁၉၇၄ တွင် တက္ကသိုလ် နေဝင်းက **မာယာရှင် ကလီယိုပက်တရာ** အမည်ဖြင့် လည်းကောင်း ဘာသာပြန်ဖူးသည်။

* ယင်းကို ဆရာကြီး ဗိုမှူးနင်းက ၁၉၁၉၊ မေ-ဇွန်၊ ပညာအလင်း မဂ္ဂဇင်းတွင် 'သ မိုင်း ခွေး ကြီး နှင့် စုံထောက်မောင်ရွှေဓားဝတ္ထု' အမည်ဖြင့်မှီးရေးခဲ့သည်။

** Chester, B.M.

www.burmeseclassic.com

www.burmeseclassic.com



အချို့အဝက်မှာ ကတ်သတ် ကျန်နေရစ်သည်ကို တွေ့ကြုံရပေသည်။အိမ်တဆောင်ကို ရှုခင်းသာယာသော ကုန်းမြေမှ တနေရာသို့ ပြောင်းရွှေ့ဆောက်လုပ်သည့်အခါ ကျင်လည်သော ဗိသုကာသည် မချွတ်ယွင်းအောင်ဖျက်ယူရွှေ့ပြောင်းနိုင်သည် ဆိုစေကာမူ ကုန်းမြင့်ကလေးမှာ မပါလာတော့သည်ဖြစ်၍အိမ်ပေါ်မှတွေ့မြင်ရသော ရှုခင်းသည် လည်းကောင်း၊ ကုန်းမြင့်ပေါ်မှ စွင့်စွင့်မတ်မတ် သပ်ရပ်လှသော မြင်ခင်းသည် လည်းကောင်း နောက် တနေရာတွင် မတွေ့မမြင်ရတော့ချေ။

မောင်စံရှားအဖြစ်နှင့် ဖတ်ရသူတို့ အဖို့မှာလည်း ဖတ်ပြီးပြီ ဖြစ်သဖြင့် ဖတ်ရန် မလိုဟု မအောက်မေ့လိုက်ပေ။ ကြက်သားကို ကြော်၍ စားဖူးသော်လည်း နီနီရဲရဲကလေးဖြင့် ကင်ထားသည့်အခါ တမျိုးမွှေးကြိုင်၍ အရသာ ထူးပြန်သကဲ့သို့ ရှိတတ်ပေသည်။

အင်္ဂလိပ်စာကို လုံလောက်စွာ မတတ်သဖြင့် အလေ့အကျင့် ပြုလိုသူတို့ အဖို့မှာလည်း အချို့စကားလုံးများ၏ သိမ်မွေ့သော အနက်အဓိပ္ပာယ်များကို မည်ကဲ့သို့ ပြန်ဆိုထားသည်ဟူ၍ အရေးယူသင့်က ယူကြစေရန် သင်ခန်းစာတရပ်ကဲ့သို့ ဖြစ်စေနိုင်ပေလိမ့်မည်။

ဤသည်ကိုထောက်၍ ဆရာကြီးသည် ရှားလော့ဟုမ်းဝတ္ထုများကို ဦးစံရှားဝတ္ထုများအဖြစ် မြန်မာ စာဖတ်ပရိသတ်နှင့်ရင်းနှီးကျွမ်းဝင်စေခဲ့ရုံမျှဖြင့် အားရတင်းတိမ်ခြင်း မရှိ။ ဦးစံရှားပရိသတ်ကို မူရင်း ရှားလော့ဟုမ်းနှင့်လည်း သိကျွမ်းစေရန် ဖန်တီးခဲ့သည်ဟုဆိုနိုင်လေသည်။

ဦးစံရှား ဝတ္ထုများကိုပင် မြန်မာစာပေ၌ တိုက်ရိုက်သာသာပြန် ဝတ္ထုများအဖြစ် အခြား စာရေးဆရာများ ဘာသာပြန်ခဲ့ကြသည်လည်း ရှိလေသည်။

မည်သို့ဖြစ်စေ ဆရာကြီး၏ ဦးစံရှား ဝတ္ထုများကသာလျှင် အနှစ်ခြောက်ဆယ်ကျော် မြန်မာစာပေ ခရီးတွင် နေရာကျယ်ပြန့်စွာ ယူလာခဲ့ခြင်း ဖြစ်ရာ ရှေ့အဖို့တွင်လည်း ဦးစံရှား ဝတ္ထုများသည် မြန်မာစာပေတွင်လည်းကောင်း၊ ဆရာကြီး ရွှေဥဒေါင်း၏ စာပေတွင်လည်းကောင်း ဆက်လက်ထင်ရှား တည်တံ့နေပေလိမ့်မည်ဟု ယုံကြည် ယူဆရပေသတည်း။

၈

မြန်မာစာပေတွင် စုံထောက်ဝတ္ထုအများအပြားပေါ်ပေါက်ခဲ့သည်ကို ဆိုခဲ့ပါပြီ။ ယင်းတို့တွင် အများစုမှာ အနောက်တိုင်းဝတ္ထုများကို မှီးသောဝတ္ထုများနှင့် ဘာသာပြန်သော ဝတ္ထုများဖြစ်ကြသည်ကိုလည်း ဆိုခဲ့ပါပြီ။

စုံထောက်ဦးစံရှား ဝတ္ထုများသည် သာမန်စုံထောက်ဝတ္ထုမျိုးမဟုတ်၊ ကမ္ဘာ့စာပေ ဂန္ထဝင်ဝတ္ထုများကို မှီးထားသော ဝတ္ထုများဖြစ်ကြောင်းနှင့် မြန်မာစာပေတွင်လည်းအနှစ်ခြောက်ဆယ်ကျော် အောင်မြင်ထင်ရှားလာခဲ့ပြီး ဝတ္ထုများ ဖြစ်ကြောင်းကိုလည်း ဆိုခဲ့ပါပြီ။ ဆက်လက်၍ ယင်းဝတ္ထုများနှင့် ပတ်သက်၍ မြန်မာစာပေ ပညာရှင်အချို့၏ အယူအဆကို ကောက်နုတ်ဖော်ပြလိုပါသည်။

စုံထောက်ဦးစံရှား ဝတ္ထုများကို နှလုံးလှတိုက်က ခုနစ်တွဲ ခွဲထုတ်ခဲ့စဉ်က ဆရာဇော်ဂျီ၏ အမှာစာတွင် ဤသို့ ဖော်ပြခဲ့ပါသည်။

> စုံထောက် မောင်စံရှား ဝတ္ထုများ သည် လောက၌ တရားရှိသည်၊ တရားစောင့်သူကို တရားက ပြန်စောင့်သည်၊ တရား မစောင့်သူကို တရားက ပြန်၍မစောင့် ဟူသော သဘောကို သရုပ်ဆောင် ဖန်တီးထားသကဲ့သို့ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုဝတ္ထုများကို ငယ်ရွယ်စဉ်ကလည်း ဖတ်ခဲ့သည်၊ ကြီးမှလည်း ထပ်၍ဖတ်သေးသည်။ ဖတ်သည့်အခါတိုင်း အထက်ပါသဘောသည် စိတ်ထဲသို့ ဝင်လာသည်ချည်း ဖြစ်သည်။
>
> သို့ရာတွင် ကြိုက်ပုံချင်းကား မတူ။ တမျိုးစီ ဖြစ်သည်။ ငယ်ရွယ်စဉ်အခါကသော် မောင်စံရှား ဝတ္ထုကို ဖတ်ယင်း မကြုံစဖူး ထူးဆန်းသော ရာဇဝတ်မှု ပြဿနာ၌ စိတ်ဝင်စား၍ ကြိုက်သည်။ ထိုပြဿနာ၏ ကွယ်ဝှက်သောသဘော တစတစ ပေါ်လာသည်ကို စောင့်ကြည့်ယင်း လွမ်းစရာ၊သနားစရာကောင်းသော ဇာတ်လမ်း အဖြစ်အပျက်နှင့် ဇာတ်လိုက်တို့ကို နှစ်သက်ခြင်း ဖြစ်ခဲ့မိသည်။
>
> ကြီးမှ ထပ်၍ ဖတ်သောအခါ လွမ်းစရာ၊ သနားစရာတို့ထက် မောင်စံရှား၏ စိတ်ထားသဘောထားနှင့် မောင်စံရှား၏ စုံစမ်းပုံ စုံစမ်းနည်းတို့၌ ပိုမိုစိတ်ဝင်စား၍ ကြိုက်သည်။ စနစ်တကျ စုံစမ်းခြင်းလည်း မရှိ၊ သေသေချာချာ သိခြင်းလည်း မရှိ၊ သို့ရာတွင် မိုးထိအောင်သိနေ

www.burmeseclassic.com

www.burmeseclassic.com



ပြီဟု အထင်ရှိသောကြောင့် စကားကြီး စကားကျယ် ပြော၍ ထင်ပေါ်ချင်ကြသော စုံထောက်အင်စပက်တော်နှစ်ဦး၏ အမူအရာတို့ကို လည်းကောင်း၊ စနစ်တကျ စုံစမ်းခြင်းလည်း ရှိ၍၊ သေသေချာချာ သိခြင်းလည်း ရှိ၍ အမှန်သို့ ရောက်အောင် ဆောင်ရွက်ပြီးနောက် ခပ်အေးအေး ခပ်ကုပ်ကုပ်သာ နေချင်သော မောင်စံရှား၏ အမူအရာတို့ကို လည်းကောင်း ယှဉ်ကြည့်မိသောအခါ စိတ်မသက်မသာ ဖြစ်ရသော်လည်း အလွန်သဘောကျသည်။

အထူးသဖြင့် မောင်စံရှား၏ သတိပြုကြည့်ရှုတတ်ပုံနှင့် စနစ်တကျ စုံစမ်းတတ်ပုံတို့ကို ပို၍ သဘောကျသည်။ ရာဇဝတ်မှုဖြစ်လာတိုင်း မျက်စိ စူးရှလှသော မောင်စံရှားသည် အမှုနှင့် သက်ဆိုင်သော အချက်အလက်တို့ကို အရှိအတိုင်း၊ အဖြစ်အတိုင်းမြင်တတ်သည်။ ထိုအချက်အလက်မျိုးတို့ကို မိမိ၏ ဗဟုသုတနှင့် လည်းကောင်း၊ အတွေ့အကြုံတို့နှင့် လည်းကောင်း အကြောင်းသင့် အကျိုးသင့် ညှိဆင်ခြင်၍ ရာဇဝတ်မှု ကျူးလွန်ကြပုံကို ပုံဖော်၍ ကြည့်တတ်သည်။ ထို့နောက် တရားခံသည် မည်သူမည်ဝါ ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟု အယူအဆ အကြမ်းတခုကိုသာ ယာယီသတ်မှတ် လိုက်သည်။ ထိုနောက် ထိုအယူအဆ အကြမ်း၏ အလိုအတိုင်း လိုက်လံ စုံစမ်းသည်။ နောက်ဆုံး၌ ဟုတ်နေသည်ကို တွေ့လျှင် ကိစ္စပြီးတော့သည်။ မဟုတ်မှန်း သိလျှင် နောက်ဆုတ်၍ ပြန်လည် စုံစမ်းခြင်းကို ပြုတတ်သည်။ ထိုသို့သော မောင်စံရှား၏ အမူအရာ များသည် သဘောကျစရာ ဖြစ်သည်။

ထို့ကြောင့် မောင်စံရှား၏ ဝတ္ထုများ၌ လူငယ် လူရွယ် အတွက်လည်း ညှို့ဓာတ်ပါ၍ လူကြီးအတွက်လည်း ညှို့ဓာတ် ပါသည်ဟု ဆိုလိုက်ချင်ပါသတည်း။

ဆရာဒဂုန်တာရာကလည်း စုံထောက် ဦးစံရှားဝတ္ထုများကို အစွဲအလမ်းကြီးခဲ့ပုံ၊ နှစ်သက်သဘောကျခဲ့ပုံကို ဤသို့ ဖော်ပြခဲ့ဖူး၏။

ထိုအခါက 'စုံထောက်မောင်စံရှား' ဝတ္ထုကို စွဲလမ်းခဲ့လေရာ 'ကာဝိမျက်မှန်' မဂ္ဂဇင်းကို လှန်လိုက်လျှင် မောင်စံရှားကို စတင်ဖတ်မိလေသည်။

စုံထောက် ဦးစံရှားဆိုလျှင် တကယ်ရှိသည်ဟု မှတ်ထင်ကာ ဖခင်အား မကြာခဏ မေးရ၏။

ဦးစံရှား အမှုလိုက် သွားသော ကြို့ကုန်း၊ သမိုင်းစသော နေရာဒေသများကိုမှန်းကြည့်လေ့ရှိသည်။ ဦးစံရှားစီးသော လော်ကယ်ရထားများကို စီးချင်နေသည်။ ဦးစံရှားမှာ လော်ကယ်ရထားပေါ်တွင် သဲလွန်စ ရှာကတ်သည်။

ချုံနွယ်ပိတ်ပေါင်းများ အကြားမှ ရေတွင်းပျက်၊ ရေညှိတို့ဖြင့် စိမ်းဝါဝါရှိသော တိုက်အို၊ ဗိုလ်ကပြားလင်မယား၊ လွှစ္စလမ်း၊ ကောက်ချိတ်သော ဆေးတံ စသည်များကို မျက်စိထဲမြင်နေ၏။ အမှုသည် တက်လာသောအခါ အင်္ကျီ၌ ပေနေသော ရွံ့စက်များကို အကဲခတ်ကာ ''ဒီကနေ့ ရထားမရှိတာနဲ့ မြင်းလှည်းနဲ့ လိုက်ခဲ့တယ် မှတ်တယ်''ဟု ပြောပုံကို သိပ်သဘောကျ၏။*

ဆရာသော်တာဆွေကလည်း ဆရာကြီး ရွှေဥဒေါင်း၏ အရေးအသားနှင့် တကွ ဆရာကြီး၏ စုံထောက်မောင်စံရှား ဝတ္ထုများကို နှစ်သက်သဖြင့် စုံထောက်ဝတ္ထုရေးဆရာဖြစ်ရန် ကြိုးစားခဲ့ပုံ။

သို့သော် ကိုယ့်ကိုယ်ကို ဘယ် ဝတ္ထုမျိုးအား အကျဆုံးလဲ စိစစ် ကြည့်လိုက်တော့ စုံထောက်ဝတ္ထုခင်ဗျ။ ဆရာကြီး ရွှေဥဒေါင်းရဲ့ မောင်စံရှား ဝတ္ထုတွေကို ဖတ်ပြီး တယ်အားကျခဲ့သကိုး။**

ဟု ဖော်ပြခဲ့၏။ စုံထောက် ဦးစံရှားကိုမှီး၍ စုံထောက် ဦးနံပြား၊ ဦးသိန်းမောင်ကို ဦးမိန်းမောင်အဖြစ် ဖန်တီးခဲ့လေသည်။***

ဆရာမင်းယုဝေကလည်း ဆရာကြီး၏စုံထောက်ဦးစံရှားဝတ္ထုများနှင့် ပတ်သက်၍ ဤသို့ မှတ်ချက်ချခဲ့ဖူးသည်။

ယင်းသို့ မြန်မာ့ပြန်ရာ၌ အစွမ်းထက်သဖြင့်လည်း စုံထောက် မောင်စံရှား ဝတ္ထုများသည်

---

* ဒဂုန်တာရာ— ဒဂုန်တာရာနှင့် သူ၏ကမ္ဘာ (၁၉၆၇)။ စာမျက်နှာ ၁၆၂-၁၆၃။

** သော်တာဆွေ— ကျွန်တော့ဘဝ ဇာတ်ကြောင်း၊ ပထမတွဲ(၁၉၇၂) စာမျက်နှာ ၂၇၀။

*** သော်တာဆွေ။ ။ဝတ္ထုရေးနည်း၊ ဇာတ်ကောင် ဖွဲ့နည်း (၁၉၇၃)။ စာမျက်နှာ ၂၇-၄၁။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေ လောက၌ ထင်ရှားနေပေသည်။ အင်္ဂလိပ်စာဖတ်ပရိသတ်တို့သည် စုံထောက်ရှားလော့ဟုမ်း ဝတ္ထုများကိုစွဲလမ်းနှစ်သက်သကဲ့သို့ မြန်မာစာဖတ် ပရိသတ်သည်လည်း စုံထောက်မောင်စံရှား ဝတ္ထုများကို စွဲလမ်းနှစ်သက်ခဲ့ပေသည်။ 'ရှားလော့ဟုမ်း' အမည်သည် အင်္ဂလိပ်လောက၌ နာမည် ကျော်ကြားသကဲ့သို့ 'စုံထောက်မောင်စံရှား'အမည်သည်လည်း မြန်မာလောက၌ ကျော်ကြားခဲ့ပေသည်။ ရှားလော့ဟုမ်း အကယ်ပင် အသက်ထင်ရှားရှိနေသည်ဟု အင်္ဂလိပ် စာဖတ်ပရိသတ်တို့ ထင်မှတ်သကဲ့သို့ မောင်စံရှား အကယ်ပင် အသက်ထင်ရှား ရှိနေသည်ဟုလည်း မြန်မာ စာဖတ်ပရိသတ်တို့ ထင်မှတ်ခဲ့ကြလေသည်။*

## ၉

ဤသို့လျှင် ထင်ရှား ကျော်ကြားခဲ့သော စုံထောက် ဦးစံရှား ဝတ္ထုများကို ဆရာကြီး ရွှေဥဒေါင်းသည် မူလက **သူရိယ** မဂ္ဂဇင်းတွင် ရေးခဲ့ပြီး နောင်တွင် **ကဝိမျက်မှန်၊ တိုးတက်ရေး၊** ဗန္ဓုလ၊ ဗြိတိသျှအားမား (ရုပ်) စသည့် စာစောင်များတွင် ရေးခဲ့၏။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ရှုမဝ ရုပ်စုံမဂ္ဂဇင်းနှင့် **သွေးသောက်** မဂ္ဂဇင်းတို့တွင် ရေးခဲ့သည်။ ယင်းတို့တွင် မူရင်းဝတ္ထုတပုဒ်တည်းကိုပင် နှစ်ကြိမ်သုံးကြိမ် ဆိုသလို မှီးရေးခဲ့သည်များလည်း ရှိခဲ့၏။

ထို့နောက်ပိုင်းတွင် မြန်မာပြည် စာအုပ်တိုက်က စုံထောက် မောင်စံရှား ဝတ္ထုများကို စုစည်း၍ ၁၂ တွဲ ထုတ်ဝေခဲ့သည်။ ယင်း မြန်မာပြည် စာအုပ်တိုက်ထုတ်မူကိုပင် ၁၉၆၅တွင် နှလုံးလှစာပေတိုက်က ခုနစ်တွဲခွဲ၍ ထုတ်ဝေခဲ့၏။

ယင်း **စုံထောက်ဦးစံရှား** ဝတ္ထုများကို ဖတ်ရသောအခါ အချို့ဝတ္ထုများ ဆရာကြီး၏ မူလအမည်နှင့် ပြောင်းလဲနေခြင်း၊ နှစ်ကြိမ်သုံးကြိမ် မှီးရေးခဲ့သည့် ဇာတ်လမ်းတူမူကွဲ ဝတ္ထုများကို ထပ်၍ ပုံနှိပ်ထည့်သွင်းဖော်ပြထားခြင်း၊ ကိုနင်ဒွိုင်း၏ မူရင်းဝတ္ထုအမည်များ မပါသဖြင့် မည်သည့် ဝတ္ထုသည် မည်သည့်မူရင်းဝတ္ထုကို မှီးထားသည်ဟု မသိနိုင်ခြင်း စသည်တို့ အတွက် အချင့်မရဲ ဖြစ်ခဲ့ရပါသည်။

ယို့ကြောင့် စုံထောက် ဦးစံရှား ဝတ္ထုများကို စနစ်တကျ စုစည်း၍ ပြန်လည် ထုတ်ဝေလိုသောဆန္ဒ ထုတ်ဝေသူ၌ ပေါ်ပေါက်ခဲ့ပါသည်။

သို့ဖြင့် ထုတ်ဝေသူသည် ဆရာကြီး ရွှေဥဒေါင်း အသက်ထင်ရှားရှိစဉ်ကပင် ဆရာကြီးထံသို့ သွားရောက်ကာ စုံထောက်ဦးစံရှား ဝတ္ထုများ စနစ်တကျ ပြန်လည်ထုတ်ဝေရေးကို တိုင်ပင် ညှိနှိုင်းခဲ့ပါသည်။ လုပ်ငန်းသဘောအရ ဥာဏ်ပူဇော်ခငွေသတ်မှတ်ကာ သတ်မှတ်ငွေမှ အချို့အဝက်ကိုလည်း ဆရာကြီးအား ဆရာကြီး၏ ဇနီးရေ့မှာပင် ကန်တော့ခဲ့ပါ၏။ ထိုစဉ်က စုံထောက် ဦးစံရှားဝတ္ထုများ ထုတ်ဝေရေးအတွက် လိုက်ပါကူညီဆောင်ရွက်ပေးသူမှာ မန္တလေး သိန်းတန်စာနယ်ဇင်းမှ ဦးသိန်းတန် ဖြစ်ပါသည်။

ယင်းသို့ လုပ်ငန်း သဘောအားဖြင့် ဆရာကြီး၏ ကျေနပ် ခွင့်ပြုချက်အရ စာအုပ်ထုတ်ဝေခွင့် ရပြီးနောက်တွင် စာမူများစုဆောင်းခြင်း၊ ညှိနှိုင်းခြင်း၊ တိုက်ဆိုင်တည်းဖြတ်ခြင်း၊ မူရင်းဝတ္ထုများနှင့် ညှိခြင်း စသည့် တာဝန်များကို ပုဂံထုတ်ဝေသူသည် ပုဂံစာတည်းအဖွဲ့အား ပေးအပ် ခဲ့ပါသည်။ ပုဂံစာတည်းအဖွဲ့သည် ၁၉၇၁ ခုနှစ်လောက်မှ စ၍ စုံထောက်ဦးစံရှား ဝတ္ထုများ စုဆောင်းညှိနှိုင်း တိုက်ဆိုင်တည်းဖြတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ စာအုပ်အဖြစ် အသင့်ရှိပြီး မြန်မာပြည် စာအုပ်တိုက်ထုတ် **စုံထောက်မောင်စံရှား** ဝတ္ထုများ၊ နှလုံးလှထုတ် **စုံထောက်ဦးစံရှား** ဝတ္ထုများနှင့်တကွ ဆရာကြီး၏ စုံထောက်ဦးစံရှား ဝတ္ထုများ ပါဝင်ခဲ့သည့် စာနယ်ဇင်းများကို ရှာဖွေပြီး တွေ့သမျှ စုံထောက် ဦးစံရှား ဝတ္ထုများကို ရေးကူးရပါသည်။ ထိုအခါ စာအုပ်အဖြစ်ရှိပြီး (မြန်မာပြည် စာအုပ်တိုက်နှင့် နှလုံးလှစာပေတိုက် မူတို့တွင် ပါဝင်သည့်) စုံထောက် ဦးစံရှား ဝတ္ထုပုဒ်ရေ ၆၀ (မူကွဲများ အပါအဝင်) အပြင် စုံထောက်ဦးစံရှားဝတ္ထု ၂၄ ပုဒ် စုဆောင်းရရှိခဲ့ပါသည်။

ထိုသို့ရရှိပြီး စုံထောက်ဦးစံရှား ဝတ္ထုများကို တပုဒ်ချင်း ဖတ်ရပါသည်။ ဇာတ်လမ်းတူ ဝတ္ထုများကို တူရာစုရပါသည်။ ပုံစံအားဖြင့် ၁၉၂၃ ဩဂုတ်လထုတ် သူရိယ မဂ္ဂဇင်းပါ 'တိုင်းရေးပြည်ရေး စာချုပ်ကြီးတခု ပျောက်ဆုံးသွားရာမောင်စံရှားစုံထောက်ပုံ'' ၁၉၅၄၊ နိုဝင်ဘာလထုတ် ရှုမဝ ရုပ်စုံမဂ္ဂဇင်းပါ 'အစိုးရစာချုပ်ပျောက်ဆုံးမှု၌စုံထောက်ပုံ' နှင့်မြန်မာပြည်စာအုပ်တိုက်ထုတ် **စုံထောက် မောင်စံရှား** ဝတ္ထုများ အတွဲ ၇ နှင့်

* တိုက်စိုးနှင့်မင်းယုဝေ-မြန်မာစာမိတ်ဖွဲ့ (၁၉၇၁)။ စာမျက်နှာ ၃၂၂။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးလှစာပေတိုက်ထုတ်စုံထောက်ဦးစံရှားဝတ္ထုများ အတွဲ ၄ တို့တွင် ပါဝင်သော 'အတွင်းဝန်ရုံးမှ အစိုးရစာချုပ်' စာမူများမှာ ဇာတ်လမ်းတူဖြစ်နေရာ ယင်းတို့ကို သီးခြားတခု စုရပါသည်။ ဤသို့ ဇာတ်လမ်းတူဝတ္ထုများကို သီးခြားစုပြီး ဝတ္ထုအမည်နှင့် ဝတ္ထုတွင်း စာသားများကို ညှိနှိုင်းရပါသည်။ ဒဂုန်မဂ္ဂဇင်း... ချူရိယတွင်ပါသောမူနှင့် ရှုမဝတွင်ပါသော မူတို့သည် ဇာတ်လမ်းတူသော်လည်း အရေးမတူပါ။ ဤသည်ကို ကြည့်ခြင်းဖြင့် ထိုဝတ္ထုကို ဆရာကြီးနှစ်ကြိမ်ရေးခဲ့သည်ဟု သိနိုင်ပါသည်။ ကောင်းပြီ။ ချူရိယတွင် ပါသော ဝတ္ထုနှင့် ရှုမဝတွင် ပါသော ဝတ္ထုတို့မှာ ဇာတ်လမ်း တူသော်လည်း အမည်မတူ။ အရေးအသားလည်း မတူ၊ ရေးသော အချိန်ချင်းလည်း ကွာခြားသည်မှာ မှန်ပြီ။ သို့ဆိုလျှင် မြန်မာပြည်နှင့် နှလုံးလှသည် မည်သည့်မူနည်း။ မြန်မာပြည်နှင့် နှလုံးလှမူတွင် ပါသော ဝတ္ထုအမည်မှာ ချူရိယ မူနှင့်လည်း မညီ၊ ရှုမဝ မူနှင့်လည်း မတူ။ သို့ဖြစ်ရာ ဆရာကြီးသည် ဤဝတ္ထုတခုတည်းကိုပင် သုံးကြိမ် ရေးခဲ့လေသလော။ စိစစ်ရန် လိုအပ်လာပါတော့သည်။ ထိုအခါ မြန်မာပြည်နှင့် နှလုံးလှမူသည် ချူရိယမူကို ယူထားကြောင်း တွေ့ရပါသည်။ သို့ဖြစ်လျှင် အမည်အဘယ်ကြောင့် ပြောင်းလဲရသနည်း။ ထိုအမည် ပြောင်းလဲခြင်းသည် ဆရာကြီး၏ အလိုကျ ဖြစ်ပါ၏လော။ စင်စစ် မူလဝတ္ထုအမည်များကို ပြောင်းလဲဖော်ပြထားသော ဝတ္ထုမှာ ဤဝတ္ထုတပုဒ်တည်းသာမဟုတ်။ ဝတ္ထုအများ၌ပင် တွေ့ရပေသည်။ ရံခါတွင် မူလဝတ္ထုကို သဲလွန်စ ရှာမတွေ့နိုင်လောက်အောင် ဝတ္ထုအမည်ကို (ဆရာကြီး ကိုယ်၌ကလော၊ ထုတ်ဝေသူတို့ကပင် သူတို့ သဘောအတိုင်းလော မသိ) အမည်ပြောင်းလဲ ဖော်ပြထားသည်ကိုပင် တွေ့ရ၏။ ပုံစံပြရလျှင် 'ထူးဆန်းသော စာတစောင်' ဟူသော ဝတ္ထု ဖြစ်ပါသည်။ ဤဝတ္ထု၏ မူလ ဖော်ပြရာ မဂ္ဂဇင်းကို ရှာပါ၏။ မတွေ့။ ထို့နောက် ဝတ္ထုချင်း တိုက်ဆိုင် ဖတ်ရှုရ၏။ တွေ့ပါပြီ။ ဤဝတ္ထုမှာ ၁၉၅၃၊ မေ ရှုမဝ ရုပ်စုံမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဝတ္ထု။ အမည်ကား 'ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု'။ ဤသို့လျှင် အမည်ကွဲဝတ္ထုများကို ညှိရသည်။ ဇာတ်လမ်းတူ အရေးကွဲ ဝတ္ထုများကို တူရာ တူရာ စုရသည်။

ပြီးလျှင် အမည်ကွဲ ဝတ္ထုများကို မူလအမည်ပြန်ပေးရသည်။ ထို့နောက် အရေးကွဲ ဇာတ်လမ်းတူများကို မည်သို့ ပြုလုပ်ရမည်နည်း။ ၁၉၁၇ ခုနှစ်က ချူရိယတွင် ရေးခဲ့သော 'ကြိုးကြာကန်ရွာ လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ'နှင့် ၁၉၅၅ ခုနှစ်က 'ရှိမ်းမကားရွာ လူသတ်မှု'တို့သည် ဇာတ်လမ်းတူဖြစ်သည်။ ထိုမူနှစ်ခုစလုံးကို မည်သို့ ဖော်ပြရပါမည်နည်း။ စဉ်းစားရလေပြီ။ ဤတွင် နှစ်ခုစလုံး ဖော်ပြမည်ထားဦး။ မည်သည်ကို ဦးစားပေး ဖော်ပြရပါမည်နည်း။ စဉ်းစားရပြန်သည်။ ဝတ္ထုနှစ်ခုမှာ ဇာတ်လမ်းတူသည်က မှန်၏။ အရေးအသားမတူတော့။ နောက်ခံဒေသ၊ ကာလ မတူကြ။ အနှစ်လေးဆယ်နီးပါး ကွာခြားပြီးမှ ရေးသော ဝတ္ထုနှစ်ပုဒ်သည် အဘယ်မှာလျှင် လုံးစေ့ပါဌ်စေ့ တထပ်တည်းဖြစ်ပါတော့မည်နည်း။ သို့ဖြစ်ရာ ဤနှစ်ပုဒ်တွင် ခေတ်နှင့်လည်း အညီဆုံး၊ အရေးအသားလည်း ပို၍ နှစ်သက်ဖွယ် အဖြစ်ဆုံး၊ စာဖတ်သူအဖို့ ပိုမို သဘောကျလိမ့်မည်ဟုလည်း ယူဆရသော 'ရှိမ်းမကားရွာ လူသတ်မှု'ကို ဦးစားပေးထည့်ရန် ဆုံးဖြတ် ရပါတော့သည်။ ကောင်းပြီ။ ဤသို့ဆိုလျှင် 'ကြိုးကြာကန်ရွာ လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ'ကို မည်သို့ လုပ်ရမည်နည်း။ 'ကြိုးကြာကန်'လို အရေးကွဲ၊ ကာလကွဲ၊ ဒေသကွဲ၊ ဇာတ်လမ်းတူဝတ္ထုတွေ မနည်း။ ဒါတွေကို ချန်ထားခဲ့၍ မသင့်။ ထို့ကြောင့် ဦးစားပေး ဖော်ပြသော ဝတ္ထု၏ အောက်ခြေတွင် မူကွဲဝတ္ထုအမည်ကို ဖော်ပြရပေမည်။ မူကွဲဝတ္ထုတွေကို သီးခြား နောက်ဆက်တွဲအဖြစ် ဖော်ပြရလျှင် သင့်မည်။ ဤသို့ ယူဆကြသည်။ ဆုံးဖြတ်ကြသည်။ နောက်ဆက်တွဲတွင် မူကွဲဝတ္ထုများ ဖော်ပြခြင်းဖြင့် လေ့လာသူတို့အဖို့ ပို၍ အကျိုးပွားများနိုင်သည်ဟု ယူဆကြသည်။ ထို့ကြောင့် နောက်ဆက်တွဲ ကဏ္ဍထည့်ရန် မူလက စီစဉ်ခဲ့၏။ (သို့သော် လက်တွေ့၌ကား အထမမြောက်။ ယခု မူကွဲမပါ ဝတ္ထုပေါင်းစုသက်သက်မျှနှင့်ပင် စာမျက်နှာတွေ များလှပြီ။ စာအုပ်တန်ဖိုးလည်း ကြီးလှပြီ။ သည့်အတွက် လောလောဆယ်တွင် မူကွဲတွေကို ချန်လှပ် ထားခဲ့ရပေသည်။ ဦးစားပေးရမည့် မူကွဲများကိုသာ ဖော်ပြနိုင်ပါတော့သည်။ ။ ပုဂံ)။

လက်လှမ်းမီ စုဆောင်းရသမျှ ဝတ္ထု ၈၄ မှ မူကွဲများကို ဖယ်ထုတ်လိုက်သောအခါ စကာတင် ဝတ္ထု ၆၇ ကျန်ပါသည်။ ဤဝတ္ထုများကို ဆရာကြီး ရေးခဲ့ရာတွင် ခေတ်ကာလ အပြောင်းအလဲအလျောက် အသုံးအနှုန်း ပြောင်းလဲခဲ့သည်များ ရှိပါသည်။ စောစောပိုင်း ဝတ္ထုများတွင် 'စုံထောက် မောင်စံရှား'ဟု သုံးခဲ့၏။ နောက်ပိုင်း ဝတ္ထုများ၌ 'စုံထောက် ဦးစံရှား' သုံးလာသည်။ ယခု ပြန်လည်စုစည်း ရိုက်နှိပ်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ မည်သည်ကို သုံးမည်နည်း။ စုံထောက်'ဦးစံရွှေ' ဟု သုံးရန် ဆုံးဖြတ်ရသည်။ 'မောင်'တွေကို 'ဦး' ပြင်။ အမည်တွေကိုရော ပြင်မည်လော။ ရှေ့ပိုင်းဝတ္ထုများတွင် 'တိုင်းရေး ပြည်ရေး စာချုပ်ကြီးတခု ပျောက်ဆုံးသွားရာ မောင်စံရွှေ စုံထောက်ပုံ' ဟူသော အမည်မျိုး သုံးခဲ့၏။ ယင်းကိုပင် အနှစ်သုံးဆယ်အကြာတွင် ပြန်ရေးသောအခါ 'အစိုးရစာချုပ် ပျောက်ဆုံးမှု၌ စုံထောက်ပုံ'ဟု အမည်ပေးခဲ့၏။ ထို့အတူ ၁၉၁၇ ခုနှစ်တုန်းက 'မြို့ပတ်လမ်း လူသတ်မှု၌ မောင်စံရွှေ စုံထောက်ပုံ' ဝတ္ထုကို ၁၉၅၄ တွင် ပြန်ရေးသောအခါ 'မြို့ပတ်လမ်း လူသတ်မှု'ဟု ဖော်ပြသည်။ စာအုပ်အဖြစ် ထုတ်ဝေသောအခါ 'ဘောင်ဒရီလမ်း လူသတ်မှု'ဟူ၍ ဖြစ်လာ၏။ မည်သည့် အမည်ကို အတည်ယူမည်နည်း။ ထိုအခါ အလှမ်းဝေးသော အဆက်အစပ်ကင်းလွတ်လောက်အောင် ဖြစ်နေသော အမည်ကို မယူသင့်။ အတတ်နိုင်ဆုံး ဆီလျော်နိုင်သည့် အမည်ကို ယူကြစို့။ သို့သော် မူလ အမည်တွေကိုလည်း မချန်နှင့်။ မူကွဲအမည်ကိုလည်း ဖျောက်မပစ်နှင့်။ အောက်ခြေမှာ ပြည့်စုံအောင်ထည့်။ ဤနည်းဖြင့် သာမန်စာဖတ်ပရိသတ်အဖို့သာ မဟုတ်၊ သုတေသီများ အဖို့ပါ အကျိုးပွားများစေမည် ယူဆ၏။

ဤသို့သော မူများဖြင့် စာမူများကို ညှိနှိုင်းခဲ့၊ တိုက်ဆိုင်ခဲ့၊ ပြင်ဆင်ခဲ့ပါသည်။ သည်မျှဖြင့် ကိစ္စအလုံးစုံ ပြီးပြီလား။ မပြီးသင့်သေးပါ။ စုံထောက် ဦးစံရွှေ ဝတ္ထုများသည် ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများကို မှီးထားသည် မဟုတ်လား။ ယခု နောက်ပိုင်းတွင် ထို ရှားလော့ဟုမ်း ဝတ္ထုများကိုပင် တိုက်ရိုက်ဘာသာပြန်ခဲ့ကြသည်လည်း ရှိ၏။ သို့ဖြစ်ရာ စာဖတ်သူတို့ အနေနှင့် ဘယ်ဦးစံရွှေ ဝတ္ထုကဖြင့် ဘယ်ရှားလော့ဟုမ်း ဝတ္ထုကို မှီးတာပဲဟု သိထားလျှင် ပို၍ မကောင်းလား။

သို့ဖြင့် မူရင်း ရှားလော့ဟုမ်း ဝတ္ထုများနှင့် လက်ဝယ် ရရှိပြီး စုံထောက်ဦးစံရွှေ ဝတ္ထုများကို တိုက်ဆိုင်ဖတ်ရှုရပြန်သည်။ ထိုအခါ သဲလွန်စ ရလေတော့သည်။ ကိုနင်ဒွိုင်း ရေးခဲ့သည့် ရှားလော့ဟုမ်းဝတ္ထု အရေအတွက်ကား ၅၉ ပုဒ်၊ ယခု တွေ့ထားသည့် စုံထောက် ဦးစံရွှေ ဝတ္ထုများကား ၆၇ ပုဒ် (မူကွဲတွေမပါ)။ သည်လိုဆို ကျန်ဝတ္ထုတွေသည် မည်သည့်ဝတ္ထုများကို မှီးထားသနည်း။ ဆရာကြီးသည် ဦးစံရွှေ ဝတ္ထုများကို ရေးရာတွင် ရှားလော့ဟုမ်း ဝတ္ထုများကို အခြေခံထား မှီးသည်မှာ မှန်၏။ သို့သော် အချို့မှာ ဒေါက်တာ သွန်ဒိုက်ကဲ့သို့သော ဝတ္ထုများကို မှီး၍ ဦးစံရွှေ စာရင်း သွင်းခဲ့ခြင်း ဖြစ်သည်။ အလားတူ ရှားလော့ဟုမ်း ဝတ္ထုအချို့ကို ဇော်ဟိတ်၊ ဂျမဒါကိုကိုကြီး စာရင်းများတွင် သွင်းခဲ့သည်လည်း ရှိ၏။ သို့ဖြစ်ရာ သွန်ဒိုက်ဝတ္ထုများ၊ ဂျမဒါ ကိုကိုကြီး၏ မူရင်းဖြစ်သော ဗရိုဂေးဒီးယားဂျရတ် ဝတ္ထုများကို ဆက်လက် လေ့လာရပေဦးတော့မည်။ သို့သော် ဤကိစ္စမှာ လက်တွေ့တွင် မလွယ်။ အချိန်လည်း မပေးတော့။ ပင်လယ်တွင် ကျသွားသောအပ်ကို ရှာရသည်သို့ ရှိချိမ့်မည်။ ထို့ကြောင့် ယခု ဦးစံရွှေ ဝတ္ထုများတွင် မူရင်း ရှားလော့ဟုမ်း ဝတ္ထုများ၌ မတွေ့ရသည်တို့ကို 'မတွေ့' ဟုပင် ပြရန် စီစဉ်ရတော့သည်။

ဤသို့ဖြင့် ဝတ္ထုတပုဒ်စီ၌ ပြည့်စုံသော အောက်ခြေမှတ်စု ပေးနိုင်ရေးကို စီစဉ်ပြီး စက်တင်ပုံနှိပ်ရန် အဆင့် ရောက်လာပါသည်။

သို့သော် 'မောင်စံရွှေ'နှင့် 'ဦးစံရွှေ' ကိစ္စသာ မဟုတ်သေး။ 'ကျွန်ုပ်'နှင့် 'ကျွန်တော်' အသုံးကွဲနေသော ကိစ္စ၊ 'မောင်အုန်းဖေ'၊ 'ကိုအုန်းဖေ'၊ 'ဦးအုန်းဖေ' ကိစ္စစသည့် အသုံးအနှုန်း အသေးအဖွဲ ကွဲလွဲချက်များ၊ 'မိုတိုကား'၊ 'မော်တော်ကား' စသည် စာလုံးပေါင်း ကွဲလွဲမှုများကိုလည်း ပုံမှန်အ ညှိယူပါသည်။

တခါ ရှားလော့ဟုမ်း ဝတ္ထုများတွင် တပုဒ်နှင့် တပုဒ် အချိတ်အဆက် ရှိကြသည်က များသော်လည်း ယင်းတို့ကို မှီးရာ၌ ဆရာကြီးသည် အလျဉ်းသင့်သလို မှီးရေးခဲ့သည်ဖြစ်ရာ ဝတ္ထုအချို့ ရှေ့နောက် ကွဲလွဲနေသည် ရှိပါသည်။ ပုံစံအားဖြင့် ရှားလော့ဟုမ်း ဝတ္ထုများတွင် ပထမဆုံး ဝတ္ထုသည် **အစဟာဒီ အင်စကားလက်** ဖြစ်ခဲ့သော်လည်း ဦးစံရွှေ ဝတ္ထုများ၌ ''ကြိုးကြာကန်ရွာ....'' သည် ပထမဆုံး ဖြစ်နေရာ ရံခါတွင် ဝတ္ထုတပုဒ်နှင့် တပုဒ် ရှေ့နောက် မညီသလို ဖြစ်နေရာ ယင်းတို့ကိုလည်း ရှေ့နောက် ညီညွတ်အောင် အတတ်နိုင်ဆုံး စိစစ်ရပါသည်။

ဤသို့ဖြင့် အသင့်အတင့် စိတ်ကျေနပ်လောက်ဖွယ်သော **စုံထောက်ဦးစံရွှေ ဝတ္ထုပေါင်းချုပ် စာအုပ်** ဖြစ်ပေါ်လာခဲ့ပါသည်။ သို့တိုင်အောင် လုံးဝပြီးပြည့်စုံခြင်းသို့ ရောက်ပြီဟုကား မဆိုနိုင်သေးပါ။ လက်လှမ်းမီ တွေထားပြီးသမျှမှ မူကွဲများ ချန်ထားခဲ့ရခြင်း၊ တွေ့ကား တွေ့၍၊ ကူးယူနိုင်လောက်အောင် မူလ စာမူအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားသော ဝတ္ထုများ ကျန်နေသေးခြင်း၊ ရှိကား ရှိနိုင်၏၊ သို့သော် ရှာမတွေ့သေးခြင်း စသည်ဖြင့် ဝတ္ထုအများ ကျန်ပါသေးသည်။ ယင်းတို့အတွက် ဆက်လက်ပြီး စီစဉ်ရပါဦးမည်။

ယခုမူ ဤမျှဖြင့် မြန်မာစာပေအတွက် တတ်စွမ်းသမျှ တထမ်းတပိုး ဝင်ယူရခြင်းဖြင့် စာပေဝန်ကို အထိုက်အသင့် ကျေပွန်ပြီဆိုပါက ကျေနပ်နှစ်သိမ့်ရမည် ဖြစ်ပါသည်။

တဆက်တည်းပင် စာပေမြတ်နိုးသူတို့ထံမှ စုံထောက်ဦးစံရှား ဝတ္ထုများနှင့်တကွ အခြား စာပေလုပ်ငန်းများအတွက် အကြံပေးခြင်း၊ အကူအညီပေးခြင်းများကိုလည်း အစဉ်သဖြင့် မျှော်လင့် ရပါသတည်း။

၁၀

ယခုကဲ့သို့ အချိန်ကာလ ကြာမြင့်စွာ ညှိနှိုင်းဆောင်ရွက်ရာတွင် တဦးကောင်း တယောက်ကောင်း ဆောင်ရွက်မှုဖြင့် လုပ်ငန်း ထမြောက်သည် မဟုတ်ပါ။ ပုဂံ၏ ထုတ်ဝေရေး လုပ်ငန်းအတွက် ပုဂံ စာတည်းအဖွဲ့နှင့်တကွ ထုတ်ဝေသူတို့ကို အကူအညီပေးကြသော ပုဂ္ဂိုလ်အများအပြား ရှိပါသည်။

ယင်းတို့တွင် ဆရာကြီး ရွှေဥဒေါင်းနှင့် ဇနီး ဒေါ်ကြီးစိုး အမှူးပြု၍ အကူအညီ ပေးကြသော ဦးသိန်းတန် (မန္တလေး သိန်းတန်စာနယ်ဇင်း)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးနှင့် တကွသော စာကြည့်တိုက် အမှုထမ်း အရာထမ်းအားလုံး၊ ဆရာနယ်နွယ်၊ စစ်ကိုင်း အေးလွင်၊ ငြိမ်းကျော်၊ ပန်းချီစံတိုး၊ ပန်းချီ တင်မောင်မျှင့်၊ မောင်နေဝင်း၏ သမီးရီရီဝင်း၊ မြေနီကုန်း ဦးစောလှိုင် ဒေါ်မြမြ၊ စာအုပ်ထုတ်ဝေမှု လက်စသတ်နိုင်ရေးအတွက် အဘက်ဘက်မှ အကူအညီပေးသော စံလှစာပေ ဦးစံလှနှင့် ဒေါ်မြမြကြွ၊ စာအုပ်အတွက် လိုအပ်သော စာမူများ ရေးကူးခြင်း ကိစ္စမှသည် ပုံနှိပ်ပြီးစီးသည်အထိ စိတ်ပါလက်ပါ ဆောင်ရွက်ကြသော ပုဂံဝိုင်းတော်သားများနှင့် ကုမာရ စာစီစက်ရိုက်အဖွဲ့၊ ထုတ်ဝေရေး လုပ်ငန်းနှင့် ပတ်သက်သည့် အစိုးရဌာနဆိုင်ရာ အမှုထမ်းအားလုံးနှင့် တကွ မိတ်ဆွေအားလုံးအား ပုဂံ ထုတ်ဝေသူတို့ ကိုယ်စား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

၁၉၇၄၊ အောက်တိုဘာ ၉ ပုဂံစာတည်းအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်လွှာ

ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား (ပေါင်းချုပ်)ကို ၁၉၇၄ တွင် ပုဂံစာအုပ်တိုက်က ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ပါသည်။ ယင်းသို့ ထုတ်ဝေခဲ့ရာတွင် လပိုင်းအတွင်းမှာပင် ထုတ်ဝေစာအုပ်များ ကုန်သွားခဲ့ပါသည်။ ဆရာကြီးနှင့် ဦးစံရှား၏ စာဖတ်ပရိသတ်လက်သို့ အစေ့အငှ မရောက်ခဲ့ပါ။ ထို့ကြောင့် ဤစာအုပ်ကို နောက်တကြိမ် ထပ်မံရိုက်နှိပ်ရန် စီစဉ်ခဲ့ပါသည်။

ယင်းသို့ စီစဉ်ရာတွင် ပုဂံစာအုပ်တိုက် မောင်ကိုဦး၊ ဆရာကြီး၏ စာမူများကို ထိန်းသိမ်းစောင့်ရှောက်ထားသူ လူထုဦးစိန်ဝင်းတို့နှင့် ရှေးဦးစွာ ညှိနှိုင်းရပါသည်။

အထူးသဖြင့် ပြန်လည် ပုံနှိပ်ရာတွင် မူလ ပုဂံမူ အတိုင်း ပြန်လည်ပုံနှိပ်နိုင်ရေးအတွက် ပုဂံ မောင်ကိုဦး၏ ခွင့်ပြုချက်ကိုပါ ရယူပါသည်။ ယင်းသို့ ရယူရာတွင် ပုဂံ မောင်ကိုဦး၏ ပူးပေါင်းကူညီမှုနှင့် ခွင့်ပြုချက်ကို ရယူခဲ့ပါသည်။ ထို့ကြောင့် မူလ ပုဂံမူအတိုင်း ရိုက်နှိပ်ခွင့်ပြုခဲ့သော ပုဂံ မောင်ကိုဦးအား ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

ပြန်လည်ထုတ်ဝေရာတွင် အရေးပါသော အခြားပုဂ္ဂိုလ်တဦးမှာ လူထုဦးစိန်ဝင်း ဖြစ်ပါသည်။ ဦးစိန်ဝင်း၏ သဘောတူ ခွင့်ပြုချက်အရ ယခုကဲ့သို့ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေနိုင်ခြင်းဖြစ်ရာ လူထုဦးစိန်ဝင်းအားလည်း ကျေးဇူး တင်ပါသည်။

ထို့ပြင် ဤစာအုပ် ပြန်လည်ပုံနှိပ်မှု ဖြစ်မြောက်ရေးကို အကူအညီပေးကြသော အစိုးရဌာနနှင့် တော်ပိုရေးရှင်းမှ ပုဂ္ဂိုလ်များ၊ စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်မှ စာပြင်၊ စာစီ၊ စက်ရိုက်လုပ်သားများ၊ စုလိုင် စာအုပ်ချုပ်ဌာနမှ လုပ်သားများ၊ မူလ မျက်နှာဖုံးကို ပြန်လည် အသုံးပြုခွင့်ပြုသော ပန်းချီတင်မောင်မျှင့်နှင့်တကွ အခြား အကူအညီများ ပေးကြသော မိတ်ဆွေ အားလုံးတို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင် ဖော်ပြပါသည်။

စံလှ စာပေ

အမှတ် ၁၇၀၊ ၂၉-လမ်း၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ၁။ မိတ်ဆက် *

(နိဒါန်း)

၁

## ဦးစံရှားနှင့် သိကျွမ်းရခြင်း

တနေ့သ၌ ကျွန်တော်သည် သံသေတ္တာတလုံး၊ အိပ်ရာတလိပ်အပြင် အိတ်ထဲတွင် ငွေကလေး လေးငါးရာလောက်နှင့် ရန်ကုန်မြို့ကြီးသို့ အလုပ်အကိုင်ရှာဖွေရန် ဆင်းလာခဲ့လေ၏။ ကျွန်တော်မှာ ခရစ်ယာန်ဘာသာ ကိုးကွယ်သူတဦး မဟုတ်သော်ငြားလည်း အခြားနည်းအားဖြင့် တည်းခိုနေထိုင်ရန် ရုတ်တရက် မစီမံတတ်သေးသည်နှင့် ဝိုင် အမ် စီ အေ အသင်းတိုက်တွင် ဧည့်သည်ဘော်ဒါအဖြစ်နှင့် တည်းခို နေထိုင်ရလေ၏။ ထိုစဉ်အခါက ရန်ကုန်မြို့ကြီးတွင် မဂ္ဂဇင်း ဂျာနယ် ဟူ၍ တစောင်တလေသာ ရှိသေးရာ အင်္ဂလိပ်သတင်းစာ ဆိုလျှင်လည်း 'ရန်ကုန်တိုင်း သတင်းစာ' သာ ဖတ်သူများသော သတင်းစာ ဖြစ်လေ၏။

ဝိုင် အမ် စီ အေ အသင်းတိုက်တွင် တည်းခိုနေထိုင်ယင်း ဝတ္ထုများ ရေးသားခြင်းဖြင့် အသက် မွေးဝမ်းကျောင်း ငွေရကြောင်း ရှာကြံရန် ရည်ရွယ်ချက်ရှိဖူးသော ကျွန်တော်မှာ ထိုသတင်းစာကြီး အတွက် ရည်မှန်း၍ ဝတ္ထုများ အားထုတ် စီစဉ် ရေးသားလျက် ရှိလေ၏။

ကျွန်တော်သည် ဝတ္ထုတိုကလေးများကို အင်္ဂလိပ်လို ရေးသားဖူးသော်လည်း ဝတ္ထုရှည်ကြီးမျိုး ကိုမူ ပထမအကြိမ် စမ်းသပ်ရခြင်း ဖြစ်သောကြောင့် ရေးယင်း ဆုတ်ယင်းဖြင့် ဆင်တဲဆိပ်စက္ကူနှင့် အချိန်သာလျှင် ကုန်ခဲ့၍ နှစ်လကျော် သုံးလအဆုံး၌ ဝတ္ထုတခန်းမျှ ပြီးစီးခြင်း မရှိသေးချေ။

ထိုအတောအတွင်း ဝိုင် အမ် စီ အေ အသင်းတိုက်၌ နေထိုင်ရပုံကို ကျွန်တော် မကျေနပ်တော့ချေ။ လေးငါးဆယ်ရက်တန်သည်ဖြင့် ရက်တိုတို တည်းခိုရန်အတွက် အကောင်းဆုံးဌာနတခု ဖြစ်ငြားသော်လည်း နေအိမ်အဖြစ်နှင့် အမှတ်အသားပြု၍ တာရှည်စွာ နေထိုင်ဖို့မှုကား ခဲယဉ်းလှ၏။ ဧည့်သည်များသည် များသောအားဖြင့် လူကောင်းများဖြစ်ကြသော်လည်း နေအိမ်သဘောနှင့် ကြည့်လိုက်သော် လူရှုပ်လွန်း

* မူလက ဤအပိုင်းသည် ဤစာအုပ် စာမျက်နှာ (၁၆) တွင် ဖော်ပြပါရှိသော 'ဘောင်ဒရီလမ်း လူသတ်မှု' ဝတ္ထု၏ အစပိုင်း ဖြစ်သည်။ ဆရာကြီး ရွှေဥဒေါင်း အနေဖြင့် စာဖတ်ပရိသတ်နှင့် ဦးစံရှားကို မိတ်ဆက်ပေးသည့်သဘော သီးသန့် ရေးသားခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ကျွန်တော် အောက်မေ့၏။ ထို့ကြောင့် ကျွန်တော်မှာ အခန်းထဲတွင် စာရေးခြင်းထက် အပြင်သို့ ထွက်ကာ စာအုပ်ဆိုင်များမှ အလိုရှိသောစာအုပ်များကို ရှာဖွေဖတ်ရှုခြင်းက ပို၍ များနေလေ၏။

တနေ့သ၌ အင်္ဂလိပ်စာအုပ်ဆိုင် တဆိုင်တွင် လိုသောစာအုပ်များ မွှေနှောက် ရှာဖွေပြီးနောက် အပြင်သို့ ထွက်လာသောအခါ ကျောင်းနေဖက် သူငယ်ချင်းဟောင်း ကိုဘမြင့် ဆိုသူနှင့် ဘွားကနဲ တွေ့ဆုံမိလေ၏။ ကိုဘမြင့်မှာ ကျောင်း၌နေစဉ်က ကျွန်တော်နှင့် တတန်းတည်း အတူ ပညာသင်ဖူးသော်လည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိသော သူငယ်ချင်းမျိုး မဟုတ်လှချေ။ သို့ရာတွင် ရန်ကုန်မြို့၌ ဆွေမရှိ မျိုးမရှိ မိတ်ဆွေ အပေါင်းအဖော်မရှိ ပျင်းရိခြောက်သွေ့စွာ နေထိုင်လျက်ရှိသော ကျွန်တော်မှာ ကိုဘမြင့်၏ မျက်နှာကို မြင်လိုက်ရလျှင်ပင် ညီအစ်ကို အရင်းအချာတဦးနှင့် တွေ့ဆုံရဘိသကဲ့သို့ ဝမ်းမြောက် ရွှင်လန်းခြင်းဖြစ်မိရာ ကိုဘမြင့်ကလည်း ထိုနည်းတူပင် ကြည်ရွှင် ဝမ်းမြောက်ဟန် ရှိပေ၏။ အနည်းငယ် ရပ်တန့် နှုတ်ဆက်ကြပြီးနောက် ကျွန်တော်သည် ကိုဘမြင့်အား 'ရှိုင်ရယ်ဟိုတယ်'သို့ လန်ချားတစီးနှင့် တင်၍ ခေါ်သွားလေ၏။

ဟိုတယ်သို့ ရောက်၍ ထောင့်ခန်းတခန်းအတွင်း နေရာထိုင်ခင်း ရကြသောအခါ—

ကျွန်တော်။ ။"ကိုင်း ကိုဘမြင့်၊ လူချင်း ကွဲနေကြတာလဲ တော်တော်ကြာသွားပြီ။ တွေ့တဲ့ အခါမှာ အာကလေး ခပ်ရွှင်ရွှင်နဲ့ စကားပြောကြရအောင်။ တခွက်စီလောက် ကြိတ်ကြစို့လားဗျာ။ ဘယ့်နှယ်လဲ"

မြင့်။ ။"အချိန်တော့ စောလွန်းနေတာပဲ။ နို့ပေမယ့် ဆုံမိကြတဲ့အခါ လုပ်လေဗျာ"

ကျွန်တော်သည် ဘိုင်ကုလားအား ဘီယာနှစ်လုံးနှင့် စားစရာများ မှာထားပြီးနောက် စကားပြောဖို့ ပြင်ဆင်ကြသောသဘောဖြင့် စီးကရက်များ အသီးသီး ညှိကြလေ၏။

ကျွန်တော်။ ။"နေပါအုံး၊ ခင်ဗျား အခု ဘယ်ရောက်နေသလဲဗျ"

မြင့်။ ။"ကျွန်တော် ပညာဆက်သင်တာ ခင်ဗျား မသိဘူးလား။ ဒီနှစ် ဗီနီယာဘီဒအောပေါ့ဗျ"

ကျွန်တော်။ ။"ဪ ဟုတ်ပေသား။ ကြားတော့ ကြားမိတယ်ဗျို့။ ကျုပ်က အမှတ်မထားမိလို့။ ဘော်ဒါပေါ့နော်၊ ဟုတ်စ"

မြင့်။ ။"ဒါပေါ့ဗျာ။ နို့ ဒါထက် ခင်ဗျားကော၊ လယ်ယာစိုက်ပျိုးခြင်းဘက်မှာလိုလို ကြားမိတယ်။ ဘယ့်နှယ်လဲ၊ တော်တော် နေရာကျရဲ့လား"

ကျွန်တော်သည် ဘီယာကလေးသောက်ယင်း ထို၌ာနဘက်၌ လုပ်ခဲ့ပုံ၊ 'ဗိုလ်'နှင့် ထိုးရလုနီးပါး ဖြစ်ခဲ့ပုံ၊ ရန်ကုန်သို့ ဆင်းလာ၍ အလုပ်အကိုင်ရှာဖွေဆဲ ရှိနေပုံများကို အာ ခပ်ရွှင်ရွှင်နှင့် ပြောပြလေ၏။

မြင့်။ ။"စွန့်လဲ စွန့်တဲ့ လူတယောက်ပဲဗျို့။ အညာသားထဲက ခင်ဗျားလိုသွေးမျိုး ခပ်ရှားရှားပဲ။ နေတော့ကော အခု ဘယ်မှာနေသလဲ"

ကျွန်တော်။ ။"အခုတော့ ဝိုင် အမ် စီ အေမှာ နေတုန်းပဲဗျ။ နို့ပေမယ့် ကိုယ့်အခန်း ကလေးနဲ့ကိုယ် ငှားပြီးနေရယင် တော်မလားလို့ စဉ်းစားနေတုန်းပဲ"

မြင့်။ ။"ထူးဆန်းလိုက်လေဗျာ။ ဒီကနေ့အတွင်း ဒီစကားမျိုးအတိုင်း ကျုပ်ကို ပြောတဲ့လူ ခင်ဗျားပါ နှစ်ဦးရှိပြီ။ ဆိုလဲ ဆိုတတ်သဗျာ"

ကျွန်တော်။ ။"ဒီ့ပြင် ဘယ်သူက ပြောဖူးသေးသလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်။ ။"ဆေးရုံကြီးမှာ အလုပ်လုပ်တဲ့ လူတယောက်ပါပဲဗျာ။ အခန်းကလေး တခန်းတော့ အဆင်သင့် တွေ့ထားတယ်တဲ့ဗျ။ နို့ပေမယ့် သူတယောက်တည်း ငှားနေဖို့ မတတ်နိုင်တော့ တယောက် ယောက်နဲ့ ဖက်စပ်ပြီးနေရယင် ကောင်းမှာပဲလို့ ဒီကနေ့မနက်ပဲ ညည်းသွားသေးတယ်"

ကျွန်တော်။ ။"ဟာ ဒါဖြင့် နေရာကျပြီဗျို။ လုပ်စမ်းပါအုံး၊ ခင်ဗျားလူက ဘယ်လိုလူစားမျိုး ထဲကလဲဗျ"

မြင့်။ ။(ပြုံးစိစိမျက်နှာထားဖြင့် ခွက်ပေါ်မှလှမ်းကြည့်လျက်) "ခင်ဗျားက ဦးစံရှားအကြောင်းကို မသိသေးပဲကိုးဗျ။ အတူတူနေကြယင် ခင်ဗျား ကြိုက်မယ်မထင်ပါဘူး"

ကျွန်တော်။ ။"ဘာကြောင့်လဲဗျာ။ ခင်ဗျားလူက ဘယ်လိုအပြစ်မျိုး ရှိလို့ပါလဲ"

မြင့်။ ။"အပြစ်ရယ်လို့လဲ မဟုတ်လှဘူးဗျ၊ ဆန်းတော့ဖြင့် တော်တော်ထူးဆန်းတဲ့လူတယောက်ပဲ။ သူ ဝါသနာကြီးတဲ့နေရာမှာ သိပ်ကြီးတယ်။ လူကတော့ဖြင့် လူကောင်းတယောက်ပဲဗျ။ ကျုပ်သိပါတယ်"

ကျွန်တော်။ ။"ဆေးကျောင်းသားထဲကလား"

မြင့်။ ။"ကျောင်းရယ် ဘာရယ်လို့တော့ အတည်တကျနေတဲ့ လူတယောက် မဟုတ်ပါဘူးဗျာ။ သို့သော်လဲ ဓာတုဗေဒဘက်က တော်တော်ခေါက်မိပုံတော့ ရတယ်။ ဗဟုသုတလဲ စုံချင်တဲ့နေရာမှာ တော်တော်ကြီးကို စုံတဲ့ လူတယောက်ပဲဗျို။ ကျုပ်တို့ကျောင်းက ပရော်ဖက်ဆာကြီးတွေတောင် တချို့နေရာမှာ သူ့လောက် မနက်နဲဘူးမှတ်တယ်။ အချုပ်ပြောရမှာဖြင့် ဗဟုသုတနယ်ဘက်မှာ တော်တော်အံ့သြလောက်တဲ့ လူတယောက်ပါပေပဲဗျာ"

ကျွန်တော်။ ။"ခင်ဗျားပြောတာ ကြားရတာနဲ့ ကျုပ်တော့ဖြင့် အတူတူနေတာ မနေတာ အပ ထားပြီး ဒီလူနဲ့ သိကျွမ်းချင်တဲ့စိတ် ဖြစ်လာပြီဗျာ။ တဆိတ် တွေ့ရအောင် စီမံဗျာ ကိုဘမြင့်"

မြင့်။ ။"ဆေးရုံ ဓာတ်ခွဲခန်းမှာ သူ့ကို တွေ့တတ်တာပဲ။ အမှန်တော့ မပြောနိုင်ဘူးဗျ။ ဒီလူက အလုပ်လုပ်ချင်မိယင် နေ့မရှောင် ညမရှောင် လုပ်ရဲ့လား လုပ်ရဲ့။ မလုပ်ချင်မှုဖြင့်လဲ အလုပ်ခန်းနား သီတောင် မသီလာပြန်ဘူးတဲ့"

ကျွန်တော်။ ။"ကိုင်း ဒါဖြင့်၊ ဒီက စားသောက်ပြီး တွေ့လို တွေ့ငြား ဆေးရုံကြီး သွားကြည့် စမ်းကြရအောင် လုပ်ဗျာ"

ကျွန်တော်တို့သည် ရှိုင်ရယ်ဟိုတယ်မှ ထွက်လာ၍ ဆေးရုံကြီးသို့ လန်ချားနှင့် သွားကြစဉ် လမ်းခရီးတွင် ကိုဘမြင့်က ဦးစံရှားအကြောင်းကို ထပ်လောင်း ဖြည့်စွက် ပြောပြသွားလေ၏။

မြင့်။ ။"တခုတော့ ကျုပ်က ကြိုတင်ပြီး သတိပေးထားမယ်နော် ကိုသိန်းမောင်၊ ဒီလူနဲ့ အတူ နေကြလို့ မသင့်မြတ်ဘူးဆိုယင် ကျုပ်ကိုတော့ အပြစ်မတင်နဲ့ဗျ။ ကျုပ်လဲ သူ့ကို ဓာတ်ခွဲခန်းမှာ တခါ တခါ ဆုံမိကြရုံမှတပါး ဘာမှ သူ့အကြောင်း ကျုပ် ကောင်းကောင်း မသိဘူးဗျ။ ခင်ဗျားကလဲ လူရှာ နေတုန်း၊ သူကလဲ လူရှာနေတုန်း အခန့်သင့် ကျုပ်နဲ့တွေ့လို့မို့ ကျုပ်က စေ့စပ်ပေးရုံ ပေးတာဗျနော်။ ကျုပ်က ဘာမှ မတိုက်တွန်းဘူး။ ဟုတ်ရဲ့ မဟုတ်လား"

ကျွန်တော်။ ။"အတူနေစမ်းလို့ ဟန်ပုံမပေါ်ယင် ခွဲကြရုံ ရှိတာပေါ့ ကိုဘမြင့်ရယ်။ ဒါထက် နေပါအုံးဗျာ။ ခင်ဗျား ပြောပုံဆိုပုံ ကြားရတာ ပစ်ပစ်ခါခါ နိုင်လှချေကလားဗျာ။ ခင်ဗျားလူက အင်မတန် ခက်ထန်တဲ့လူ၊ စိတ်တိုတဲ့လူမျိုးထဲကလားဗျာ။ ပြောသာ ပြောပါ၊ မြုံစိစိ လုပ်မနေစမ်းပါနဲ့ဗျ"

မြင့်။ ။(ရယ်မောလျက်) "တယ်ပြီး အပြောရခက်တယ်ဗျာ။ ခင်ဗျားပြောသလို လူစားမျိုး တော့ မဟုတ်ပါဘူး။ နို့ပေမယ့် ကျုပ်လူက ခပ်ဆန်းဆန်းလူမို့လို့ စကားခံထားရတာပါဗျာ။ ပေါ်င်း

www.burmeseclassic.com



ကြည့်ကြယင် ခင်ဗျား ကြိုက်ချင်လဲ ကြိုက်မှာပဲ။ မကြိုက်ချင်လဲ နေမှာပဲဗျ။ ဘို့သော် တခုတော့ ကျုပ် အာမခံလိုက်မယ်။ ပစ်စလက်ခတ် လူမျိုးထဲကတော့ ဘယ်နည်းနဲ့မှ မဟုတ်ဘူးဗျ။ ဒါတော့ စိတ်ချတော့"

ကျွန်တော်။ ။"ဆန်းပုံကလေး နမူနာတခုလောက် ပြောစမ်းဗျာ"

မြင့်။ ။"တနေ့တော့ သူနဲ့တွေ့အောင် ဆေးရုံကြီး ကျုပ်ဝင်သွားတော့ အလေ့ာင်းတွေထားတဲ့ အအေးခန်းထဲက တရှမ်းရှမ်းနဲ့ ရိုက်သံ ကြားရတယ်ဗျ။ ကျုပ်က ခပ်လန့်လန့်နဲ့ တံခါးဝက အသာကလေး ချောင်းကြည့်တော့ လားလားဗျာ၊ မောင်မင်းကြီးသား ဦးစံရှားကိုးဗျ"

ကျွန်တော်။ ။"ဘာလုပ်နေတာလဲ"

မြင့်။ ။"ရှပ်အင်္ကျီလက် ပင့်ပြီး ကြိမ်လုံးတချောင်းနဲ့ ကော်ရင်ဂျိကုလား အလောင်းတလောင်း ကို ထပ်ခါထပ်ခါ ရိုက်နေပါရောလားဗျ။ ကျုပ်က ဘာလုပ်တာလဲမေးတော့ သေပြီးလူကို တုတ်နဲ့ရိုက်ယင် အရိုးထင်လား မထင်လား သိချင်လို့ ရိုက်ကြည့်စမ်းတယ်တဲ့ဗျ"

ကျွန်တော်။ ။"ဘာအလုပ်ပဲဖြစ်ဖြစ် သေချာချင်တဲ့ လူတယောက်နဲ့ သဏ္ဍာန်တူတယ်"

မြင့်။ ။"သမန်ကာ လျှံကာတော့ ဘယ်ဟာမှ လုပ်တဲ့လူ မဟုတ်ဘူးဗျ။ ကိုင်း၊ ရောက်လာပြီ။ ဟိုကျမှ လူကိုယ်တိုင်ကြည့်ပြီး အကဲခတ်စမ်းအုံးတော့လား ဆရာကြီးရယ်"

ကျွန်တော်တို့သည် ဖန်ဗူး၊ ဖန်ခွက်၊ ဖန်ပြွန်များနှင့် ပြည့်နှက်လျက်ရှိသော ဓာတ်ခွဲခန်းသို့ ဝင်မိကြသောအခါ စားပွဲတခုတွင် ငုံ့လျက် အလုပ်လုပ်နေသော လူတယောက်ကို တွေ့မြင်ရလေ၏။ ထိုသူသည် ကျွန်တော်တို့၏ ခြေသံကို ကြားသောအခါတွင် ထိုင်ရာမှ ရုတ်တရက်ထ၍ ဖန်ပြွန်တချောင်းကို ကိုင်လျက် အားရဝမ်းသာ မျက်နှာထားဖြင့် ကျွန်တော်တို့ရှိရာသို့ ပြေးလာပြီးလျှင် "တွေ့ပြီဗျို့ ကိုဘမြင့်၊ ဒီနည်းကို ကျုပ် စုံစမ်းနေတာ ကြာလှပြီ။ အခုမှ တွေ့ပေတော့တယ်ဗျာ"ဟု အူယားဖားယားနှင့် ပြောလေ၏။

မြင့်။ ။"ဘာများ တွေ့တာလဲ ကိုစံရှားရဲ့၊ လင်းစမ်းပါအုံးဗျ"

ရှား။ ။"သွေးကို ဓာတ်ခွဲတဲ့နည်းလေ။ ကျုပ် စုံစမ်းနေတာ လေးငါးလ ရှိသွားပြီ။ အခုမှ တွေ့တယ်၊ နေရာကျလိုက်လေဗျာ"

မြင့်။ ။"ကျွန်တော်က ရွှေဖြစ်တဲ့နည်းများ တွေ့ထားသလားလို့ဗျာ။ ခင်ဗျား ကြည့်ရတာ ရွှင်လွန်းလို့။ ဒါထက် ဟောဒါက ကျွန်တော်နဲ့ ကျောင်းနေဖက်သူငယ်ချင်း မန္တလေးသား ကိုသိန်းမောင်တဲ့ဗျ"

ရှား။ ။(ပြုံးရွှင်သော အမူအရာဖြင့် ကျွန်တော့်အား ဦးခေါင်းဆတ်လျက်) "ဟုတ်ပါတယ်၊ ဝိုင် အမ် စီ အေ မှာ တည်းတယ် မဟုတ်လား"

ကျွန်တော်။ ။(အံ့သြစွာဖြင့်) "ခင်ဗျား ဘယ့်နှယ်သိသလဲ"

ကိုဘမြင့်မှာမူ ကျွန်တော်၏ အံ့သြခြင်းကို သဘောကျဟန်ဖြင့် ပြုံးရယ်လျက် ရှိ၏။

ရှား။ ။(ခပ်ပြုံးပြုံး မျက်နှာဖြင့်) "ဒီဟာ နေစမ်းပါအုံးလေ။ သွေး ဓာတ်ခွဲနည်းကလေး ဖွလျှင် ပြောပြစမ်းပါရစေအုံး။ လာကြ လာကြ။ ဒီမှာ လာကြည့်ကြ။ ကျုပ်ပြမယ်"

ဦးစံရှားသည် သူထလာခဲ့သော စားပွဲသို့ ကျွန်တော်တို့နှစ်ယောက်ကို ခေါ်သွား၍ အပ်ရှည်ကြီး တချောင်းနှင့် သူ၏ လက်မကို ထိုးဖောက်ပြီးလျှင် ထွက်လာသော သွေးစက်ကို ဖန်ခွက်တလုံးထဲသို့ ညှစ်ထည့်လေ၏။ ထို့နောက် ဖန်ခွက်ထဲသို့ ရေပြည့်အောင် လောင်းထည့်၍—

ရှား။ ။"ကိုင်း ကြည့်ကြနော်။ ဒီရေကို ကြည့်လိုက်ယင် ဘာမှပါတယ်လို့ မထင်ရဘူး။ ရေအစစ် လို့ပဲ ထင်ရတယ် မဟုတ်လား။ ကြည့်ကြ၊ ကျုပ်ပြမယ်"

တတိယအကြိမ်

 www.burmeseclassic.com 

ထို့နောက် ဦးစံရှားသည် ဆားနှင့်တူသော ဖြူဖြူအမှုန့်ကလေး အနည်းငယ်နှင့် ဖန်ပုလင်းကလေး တလုံးမှ ကြည်လင်သော အရည်လေးငါးစက်မျှကို ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်လေ၏။ နောက် တခဏ၌ ဖန်ခွက်တွင်းရှိ ရေအားလုံးသည် သပြေသီးမှည့် အရောင်ကဲ့သို့ ညစ်ပုပ်ပုပ် ဖြစ်သွားရာမှ ညိုမည်းသော အမှုန့်ကလေးများသည် ဖန်ခွက်အောက်၌ ဆင်းသွား၍ ထိုင်လေ၏။

ရှား။ ။(လက်ဝါးနှစ်ဘက်ကို ပွတ်ကာ ဝမ်းမြောက် ဝမ်းသာ အမူအရာဖြင့်) "ကြည့်ကြစမ်း၊ ဘယ်လောက်နေရာကျသလဲ။ မြင်ကြတယ် မဟုတ်လား"

ကျွန်တော်။ ။"တော်တော် ဟန်ကျတဲ့ ခွတ်ခွဲနည်းပဲဗျို့။ ကောင်းပေ့ဗျာ"

ရှား။ ။"ကောင်းဆို ဘာပြောစရာ ရှိသလဲဗျာ။ သူတို့ အခုသုံးနေကြတဲ့ မှန်ဘီလူးနဲ့ ကြည့်တဲ့ နည်းဟာက နည်းနည်းကလေး သွေးခြောက်သွားယင် တယ်ပြီး မသေချာနိုင်တော့ဘူးဗျ။ ကျုပ်နည်းကတော့ ဘယ်တုန်းက သွေးပဲဖြစ်ဖြစ် သွေးမှန်ခဲ့လို့ရှိယင် ရေအောက်မှာ သွားထိုင်ရမယ်ဗျ။ ဒီနည်းနဲ့ စုံစမ်းစစ်ဆေးလိုက်မယ်ဆိုယင် အမှုမထင်ရှားဘူးဆိုပြီး လွှတ်ပစ်လိုက်ရတဲ့ တရားခံတွေ ဘယ်နှစ်ယောက် ကြိုးမိန့်ကျကုန်မလဲ မပြောနိုင်ဘူး"

ကျွန်တော်။ ။"ဟုတ်ရဲ့လားဗျာ"

ရှား။ ။"ဟုတ်ပါသော်ကော ဆရာကြီးရယ်၊ လူသတ်မှုဖြစ်ကရော၊ တရားခံ ဖမ်းရော၊ သူ့ဆီမှာ သွေးစွန်းပေတဲ့ အဝတ် တွေ့ရော၊ တွေ့ပေမယ့် သစ်သီးကစွန်းသလား၊ ရွှံ့စက်လား၊ သံချေး စွန်းထားတာလား၊ တကယ် သွေးစွန်းတာလားဆိုတာ တပ်အပ်သေချာ ထင်ရှားအောင် မပြနိုင်တဲ့အတွက် လွှတ်ပစ်လိုက်ရတဲ့ တရားခံပေါင်း ဘယ်နှစ်ယောက်ရှိပြီလဲ။ ဒီက ရှေ့လျှောက်တော့ ဒီလူစု လွတ်ဖို့ အများကြီး အကြပ်တွေ့ကြတော့မယ်"

မြင့်။ ။"တရားခံတယောက်ကိုမိအောင်၊ ပြစ်မှုထင်ရှားအောင် သက်သေသာဓက ပြနိုင်ခြင်းဟာ ကောင်းတယ်လို့ဆိုယင် ခင်ဗျားနည်းဟာ စင်စစ် ချီးမွမ်းထိုက်တဲ့ နည်းပဲလို့ ဆိုထိုက်ပေတာပဗျာ"

ရှား။ ။"တရားခံကိုမိလို့ ပြစ်မှုထင်ရှားအောင် ဖော်ပြနိုင်တဲ့အခါမှာ အပြစ်ဒဏ် ပြင်းပြင်း ထန်ထန် ပေးထိုက် မပေးထိုက် အပထားလို့ အမှုတခုဖြစ်ယင် လက်သည်ပေါ်ပေါက်အောင် စုံထောက်ဖို့၊ ထင်ရှားအောင် သက်သေပြဖို့ အရေးကြီးကြောင်းကိုတော့ ဘယ်သူမှ မငြင်းနိုင်ပေဘူးမှတ်တယ်။ တဦး တယောက်ရဲ့လက်ချက်နဲ့ လူဘယောက်သေဆုံးလို့မှ လက်သည်ကို ပေါ်အောင်မထောက်လှမ်းနိုင်ဘူးဆိုယင် လောကမှာနေရတာ ဘယ်မှာ စိတ်ချလက်ချရှိနိုင်မလဲ ကိုဘမြင့်။ ဘယ်လိုပင် လျှို့ဝှက်စွာ သတ်သော်လည်း ပေါ်အောင် စုံထောက်နိုင်တယ်လို့ လူအများစိတ်ထဲမှာ စွဲလမ်းထားပါမှ သတ်ချင်တဲ့လူများ မသတ်ဝံ့ပဲ ရှိမယ် မဟုတ်ဘူးလားဗျ"

မြင့်။ ။"ဒါတော့မှန်ပါတယ်၊ လက်သည်ပေါ်အောင်မစစ်နိုင်တဲ့ အစိုးရများလက်ထက်မှာတော့ ပေါ်ပေါက်သမျှ အမှုကလေးတွေမှာ နောက်လူတွေလန့်အောင် အပြစ်ဒဏ် လေးလေးကြီး ပေးရခြင်းနဲ့ တူတယ်"

ရှား။ ။"အစစ်ပဲ၊ ဒါကြောင့် ရှေးမင်းများလက်ထက်က ကွဲခိုးမှု နွားခိုးမှုလေး အတွက်နဲ့ အသက်ဆုံးရှုံးအောင် စီရင်ကြရတာကိုးဗျ။ ဒါထက် ကျုပ်ခုနင်ကပြောတဲ့နည်းမျိုး ဟိုတုန်းက ပေါ်ထားနှင့်ယင် သရက်မြို့ လူသတ်မှုတုန်းက တရားခံ ငပေါ်တို့၊ မန္တလေး အောင်နန်းရိပ်သာရပ်က ငပေါက်တူးတို့၊ မေမြို့က ဈေးသည်မိန်းမကြီးသတ်မှုနဲ့ အစစ်ခံရတဲ့ ငထွန်းရွှေတို့ လူစုတွေ ဘယ်မှာ လွတ်ခွင့် ရလိမ့်မှာလဲဗျာ"

---

ဒုတိယအကြိမ်

www.burmeseclassic.com



ကျွန်တော်။ ။"တရားခံစာရင်း တယ်ကျေတဲ့ ဆရာကြီးပါကလားဗျ။ မှတ်လဲ မှတ်မိနိုင်ပါပေ့ဗျာ"

ရှား။ ။"ကျုပ်က လက်သည် မပေါ်တဲ့အမှုတို့၊ တရားခံပေါ်ပြီးမှ လွတ်သွားတဲ့ အမှုတို့ ဘယ်တော့မှ လွယ်လွယ်ကူကူနဲ့ မေ့တဲ့လူ မဟုတ်ဘူးဗျ။ ကျုပ်နဲ့မဆိုင်ပေမယ့် အဝေးကနေပြီး စိတ်ကူးနဲ့ ခြေရာခံလိုက်ချည်းပဲ"

မြင့်။ ။"ဒါထက် ကျွန်တော်တို့က ကိစ္စလေးတခုနဲ့လာတယ် ကိုစံရှားရဲ့၊ ဟောဒီက ကျွန်တော့် မိတ်ဆွေက အိမ်ခန်းရှာနေတယ်။ ခင်ဗျားက မနက်တုန်းက တယောက်ယောက်နဲ့စပ်ပြီး နေချင်သလိုလို ပြောလေတော့ ခင်ဗျားတို့နှစ်ယောက် စပ်ပေးလို့ ဟန်ကျမလားလို့ ဆိုပေးတာပဲ"

ဦးစံရှားသည် သဘောကျဟန်ရှိသော မျက်နှာထားဖြင့် ကျွန်တော့်အားကြည့်လျက်"လမ်း ၄၀ မှာ အခန်းကလေး တခန်းတော့ တွေ့ထားတယ်ဗျ၊ ကျုပ်တို့နှစ်ယောက်အဖို့ ကိုက်နေတာပဲ။ ဆေးတံအနံ့ လောက်တော့ ခင်ဗျား ခံနိုင်ကောင်းပါရဲ့ ထင်တယ်"

ကျွန်တော်။ ။"ကျွန်တော်လဲ ဆေးပြင်းလိပ်သောက်တဲ့လူပဲ"

ရှား။ ။"ဆေးရည်ပုလင်းတွေ ဘာတွေ နည်းနည်းပါးပါး ရှုပ်ယှင်ကော"

ကျွန်တော်။ ။"ကိစ္စမရှိပါဘူး"

ရှား။ ။"ဓာတ်ခွဲအလုပ်ကလေး ဘာလေး စမ်း ပြု ကြည့်ယှင်ကော"

ကျွန်တော်။ ။"အတွက် မရှိပါဘူး"

ရှား။ ။"နေအုံးဗျ၊ ကျုပ်အပြစ်တွေ ကျုပ်တွေးရအုံးမယ်။ ဩော် နေအုံး၊ တခါတလေ ကျုပ်က နှုတ်ဆိတ်ပြီဆိုမှဖြင့် လေးငါးဆယ်ရက်ပေမယ့် စကားတခွန်းမှ မပြောချင် မပြောဘူးဗျ။ စိတ်ကောက်လို့ စိတ်ညစ်လို့ ဒီလိုတော့ ခင်ဗျားမထင်နဲ့။ ကျုပ်ဘာသာကျုပ် ပစ်သာထား။ အချိန်တန်တော့ ဟန်ကျသွားမှာပဲ။ နို့ ခင်ဗျားကော ဘယ်လိုအပြစ်မျိုး ရှိတတ်သလဲ။ အတူတူနေမယ့်လူ အချင်းချင်း ဆိုတာ တယောက်အကြောင်း တယောက် သိထားနှင့်ယှင် ကောင်းတယ်ဗျ"

ကျွန်တော်။ ။(မေးပုံကို သဘောကျသဖြင့် ရယ်မောလျက်)"ကျွန်တော်က ဆူဆူညံညံ မကြားချင်တတ်ဘူးဗျ။ အိပ်ရာက နိုးချင်တဲ့အချိန် နိုး၊ ထချင်တဲ့အချိန် ထတတ်တယ်။ ပျင်းလဲ အင်မတန် ပျင်းရိတတ်တယ်။ ဒါလောက်ပါပဲဗျာ"

ရှား။ ။"ဆူဆူညံညံဆိုတဲ့အထဲမှာ တယောထိုးတဲ့အသံများကော ပါသလားဗျာ"

ကျွန်တော်။ ။"ဒါမှာတော့ ထိုးတဲ့လူကို လိုက်လို့ပေါ့လေဗျာ။ တကယ်ကောင်းကောင်း ထိုးတတ်ယှင်တော့ တယောအသံလောက် သာယာတဲ့အသံ ဘယ်မှာရှိမလဲ။ မတတ်တတတ်နဲ့ ထိုးယှင်တော့လဲ"

ရှား။ ။(ပြုံးရယ်လျက်)"နားလည်ပါပြီလေ။ ဒီအတွက်တော့ မပူပါနဲ့။ ကိုင်း ဒါဖြင့် ကျုပ်တို့ သဘောတူကြပြီ ဆိုပါတော့။ ကျုပ်ပြောတဲ့အခန်းကို ခင်ဗျားကြိုက်ဖို့ပဲ လိုတော့တယ်ဆိုပါတော့"

ကျွန်တော်။ ။"ဘယ်တော့ဆီလောက် ကြည့်နိုင်ပါ့မလဲ"

ရှား။ ။"နက်ဖြန်မွန်းတည့်လောက် ခင်ဗျားလာခဲ့ဗျာ၊ ကျုပ်တို့နှစ်ယောက် သွားကြည့်ကြတာပေါ့။ ဟုတ်စ"

ကျွန်တော်။ ။"ကောင်းပြီ။ နက်ဖြန် ၁၂ နာရီတိတိ ကျွန်တော်လာခဲ့မယ်"

ကျွန်တော်နှင့် ကိုဘမြင့်တို့သည် ဆေးရုံကြီးမှ ထွက်လာကြ၍ ဝိုင် အမ် စီ အေ အသင်းတိုက်သို့ လန်ချားတစီးဖြင့် သွားကြလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com



ကျွန်တော်။ ။“ဒါထက် နေစမ်းပါအုံးဗျာ၊ ဝိုင် အမ် စီ အေမှာ ကျုပ်တည်းနေတာ သူ ဘယ့်နှယ်သိသွားသလဲ”

မြင့်။ ။(ဟက်ဟက်ပက်ပက် ရယ်မောလျက်)“ကျုပ်လဲ သူမေးလိုက်တော့ ခင်ဗျားလိုပဲ အံ့ဩသွားမိတယ်။ နို့ပေမယ့် ခင်ဗျား လှမ်းပြီး သေသေချာချာကြည့်လိုက်တော့ ခင်ဗျား ပဒုမ္မာအင်္ကျီ နာရီအိတ်ထဲက စာကို မြင်မိတာကိုးဗျ။ သူနဲ့ ကျုပ်တို့ အဲဒါကွာတာပဲ။ ဒီစာဟာ သူ မပြောခင်ကတည်းက ခင်ဗျား့အင်္ကျီအိတ်ထဲမှာ ကျုပ်မြင်ဖို့ကောင်းပါလျက်နဲ့ ကျုပ်ဘာသာ ကျုပ်တော့မမြင်၊ သူ့ဆီက အရိပ်အမြွက်ကြားရတော့မှ ကျုပ် ကြည့်မိလို့ မြင်တာကိုးဗျ။ မျက်လုံးနှစ်လုံးချင်းတူပေမယ့် ကြည့်တတ်တဲ့လူကပိုမြင်တာပေါ့ဗျာ”

ကျွန်တော်သည် နာရီအိတ်ထဲမှစာကို ထုတ်ကြည့်ရာ မန္တလေးမှ မိတ်ဆွေတဦးက ကျွန်တော်၏အမည်နှင့် ဝိုင် အမ် စီ အေ အသင်းတိုက်သို့ လိပ်တပ်ပေးလိုက်သော စာပင်ဖြစ်ကြောင်း တွေ့ရှိရလေ၏။

ကျွန်တော်သည် စာကို ထိုနေ့နံနက် အဝတ်လဲလှယ်ပြီးမှ ရရှိသဖြင့် ဖွင့်ဖတ်ပြီးလျှင် နာရီအိတ်ထဲတွင် ထည့်ထားလိုက်မိခြင်း ဖြစ်လေသည်။

သို့ရာတွင် ကိုဘမြင့်ပြောသည့်အတိုင်း မြင်ခွင့်အတူတူရှိပါလျက် တဦးက မမြင်ပဲ တဦးက မြင်ခြင်းဖြစ်သောကြောင့် တော်တော်စဲ့စပ်သော လူတယောက်ပါပေတကားဟု ချီးမွမ်းမိသည့်အပြင် ထိုသူနှင့် အတူနေရလျှင် ပညာတိုးပွားလိမ့်မည်ဟူ၍လည်း စဉ်းစားမိလေ၏။

ကျွန်တော်။ ။“ဒီလူနဲ့တွေ့ရတာ ဝမ်းသာသဗျာ၊ ကျုပ်တော့ အတူတူနေဖြစ်အောင် နေတော့မယ်လို့ အောက်မေ့ထားတယ်။ ဒီလူ့အကြောင်း သိရအောင် ကင်ပြီး ပေါင်းကြည့်စမ်းမယ်”

မြင့်။ ။“ခင်ဗျားက သူ့အကြောင်း တရွေးသားလောက် မသိရသေးခင် သူက ခင်ဗျား့အကြောင်း တပိဿာလောက် သိနေနှင့်လိမ့်မယ်လို့ ကျုပ်ထင်တယ်”

ကျွန်တော်။ ။“ကျုပ်က ဒီလောက်ထူလို့လားဗျ”

မြင့်။ ။“ခင်ဗျားက ထူလို့မဟုတ်ဘူးဗျ။ သူက ပါးလွန်းလို့ ကျုပ်ပြောတာ။ စိတ်မဆိုးပါနဲ့နော်။ ကိုင်း ကျုပ် ဒီနေရာက ဆင်းတော့မယ်။ တွေ့ကြသေးတာပေါ့ဗျာ။ အားယင် လာလည်နော် ကိုသိန်းမောင်”

ကိုဘမြင့်သည် ဆူးလေဘုရားလမ်းမှ ဆင်းသွားရာ ကျွန်တော်လည်း အသင်းတိုက်သို့ တယောက်တည်း ဆက်လက်သွားလေ၏။

## ၂

## ဦးစံရှား၏ ရုပ်နေစိတ်ထားနှင့် အလုပ်အကိုင်

နောက်တနေ့၌ ကျွန်တော်သည် ချိန်းထားခဲ့သည့်အတိုင်း ဦးစံရှားထံ သွားရောက်၍ လမ်း ၄၀ သို့ နှစ်ယောက် သွားကြပြီးလျှင် ဦးစံရှားတွေ့ထားသည်ဆိုသော တိုက်ခန်းကို ကြည့်ရှုကြလေ၏။

ထိုတိုက်ခန်းမှာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်းစသည်ဖြင့် လူပျိုနှစ်ယောက်အတွက် ချောင်ချိ သိုက်မြိုက်စွာ နေထိုင်လောက်သည့်ပြင် လခမှာလည်း အလွန် သင့်လျော်လှသောကြောင့် ငှားရမ်းရန် ဆုံးဖြတ်၍ တလအတွက် စပေါ်ငွေ တင်ခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာမူ ထိုနေ့ ညနေ၌ပင် ဝိုင် အမ် စီ အေ မှ ပစ္စည်းကလေးများကို ရွှေ့ပြောင်း သယ်ယူခဲ့ရာ ဦးစံရှားမှာလည်း နောက်နေ့ နံနက်စောစောတွင် သံသေတ္တာနှစ်လုံး၊ ထင်းရှူးသေတ္တာ သုံးလေးလုံး၊ သားရေအိတ်တလုံး၊ အိပ်ရာတလိပ်နှင့် ဆိုက်ရောက်လာလေ၏။

ပထမ တရက် နှစ်ရက်အတွင်း၌ ကျွန်တော်တို့ ပစ္စည်းကလေးများကို နေရာတကျ စီစဉ်ထားခြင်း၊ ချက်ပြုတ်ရေးအတွက် ထမင်းချက် ယောကျ်ားတယောက် ရှာဖွေ ငှားရမ်းခြင်း၊ အခန်းများ ရှင်းလင်း သုတ်သင်ခြင်း စသည်ဖြင့် အသီးသီး ဆောင်ရွက်နေကြရသောကြောင့် တယောက်နှင့်တယောက် ရင်းနှီး သည့်ထက် ရင်းနှီးအောင် မိတ်ကျွမ်းဖွဲ့ရန် အချိန်မရကြချေ။ ထိုရက်က ကျော်လွန်သော အခါ၌မူ ကျွန်တော်တို့သည် နေရာသစ်၌ အတော်အတန် အသားကျစ ပြုလာကြလေ၏။

ဦးစံရှားမှာ စင်စစ်အားဖြင့် ပေါင်းရ သင်းရကြပ်သော လူတယောက် မဟုတ်ချေ။ တိတ်ဆိတ်ဆိတ် နေထိုင်သွားလာတတ်သော ဝါသနာရှိသည့်ပြင် အစစအရာရာ အချိန်မှန်ကန်စွာ ပြုမူတတ်သော အလေ့အကျင့်လည်းရှိ၏။ စောစောအိပ်၍ စောစောထတတ်သော ဝါသနာရှိသည့်အတိုင်း ည ၁၀ နာရီ ထက် ည၌နက်အောင် နေခဲ၍ နံနက်မိုးလင်းသည်နှင့် တပိုင်နက် ကာဖီတခွက်သောက်ပြီးနောက် လမ်း လျှောက်ထွက်သွားလေ့ရှိ၏။ နေ့ခင်းအခါများတွင် ဦးစံရှားသည် ဆေးရုံဓာတ်ခွဲခန်း၌ အချိန်အများဆုံး အကုန်ခံတတ်၍ ရံဖန်ရံခါ အင်းစိန်ဘက်သို့ ဖြစ်စေ၊ မြို့ကို တပတ် နှစ်ပတ် လှည့်၍ ဖြစ်စေ ဝေးရှည် လမ်းလျှောက်လေ့ရှိ၏။ စိတ်ရသောအခါများတွင် ဦးစံရှားသည် လွန်မင်းစွာ ဖျတ်လတ်သွက်လက်၍ အပြင်းအထန် အလုပ်လုပ်လေ့ရှိရာ တခါတရံတွင်လည်း ကုလားထိုင်ပေါ်တွင် နှစ်ရက် သုံးရက် ပက်လက် လှန်လျက် ခြေလက်လှုပ်ရှားဖို့ကိုပင် ပျင်းရိဟန်ရှိ၏။

ထိုသို့သော အခါများ၌ ဦးစံရှား၏ တွေဝေထိုင်းမှိုင်းသော အမူအရာကို အကဲခတ်ရသော် ကုတ်ကင်း၊ မာဖီယားသမား ဖြစ်လေသလောဟူ၍ပင် တွေးထင်ရလောက်ပေသည်။ သို့ရာတွင် ထိုလူ၏ စင်ကြယ်သော အနေအထိုင်နှင့် ထိန်းသိမ်း စောင့်စည်းတတ်သော နဂိုသဘောကို မြင်ရခြင်းအားဖြင့် မည်သည့်နည်းနှင့်မျှ ထိုမျှလောက် ပေရေညစ်ညမ်းသော အလေ့အကျင့်မျိုးကို လိုက်စားမည် မဟုတ်ဟု ကျွန်တော် ယူဆမိလေသည်။

ရက်သတ္တပတ် အနည်းငယ်မျှ အတူတကွ နေထိုင်မိကြလေလျှင် ကျွန်တော်၏စိတ်၌ ထိုလူ၏အကြံ အစည်နှင့် ရည်ရွယ်ချက်များကို သိလိုသောဆန္ဒ ဖြစ်ပေါ်သည့်ထက် ဖြစ်ပေါ်လာခဲ့၏။

ဦးစံရှားမှာ လူချောလူလှတယောက်ဟူ၍ မည်သည့်နည်းနှင့်မျှ မခေါ်နိုင်ငြားသော်လည်း သူ၏ ရုပ်လက္ခဏာမှာ သာမန်အားဖြင့် ကြည့်တတ်သော လူတယောက်၏ မျက်စိ၌ပင် ထူးကဲသည့် အဖြစ်ကို မြင်လျှင်မြင်ချင်း အသိအမှတ်မပြုပဲ မနေနိုင်ချေ။

ဦးစံရှား၏ မျက်နှာမှာမူ လူချောလူလှဟူ၍ ခေါ်ဝေါ်ခြင်းခံရသူများထက်ပင် မွန်ရည်သန့်စင်ခြင်း ရှိ၍ တကြိမ်ကြည့်ရုံမျှနှင့်ပင် သာမညလူတန်းစားတယောက် မဟုတ်ကြောင်း ကောင်းစွာထင်ရှားလှပေ၏။ ၅ ပေ ၁၀သက်မခန့်ရှိသဖြင့် မြန်မာလူမျိုးတို့အနက်တွင် အတော်ပင်မြင့်မားသောအရပ်အမောင်းဖြစ်ပေရာ အသား အပိုအလျှံမရှိပဲ ကျစ်လျစ်ပျောင်းနွဲ့သော ကိုယ်လုံးကိုယ်ပေါက်ရှိသည့် အတွက်ကြောင့် တကယ် မြင့်သည်ထက် သာ၍ပင် မြင့်မားသည်ဟု ထင်ရလောက်ပေ၏။ တောက်ပကြည်လင် အလွန်ပင် ထက်မြက် သော ဦးစံရှား၏ မျက်လုံးများသည် လူတယောက်ကို စိုက်၍ကြည့်လိုက်သောအခါတွင် အကြည့်ခံရသူ၏ စိတ်၌ လုံးဝ ထပ်ချင်းပေါက် မြင်စွမ်းနိုင်သည်ဟု ထင်မှတ်ရသဖြင့် 'ငါ၏စိတ်အကြံကို အလုံးစုံ ထိုးထွင်း ရိပ်မိ သွားချေပြီတကား' ဟူ၍ပင် ထင်မှတ်ရတတ်ပေ၏။ ကျယ်လွင့်ပြန့်ပြူးသော နဖူးပေါ်တွင် ဖြောင့်စင်းသော



www.burmeseclassic.com

www.burmeseclassic.com



နှာတံတို့အပြင် နှာခေါင်းချွန်းချွန်း မေးချွန်းချွန်းနှင့် တချက်နှာလုံး အစွန်းထွက်လျက်ရှိသည်ဟု ထင်မှတ်လောက်ပေရကား မြင်ရသူတို့၏စိတ်၌ ထုံခြင်း၊ ထူခြင်း၊ ထိုင်းခြင်း၊ မှိုင်းခြင်း စသော အခြင်းအရာများနှင့် ဦးစံရှား၏ ရုပ်လက္ခဏာကို ဘယ်အခါမျှ ဆက်သွယ်ရန် သတိမရနိုင်ပဲ ချွန်မြသော စူး၏အဖျား၊ ထက်မြက်သော သင်ခုန်းဓား၏အသွား စသည်တို့ကိုသာလျှင် သတိရကြမည် ဖြစ်လေ၏။ ဦးစံရှား၏ မျက်နှာထားနှင့် ကိုယ်ဟန်အနေအထားတို့မှာလည်း သိန်းငှက်တို့၏ ဖျတ်လတ်လျင်မြန်ခြင်း၊ ခွေးသမင်တို့၏ ပေါ့ပါးမြန်ဆန်ခြင်းတို့ကို သတိဖော်၍ ပေးနေဘိသကဲ့သို့ ရှိနေပေ၏။ ဦးစံရှား၏ မေးရိုးတို့မှာလည်း စိတ်နှလုံးကြံ့ခိုင်တင်းမာသူတို့၏ အင်္ဂါရုပ်အတိုင်း ခိုင်ခံ့ကျယ်ဝန်းသော အထိမ်းအမှတ်ရှိလေ၏။ လက်ဖဝါးနှင့် လက်ချောင်းတို့မှာ အလုပ်ကြမ်းသမားတို့၏ လက်ကဲ့သို့ တုတ်ခိုင် မာကြောခြင်း အလျှင်းမရှိမူ၍ စုတ်တံနှင့် ကလောင်တံတို့ကို ကျင်လည်စွာကိုင်တွယ်တတ်သည့် ပန်းချီဆရာ၊ စာရေးဆရာတို့၏ လက်ကဲ့သို့ သွယ်ပျောင်းရှည်လျားခြင်း လက္ခဏာ ရှိကြ၏။

ဦးစံရှားသည် အချို့ အရပ်မြင့်သူများကဲ့သို့ ကလန်ကလားလည်း မရှိ၊ အချိုးမကျသော ဟန်ပန်အမူအရာမျိုးမှာလည်း ကင်းသည့်ပြင် ဖန်ပြွန်ဖန်တံ စသည့် ကိရိယာတန်ဆာများကို ကိုင်တွယ်အသုံးပြုသည့်အခါများတွင် အလွန် သိပ်သည်း သပ်ရပ်လှကြောင်း တွေ့မြင်ရပေ၏။

ကျွန်တော်နှင့် ဦးစံရှားတို့ အတူတကွ နေထိုင်ခဲ့ကြ၍ တလကျော်ခန့် ကြာရှိသော်လည်း ဦးစံရှားသည် မိမိအကြောင်းကို ပြောပြလိုသော ဝါသနာမျိုး အလျှင်းမရှိသူတယောက် ဖြစ်ရကား ကျွန်တော်မှာ ထိုလူ၏ အလုပ်အကိုင် အကြံအစည်များကို တွေးတောမရနိုင်သေးအောင် ဖြစ်နေ၏။ တိုက်ရိုက်မေးဖို့မှာမူ မဆိုင်ရာတွင် စွာရာရောက်မည်စိုးသောကြောင့် စိတ်မကူးဝံ့ချေ။ ဦးစံရှား ကိုယ်တိုင်ကလည်း မိမိကိစ္စများ၌ ဝင်၍ရှုပ်သည် ဟူ၍လည်းကောင်း၊ မဆိုင်ရာ စွာသည် ဟူ၍ လည်းကောင်း ထင်မှတ်ခဲ့လျှင် မကြိုက်တတ်ကြောင်းကို ကျွန်တော် ရိပ်မိထားရကား သူ မကြိုက်သော အရာများကို ပြုဖို့ နှောင့်နှေးခြင်း ရှိလှ၏။ သို့ဖြစ်၍ ကျွန်တော်သည် အလုပ်အကိုင်ရှာဖွေခြင်း၊ ဝတ္ထုရေးခြင်း စသော ကိစ္စများမှ အားလပ်ပိုလျှံသော အချိန်များကို ထိုသူ၏အကြောင်း တစေ့တစောင်းမှ အကဲခတ်ခြင်း၌ အချိန်ကုန်ခံခဲ့လေသည်။

ဦးစံရှားသည် မိမိကိုယ်တိုင် ဆေးကျောင်း၌ သင်ကြားခဲ့ဖူးဟန် မရှိသော်လည်း လောကဓာတ်ပညာနှင့် ဆေးဘက်ဆိုင်ရာ အချို့နေရာများတွင် အံ့သြဖမန်း တတ်ကျွမ်း နားလည်ကြောင်း တွေ့ရ၏။ ဆေးဆရာဝန်လုပ်ရန် ရည်ရွယ်ချက် ရှိဟန်မတူသော လူတယောက်သည် အဘယ့်ကြောင့် ဤမျှလောက်နက်နက်နဲနဲ လိုက်စား ဆည်းပူးထားရလေသည်ကို မတွေးတတ်နိုင်အောင် ဖြစ်နေ၏။ အချို့သူတို့မှာ ဗဟုသုတ နှံ့စပ်စေခြင်း အလို့ငှာ ခေါက်မိရုံမျှ လေ့လာတတ်ကြသည် မှန်၏။ သို့ရာတွင် နှံ့စပ်ရုံမျှသဘောထားနှင့် နက်နက်နဲနဲ ခဲခဲယဉ်းယဉ်း မှတ်သား လေ့ကျင့်ထားရိုး ထုံးစံမူကား မရှိကြပေ။

ဦးစံရှား၏ ဗဟုသုတမှာ အချို့နေရာ၌ နက်နဲသချာသလောက် အခြားနေရာများ၌ သိသိသာသာ ညံ့ဖျင်းလှ၏။ နိုင်ငံရေးအကြောင်း၊ ပျို့ ကဗျာ လင်္ကာအကြောင်း၊ လောကုတ္တရာပညာအကြောင်း စသည်တို့တွင် လူတန်းမစေ့လောက်အောင်ပင် နုံလှပေ၏။ ကိုးခန်းပျို့အကြောင်း ကျွန်တော်က စကားစပ်မိ၍ ပြောသောအခါတွင် ရှေးက စာလော၊ ယခုလက်ထက် စာလော ဟူ၍ပင် မေးရှာသေး၏။

ကျွန်တော်က နက္ခတ်တာရာ အကြောင်းနှင့် ပတ်သက်၍ အရှေ့တိုင်းသားတို့၏ အယူအဆနှင့် အနောက်တိုင်းမှ လောကဓာတ်ဆရာကြီးများ၏ ယူပုံဆပုံကို နှိုင်းယှဉ်ဆွေးနွေးယင်း ကမ္ဘာလုံးခြင်း၏ ယုတ္တိများအကြောင်း ပြောပြသောအခါ ဦးစံရှားက အံ့အားသင့်ဟန်နှင့် ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်။ ။“ကမ္ဘာလုံးတယ်ဆိုတာ ခင်ဗျား မကြားဖူးဘူးလား”

ရှား။ ။“ဟင့်အင်း၊ သမန်ကာ လျှံကာတော့ ကြားဖူးရဲ့။ ကျုပ် ဂရု မစိုက်မိဘူး”

ထိုအခါ ကျွန်တော်က ကမ္ဘာလုံးသည်ဆိုပုံနှင့် ကမ္ဘာမြေကြီးက နေကို လှည့်သွားသည်ဆိုပုံတို့ကို ရှင်းလင်း ပြောပြသောအခါ ဦးစံရှားက “ခင်ဗျားပြောပြလို့ သိတော့ သိရပေပြီ။သို့သော် ပြန်မေ့အောင် ကျုပ် မနဲ ကြိုးစားရအုံးတော့မှာပဲ”

ကျွန်တော်။ ။(အံ့ဩစွာဖြင့်)“သိနေတာများ မေ့အောင် ကြိုးစားနေရသေးသလား ဆရာကြီးရယ်”

ရှား။ ။“ခင်ဗျားက လူ့ဦးနှောက်အကြောင်းကို မသိရှာသေးပဲဟာကိုးဗျ။ မြင်သမျှ ကြားသမျှကို မှတ်တတ်တဲ့ ဦးနှောက်ဆိုတာဟာ အခန်းကလေးတခန်းနဲ့ သဏ္ဍာန်တူတယ်ဗျ။ နားမလည်တဲ့ လူစုတွေကတော့ တွေ့ကရာရှစ်သောင်းတွေကို ဒီအခန်းကလေးထဲ ပြွတ်သိပ်ပြီး ထည့်တာပဲ။အသုံးမဝင်မှန်း အသုံးဝင်မှန်းလဲ သူတို့ ဘာမှ ဂရု မစိုက်ဘူး။ ဒီတော့ ဘယ်နှယ်ဖြစ်သလဲဆို အသုံးမဝင်တာတွေရောရောပြွမ်းသိပ်ပြွမ်းဖြစ်ပြီး အရေးရှိလို့ လိုချင်တဲ့အခါကျတော့ ကောက်ကာငင်ကာ ထုတ်မယူတတ်ဘူး။ နားလည်တဲ့ လူကတော့ သူ့ဦးနှောက်ခန်းထဲ တွေ့ကရာ ကောက်မထည့်ပဲ ရွေးရွေးချယ်ချယ် စိစိစစ်စစ်နဲ့ ထည့်တယ်ဗျ။ ကျွမ်းကျင်တဲ့ အလုပ်သမားတယောက်ဟာ သူ့လက်နက်တွေကို နေရာတကျ စီကာ စဉ်ကာ သပ်သပ်ရပ်ရပ် သိုမှီးသိမ်းဆည်းသလို ဆိုပါတော့ဗျာ။ အသုံးမကျတဲ့ လက်နက်တခုကို အပို အရှုပ်ခံပြီး အသုံးကျတာတွေနဲ့ ရောမထားဘူး။ ပြီးတော့ တချို့က ဘယ်နှယ်ထင်နေကြသလဲဆိုတော့ ဦးနှောက်ခန်းဆိုတာမျိုးဟာ ကျယ်ချင်တိုင်း ကျယ်အောင် ဆန့်ရလို့ ထည့်ချင်တိုင်း ထည့်နိုင်တယ်လို့ မှတ်တတ်ကြတယ်။ ဒီအယူအဆဟာ အင်မတန် မှားတယ်ဗျ။ နောက်ဆုံးတနေ့မှာ ဦးနှောက်ခန်း ပြည့်ပြီဆိုမှဖြင့် တခုမှ နောက်ထပ်ထည့်လို့ မရတော့ဘူး။ အသစ်တခု ထပ်ထည့်ယင် အဟောင်းတခုက နေရာဖယ်ပေးရတယ်ဗျ။ အဲဒါကြောင့်မို့ အသုံးမဝင်တဲ့ဟာ တခု ထည့်မိတဲ့အတွက် အသုံးဝင်တဲ့ဟာတခု ထွက်သွားမှာ အင်မတန် စိုးရိမ်ရတယ်ဗျ”

ကျွန်တော်။ ။“ကမ္ဘာလုံးတဲ့ အကြောင်းတို့၊ နေသွားပုံ လသွားပုံတို့ကောဗျာ မှတ်သားဖို့ မကောင်းဘူးလား”

ရှား။ ။“ကျုပ်နဲ့ ဘာဆိုင်လို့လဲ။ ကမ္ဘာလုံးကြီးက နေကိုပတ်ပြီး သွားတယ်လို့ ခင်ဗျားပြောတယ်။ မြေကြီးက ခင်ဗျားပြောသလို နေကို မပတ်ပဲနဲ့ လ ကို ပတ်သွားယင်ကော ကျုပ်အလုပ်နဲ့ ဘာများ သက်ဆိုင်လို့လဲ”

ထိုအခါ ကျွန်တော်က ‘ခင်ဗျားအလုပ်က ဘာအလုပ်မျိုးလဲဗျ’ဟု မေးလိုက်မည်ကြံသော်လည်း မကြိုက်သည့်အကြောင်းကို သိသည်နှင့် မမေးတော့ပဲ မြုံ၍ နေလိုက်၏။

ဦးစံရှားက သူ၏ အလုပ်နှင့် သက်ဆိုင်သော ဗဟုသုတကိုသာ ရှာမှီး စုဆောင်းသည်ဟု ပြောသောကြောင့် ကျွန်တော်သည် သူ၏အလုပ်ကို တွေးတောရာ၌ အထောက်အပံ့ရစေခြင်းငှာ သူရှာမှီးသော ဗဟုသုတများကို တွက်စစ်၍ ကြည့်မိ၏။ တနေ့သ၌ ကျွန်တော်သည် ဦးစံရှား မရှိခိုက်တွင် စက္ကူနှင့်ခဲတံကိုယူ၍ သူဆည်းပူးထားသောဗဟုသုတမျိုးတို့ကို ရေးမှတ်တွက်စစ်ရာ အောက်ပါအတိုင်း ထွက်ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဦးစံရှား၏ ဗဟုသုတစာရင်း

၁။ ပျို့ ကဗျာ လင်္ကာပညာ = အလျှင်းမရှိ။
၂။ လောကုတ္တရာပညာ = ။
၃။ နက္ခတ်တာရာပညာ = ။
၄။ နိုင်ငံရေးပညာ=အခြေခံကလေးလောက် ခေါက်မိ၏။
၅။ ရုက္ခဗေဒပညာ=နည်းစနစ်ကျနအောင် မလေ့လာဖူးသော်လည်း အဆိပ် ဖြစ်စေတတ်သော အသီးအရွက်များကို နားလည်၏။
၆။ မြေပထဝီပညာ—ထူးထူးဆန်းဆန်း လေ့လာထား၏။ ဖိနပ်ကို ကြည့်ကာမျှနှင့် မည်သည့်ရပ်ကွက်၌ လမ်းလျှောက်လာခဲ့သည်ဟု ပြောနိုင်၏။ ထိုစဉ်အခါက ရန်ကုန်မြို့တွင် ရပ်ကွက်တိုင်း ကတ္တရာစေးလမ်း မခင်းရသေးသော ဂဝံကျောက်လမ်းများလည်း ရှိ၏။
၇။ ဓာတ်ခွဲပညာ=နက်နဲသေချာလှ၏။
၈။ ကိုယ်အင်္ဂါ အစိတ်အပိုင်းဆိုင်ရာပညာ=သေချာ၏။ သို့သော် သင်ရိုးအတိုင်း မလေ့လာဖူးချေ။
၉။ ဝတ္ထုများ=ချစ်ခန်းကြိုက်ခန်း ဇာတ်လမ်းမျိုး ဖတ်ရှုလေ့ မရှိ။ ပုလိပ်ရုံးမှ အမှုမျိုးကို အထူး စိတ်ပါဝင်စားခြင်းရှိ၍ မြန်မာတပြည်လုံးတွင် သူ မသိလိုက်သော ရာဇဝတ်မှုဟူ၍ မရှိချေ။
၁၀။ သဘင်ပညာ=တယော ကောင်းကောင်းကြီး ထိုးတတ်၏။ တေးကြီး ဘွဲ့ကြီး အတော် ရ၏။ ကာလပေါ် မကြိုက်ချေ။
၁၁။ ကာကွယ်ရေးပညာ=လက်ဝှေ့များ ထိုးတတ်၏။ သိုင်း တတ်၏။ ဂျပန်ဆရာ၊ ရှမ်းဆရာကြီးများထံ ငွေကုန်ကြေးကျခံ၍ သင်ကြားလေ့ကျင့်ထား၏။
၁၂။ ဥပဒေပညာ=ရာဇဝတ်ကျင့်ထုံးဥပဒေကို အတော်ကျေ၏။

အထက်ပါ စာရင်းကို ရေးမှတ်ပြီးနောက် ကျွန်တော်သည် ထိုပညာရပ်များနှင့် ကိုက်ညီသော အလုပ်အကိုင် တခုခုကို စိတ်ကူးတွေးတောရာ နောက်ဆုံး၌ လက်လျှော့လိုက်ရ၍ စာရင်းကိုပါ ဆုတ်ပစ်လိုက်လေ၏။

အထက်ပါ ပညာရပ်များအနက် သဘင်ခန်းတွင် ဖော်ပြထားသော ဦးစံရှား၏ တယောထိုးပုံမှာ အတော်ပင် ထူးဆန်း၏။ သူသည် အလွန်တရာ ခက်ခဲလှသဖြင့် လူသိနည်းသော ပတ်ပျိုးကြီးများကို ကျွန်တော်၏ တောင်းပန်ချက်အရ ရံဖန်ရံခါ အစမှအဆုံးတိုင် ထိုးပြဖူးသော်လည်း သူ့အလိုအလျောက် ဆိုပါမူ မည်သည့်တေးချင်းကိုမျှ အစအဆုံး ထိုးလေ့မရှိချေ။ တကယ်ထိုးလျှင် တကယ်ပင် တတ်ကျွမ်းကြောင်း ထင်ရှားပေ၏။ များသောအားဖြင့်မူကား တေးချင်းဟူ၍လည်း မည်မည်ရရမဟုတ်၊ အစမ်းသဘောဖြင့် မျက်လုံးကလေးမှေးကာ တယောတံကို ရွရွကလေးကိုင်လျက် ညည်းညူဖွဲ့နွဲ့သော အသွားမျိုးကို ခပ်လေးလေး ခပ်ဖြည်းဖြည်း ဆွဲ၍ ထိုးလေ့ရှိ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ တယောသံသည် ကြားနာသူတို့၏စိတ်ကို ထိခိုက်ဆွဲငင်တတ်လေရကား ပျင်းရိညည်းငွေ့သွားသော အသံဖြင့် ကျွန်တော်၏စိတ်ကို ရစ်ပတ်နှောင်ဖွဲ့၍ ယူသွားပြီးနောက် ပျော်ရွှင်မှုုံးတူးသော အသွားမျိုးသို့ ရုတ်တရက် ကူးပြောင်းလိုက်ရာတွင် ကျွန်တော်မှာ ထ၍ ခုန်ပေါက်ချင်မတတ် ဖြစ်သွားလေ၏။

ပထမ တနင်္ဂနွေ တပတ်ခန့်အတွင်း ဦးစံရှားထံသို့ လာရောက် လည်ပတ်သည့် ဧည့်သည်ဟူ၍ တယောက်တလေမျှ မတွေ့ရသောကြောင့် ကျွန်တော်၏စိတ်တွင် ဤသူသည်လည်း ငါကဲ့သို့ပင် အသိမိတ်ဆွေ နည်းပါးသူတယောက် ဖြစ်ဟန်ရှိသည်ဟု တွေးထင်မိ၏။ သို့ရာတွင် ထိုအချိန်ကျော်လွန်လတ်သော် လူဘန်းစားအမျိုးမျိုး ဝင်ထွက်သွားလာကြကြောင်း တွေ့မြင်ရ၏။ မကြာခဏ ဝင်ထွက်တတ်သူတယောက်မှာကား စုတ်ချွန်းချွန်းမျက်နှာနှင့် အတော် ဖျတ်လတ် သွက်လက်ဟန်ရှိသည့် ကိုအုန်းဖေ ဆိုသူတယောက်ဖြစ်လေသည်။ တနေ့နံနက်၌မူကား ရွှေချက်မှန်၊ လေဒီရှူးစသည်တို့ဖြင့်ခေတ်ဆန်အောင်ဝတ်ဆင်ထားသော မိန်းမလတ် တယောက်သည် နာရီဝက်ခန့်မျှကြာအောင် ဦးစံရှားနှင့် တိုင်ပင်သွားသည်ကို မြင်လိုက်ရ၏။

တညနေ၌မူ ခပ်စုတ်စုတ်ဝတ်ဆင်ထားသည့် ရဟူဒီလူမျိုးတယောက် သုတ်သီးသုတ်ပျာနှင့်ဝင်လာ၍ ကပိုကရိုဝတ်ထားသော မိန်းမကြီးတယောက်က နောက်မှ ဝင်လိုက်လာသည်ကို မြင်လိုက်ရ၏။ တနေ့သ၌ ပိုးရော ချည်ပါတောင်ရှည်ပုဆိုးနှင့် ဆံပင်ဖွေးဖွေးဖြူအဘိုးကြီးတယောက်သည်တနာရီကျော်ကျော်မျှကြာအောင် ဦးစံရှားနှင့် တီးတိုးတိုင်ပင်သွား၏။ တမနက်၌လည်း မီးရထားဂတ်ဗိုလ် ယူနီဖောင်းဝတ်ထားသည့် ကပြားတယောက်သည် ကတိုက်ကရိုက်ဝင်လာ၍ ကတိုက်ကရိုက်ပင် ပြင်ဆင်းသွားသည်ကို မြင်လိုက်ရ၏။

ယင်းကဲ့သို့ ဧည့်သည်များ လာကြသည့်အခါတွင် ဦးစံရှားသည် ဧည့်ခန်းကို သူတယောက်တည်း အသုံးပြုခွင့် တောင်းသဖြင့် ကျွန်တော်မှာ ကျွန်တော်၏အိပ်ခန်းသို့ ဝင်နေရ၏။ ထိုသို့သောအခါများတွင် ဦးစံရှားသည် ကျွန်တော့်အား တောင်းပန်စကား ပြောကြားလေ့ရှိ၏။

ရှား။ ။"သည်းခံပါဗျာ ကိုသိန်းမောင်၊ ဒီလူတွေက ကျုပ်အမှုသည်တွေမို့ တိုင်ပင်စရာလေး ရှိတဲ့အတွက် ခင်ဗျားကို အရှောင်ခိုင်းရတာ အားလဲနာပါရဲ့ဗျာ"။

အမှုသည်ဆိုသော စကားကို ကြားရသောအခါ ကျွန်တော်မှာ သူ၏ အလုပ်အကိုင်အကြောင်းကို မေးလိုက်တော့မည် ကြံမိ၏။ သို့ရာတွင် အားနာသဖြင့် မမေးဝံ့ပဲ နေရပြန်၏။ ကျွန်တော့်မှာ ထို မေးခွန်းမျိုး မေးဖို့အတွက် နေ့စဉ်နှင့်အမျှ အူယားလျက်ရှိရာ တနေ့သ၌မူကား သူ့အလိုအလျောက်ပင် ထိုပြဿနာကို ရှင်းလင်းပေ၏။

တနံနက်၌ ကျွန်တော်သည် အိပ်ရာမှထလာသောအခါ ဦးစံရှားမှာ ထမင်းစားပွဲတွင် ကာဖီသောက်လျက် ရှိနှင့်၏။ ထမင်းချက် ဖိုးထွန်းအား ကျွန်တော့်အတွက် ပေါင်မုန့်ကင်ယူခဲ့ရန် မှာထားပြီးနောက် ကျွန်တော်သည် အင်္ဂလိပ်မဂ္ဂဇင်းတအုပ်ကို လှန်လှော၍ကြည့်ယင်း စောင့်နေရာ ဦးစံရှားမှာ ထောပတ်သုတ် ပေါင်မုန့်ကို တချတ်ချတ်ဝါးလျက် စားနေ၏။ ကျွန်တော်သည် မဂ္ဂဇင်းစာအုပ်ကို လှန်လိုက်သောအခါ ခဲတံနှင့် မှတ်ထားသော စာပိုဒ်ကို တွေ့သည်နှင့် ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

## ကျိုးကြောင်း ဆင်ခြင်ခြင်းပညာ အကြောင်း

အဘိညာဉ်ဏ်စွမ်းဖြင့် ပရစိတ္တ ဝိဇာနနဉာဏ်ရသော ပုဂ္ဂိုလ်များသည် သူတပါး၏ စိတ်အကြံ အစည်ကို သိနိုင်သည်ဟုဆို၏။ ထက်မြက်သောမျက်လုံးရှိ၍ အချက်အလက်ကိုနားလည်သော ပုဂ္ဂိုလ်တဦးသည် စိတ်ရှည်လက်ရှည် လေ့ကျင့်ထားပါက အကြင်သူတဦး၏မျက်နှာထားကို အကဲခတ်ခြင်းအားဖြင့် ထိုသူ၏ စိတ်အကြံကိုသိနိုင်၏။ ထိုကဲ့သို့ လေ့ကျင့်ထားသောသူတဦး

www.burmeseclassic.com


အား မဟုတ်မလျား လှည့်စားခြင်းငှာ မဖြစ်နိုင်ချေ။ သာမညလူများသည် ထိုသို့သော ပညာရှင်မျိုးနှင့်တွေ့၍ မိမိတို့၏ စိတ်အကြံကို ထုတ်ဖော်ပြောဆိုနိုင်ကြောင်း တွေ့ရှိရသော အခါတွင် မှော်အတတ်ပင် ဖြစ်လေသလောဟု တွေးတော မှတ်ထင်တတ်ကြလေသည်။

လောကီ အဘိညာဏ်မှစ၍ နက်နဲသော ပညာဟူသမျှသည် ရက်လ အနည်းငယ်လေ့ကျင့်ကာမျှနှင့် ပေါက်ရောက်ခြင်းငှာ မဖြစ်နိုင်သည့်နည်းတူ ကျိုးကြောင်းဆင်ခြင် တွေးဆခြင်း ပညာမှာလည်း နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ စိတ်ရှည် လက်ရှည် လိုက်စားလေ့ကျင့်မှသာလျှင် ပေါက်ပေါက်ရောက်ရောက် တတ်မြောက်နိုင်ပေသည်။ နက်နဲသိမ်မွေ့သည့် စိတ်နှင့်ဆိုင်ရာ ပညာသို့ မရောက်သေးမီ လေ့ကျင့်ခါစဖြစ်သော ပုဂ္ဂိုလ်များသည် လူတဦးတယောက်ကို တွေ့မြင်သောအခါတွင် အကြင်သူ၏ အလုပ်အကိုင်နှင့် ထင်ရှားသော အဖြစ်အပျက်များကို မှန်းဆ တွေးတောနိုင်ရန် ရှေးဦးစွာ အလေ့အကျင့် ပြုရပေသည်။ ထိုသို့သော အလေ့အကျင့်သည် အကြင်သူအား အရာခပ်သိမ်းတွင် အမှတ်မဲ့မနေတတ်သော သဘော ဖြစ်ပေါ်စေ၍ မည်သည့်အချက်သည် လိုရင်းဖြစ်ကြောင်း၊ လိုရင်းအချက်ကို မည်သည့်နေရာ၌ ရှာဖွေရကြောင်း ပိုင်းခြား သိမြင်တတ်သည့် အထုံအလေ့ ရရှိစေတတ်ပေသည်။ လူတဦးတယောက်၏ လက်ချောင်းများ၊ လက်သည်းများ၊ လည်အနေအထား၊ ကိုယ်ဟန် အမူအရာ၊ မျက်နှာထား၊ အင်္ကျီ၊ လက် စသည် တို့သည် အသီးသီးအားဖြင့် အကြင်သူ၏ အလုပ်အကိုင်ကို ကျယ်လောင်စွာ ဟစ်အော် ကြွေးကြော်နေဘိသကဲ့သို့ ရှိနေတတ်ပေသည်။ ယင်းတို့ အားလုံးကို စုပေါင်း ကြည့်ရှုတတ်သူတို့အဖို့မှကား အကြင်သူ၏ အလုပ်အကိုင်ကို တွေးတောရာ၌ လွဲချော်ရန် အလွန်တရာပင် ခဲယဉ်းလှပေသည်။

ကျွန်တော်သည် အထက်ပါ စာပိုဒ်ကို ဖတ်ရှုပြီးနောက် စက်ဆုပ် ရွံရှာလှသော အမူအရာဖြင့် စာအုပ်ကို ပစ်ချ၍ "အလကားဗျာ၊ မဟုတ်နိုင် မဖြစ်နိုင်တဲ့ဟာတွေ ထင်မိ ထင်ရာ လျှောက်ရေးပြီး ထည့်တဲ့လူကလဲ မဂ္ဂဇင်းစာအုပ်ထဲ ထည့်ရိုက်ပါပေ့ဗျာ"

ရှား။ ။"ဘာအကြောင်းများလဲ ကိုသိန်းမောင်ရဲ့"

ကျွန်တော်။ ။"ကျိုးကြောင်း ဆင်ခြင်တဲ့ ပညာအကြောင်း ရေးတဲ့ လူ ပြောတာပေါ့ဗျာ။ ခဲတံနဲ့ မှတ်ထားတာ တွေ့ရပုံထောက်တော့ ခင်ဗျားဖတ်ပြီးပြီမှတ်တယ်။ ယုတ္တိယုတ္တာကလေး ရှိအောင်တော့ တော်တော် ရေးတတ်တဲ့ လူနဲ့တူပါရဲ့။ ပက်လက်ကုလားထိုင်ပေါ်က ထင်မိထင်ရာတွေ လျှောက်တွေးပြီး ရေးထားတာ။ တကယ့်တကယ် လက်တွေ့လုပ်ကြမယ်ဆိုတော့ သူ့ဟာတွေ ဘယ်မှာဖြစ်နိုင်ကြပါ့မလဲဗျာ။ ဒီစာရေးတဲ့လူကို ဘတ်စကားတစင်းပေါ် ခေါ်သွားပြီး တွေ့တဲ့ခရီးသည်တွေရဲ့ အလုပ်အကိုင်ကို ပြောစမ်းပါလို့ ကျုပ် ခိုင်းစမ်းချင်တယ်။ ဒီလိုဆိုယင် တဆယ်နဲ့တကျပ် လောင်းဝံ့ပါရဲ့ဗျာ"

ရှား။ ။"လောင်းယင် ခင်ဗျားရှုံးမှာပေါ့ ကိုသိန်းမောင်၊ ဟိုစာကတော့ ကျုပ်ရေးတဲ့စာပဲ"

ကျွန်တော်။ ။(အံ့ဩစွာဖြင့်) "ခင်ဗျား ရေးတယ်"

ရှား။ ။"ဟုတ်တယ်။ အမှတ်တမဲ့မနေတတ်တဲ့ ဝါသနာနဲ့ အကျိုးတရားတခုကို တွေ့ယင် အကြောင်းရင်းကို စိစစ်တတ်တဲ့ ဝါသနာကလေး ကျုပ်မှာရှိလို့ အနောက်တိုင်း မဂ္ဂဇင်းတွေထဲမှာ လက်တွဲစမ်းသဘောမျိုးနဲ့ ရေးပို့လိုက်တော့ အယ်ဒီတာ့သဘောနဲ့ ကိုက်မိသွားဟန် တူပါရဲ့။ စာထဲမှာ

www.burmeseclassic.com


ပါတဲ့ အချက်တွေဟာ တကယ့်တကယ် လက်တွေ့သဘောနဲ့ လုပ်လို့ မဖြစ်နိုင်ဘူးလို့ ခင်ဗျားဆိုတယ် မဟုတ်ဘူးလား။ ဖြစ်နိုင်ရဲ့ မကတဲ့အပြင် ဒီပညာနဲ့ပဲ ကျုပ် အသက်မွေးနေတယ်ဗျာ”

ကျွန်တော်။ ။“ဘယ်လိုလဲဗျ”

ရှား။ ။“စုံထောက်ဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား။ ကျုပ်တို့ဆီမှာတော့ စုံထောက်ဆိုယင် အစိုးရအမှုထမ်းဘက်ကသာ ရှိတယ်။ သူတို့ဆီမှာတော့ အရပ်သား စုံထောက်လဲ ရှိတယ်။ ကျုပ်တို့ဆီမှာတော့ အရပ်သားစုံထောက်ရယ်လို့ ကျုပ်တယောက်တည်း ရှိတယ်မှတ်တယ်”

ကျွန်တော်။ ။“ဘယ်နည်းဘယ်ပုံ အမှုရသလဲဗျာ”

ရှား။ ။“အစိုးရစုံထောက်ဘက်က လူတွေကိုယ်တိုင် မတတ်နိုင်လောက်အောင်နက်နဲတဲ့အမှုမျိုး၊ ရှုပ်ထွေးတဲ့ အမှုမျိုးကျယင် အစိုးရစုံထောက်တွေကိုယ်တိုင်ကဆိုယင်လဲ ကျုပ်ဆီ လာတိုင်ပင်တယ်။ တခါတရံလဲ အမှုသည်ကိုယ်တိုင်က ကျုပ်ဆီကို တိုက်ရိုက်လာတယ်။ ဟိုတနေ့က မျက်နှာစုတ်ချွန်းချွန်းနဲ့ ကိုအုန်းဖေဆိုတဲ့လူက စုံထောက် အင်စပက်တော်ပေါ့ဗျ”

ကျွန်တော်။ ။“အမှုသည်ထဲက ဘယ်လိုလူမျိုး လာကြသလဲ”

ရှား။ ။“ပုလိပ်ကို တိုက်ရိုက် မတိုင်တန်းချင်တဲ့ လူတွေ၊ အခက်အခဲတွေလို့ ကြံရာ မရတဲ့ လူတွေ လာကြတာပေါ့ဗျာ။ သူတို့ပြောတာတွေ ကျုပ်က နားထောင်ပြီး သင့်တော်သလို အကြံဉာဏ်ပေး၊ သူတို့က ဉာဏ်ပူဇော်ခပေး၊ အဲဒီလိုပေါ့”

ကျွန်တော်။ ။“ဒီ့ပြင်လူတွေက အဖြစ်အပျက် အစုံအလင် သိပါလျက်နဲ့ မရှင်းလင်းနိုင်တဲ့ အမှုမျိုးတွေကို ခင်ဗျားက ကုလားထိုင်ပေါ်ကနေပြီး ရှင်းလင်းနိုင်တယ်လို့ ဆိုလိုတာပေါ့လေ”

ရှား။ ။“အစစ်ပဲ။ ကျုပ်က ဒီဘက်မှာ ဝမ်းတွင်းစုန်းဆိုတာမျိုးပေါ့ဗျာ။ သို့သော် တခါ တခါ ခပ်ရှုပ်ရှုပ်အမှု ကြည့်တန် ကြည့်ရတာပေါ့လေ။ အများအားဖြင့်တော့ ကျုပ်ကိုယ်တိုင် လိုက်ရတယ်လို့ မရှိလှပါဘူး။ အကြောင်းနဲ့အကျိုး ဆက်စပ်ပြီး ဆင်ခြင်လိုက်ယင် ကျေနပ်လောက်အောင် ရှင်းလင်းနိုင်တာချည်းဗ့ါပဲ”

ကျွန်တော်။ ။(မယုံ့တယုံဖြင့်)“ခင်ဗျားပြောပုံတော့ ခင်ဗျားအလုပ်က အဟန်ကြီးပါကလား”

ရှား။ ။(စကားမများစဖူး များလျက်) “ဟုတ်ကဲ့၊ ငွေဝင်ပုံ၊ လူကိုယ်တိုင် ပင်ပန်းဆင်းရဲမခံပုံ ထောက်ယင်တော့ တန်တယ်လို့ ဆိုရမှာပေါ့။ နို့ပေမယ့် ကျုပ်တို့ပြည်က အမေရိကန်ပြည်များမှာလို ဉာဏ်စွမ်းထက်တဲ့ ရာဇဝတ်ကောင်မျိုး ရှားပါးလေတော့ အလုပ်လုပ်ရတာ ပျင်းစရာ ခပ်ကောင်းကောင်းဖြစ်နေပါတယ်ဗျာ။ စုံထောက်က ဉာဏ်ကြီးပြီး လူဆိုးက ဉာဏ်ခပ်တိမ်တိမ်တွေချည်း ဖြစ်နေတော့ လူစွမ်းပြဖို့ အမှု ပေါ်လာတယ်လို့ကို မရှိနိုင်ဘူး။ စုံထောက်မယ်လို့မှ မကြံရသေးဘူး၊ တရားခံက ပေါ်နေပြီ။ ဒီတော့ ဘယ်နေရာ ကြိုးစားနေဖို့ လိုတော့သလဲဗျ။ ပျင်းပါ့ဗျာ”

ထိုစကားများကို ကြားရလေလျှင် ကျွန်တော်၏စိတ်၌ ‘ဤလူကား ဉာဏ်စွမ်းဉာဏ်စကလေးတော့ တော်ဟန်ရှိ၏။ သို့ရာတွင် ကိုယ့်ကိုယ်ကို အထင်အမြင် ကြီးလှချေ၏တကား’ဟု စဉ်းစားမိ၏။ ထိုအခါ ကျွန်တော့်မှာ လေကြွားတတ်သူများ၏ အခြောက်တိုက် ဟိတ်ထုတ်ခြင်းမျိုးကို ကြားပြင်းကတ်သည်နှင့် စကားစ ဖြတ်အံ့ဟု အကြံနှင့် “ဟော၊ ဟိုလူ ဘာများရှာနေပါလိမ့်မလဲ”ဟု တိုက်ရှေ့ လမ်းပေါ်မှ လူတယောက်ကို မေးငေါ့၍ ပြလိုက်၏။ ထိုသူသည် စာတအိတ်ကို လက်တွင်ကိုင်ကာ တိုက်နံပါတ်များကို လျှောက်ကြည့်လျက် ရှိ၏။ ဦးစံရှားသည် ပက်လက်ကုလားထိုင်ပေါ်မှ ငုံ့ကြည့်လျက်


www.burmeseclassic.com

www.burmeseclassic.com



"ရာဇဝတ်အုပ် လူထွက်ဟာ ပြောတာလား''ဟု မေးလိုက်ရာ 'လိုက်မေးနိုင်တာ မဟုတ်လေတော့ ဖြန်းချင်တိုင်း ဖြန်းနေတော့တာပလေ'ဟု ကျွန်တော်၏ စိတ်ထဲ၌ အောက်မေ့မိ၏။

နောက် တခဏ၌ ထိုလူသည် ကျွန်တော်တို့၏ တိုက်နံပါတ်ကို ကြည့်ပြီးလျှင် လက်မှ စာအိတ်ကို တိုက်ကြည့်၍ လှေကားမှ တက်လာရာ အဝသို့ရောက်သောအခါ တံခါးခေါက်သံ ကြားရလေ၏။ ကျွန်တော်က တံခါးဖွင့်ပေးသောအခါ ထိုသူသည် ''ဦးစံရှား ဟုတ်ပါစခင်ဗျား''ဟု ပြောလျက် လက်ထဲမှ စာကို ဦးစံရှားအား ပေးလေ၏။ ထိုအခါ ကျွန်တော်သည် ဦးစံရှား၏ ဖြန်းလုံးကို မိအောင် ဖမ်းခွင့် ရချေပြီဟု ဝမ်းမြောက်စွာ ထိုသူအား—

ကျွန်တော်။ ။''ဗျို့ ဆရာ၊ ခင်ဗျား ဘာလုပ်ကိုင်စားသလဲ''

ထိုသူ။ ။''ခုတော့ အလုပ်ပုံမှန် မရှိပါဘူးခင်ဗျာ။ တာလီစာရေး လုပ်တဲ့အခါလဲ လုပ်၊ တိုလီမိုလီ....''

ကျွန်တော်။ ။''အလျှင်တုန်းကကော ဘာလုပ်ခဲ့ဖူးသလဲဗျ''

ထိုသူ။ ။''ရာဇဝတ်အုပ် လုပ်ခဲ့ဖူးပါတယ် ခင်ဗျာ။ ပြန်စာပေးဖို့မလိုယင် ကျွန်တော် ပြန်လိုက်ပါအုံးမယ်''ဟု ဦးညွှတ်ကာ ပြောပြီးနောက် ဆင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ၂။ ဘောင်ဒရီလမ်း လူသတ်မှု *

[ပထမပိုင်း]

၁

## လူသတ်မှုအစ

ကျွန်တော်သည် ထိုသူ၏အဖြေကို ကြားရသောအခါ ဦးစံရှား၏ တွေးလုံးမှန်ပါပေသည်ဟု ချီးမွမ်းမိသော်လည်း တမင် 'ချိတ်လုပ်'၍ ကျွန်တော့်အား နှပ်ခြင်းဖြစ်လေသလောဟု မသင်္ကာသလို ဖြစ်မိသေး၏။ သို့ရာတွင် ကျွန်တော်ကဲ့သို့သောလူတယောက်ကို အပင်တပန်းခံ၍ နှပ်လောက်အောင် အကြောင်းကိုမူကား ရှာမတွေ့ချေ။ ကျွန်တော်သည် ဦးစံရှား၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ ဦးစံရှားမှာ ထိုသူ၏ စာကို ဖတ်ပြီးပြီဖြစ်သဖြင့် စဉ်းစား တွေဝေဟန်နှင့် ရှိနေလေ၏။

ကျွန်တော်။ ။"ခုနင်ကလူကို ခင်ဗျား ဘယ်နှစ်ခါ တွေ့ဖူးသလဲ"

ရှား။ ။"ဒီတခါပဲ တွေ့ဖူးတယ်"

ကျွန်တော်။ ။"ခင်ဗျား တွေးပုံနည်းလမ်း ပြောပြစမ်းပါအုံးဗျာ"

ရှား။ ။"နှစ်နဲ့နှစ်ပေါင်းယင် ဘာကြောင့် လေးဖြစ်တယ်ဆိုတာ ရှင်းပြစမ်းပါဆိုယင် အဖြေရခက်သလိုပဲ။ ကျုပ်ဟာကလဲ သူတပါးကို ရှင်းပြဖို့ ခပ်ကြပ်ကြပ်ပဲဗျ။ ဆာယ်သူမဆို ဆပ်ကျောင်းမှာနေပြီး သုံးလေးနှစ်လောက် ပုလိပ်လုပ်လိုက်ယင် ကြည့်တတ်တဲ့လူ မျက်စိထဲမှာ ပုလဲဂိုက်ကြီး ထင်ရှားလွန်းလို့

* ဤဝတ္ထု၏ ပထမမူသည် သူရိယမဂ္ဂဇင်း၊ ၁၉၁၇၊ အောက်တိုဘာ-နိုဝင်ဘာ၊ အတွဲ ၁၊ အမှတ် ၈-၉လာ 'မြို့ပတ်လမ်း လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ' ဖြစ်သည်။ ရှုမဝမဂ္ဂဇင်း၊ ၁၉၅၄၊ မတ်-မေ၊ အတွဲ ၇၊ အမှတ် ၈၂-၈၄ တွင်'မြို့ပတ်လမ်း လူသတ်မှု' အမည်ဖြင့် မြန်လည်ရေးသားသည်။ သူရိယမဂ္ဂဇင်း မူကိုပင် မြန်မာပြည် စာအုပ်တိုက်မှ ပထမတွဲတွင် လည်းကောင်း၊ နှလုံးလှစာအုပ်တိုက်မှ မထမတွဲတွင် လည်းကောင်း 'ဘောင်ဒရီလမ်း လူသတ်မှု' အမည်ဖြင့် ဖော်ပြသည်။ မူရင်းမှာ *A Study in Scarlet* ဖြစ်သည်။ ယင်းသည် ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများတွင် ပထမဆုံး ဝတ္ထု(ရှည်) ဖြစ်သည်။ ထို့တူ ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုအဖြစ်၌လည်း ပထမဦးဆုံးဖြစ်သည်။ ၁၉၃၂ ခုနှစ်က သူရိယ ပုံနှိပ်တိုက်က '**စုံထောက်မောင်စံရှား**'အမည်ဖြင့် လုံးချင်းစာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသည်။ ဤဝတ္ထုကိုပင် ၁၉၇၂ ခုနှစ်က စာရေးဆရာ စိုးမြိုင်က **စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် သွေးစက်ခြေရာ ဝက်ပါ**' အမည်ဖြင့် တိုက်ရိုက် မြန်မာပြန်ဆို ထုတ်ဝေဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပုလိပ်၊ ပုလိပ်၊ ပုလိပ်'လို့ အော်ပြောနေသလိုပဲဗျ။ ပြီးတော့ သူ့ကိုယ်ဟန် အနေအထားရယ်၊ ကြိမ်တုတ်ကလေး ဝင့်ပုံရယ် ထောက်လိုက်ပြန်တော့ ပုလိပ်ထဲမှာ တော်တော်ကလေး သြဇာအာဏာပေးခဲ့ရတဲ့ အထဲကပဲလို့ ဆိုရလိမ့်မယ်။ သို့သော် သူ့ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်အစားက ခပ်နွမ်းနွမ်း ခပ်ချာချာ ဖြစ်လေတော့ ကေန္တ ရာထူးလက်ကိုင်ရှိတဲ့ ရာဇဝတ်အုပ်တယောက် မဟုတ်ဘူးလို့ ဆိုရမယ်။ အဲဒါကြောင့် ကျုပ်က ရာဇဝတ်အုပ်လူထွက်လို့ အကဲခတ်လိုက်တာ ဟုတ်နေတာ တွေ့ရတယ် မဟုတ်လား။ သို့သော် ဒီဟာတွေဟာ ခင်ဗျားကို ရှင်းပြောနေရတော့ ကြာတယ်ဗျ။ ကျုပ်စိတ်ထဲမှာတော့ ဖြတ်ကနဲဆို မြင်လိုက်ယင် ဖြတ်ကနဲဆို တွေးပြီးသား ဖြစ်နေတာပဲဗျ။ ဒါဘာကြောင့်လဲဆိုတော့ အကျင့်ဗျ"

ကျွန်တော်။ ။"အံ့လောက်ပါပေ့ဗျာ"

ရှား။ ။"ဘာမှ အံ့စရာမရှိဘူး။ ကကြီး ခခွေးလောက် ရှိသေးတယ်။ သြော် ဒါထက် ကျုပ်တို့ဆီမှာ အမှု ဆန်းဆန်းပြားပြား မရှိဘူးလို့ ကျုပ်ခုနင်က ပြောမိတာ မှားဟန် ရှိသဗျို့။ ရော့ ဖတ်ကြည့်စမ်း၊ ဟောဒီစာ"

ကျွန်တော်သည် ဦးစံရှား၏ လက်မှ စာကို လှမ်းယူဖတ်ကြည့်ရာ အောက်ပါအဓိပ္ပာယ်အတိုင်း အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်ကို တွေ့ရလေ၏။

မိတ်ဆွေကြီး ဦးစံရှား

ဦးပြားတောရအနီး ဘောင်ဒရီလမ်း 'ကိုးဇီးဗီလာ'ခေါ် အိမ်တွင် ယမန်ညဥ့်က အမှုတခု ဖြစ်ပွားကြောင်း၊ ညဥ့်နှစ်နာရီအချိန်ခန့်တွင် ထိုအကွက်ဆိုင်ရာ ပုလိပ် ဘတန်းဆင်သည် လူမနေသော 'ကိုးဇီးဗီလာ' အိမ်တွင်းမှ မီးရောင်မြင်သဖြင့် မသင်္ကာသည်နှင့် သွားကြည့်ကြောင်း၊ ပွင့်လျက်ရှိသော တံခါးဝမှ ဝင်သွားသောအခါ အိမ်ထောင်ပစ္စည်း တခုမျှ မရှိသော ရှေ့ခန်း၌ ကြမ်းပေါ်တွင် ဝတ်ကောင်းစားကောင်းနှင့် အလောင်းတခု တွေ့ရကြောင်း၊ အလောင်းမှာ ဗိုလ်လိုဝတ်ထားသော ကုလားလူမျိုးတယောက် ဖြစ်ရာ အင်္ကျီအိတ်တွင်း၌ 'ဝေဿက၊ပါတလိပုတ္တရ၊ရာဇပုတ္တန'ဟူသော စာလုံးများကို အင်္ဂလိပ်လို ရိုက်နှိပ်ထားသည့် ကားချပ်ကလေးများ တွေ့ရကြောင်း၊ အလောင်း၏ လက်ဝဲဘက် လက်သန်းတွင် စိန်လက်စွပ်တကွင်း၊ လက်တွင် စိန်ကြိုးတပ်ထားသည့် ရွှေလက်ပတ်နာရီ၊ အိတ်ထဲတွင် ငွေစက္ကူ တဆယ်တန် ငါးချပ်တို့ကို တွေ့ရသောကြောင့် လုယက်ရန် အကြံမရှိကြောင်း ထင်ရှားသည့်ပြင် မည်သည့်နည်းနှင့် သေဆုံးသည်ဟု ခန့်မှန်းနိုင်ရန် ဒဏ်ရာလည်း တစုံတခုမျှ မတွေ့ရကြောင်း၊ သို့ပါလျက် ကြမ်းပြင်ပေါ်တွင် သွေးစက်များ တွေ့ရကြောင်း၊ ဤသူသည် မည်သို့သော အကြံအစည်နှင့် လူမနေသော ဤအိမ်တွင်းသို့ ဝင်ရောက်နေခြင်းကို လည်းကောင်း၊ မည်သည့်အတွက် သေဆုံးကြောင်းကိုလည်းကောင်း မတွေးတောနိုင်အောင် ဖြစ်နေကြောင်း၊ ၁၂-နာရီ မထိုးမီ မည်သည့်အချိန်မဆို 'ကိုးဇီး ဗီလာ'အိမ်သို့ လာရောက်နိုင်ပါလျှင် ကျွန်တော်နှင့် တွေ့မည်ဖြစ်ကြောင်း၊ ဆရာ့ထံမှ သတင်းမကြားရမီ အစစအရာရာကို နဂိုအတိုင်းထားဖို့ အမိန့်ပေးထားပါကြောင်း၊ အကယ်၍ ဆရာကိုယ်တိုင် မလာနိုင်ခဲ့ပါလျှင်လည်း အကြောင်းခြင်းရာကို စုံလင်စွာ ကျွန်တော် ပြောပြ၍ ဆရာ၏ ထင်မြင်ချက် ကြားသိရလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

သန်းတင်



www.burmeseclassic.com

www.burmeseclassic.com



စာကို ကျွန်တော်ဖတ်ပြီးသောအခါ ဦးစံရှားက—

ရှား॥ ॥"အစိုးရစုံထောက်ဘက်မှာတော့ ဒီစာရေးလိုက်တဲ့ ကိုသန်းတင်ဟာ လူတော်ကလေး တယောက်ပေပဗျာ॥ သူနဲ့ ကိုအုန်းဖေနဲ့က ခတ်ဘက်ပေါ့॥ နှစ်ယောက်လုံး ထကြွလို့လ ဝီရိယကလေးနဲ့ လူသွက်ကလေးတွေပါပဲ॥ သို့သော် လမ်းရိုးလမ်းစဉ် တယ်ပြီး လိုက်ချင်ကြတယ်॥ ထွင်တတ်တဲ့ စိတ်ကူး ဉာဏ် မရှိကြဘူး॥ သူတို့နှစ်ယောက်က တယောက်တယောက် မနာလိုတတ်လိုက်ကြတာဆိုတာ လွန်ရော॥ ဒီအမှုမှာ သူတို့ နှစ်ယောက်လုံး စုံထောက်ကြရမယ်ဆိုယင် တော်တော် ကြည့်ကောင်းအုံးမယ်"

ဦးစံရှားသည် ဤမျှလောက် အရေးကြီးသောစာကို ရထားပါလျက် ခပ်အေးအေး အမှုအရာဖြင့် ထိုင်ကာ စကားပြောနေနိုင်ခြင်းကို ကျွန်တော်က အံ့သြ၍ နှိုးဆော်ပေးလိုသော သဘောနှင့် "ကိုင်း ဒါဖြင့် လုပ်လေဗျာ၊ မြင်းရထားနဲ့ သွားမှာဖြင့် ဖိုးထွန်းကို ရထားခေါ်ခိုင်းလိုက်မယ်လေ"ဟု တိုက်တွန်းပေး၏॥

ရှား॥ ॥"ကျုပ်ကိုယ်တိုင်သွားဖို့ လိုလေမလား မဆိုနိုင်ဘူး॥ ကျုပ်လို ပျင်းတဲ့လူလဲ ခပ်ရှားရှား ပဲဗျ॥ နို့ပေမယ့် တခါတခါ စိတ်ရပြန်တော့လဲ ဖျတ်လတ်သားပဲဗျ"

ကျွန်တော်॥ ॥"ခုနင်တုန်းကတော့ အမှုရှားပါးလွန်းလို့ ပျင်းလှတယ်ဆို॥ အမှုရပြန်တော့လဲ မလုပ်ချင်ပြန်ဘူးလားဗျ"

ရှား॥ ॥"ဘာထူးသလဲ ကိုသိန်းမောင်၊တကယ်လို့ ကျုပ်သွားပြီး အလုံးစုံ ရှင်းလင်းပေးနိုင်တယ် ဆိုပါတော့၊ နာမည်ရတော့ ကိုသန်းတင်တို့၊ ကိုအုန်းဖေတို့ လူစုက အချောင်ရသွားကြမှာဗျ॥ အစိုးရအမှု ထမ်း မဟုတ်တာ အဲဒါတွေ နစ်နာတာပဲ"

ကျွန်တော်॥ ॥"ဒါပေမယ့်ဗျာ ကိုသန်းတင် ကိုယ်တိုင်က အကူအညီတောင်းနေတာကိုးဗျ"

ရှား॥ ॥"အကူအညီတောင်းတာတော့ မှန်တယ်॥ ကျုပ်က သူ့ထက် တတ်တယ်ဆိုတာ သူသိ လေတော့ တယောက်ချင်းတော့ ဝန်ခံပါရဲ့॥ နို့ပေမယ့် ဒီ့ပြင်လူတယောက်ရှေ့မှာဆိုယင် သူ့လျှာကို သူလှီးပစ်ယင်သာ ပစ်မယ်၊ ဖွင့်လို့တော့ ဝန်ခံမယ် မဟုတ်ဘူး॥ သို့သော်လဲ သွားလို့တော့ ကြည့်လိုက် အုံးမှ တင်ပဗျာ॥ကိုယ့်နည်းနဲ့ကိုယ် အသာကျိတ်လုပ်ပြီး မသကာယင် သူတို့ လုပ်ကိုင်ပုံတွေ ရယ်ရယင်လဲ မနည်းဘူးပေါ့ဗျာ"

ဦးစံရှားသည် ထိုင်ရာမှ ထ၍ ချက်ချင်း သွက်လက်လာသည့် လက္ခဏာဖြင့် အဝတ်အစားများ လဲလှယ်ရာမှ "လုပ်ပါဗျ ကိုသိန်းမောင်၊ အပျင်းပြေ လိုက်ကြည့်လှည့်ပါအုံးတော့လား"ဟု ပြောသဖြင့် ကျွန်တော်လည်း အဝတ်များ လဲလှယ်ရလေ၏॥

ကျွန်တော်တို့သည် မြင်းရထားတစီးဖြင့် ဘောင်ဒရီလမ်းဘက်သို့ မောင်းနှင်သွားကြရာ ထိုနေ့မှာ တမိုးလုံး အုံ့မှိုင်းပိတ်ဆိုင်းလျက် ရှိသဖြင့် စိတ်နှလုံး လေးကန်ထိုင်းမှိုင်းစေတတ်သည့်နေ့မျိုး ဖြစ်လေသည်॥ ဦးစံရှားမှာမူ ကြည်ရွှင်ပျော်မြူးဟန် လက္ခဏာဖြင့် မြန်မာလုပ် တယောများအကြောင်း၊ အင်္ဂလိပ်လုပ် တယောများအကြောင်းမှစ၍ ရှေး တယောဆရာကြီးများ၏ တယောဟောင်းများ ရှေ့ဒင်္ဂါး ၁၀၀၀ မက အဖိုးထိုက်တန်ကြောင်းများကို ကရားရေသွန် ပြောသွားလေ၏॥ သူ ထိုးနေသော တယောမှာလည်း အဖိုး ငွေ ၃၅၀-ကျပ်နှင့် အင်္ဂလန်ပြည်မှ ဝယ်ယူထားခြင်းဖြစ်ကြောင်း ပြောပြသဖြင့် ကျွန်တော် အံ့သြမိသေး၏॥

ကျွန်တော်॥ ॥"ခင်ဗျားကြည့်ရပုံက အမှုအကြောင်း ဘာမှ တွေးတော ဆင်ခြင်နေဟန် လက္ခဏာ မရှိပါကလားဗျာ"

ရှား॥ ॥"အကြောင်းစုံ မသိရသေးမီ သွားပြီး တွေးလားတောလား လုပ်ယင် လမ်းလွဲချော် သွားပြီး ပြန်မထွက်နိုင်အောင် ဖြစ်တတ်တယ်ဗျ"

---

ဒုတိယအကြိမ်

www.burmeseclassic.com



ကျွန်တော်။ ။"အကြောင်းစုံ သိရပါတော့မယ်ဗျာ။ ဟောဟိုက ဘောင်ဒရီလမ်းပါပဲ"

ရှား။ ။"ဟုတ်သားဗျို၊ 'ကိုးဇီးဗီလာ'တောင် ရောက်တော့မယ်။ ဟေး ဂယ်ရီဝါလား၊ ဟိုး"

ကျွန်တော်တို့သည် မြင်းရထားပေါ်မှဆင်းကြ၍ ရထားကို လွှတ်လိုက်ပြီးလျှင် ခြေကျင်ဆက်လက်လျှောက်သွားကြလေ၏။ 'ကိုးဇီးဗီလာ'ခေါ် နေအိမ်မှာ တထပ်တိုက်အိမ်ကြီးဖြစ်၍ ကျယ်ဝန်းသော ဝင်းကြီး၏ ဗဟိုတည့်တည့်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံတခု ဖြစ်လေသည်။ ဝင်းကြီးအတွင်း၌ ပန်းအိုးနှင့်စိုက်ထားသော ပန်းပင်အမြောက်အမြားရှိသဖြင့် ဥယျာဉ်ကလေးသဖွယ် တင့်တယ် လှပခြင်းရှိပေရာ အဖြူနှင့်အနက် ဆေးသုတ်ထားသော သစ်သားဝင်းထရံမှာလည်း ဥယျာဉ်ကလေးနှင့် အလွန်တာရာ ပန်ရလှ၏။ ဝင်းပေါက်အနီး၌ကား ကုလားပုလိပ်တယောက် စောင့်လျက်ရှိရာ အရပ်သား သုံးလေးယောက်တို့သည် အိမ်တွင်း၌ ရှိသည်ဆိုသောအလောင်းကို ဝင်းပြင်မှ အချည်းနှီးငေးမျှော်ကာ ကြည့်နေကြလေ၏။

ကျွန်တော်၏စိတ်၌ ဦးစံရှားသည် အိမ်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် တခါတည်းဝင်သွားလိမ့်မည်ဟု တွေးထင်မိရာ ဦးစံရှားမှာမူ ထိုကဲ့သို့ပြုရန် စိတ်ကူးထဲ၌ ထည့်ဟန်မရှိချေ။ ဦးစံရှားသည် အိမ်ဝင်းတွင်းရှိ လမ်းကလေးပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်လျက် မြေကြီးကိုလည်းကောင်း၊ ကောင်းကင်ကိုလည်းကောင်း၊ ဝင်းထရံကိုလည်းကောင်း တလှည့်စီ ငုံ့ချည် မော့ချည် ကြည့်လျက် ရှိ၏။ ထို့နောက် ဦးစံရှားသည် လမ်းကလေးအတိုင်း မလျှောက်ပဲ လမ်းနံဘေးရှိ မြက်ခင်းတလျှောက် ဦးခေါင်းငုံ့ကာ လျှောက်သွားပြန်၏ ထိုသို့သော အပြုအမူများကို မြင်ရသောအခါ ဤမျှလောက် အရေးကြီးနေသော ကိစ္စ၌ ဟိတ်ဟန်များလှချေတကားဟု ကျွန်တော် အောက်မေ့မိ၏။ မြက်ခင်းတလျှောက် လျှောက်ကြည့်ယင်း ဦးစံရှားသည် နှစ်ကြိမ်မျှ ရပ်တန့်၍ ကျေနပ်သောမျက်နှာထားနှင့် ဦးခေါင်းညိတ်လေ၏။

ယမန်ညဉ့်က မိုးရွာသွန်းထားသည့်အတွက်ကြောင့် လမ်းကလေးပေါ်တွင် ခြေရာအမြောက်အမြားရှိနေသော်လည်း ပုလိပ်များ၏ ခြေရာများလည်း ရောထွေးရှုပ်ယှက်ရှိနေသဖြင့် ဦးစံရှားက မည်ကဲ့သို့ ပိုင်းခြားသိရှိနိုင်ဖို့ ရှိသည်ကို ကျွန်တော် မစဉ်းစားနိုင်အောင်ဖြစ်၏။ သို့ရာတွင် ဦးစံရှား၏ မျက်စိစူးခြင်း၊ မျက်စိလျင်ခြင်း အကြောင်းကို အတော်အတန် သက်သေခံ ရရှိပြီးဖြစ်သော ကျွန်တော်မှာ ကျွန်တော်မမြင်နိုင်သော အခြင်းအရာ များစွာတို့ကို ဦးစံရှား တွေ့မြင်နိုင်လိမ့်မည်ဟူ၍ကား ယုံကြည်မိ၏။

အိမ်တံခါးဝသို့ ရောက်သောအခါ ကိုယ်လုံးနှင့်မလိုက်အောင် ဖျတ်လတ် သွက်လက်လှသော လူတယောက်သည် အိမ်ပေါ်မှ ပြေးဆင်းလာ၍ ဦးစံရှား၏လက်ကို ကိုင်ဖမ်းလှုပ်ခါလျက်—

"ဆရာကိုယ်တိုင်လာတာ ကျေးဇူးပါပဲဆရာ။ ဆရာ့သဘော သိလို့ ဘယ်ဟာမှ ခြေရာလက်ရာ မပျက်စေရအောင် ကျွန်တော်စီမံထားပါတယ်"

ရှား။ ။"ဒီ့ပြင်ဟာတော့ ဟုတ်ပါရဲ့၊ ဟောဟိုဟာက ဆိုးတယ်ဗျာ။ နွားအုပ်ကြီးတအုပ် မောင်းသွင်းထားတာတောင် ဒီထက်ပိုပြီး ရှုပ်ထွေးနိုင်ဖို့ မရှိဘူးမှတ်တယ်။ နို့ပေမယ့် ဒီလိုဖြစ်စေဖို့ ခွင့်ပြုခင်ဗျားတော့ တော်တော်တန်တန် တွေးမိတော့မိပြီးထင်ပါရဲ့ ကိုသန်းတင်"

တင်။ ။"ကျွန်တော်က အိမ်တွင်းမှာ ကြည့်စီမံနေလေတော့ အိမ်ပြင်မှာ ကိုအုန်းဖေ ကြည့်လုပ်လိမ့်မယ်လို့ ထင်မိတာ ငွကျကုန်တာပဲဆရာ"

ရှား။ ။(ပြုံးစိစိမျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်လျက်) "ခင်ဗျားနဲ့ ကိုအုန်းဖေနဲ့ နှစ်ယောက်တောင် ဆောင်ရွက်နေမှုဖြင့် ကျုပ်ကူညီပေမယ့် အပိုလိုလို ဖြစ်နေတော့မှာပေါ့ ကိုသန်းတင်"

---

တတိယအကြိမ်

www.burmeseclassic.com



တင်။ ။(ကိုယ့်ကိုယ်ကို ကျေနပ်ဟန်ဖြင့် ဦးခေါင်းထောင်လျက်) "ကျွန်တော်တို့တော့ လိုလေသေး မရှိရအောင် စေ့စေ့စပ်စပ် စီမံထားတာပဲ ဆရာ။ ဒါပေမယ့် အမှုက ခပ်ဆန်းဆန်းမို့လို့ ဆရာ့အာသာကို ရိပ်မိတာနဲ့ ခေါ်ရတာပါဆရာ"

ရှား။ ။"ဒါထက် ခင်ဗျားတို့လာတုန်းက မြင်းရထားနဲ့လာတာ မဟုတ်ဘူးနော်"

တင်။ ။"မဟုတ်ပါဘူး ဆရာ"

ရှား။ ။"ကိုအုန်းဖေ လာတော့ကော"

တင်။ ။"သူလဲ မြင်းရထားနဲ့ မလာပါဘူးဆရာ"

ရှား။ ။"ကိုင်း ဒါဖြင့် လာကြဗျာ။ အိမ်ထဲ တဆိတ်ဝင်ကြည့်လိုက်ကြအုံးစို့"

ကျွန်တော်တို့သည် အိမ်တွင်းသို့ ဝင်ကြသောအခါ အလောင်းရှိသည့် အဖြစ်ကို အားလုံးကပင်သထိရသဖြင့် မရဏာသဘောကို စဉ်းစားမိကြဟန်နှင့် ဦးခေါင်းခပ်လျှိုးလျှိုးဖြင့် ဝင်လာကြလေ၏။ ထိုတိုက်အိမ်ကြီးမှာ ဥရောပတိုက်သား အရာရှိကြီးများ အငှားနေလေ့ရှိသော အိမ်ကြီးမျိုးဖြစ်သဖြင့် အတော်ပင်ကျယ်ဝန်းပေရာ ရှေ့၌ရှိသော ဧည့်ခန်းကြီးမှာ အိမ်ထောင်ပစ္စည်းမှုစ၍ အခင်းအကျင်း အလျှင်းမရှိသည့်အတွက်ကြောင့် ကျယ်ဝန်းသည်ထက် ကျယ်ဝန်းဟန်ရှိပေ၏။ အိမ်ငှားနေသူမရှိသည်မှာ အတန်ကြာသည့်လက္ခဏာဖြင့် ကြမ်းပြင်၊ နံရံ၊ ပြတင်းပေါက် စသည်တို့တွင် မြူမှုန် အလိပ်လိပ် ထပ်လျက်ရှိရာ တခုသောမှန်ပြတင်းပေါက်ခုံပေါ်၌ကား လက်နှစ်သစ်ခန့်ရှိသည့် ဖယောင်းတိုင်တိုကလေးတခုစိုက်ထောင်လျက်ရှိ၏။

ဧည့်ခန်း၏ အလယ်ဗဟို၌ကား အသက် ၄၀ ကျော် အရွယ်ခန့်ရှိသည့် ကုလားလူမျိုးတယောက်၏အလောင်းသည် ကြမ်းပေါ်တွင် ပက်လက်လန်ကာ ပြူးတူးကြောင်တောင်ရှိသော မျက်လုံးများဖြင့်မျက်နှာကြက်ဆီသို့ စိုက်ငေးနေဟန်ဖြင့် ရှိနေ၏။ လူလုံး မကြီးမသေး၊ အရပ် မနိမ့်မမြင့်၊ အသားခပ်လတ်လတ်၊ ဆံပင်ကောက်ကောက်ကို အလယ်မှ ခွဲလျက် တွီသက္ကလတ်ဆန်းဝတ်စုံဖြင့် ဝတ်ဆင်ထားသော အလောင်းကို မြင်ရခြင်းအားဖြင့် အထက်တန်းကျသော လူစားမျိုးထဲကဖြစ်ကြောင်း သိသာနိုင်ပေ၏။ ဦးထုပ်ခပ်သစ်သစ် တလုံးသည်လည်း အလောင်းအနီးတွင် မှောက်လျက်ကျနေ၏။

အလောင်းသည် လက်နှစ်ဘက်လုံးကို စိစိပါအောင် ဆုပ်ညှစ်လျက် လက်ယာဘက် လက်သည်ကြည့်နေသူများအား လက်သီးနှင့်ရွယ်ထားဟန် ရှေ့သို့ ခပ်ဆန့်ဆန့်ရှိနေသည့်ပြင် ခြေနှစ်ဘက်တို့မှာလည်းမချိမဆန့် အသက်သွက်ရသည့် လက္ခဏာဖြင့် တဘက်ကိုတဘက် ချိတ်လိမ်ကာ ရှိနေလေ၏။ အလောင်း၏အနေအထားမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း ခြိမ်းခြောက်နေသော ဟန်အမူအရာရှိသည့်ပြင် လှိုက်လှိုက်လှဲလှဲတူးတူးခါးခါး မုန်းတီးခြင်း၊ စက်ဆုပ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့သည် နောက်ဆုံး ဇောခုနစ်ကြိမ်စောသည့်တခဏအတွင်း၌ တပြိုင်နက် တချက်တည်း ဝိထိကျသွားဟန် ရှိလေရကား ထိုသူ၏မျက်နှာထားမှာ မမြင်ဝံ့မရှုဝံ့လောက်အောင် မျက်မာန်အားကြီး၍ ခက်ထန်ကြမ်းကြုတ်လှပေ၏။

ယင်းကဲ့သို့ မျက်နှာထား ဆိုးရွားလှသည့်အတွင်း နဖူးမောက်ခြင်း၊ နှာရောင်ကောက်ခြင်း၊ နှာသီးဖျား ပုတိုတိုရှိခြင်း စသည့် အဆင်မပြေသော ရုပ်လက္ခဏာဖြင့် တွန့်လိမ် ကောက်ကွေးနေသောကိုယ်အင်္ဂါ ခြေလက် အနေအထားတို့ကို စုပေါင်းထည့်သွင်းလိုက်သည်ရှိသော် ကျွန်တော့်မှာ ဤမျှလောက်အမြင်ဆိုးသော အလောင်းတလောင်းကို မြင်လည်း မမြင်ဖူး၊ နောင်ကိုလည်း မမြင် မတွေ့ပါရစေနှင့်ဟုဆုတောင်းမိသေး၏။

မျက်နှာ စုတ်ချွန်းချွန်းနှင့် ကိုအုန်းဖေသည် ကျွန်တော်တို့ဝင်လာသည်ကို မြင်သောအခါ ပုလိပ်သားတယောက်အား အမိန့်ပေးနေရာမှ ထွက်လာ၍—

---

တတိယအကြိမ်

www.burmeseclassic.com


ဖေ။ ။"ဒီအမှုက တမြို့လုံး တုန်သွားမယ့် အမှုဆရာရေ့၊ ကျွန်တော်လဲ ဆရာသိတဲ့အတိုင်း အမှုပေါင်း တော်တော်စုံခဲ့ပါပြီ။ ဒီဟာမျိုး တခါမှ မကြုံဖူးပေါင် ဆရာ"

တင်။ ။"သဲလွန်စများ ဘာထပ်တွေ့သေးသလဲ ကိုအုန်းဖေ"

ဖေ။ ။(ရှုံ့မဲ့လျက်) "ဘာမှ မတွေ့ဘူးဗျ"

ဦးစံရှားသည် အလောင်းအနီးသို့ ချဉ်းကပ်၍ ဒူးထောက်ပြီးလျှင် အတန်ကြာအောင် စိုက်၍ ကြည့်လေ၏။ ထို့နောက် ကြမ်းပေါ်၌ စွန်းပေနေသော သွေးကွက်များကို လက်ညှိုးညွှန်ပြလျက်—

ရှား။ ။"အလောင်းမှာ ဒဏ်ရာတခုမှ မရှိဘူးဆိုတာ သေချာရဲ့လားခင်ဗျ"

နှစ်ယောက်လုံး။ ။"သေချာပါတယ် ဆရာ"

ရှား။ ။"ဒီလိုဆိုယင် ဒီသွေးကွက်တွေဟာ ဒီ့ပြင် လူတယောက်ရဲ့သွေးဖြစ်ရမှာပေါ့။ လူသတ်မှုဆိုယင်လဲ သတ်တဲ့လူရဲ့သွေး ဖြစ်ချင် ဖြစ်နိုင်တာပေါ့။ ဒီအမှုမြင်ရတော့ တမြန်နှစ်က ပုသိမ်မြို့ ရဲဗိုလ်တပ်မှာ ကိုကျော်လုံးဆိုတဲ့လူ သေဖူးတဲ့ အမှုကို သွားပြီး သတိရမိသေးတယ်။ ခင်ဗျားတို့ မှတ်မိကြသေးလား"

နှစ်ယောက်လုံး။ ။"မမှတ်မိဘူး ဆရာ"

ရှား။ ။"ပြန်ဖတ်ကြည့်ယင်ကောင်းတယ်။ လောကမှာ အသစ်အဆန်းရယ်လို့ တယ်မရှိလှပါဘူး။ ဘယ်လောက် ထူးဆန်းလှပါတယ် ဆိုပေမယ့် ရှေးက ဖြစ်ဖူးတဲ့ အမှုမျိုးချည်း လိုလိုပါပဲ"

ယင်းသို့ ပြောလျက်ရှိစဉ် ဦးစံရှား၏ လက်ချောင်းများသည် အလောင်း၏ ကိုယ်တခုလုံးကို ထိုမှ ဤမှ အနှံ့အပြား ဖိလိုက် နှိပ်လိုက် လှန်လိုက် လှောလိုက် စမ်းလိုက် သပ်လိုက် ပြုလုပ်လျက် ရှိလေ၏။ ဦးစံရှား၏ လက်ချောင်းများသည် အလွန်လျင်မြန်စွာ ဤနေရာမှ ထိုနေရာသို့ ကူးပြောင်းစမ်းသပ်လျက် ရှိသောကြောင့် သာမန်အားဖြင့် ကြည့်ရှုသော် စေ့စပ်သေချာသည် ဟူ၍ပင် မထင်ရချေ။ နောက်ဆုံး၌ ဦးစံရှားသည် ကြမ်းပေါ်တွင် ဒူးထောက်ကာ အလောင်း၏ နှုတ်ခမ်းများကို ငုံ့၍ နမ်းရှုံ့ပြီးနောက် အလောင်း၏ခြေမှ သားရေပြောင် ဖိနပ်၏ အောက်ခံ သားရေကို သေချာစွာ ကြည့်ရှုလေ၏။

ရှား။ ။"အလောင်းကို ခင်ဗျားတို့ ရွှေ့လား ပြောင်းလား မလုပ်ဘူး ဟုတ်စ"

တင်။ ။"စုံစမ်းလို့ ဖြစ်နိုင်ရုံလောက်ထက် ပိုပြီး ကျွန်တော်တို့ မရွှေ့ပါဘူးဆရာ"

ရှား။ ။"ကိုင်း တော်လောက်ပါပြီ၊ ရင်ခွဲရုံ ပို့ချင် ပို့လိုက်ပါတော့"

ကိုသန်းတင်သည် အဆင်သင့်ပြင်ဆင်ထားသော ထမ်းစင်ပေါ်သို့ အလောင်းကို ပွေ့ချီ တင်စေရာတွင် လက်စွပ်ကလေး တကွင်းသည် အလောင်း၏ ကိုယ်တွင်းမှ ကြမ်းပေါ်သို့ ထွက်ကျလာလေ၏။ ကိုအုန်းဖေသည် လက်စွပ်ကလေးကို ကောက်ယူထားလိုက်၍ ထမ်းစင်သမားများလည်း အလောင်းကို အပြင်သို့ ထုတ်သွားကြလေရာ အလောင်းနှင့် နီးနီးကပ်ကပ် မနေဖူးသော ကျွန်တော်မှာ ထိုအခါမှ အသက်ရှူ ချောင်သွားလေတော့၏။

ကိုအုန်းဖေသည် လက်စွပ်ကို သေချာစွာကြည့်ယင်း—

"လက်စွပ်ကတော့ လက်ထပ် လက်စွပ်ပဲ ဆရာရေ့၊ ဧကန္တ မ နဲ့ ပတ်သက်တဲ့ အမှုနဲ့တူတယ်"

ကျွန်တော်တို့အားလုံးသည် အခန်းပြင်သို့ ထွက်ပြီးလျှင် လက်စွပ်ကို တလှည့်စီ ကိုင်တွယ် ကြည့်ရှု၍ လက်သန်းတွင် အသီးသီးစွပ်ကြည့်ကြရာ မည်သူ၏လက်နှင့်မျှမတော်ကြောင်း တွေ့ရလေ၏။ သေးငယ်ခြင်း အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း ထောက်သော် ထိုလက်စွပ်မှာ သတို့သမီး တဦးတယောက်၏ လက်စွပ်ဖြစ်ကြောင်း ထင်ရှားပေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တင်။ ။"ဒီလိုဆိုယင် သာပြီးရှုပ်ထွေးဖို့ ဖြစ်ပြန်ရောပေါ့ဗျ။ အမှုက ရှုပ်ရတဲ့အထဲမှာ ကြာလေ ရှုပ်လေ ဖြစ်နေပြီကောဆရာ"

ရှား။ ။"သဲလွန်စ ရတယ်လို့ မဆိုနိုင်ပေဘူးလားဗျာ။ ကိုင်း၊ သို့သော် ရှုပ်တာ ရှင်းတာ အသာထားပြီး သူ့အိတ်ထဲက တွေ့တဲ့ ပစ္စည်းတွေ ပြကြစမ်းဗျာ"

တင်။ ။(အင်္ကျီအိတ်တွင်းမှ လက်ကိုင်ပဝါထုပ်ကလေးကို ဖြေလျက်) "ဟောဒါ တစုံပါပဲ ဆရာ။ ကြည့်ပါတော့"ဟု ပြော၍ ဦးစံရှားသို့ ပေးအပ်လေ၏။

ပစ္စည်းများမှာ ၃-ရတီခန့်ရှိသော စိန်လက်စွပ်တကွင်း၊ စိန်ကြိုးနှင့်ရွှေလက်ပတ်နာရီတလုံး၊ တဆယ်ကျပ်တန်စက္ကူ ငါးချပ်ပါသည့် သားရေအိတ်ကလေးတလုံး၊ မူးစေ့ မတ်စေ့ ၁၃.ပဲ၊ 'ဝေဿက'ဟူသော အမည်ပါသည့် ကားချပ်ကလေး သုံးချပ်၊ စာနှစ်စောင်၊ တစောင်မှာ ရန်ကုန်စာတိုက်ကြီးမှ ကျေးဇူးပြု၍ မစ္စတာဝေဿကသို့ ပေးရန် ဟူ၍လည်းကောင်း၊ ဒုတိယစာတစောင်မှာ ရန်ကုန်စာတိုက်ကြီးမှ ကျေးဇူးပြု၍ မစ္စတာဟိန္ဒကသို့ ပေးရန် ဟူ၍လည်းကောင်း လိပ်တပ်ထား၏။ ထိုစာနှစ်စောင်လုံးမှာ သောမတ်စ်ကွတ် ဘဏ်တိုက်မှ ကာလကတ္တားမြို့ထွက် သင်္ဘောအကြောင်း နို့တစ်ပေးသော စာများဖြစ်လေသည်။ ပထမစာကို ထောက်ခြင်းအားဖြင့် သေဆုံးသူသည် ကာလကတ္တားမြို့သို့ ထွက်မည့် 'အာရန်ကိုလာ'သင်္ဘောနှင့် လိုက်ရန် ကြံရွယ်ထားဟန် တူပေ၏။

ရှား။ ။"မစ္စတာ ဟိန္ဒကဆိုတဲ့ လူအကြောင်းကို ခင်ဗျား စုံစမ်းကြည့်ပြီးပြီလား"

တင်။ ။"ချက်ချင်းပ ဆရာ၊ အင်္ဂလိပ် သတင်းစာတွေ အားလုံးမှာ ကြော်ငြာတွေ ထည့်တယ်။ ရန်ကုန် စာတိုက်ကြီးကိုလဲ လူလွှတ်ပြီး စုံစမ်းခိုင်းထားတယ်။ သို့သော် စုံစမ်းသွားတဲ့လူတော့ ပြန်မလာသေးဘူးဆရာ"

ရှား။ ။"ရာဇပုတ္တနနယ်က ပါတလိပုတ္တရမြို့ကိုကော စုံစမ်းပြီးပြီလား"

တင်။ ။"ဒီကနေ့ မနက်ပဲ ကြေးနန်းရိုက်ပြီးပြီ ဆရာ"

ရှား။ ။"ဘယ်ပုံ ခင်ဗျား မေးထားသလဲဗျ"

တင်။ ။"အဖြစ်အပျက်ကို ဖော်ပြပြီး အထောက်အပံ့ဖြစ်မယ့် သတင်းမျိုး ပို့နိုင်ယင် ပို့ပါလို့ ကြေးနန်း ရိုက်ထားတာပဲ ဆရာ"

ရှား။ ။"ခင်ဗျားစိတ်ထဲမှာ အရေးကြီးတယ်ထင်တဲ့ အချက်တခုကို ဝ ကွက်ပြီး မစုံစမ်းလိုက်ဘူးလား"

တင်။ ။"ဟိန္ဒက ဆိုတဲ့ လူအကြောင်း မေးထားတာပဲ ဆရာ"

ရှား။ ။"ဒီ့ပြင် ဘာမှ မမေးလိုက်ဘူးလား။ ဒီအမှုမှာ ဘယ်အချက်ဟာ အရေးကြီးတယ်လို့ ခင်ဗျားစိတ်ထဲမှာ ဆုံးဖြတ်ထားတာ မရှိဘူးလား။ နောက်ထပ်ပြီး ကြေးနန်းမရိုက်တော့ဘူးလား"

တင်။ ။(စိတ်တိုလာသော အမူအရာဖြင့်) "ကျွန်တော် ဆောင်ရွက်ထားသမျှ ပြောပြီးပြီကော ဆရာရယ်"

ဦးစံရှားသည် အတွင်းပြုံး ပြုံးသော မျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်၍ တစုံတခု ပြောတော့မည့် အပြုတွင် ကိုအုန်းဖေသည် အလွန်နှစ်သိမ့် ကျေနပ်လာဟန်နှင့် ကျွန်တော်တို့ရှိရာသို့ သုတ်သီးသုတ်ပျာ လျှောက်လာ၍ "ခင်ဗျားတို့က ဒီမှာစကားကောင်းပြီးနေကြတုန်း ကျုပ်က အရေးကြီးတဲ့အချက်ကြီးတခု တွေ့လာခဲ့ပြီ"ဟု အားရရွှင်ပျစွာနှင့် ပြောလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com



ရှား။ ။(မျက်ခုံးချီလျက်) "ဟုတ်ရဲလား၊ တော်ပါပေ့ဗျာ။ ဘာများလဲ ပြောစမ်းပါအုံးဗျ"

ဖေ။ ။"လာကြ၊ လာကြ၊ ကြည့်လှည့်ကြစမ်း"ဟု ပြော၍ ဟန်ကြီးပန်ကြီး ခြေလှမ်းမျိုးဖြင့် ညွှေ့ခန်းသို့ ရှေ့မှ ဝင်သွားလေရာ ကျွန်တော်တို့လည်း နောက်မှ လိုက်သွားကြလေ၏။ ညွှေ့ခန်း၏ တဘက်သော နံရံသို့ ချဉ်းကပ်မိကြသောအခါ ကိုအုန်းဖေသည် မီးခြစ်ဆံတဆံကို ခြစ်ကာ နံရံနှင့်ကပ်လျက် ကိုင်ထား၍ "ကိုင်း ကြည့်ကြစမ်း၊ ဒီဟာ ဘာလဲ"ဟု အတန်းပြ ဆရာက တပည့်များအား ပြဟန်ဖြင့် လက်ညှိုးညွှန်ပြလေ၏။ ကျွန်တော်တို့သည် ကိုအုန်းဖေ၏ လက်ညှိုးညွှန်ရာ နေရာကို ကြည့်ကြသည့်တွင် ဖြူဖွေးသော နံရံ၌ ရဲရဲနီသော အင်္ဂလိပ်အက္ခရာ သုံးလုံးကို တွေ့မြင်ကြရလေ၏။ ယင်းတို့မှာ 'ဗွီ၊ ဒီ၊တီ' ဟူသော စာလုံးများ ဖြစ်လေသည်။

ဖေ။ ။(အံ့မခန်း အခြင်းအရာ တခုက တပည့်များအား ပြသနေသော ဆရာတဦး၏ အမူအရာဖြင့် လက်ပိုက်ကာ ရင်ကိုကော့လျက်) "ဘယ့်နှယ်ရှိစ ဆရာကြီးတို့၊ ဒီလောက် ကုပ်ကုပ်ကပ်ကပ် လိုက်ရှာဖို့ ခင်ဗျားတို့လိုဖြင့် ဘယ်တော့သွားပြီး သတိရမလဲ။ စေ့စပ်တဲ့နေရာမှာတော့ နံပါတ်ဝမ်း ထား လိုက်ပါဗျ" ဟု ပြောယင်း မိမိ၏ရင်ကို ပုတ်၍ ပြလေ၏။

ရှား။(ဝမ်းထဲကပြုံးသော်လည်း အပြင်၌ ဣန္ဒြေကြီးနှင့်) "တော်ပါပေ့ဗျာ။ ဒါထက် ခင်ဗျား ဘယ်အဓိပ္ပာယ်ကောက်သလဲ"

ဖေ။ ။"သတ်တဲ့လူဟာ သူ့သွေးနဲ့သူ ဒီစာလုံးတွေကို ရေးခြင်း အမှန်ပဲဗျ။ ဒီနေရာမှာ စီးကျ ထားပုံကြည့်စမ်း၊ ဟုတ်စ။ အဲဒီတော့ သေသူဟာ သူ့ကိုယ်သူ သတ်သေတာ မဟုတ်ကြောင်း ကောင်း ကောင်းကြီးထင်ရှားတယ်လို့ ဆိုရလိမ့်မယ်။ ဒီစာလုံးကို ဘာကြောင့် ဒီနေရာမှာ ရေးခဲ့သလဲ၊သိကြရဲလား။ ကြည့်ကြ၊ ကျုပ်ရှင်းပြမယ်။ ဟောဟိုမှာ ဖယောင်းတိုင် မြင်လား။ ဖယောင်းတိုင် အဲဟိုမှာ ထွန်းထားယင် ဒီနေရာဟာ အလင်းဆုံးနေရာပဲဗျ။ ဒါကြောင့် ဒီနေရာမှာ သူ စာခရေးတယ်။ မရှင်းလားဗျာ"

တင်။ ။(ကိုအုန်းဖေ၏ ဟန်ကြီးခြင်းကို ရွံ့ဟန်လက္ခဏာဖြင့်) "ဒီတော့ ဘာဖြစ်သေးလဲဗျ။ ဒါနဲ့ ဘယ်လောက်ကြီးများ ထူးသွားလို့လဲ"

ဖေ။ ။"ထူးပြီလား ကိုသန်းတင်၊ ဒီစာသုံးလုံးဟာ အရမ်းမဲ့ လျှောက်ပြီးရေးတဲ့ စာလုံးတွေ မဟုတ်နိုင်ဘူးဗျ။ သူ့နာမည်ကို သူ အတိုကောက် ရေးထားတာ ဖြစ်ရမယ်။ ဒီတော့ ကျုပ်တို့ ဒီစာ သုံးလုံးကို ဖော်နိုင်ယင် သတ်တဲ့လူကို ဖော်နိုင်တာနဲ့ အတူတူပဲ။ ကိုင်း ဒါ မထူးဘူးလားဗျာ"

တင်။ ။(နှာခေါင်းရှုံ့လျက်) "ဒါဖြင့် ခင်ဗျား ဖော်စမ်းပါအုံးဗျာ"

ဖေ။ ။"'ဗွီ'က ဗလင်တိုင်၊ 'ဒီ'က ဒေးဗစ်၊ 'တီ'က တင်နီဆင်။ ဒီတော့ ဗလင်တိုင် ဒေးဗစ် တင်နီဆင်ဆိုတဲ့ လူတယောက် ဖြစ်နိုင်တယ်။ နောက်ဆုံး ဘယ်နည်းနဲ့မဆို အမှန်ကို မတွေ့နိုင်အုံးတော့ နောက်နောင် သဲလွန်စရလို့ လိုက်ကြတဲ့အခါမှာ ဒီနာမည်နဲ့ ကိုက် မကိုက် ချိန်ထိုးပြီး ကြည့်နိုင်တယ် မဟုတ်ဘူးလားဗျ"

တင်။ ။"ခင်ဗျားဟာက တိုက်ရိုက်နည်းလဲ မဟုတ်၊ သွယ်ဝိုက်တဲ့ နည်းကြီးကိုးဗျ"

ထိုအတောအတွင်း ဦးစံရှားမှာ နံဘေးနှစ်ဘက်ကို နှိပ်ကာ ပြင်းထန်စွာ ရယ်မောလျက် ရှိရာ ကိုအုန်းဖေက မခံချင်သော အမူအရာဖြင့် ဖြတ်ကနဲ လှည့်၍—

ဖေ။ ။"ဘာလဲဆရာ၊ ဆရာက ကျွန်တော်တို့ကို လှောင်နေတာလား"

ရှား။ ။(ရုတ်တရက် ဣန္ဒြေဆည်လျက်) "မဟုတ်ပါဗျာ၊ ဒီစာလုံးတွေ တွေ့ခြင်းဟာ ခင်ဗျား မျက်စိစူးခြင်းရဲ့ အကျိုးအာနိသင်ဖြစ်ကြောင်း ဝန်ခံဖို့ အသင့်ရှိပါတယ်။ပြီးတော့ ဒီစာလုံးများကို ဒီအမူနဲ့

www.burmeseclassic.com



ပတ်သက်တဲ့ လူတဦးတယောက် ရေးခဲ့တယ်ဆိုတဲ့ အကြောင်းဟာလဲ အများကြီး ယုတ္တိရှိပါပေတယ်။ သို့သော် ဒီအခန်းကို ကျုပ်ကိုယ်တိုင် ဘာမှမကြည့်ရ မရှုရသေးတဲ့အတွက် ကြည့်ပါရစေအုံးဗျာ။ တဆိတ်ခွင့်ပြုကြပါအုံး”

ထိုကဲ့သို့ ပြောပြောဆိုဆိုနှင့် ဦးစံရှားသည် ပေကြိုးတချောင်းနှင့် မှန်ဘီလူးကလေးတခုကို အိတ်ထဲမှ ထုတ်ပြီးနောက် စေ့စပ်စွာ ကြည့်ရှုစ ပြုလေ၏။ ဦးစံရှားသည် အခန်းတလျှောက်လုံး ထိုမှ ဤမှ လူးလာ တုံ့ပြန် လျှောက်သွားလျက် တနေရာ၌ ဒူးထောက်လျက်လည်းကောင်း၊ တနေရာ၌ ဝမ်းလျားမှောက်လျက် လည်းကောင်း၊ ပါးစပ်မှလည်း တီးတိုးတွတ်တွတ် ရေရွတ်ချည်တခါ၊ ဖြည်းညင်းစွာ လေချွန်ချည်တလှည့်ဖြင့် အဖန်တလဲလဲ ကုန်းလိုက်၊ ကွလိုက်၊ မှောက်လိုက်၊ လှန်လိုက် လုပ်နေလေ၏။

ထိုသူ၏ အမူအရာကို မြင်ရသောအခါ ကျွန်တော်မှာ ငယ်စဉ် ရွှေဘိုနယ်တွင် ယုန်လိုက်ခဲ့ဖူးစဉ်က ယုန်နံ့ခံသော ခွေးသမင်များ၏ အမူအရာကို သတိရမိသေး၏။ ယင်းကဲ့သို့ အနည်းနည်းအဖုံဖုံ စုံစမ်းကြည့်ရှု၍ ရုံဖန်ရံခါ ကြမ်းပြင်ကို ပေကြိုးနှင့် တိုင်းထွာခြင်း၊ နံရံကို ထိုနည်းအတူ တိုင်းထွာခြင်း၊ တနေရာ၌ တွေ့သော မြူမှုန်ကလေးများကို ခြစ်ယူ၍ စာအိတ်တလုံးတွင် ထည့်ထားခြင်း၊ နံရံမှ စာလုံးများကို မှန်ဘီလူးနှင့် တလုံးစီ သေချာစွာ ကြည့်ရှုခြင်း စသည်ဖြင့် မိနစ် ၂၀ ခန့် ကြာအောင် အလုပ်လုပ်လျက်ရှိ၏။ ထိုအတောအတွင်း၌ ဦးစံရှားသည် မိမိ၏ အလုပ်တွင် စိတ်ပါဝင်စားခြင်း အားကြီးလှသောကြောင့် ကျွန်ုပ်တော်တို့သုံးယောက် ရှိနေခြင်းကို အလျှင်းပင် သတိရတော့ဟန် မရှိချေ။ နောက်ဆုံး၌ ဦးစံရှားသည် ကျေနပ်ဟန်ရှိသော မျက်နှာထားဖြင့် ကုန်းရာမှ ထ၍ ပေကြိုးနှင့် မှန်ဘီလူးတို့ကို အင်္ကျီအိတ်တွင်းသို့ ထည့်ထားလိုက်လေ၏။

ရှား။ ။“ ‘သည်းညည်းခံ နိဗ္ဗာန်ရ’ ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ကျုပ်တို့ စုံထောက်အလုပ်ဟာလဲ သည်းညည်းခံရ စိတ်ရှည်ရလွန်းလို့ ဒီဘက်က ပါရမီဖြည့်ရာ ရောက်မလား မဆိုနိုင်ဘူး”

ကိုအုန်းဖေနှင့် ကိုသန်းတင်တို့မှာ ဦးစံရှား၏ စုံစမ်းပုံများကို စိတ်ထဲက လှောင်ချင် ပြောင်ချင်ဟန်ဖြင့် တယောက်မျက်နှာကိုတယောက် မကြာခဏ လှမ်း၍ ကြည့်ကြ၏။ ကျွန်တော်မှာမူ ထိုသူပြုသမျှသော အခြင်းအရာတို့မှာ အချည်းနှီး အလဟဿ မဟုတ်ပဲ ရည်ရွယ်ချက် တစုံတခု ရှိရမည်ဟု တွေးမိ၏။ မည်သို့သော ရည်ရွယ်ချက်မျိုး ဖြစ်သည်ကိုမူ မရိပ်မိနိုင်ပေ။

တင်။ ။“ဆရာ့သဘော ဘယ်လိုရသလဲ ဆရာ”

ဖေ။ ။“ဟုတ်ပ့ါဆရာ၊ လင်းစမ်းပါအုံးမှပေါ့ ဆရာကလဲ”

ရှား။ ။“ခင်ဗျားတို့ဟာနဲ့ ခင်ဗျားတို့ နေရာကျနေပါလျက်နဲ့ ကျုပ်ဝင်ပြီးရှုပ်လို့ အပိုလိုလို ဖြစ်နေမှာပေါ့ဗျာ။ ခင်ဗျားတို့ စုံစမ်းလို့ ဘယ်အခြေအနေ ရောက်နေပြီဆိုတာ ကျုပ်ကို လာပြောပြယင် ကူညီသင့်တဲ့နေရာက ကျုပ် ကူညီပေးမယ်ပေါ့။ ဒီအတောအတွင်းမှာ အလောင်းကို တွေ့တဲ့ပုလိပ်နဲ့ ကျုပ် တွေ့စမ်းချင်ပါတယ်။ ဘယ်ဌာနာကတဲ့လဲဗျို”

ဖေ။ ။(မှတ်စုစာအုပ်ကိုကြည့်၍) “ဗဟန်းဌာနာက ဘတန်းဆင်တဲ့ ဆရာ”

ဦးစံရှားသည် မှတ်စုစာအုပ်တွင် ရေးမှတ်လေ၏။ ထို့နောက်—

ရှား။ ။“ကိုင်း လာဗျာ ကိုသိန်းမောင်၊ ဘတန်းဆင်ကို သွားကြည့်စမ်းကြရအောင်။ ခြောင်ဒါထက် ခင်ဗျားတို့နှစ်ယောက်ကို အထောက်အပံ့ရစေမယ့် အချက်ကလေးတချက်နှစ်ချက်တော့ ပြောပြခဲ့မယ်။ ဒီအမှုဟာ လူသတ်မှုအမှန်ပဲဗျ။ သတ်တဲ့လူဟာ ယောကျ်ားပဲ။ သူ့အရပ်ဟာ ၆ ပေထက် မနိမ့်ဘူး။ အရွယ်က သန်တုန်းမြန်တုန်း။ သူ့ခြေထောက်မှာ ဟိုညက ကုလားဖိနပ်ကြီးစီးထားတယ်။ သူ့အရပ်နဲ့စာယင်

www.burmeseclassic.com


ခြေထောက် သေးတယ်။ သောက်တော့ ဘီဒီဆေးလိပ် သောက်တယ်။ ဒီအိမ်ကို သူတို့ မြင်းရထားနဲ့ လာတယ်။ မြင်းမှာ သံခွာ သုံးဘက်က အဟောင်း။ လက်ယာဘက် လက်က သံခွာက အသစ်ဖြစ်ရမယ်။ သတ်တဲ့လူရဲ့ မျက်နှာက ခပ်နီနီရှိတတ်တဲ့အပြင် သူ့လက်သည်းများလဲ မဖြတ်တာကြာလို့ တော်တော် ရှည်နေတဲ့ လက္ခဏာရှိတယ်။ ကိုင်း ဒီလောက်ဆိုယင် ခင်ဗျားတို့ တော်တော်တန်တန် ခြေရာခံနိုင် လောက်ပြီကောဗျ"

ကိုအုန်းဖေနှင့် ကိုသန်းတင်တို့မှာ ထိုစကားကို ကြားရသောအခါတွင် မယုံကြည်နိုင်သော မျက်နှာထားနှင့် တယောက်ကိုတယောက် လှမ်း၍ ကြည့်နေကြလေ၏။

ဖေ။ ။"သတ်တယ်ဆိုယင် ဘယ်ပုံဘယ်နည်းနဲ့ သတ်သလဲ ဆရာ"

ရှား။ ။"အဆိပ်ပေါ့ဗျာ"ဟု ခပ်တိုတိုပြော၍ ထွက်သွားပြီးမှ တဖန် လှည့်၍ "သြော် ဒါထက် ကိုအုန်းဖေ၊ နံရံမှာရေးထားတဲ့ စာသုံးလုံးဟာ လူနာမည် အတိုကောက် မဟုတ်ဘူးဗျ။ ဗန်ဒက်တား (Vendetta)ဆိုတဲ့ အီတာလျံကလာတဲ့ အင်္ဂလိပ်စကားဗျ။ အဓိပ္ပာယ်က 'လက်စားချေခြင်းတဲ့'။ လူနာမည် လျှောက်တွေးနေလို့ အလကား အချိန်ကုန်နေမယ်"ဟု ပြောပြောဆိုဆိုဖြင့် အိမ်ပေါ်မှ ဆင်းသွား၍ ကျွန်တော်က နောက်မှ လိုက်သွားလေရာ စုံထောက်နှစ်ယောက်တို့မှာ ပါးစပ်ဟကာ ငေးမော ကျန်နေရစ် ကြလေ၏။

## ၂

## ဘတန်းဆင်နှင့် တွေ့ဆုံပုံ

ကျွန်တော်တို့သည် 'ကိုးဇီးဗီလာ' အိမ်မှ ဆင်းလာကြသောအခါ နာရီပြန်တချက် ထိုးပြီးခဲ့လေပြီ ဘောင်ဒရီလမ်းတလျှောက် အရှေ့ဘက်သို့ လျှောက်လာကြစဉ် လမ်းခရီးတွင်—

ရှား။ ။"ကျုပ်စိတ်ထဲမှာတော့ ဒီအမှုနဲ့ပတ်သက်လို့ သေချာသလောက် သေချာနေပါပြီဗျာ။ သို့သော် တတ်နိုင်သမျှ စုံလင်အောင် ထောက်လှမ်းခြင်းဟာတော့ လွန်တယ်လို့ မရှိနိုင်ဘူးပေါ့ဗျာ"

ကျွန်တော်။ ။"နေပါအုံး ဦးစံရှားရယ်၊ ခင်ဗျား ခုနင်က ပြောခဲ့တာတွေဟာ တကယ်အတည် ပြောတာတွေလားဗျ"

ရှား။ ။"ဟာ အတည်ပြောတာပေါ့ဗျ၊ လူသတ်မှုပါဆိုမှ ဘယ်မှာ သရော်ပျက်ချော်ပြောလို့ ဖြစ်နိုင်ပါ့မလဲဗျာ"

ကျွန်တော်။ ။"တဆိတ်လောက် နားလည်အောင် ရှင်းလင်းစမ်းပါအုံးဗျာ"

ရှား။ ။"ဝင်းထဲ ဝင်သွား သွားချင်း ဘာသတိပြုမိသလဲဆိုတော့ ရထားဘီးကြောင်း နှစ်ခုကို ကျုပ် မြင်မိတယ်။ မိုးမရွာတာ လေးငါးခြောက်ရက် ရှိပြီ။ မနေ့ညကမှ ရွာတယ်၊ ဟုတ်စ။ ဒီတော့ကာ ဒီဘီးကြောင်းရာတွေဟာ မနေ့ညက မိုးရွာပြီးတဲ့နောက်မှ ဖြစ်ပေါ်လာကြောင်း ထင်ရှားတယ်။ ဟုတ်စ။ မြင်းခွာရာ လေးဘက်အနက် သုံးဘက်က ခပ်မှိန်မှိန်။ တဘက်ဟာက သိပ်ပြီး ထင်းနေတယ်။ ဒါကြောင့် သံခွာတဘက်အသစ်လို့ ကျုပ် ဆိုတယ်။ ကိုအုန်းဖေနဲ့ ကိုသန်းတင်တို့လဲ မြင်းရထားနဲ့ မလာကြဘူးလို့ ဆိုတာ သိရလေတော့ ဒီဘီးရာတွေဟာ မနေ့ညက ဟိုလူနှစ်ယောက်စီးလာတဲ့ ရထားဘီးရာတွေ ဖြစ်ကြောင်း ထင်ရှားတယ်။ ဟုတ်စ"

တတိယအကြိမ်

www.burmeseclassic.com



ကျွန်တော်။ ။"ဒါကတော့ ရှင်းပါပြီဗျာ။ နို့ ဒါထက် ဟိုလူရဲ့ အရပ်အမောင်းကို ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သိနိုင်သလဲ"

ရှား။ ။"လူဘယောက်ရဲ့ ခြေလှမ်းကိုကြည့်ပြီး သူ့အရပ်ကို တွက်ယူယင် ၁၀ ယောက်မှာ ၉ ယောက် မှန်ရမယ်ဗျ။ အရပ်မြင့်ယင် ခြေလှမ်းကျယ်တယ်။ နိမ့်ယင် ခြေလှမ်း စိပ်တယ်။ ဟုတ်ကဲ့ မဟုတ်လား။ ဒီလူရဲ့ ခြေရာတွေကို အိမ်ပြင်က ရွှံ့ထဲမှာလဲ ကျုပ် တွေ့ရတယ်။ အခန်းထဲက မြူမှုန်တွေထဲမှာလဲ ကျုပ် တွေ့နိုင်တယ်။ ဒီ့ပြင်လဲ တွက်နည်းတနည်း ရှိသေးတယ်။ ဒီလိုဗျ။ ဘယ်သူမဆို နံရံမှာ စာရေးမယ်လို့ ဆိုယင် ကိုယ့်မျက်လုံးနဲ့ တည့်တည့်လောက်မှာ ရေးတတ်မြဲ ထုံးစံရှိတယ်။ နံရံမှာ တွေ့တဲ့ စာလုံးတွေဟာ ကျုပ်မျက်လုံးထက် နှစ်လက်မလောက် မြင့်တယ်။ ကျုပ်အရပ်ဟာ ၅ ပေ ၁၀ လက်မ ရှိတယ်။ ဒါကြောင့် သူ့အရပ်ကို ၆ ပေလို့ ကျုပ် မှန်းတယ်။ ဘယ့်နှယ်လဲ"

ကျွန်တော်။ ။"သန်တုန်း မြန်တုန်းအရွယ် ဆိုတာကကောဗျာ"

ရှား။ ။"လေးပေခွဲရှိတဲ့ ရွှံ့ကွက်ကို ခွန်အားမစိုက်ပဲ အသာကလေး လှမ်းကျော်နိုင်တဲ့လူဟာ သန်တုန်းမြန်တုန်းအရွယ်လို့ ဆိုရမှာပေါ့ဗျ။ ဝင်းထဲက ခြေရာတွေ ကျုပ်ကြည့်တော့ ရွှံ့ကွက်ဆီအရောက်မှာ ကုလားဖိနပ်ရှင်က လှမ်းကျော်သွားတယ်။ သားရေပြောင် ဖိနပ်ရှင်က ကွင်းပြီး လျှောက်သွားတာ ကျုပ် တွေ့တယ်"

ကျွန်တော်။ ။"လက်သည်းရှည် ထားတာကကောဗျာ"

ရှား။ ။"နံရံက စာလုံးတွေဟာ သွေးကို လက်ချောင်းနဲ့တို့ပြီး ရေးထားတဲ့ စာလုံးတွေဗျ။ မှန်ဘီလူးနဲ့ ကျုပ်က သေသေချာချာကြည့်တော့ စာလုံးတွေမှာ လက်သည်းရာကလေးတွေ ကျုပ် တွေ့ရတယ်။ လက်သည်း တော်တော်ရှည်နေတဲ့ လက်မို့လို့ ဒီလို လက်သည်းရာ ထင်နေတာပေါ့ဗျ"

ကျွန်တော်။ ။"ဘီဒီဆေးလိပ် သောက်တာကောဗျာ"

ရှား။ ။"ကြမ်းပေါ်မှာတွေ့တဲ့ ဆေးလိပ်ပြာကို စာအိတ်နဲ့ ကျုပ်ထည့်ယူခဲ့တာ မြင်တယ် မဟုတ်လား။ အဲဒါ ဟိုလူသောက်တဲ့ ဆေးလိပ်ပြာပဲ။ ကျုပ်က ဆေးလိပ်ပြာကို ကြည့်လိုက်ယင် ဆေးပြင်းလိပ်လား၊ ဆေးပေါ့လိပ်လား၊ စီးကရက်လား၊ ဆေးတံလား ခွဲခြားသိနိုင်တဲ့အပြင် စီးကရက်မျိုးထဲကတောင် ပိုလိုလား၊ ကတ်ကြေးလား၊ နေဗီကပ်လား၊ အပေါစားလား၊ အကောင်းစားလား ခွဲခြားပြီး ကျုပ်ပြောနိုင်တယ်ဗျ။ ဆေးလိပ်ပြာအကြောင်းနဲ့ ပတ်သက်တဲ့ စာတအုပ်တောင် ရေးအုံးမယ်လို့ ကျုပ် ကြံစည်နေတုန်းပဲ"

ကျွန်တော်။ ။"မျက်နှာ ခပ်နီနီဆိုတာကကောဗျာ"

ရှား။ ။"ဟာ၊ အဲဒါတချက်တော့ အတွေးသဘောမျိုးနဲ့ ကျိတ်လိုက်တာပဲဗျို။ သို့သော် အတွေးချော်လှမယ်လို့တော့ ကျုပ်မထင်ပါဘူး။ ခုအတောအတွင်းတော့ ဒီဟာတချက် ကျုပ်ကို မမေးနဲ့အုံးဗျာ"

ဦးစံရှား၏ ရှင်းလင်းချက်များကို ကြားရသောအခါ ကျွန်တော့်မှာ ကျေနပ်ပင် ကျေနပ်သော်လည်း သူ့ဉာဏ်ကို မီအောင် မလိုက်နိုင်သည့်အတွက်ကြောင့် ဦးခေါင်းကို မကြာခဏ ကုတ်မိလေ၏။ နောက်ဆုံး—

ကျွန်တော်။ ။"ကျွန်တော်ဖြင့် ခေါင်းရှုပ်လှပါပြီဗျာ၊ စဉ်းစားလေလေ နက်နဲလေလေဖြစ်နေတော့တာပဲ။ ဒီလူနှစ်ယောက်က လူမနေတဲ့ အိမ်လွတ်ကြီးထဲကို ဘယ်နည်းဘယ်ပုံရောက်နေတယ်။ သူတို့စီးလာတဲ့ မြင်းရထားသမားက ဘယ်ရောက်သွားတယ်၊ လူတယောက်တယောက်ချင်း အဆိုပ်ကို ဘယ်နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com


အတင်း တိုက်နိုင်တယ်၊ သေ့းတွေက ဘယ်နည်းနဲ့ထွက်တယ်၊ ပစ္စည်းရလိုမှုလဲ မဟုတ်ပဲနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့သတ်တယ်၊ မိန်းမလက်စွပ်က ဘယ်နည်းနဲ့ရောက်နေတယ် ဆိုတာတွေကို ကျွန်တော်ဖြင့် တွေးလဲ မတွေးတတ်ဘူး။ တခုနဲ့တခု ဆက်စပ်လို့လဲ မရပါဘူးဗျာ”

ရှား။ ။(ကျွန်တော်၏ ရှုပ်ထွေးခြင်းကို ကျေနပ်ဟန်နှင့်ပြုံးလျက်) “ဒီအမှုနဲ့ပတ်သက်တဲ့ အခက်အခဲတွေကို အကျဉ်းရုံးပြီး ခင်ဗျားပြောလိုက်ပုံ နေရာကျပေ့ဗျာ။ အင်း၊ ရှင်းလင်းသေးတဲ့ အချက်တွေ လောက်တော့ ကျုပ်စိတ်ထဲမှာ ဆုံးဖြတ်တန်သလောက် ဆုံးဖြတ်ပြီးပါပြီ။ အင်း၊ သို့သော် ခုအခြေမှာ ဒီထက်ပိုပြီး ခင်ဗျ ားကို ရှင်းပြလို့ မတော်သေးဘူးမှတ်တယ်။ ဘာကြောင့်လဲဆိုတော့ မျက်လှည့်ဆရာဟာ သူ့နည်းကို ရှင်းပြလိုက်ပြီဆိုမှဖြင့် ‘ရှော်’သွားတတ်တာမျိုးကိုးဗျ။ ကျုပ် စဉ်းစားဆင်ခြင်ပုံတွေကို ခင်ဗျား အကုန် ရှင်းပြောမှဖြင့်လဲ ခင်ဗျားက ကျုပ်ကို‘သူလို ငါလိုထဲကပဲကိုး’လို့ ထင်သွားမှာ စိုးရိမ်ရသေးတယ်”

ကျွန်တော်။ ။“စိတ်ချပါဗျာ၊ ဘယ်တော့မှ ကျွန်တော် ဒီလို မထင်ဝံ့ပါဘူး။ စုံထောက်တဲ့ အတတ်ကို အကျိုးအကြောင်း ဆင်ခြင်တဲ့ပညာနဲ့ တွဲပြီး တကယ့်ပညာကြီးတခုဖြစ်အောင် လေ့လာထားတဲ့ လူရယ်လို့ ကျွန်တော်ဖြင့် ကြားလဲ မကြားဖူးဘူး။ တွေ့လဲ မတွေ့သေးပါဘူးဗျာ”

ဦးစံရှားသည် ကျွန်တော်၏ လှိုက်လှိုက်လှဲလှဲ အားပါးတရ ချီးကျူးပြောဆိုချက်များကို ကြားရသောအခါ အလွန်တရာ ကြည်ရွှင်နှစ်သိမ့်ဟန် လက္ခဏာ ရှိ၏။ ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော မိန်းမတယောက်သည် သူ၏ ချောမောလှပကြောင်းကို ချီးမွမ်းခြင်း ခံရသောအခါ၌ ကြည်ရွှင်ချမ်းမြေ့ခြင်း ဖြစ်သည့်နည်းတူ ဦးစံရှားမှာလည်း သူ၏ပညာနှင့် ပတ်သက်၍ ချီးမြှောက်ပြောဆိုသံကြားရတိုင်း နှစ်သိမ့်ရွှင်လန်းခြင်း ဖြစ်တတ်ကြောင်းကို ကျွန်တော် သတိပြုမိ၏။

ရှား။ ။“သို့သော် ဒီ့ပြင်တချက်တော့ ကျုပ်ပြောပြအုံးမယ်။ သားရေပြောင် ဖိနပ်သမားနဲ့ ကုလားဖိနပ်သမားဟာ မြင်းရထားပေါ်က ဆင်းလာစဉ် တယောက်နဲ့တယောက် အင်မတန် သင့်မြတ်ကျေနပ်နေကြတဲ့ လက္ခဏာ ရှိတယ်။ တယောက်နဲ့တယောက် လက်မျှားတောင် တွဲပြီး လျှောက်လာကြသလား မဆိုနိုင်ဘူး။ အခန်းထဲရောက်တော့ သားရေပြောင် ဖိနပ်သမားက မတ်တတ်ကြီးရပ်နေပြီး ကုလားဖိနပ်သမားက ထိုမှ ဤမှ စင်္ကြံလျှောက်နေတဲ့ လက္ခဏာရှိတယ်။ လျှောက်ယင်း လျှောက်ယင်းမှာ ကုလားဖိနပ်သမားက တဆိတ်ထက်တဆိတ် တဖြည်းဖြည်း ဒေါပွလာတဲ့ လက္ခဏာရှိတယ်။ ဘာကြောင့်လဲ ဆိုတော့ သူ့ခြေလှမ်းတွေဟာ တလှမ်းချင်း ကျယ်သည်ထက် ကျယ်လာတာကို ကြမ်းပေါ်က မှုန့်မှုန်တွေ ထဲမှာ အထင်အရှားကြီး ကျုပ်တွေ့ရတာကိုးဗျ။ စင်္ကြံလျှောက်ယင်း စကားပြောနေပြီး ပြောယင်း ပြောယင်းပဲ ဒေါသထွက်သည်ထက် တွက်လာဟန်ရှိပါရဲ့။ အဲဒီနောက်မှာမှ လူသတ်မှု ဖြစ်ဟန်တူတယ်။ ကိုင်း၊ ကျုပ်သိသမျှတော့ အကုန်ပြောပြီးပြီဗျာ။ ဒီ့ပြင်တော့ တပ်အပ်သေချာရယ်လို့ မပြောနိုင်ဘူး။ အမှန်းအဆလောက်ပဲ ရှိတော့တယ်။ သို့သော်လဲ ဒီလောက်သိရယင် ခြေရာကောက်ဖို့ တော်တော် လွယ်သွားပြီကောဗျာ။ ကိုင်း၊ စကားတပြောပြောနဲ့ စာတိုက် ရောက်လာကြပြီ။ ခဏနေအုံးဗျာ ကိုသိန်းမောင်”

ဦးစံရှားသည် ချာချီလမ်း စာတိုက်ထဲသို့ ဝင်သွား၍ ကြေးနန်းရှည်ကြီးတစောင် ရိုက်ခဲ့လေ၏။ ထို့နောက် မြင်းရထားတစီး အဆင်သင့်တွေ့သည်နှင့် ကျွန်တော်တို့သည် ဗဟန်းဌာနသို့ မြင်းရထားဖြင့် သွားကြလေ၏။

ဌာနသို့ ရောက်သောအခါ ဘတန်းဆင်သည် အိပ်ချင်မူးတူးနှင့် အိပ်ရာမှ ထလာ၍ မပြောချင့် ပြောချင် အမူအရာနှင့် ငိုက်မျဉ်းလျက်ရှိရာ ဦးစံရှားက ငါးကျပ်တန် စက္ကူတချပ်ကို အိတ်ထဲမှ ထုတ်၍

တတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ချည် ခေါက်ချည် လုပ်နေသည့်တွင်မှ မျက်လုံးကျယ်လာဟန် ရှိ၏။ ကျွန်တော်တို့ ဗကားပြောလျက် ရှိသော နေရာမှာ ဌာနာအတွင်း မဟုတ်။ ဝင်းထောင့်ရှိ သရက်ပင်ကြီးအောက်တွင် ဖြစ်လေသည်။

ရှား။ ။(ဟိန္ဒူစတန်နီ ဘာသာဖြင့်) "ညက အဖြစ်အပျက်ကို မင်းသိသလို ခပ်တိုတိုပြောစမ်း"

ဆင်။ ။(ငါးကျပ်တန်စက္ကူကို လှမ်းကြည့်လျက်) "အစက ပြောရမလား ဆပ်"

ရှား။ ။"အစက စပြောစမ်း"

ဆင်။ ။"ညက ကျွန်တော်နဲ့နာတားဆင်နဲ့ နှစ်ယောက်တွဲပြီး တောင်ဒရီလမ်းဘက်မှာ ပတ္တရောင် လှည့်ရတယ် ဆပ်။ ည ၂-နာရီအချိန်မှာ 'ကိုးဇီးဗီလာ' အိမ်ရှေ့ကို ကျွန်တော်တို့ ရောက်တယ်။ ဒီအိမ်မှာ ဘယ်သူမှ မနေဘူး။ ကျွန်တော်တို့ သိတယ်။ ည ၂-နာရီအချိန်မှာ အိမ်ထဲက မီးမြင်တယ်။ ကျွန်တော်က နာတားဆင်ကို ပြတယ်။ နာတားဆင်က ကူလီကူမာလား၊ 'ရှိုင်တန်'လား မသိဘူး၊ ကြောက်တယ်။ ဘာကြောင့် ကြောက်သလဲဆိုယင် ဟိုအယင်က ဒီအိမ်မှာ အဘိုးကြီး ကြီးကြီးတယောက် နေတယ်။ နောက်မှ အားကြီးဖျားပြီး မာလကားသွားတယ်။ မီးကိုမြင်တော့ ကျွန်တော်က ဝင်ကြည့်မယ်ပြောတယ်။ နာတားဆင်က မလိုက်ချင်ဘူး ပြောတယ်။ နောက်မှ နာတားဆင်က ဝင်းတံခါးနားမှာ ရပ်နေတယ်။ ကျွန်တော် တယောက်တည်း ဝင်သွားတယ်"

ရှား။ ။"အိမ်ပေါက်ရောက်တော့ မင်း ပြန်ထွက်လာတယ်"

ဆင်။ ။(ဦးစံရှား၏ မျက်နှာကို ဖြတ်ကနဲ မော့်ကြည့်လျက်) "ဟရေး၊ ဆပ် ဘယ့်နှယ်သိသလဲ"

ရှား။ ။(ပြုံးလျက်) "ပြောသာ ပြောပါ"

ဆင်။ ။"ဝင်းတံခါးက ဝင်လာတုန်းက ကျွန်တော် ဒီလောက် မကြောက်ဘူး။ အိမ်ပေါက် ရောက်မှ ကျောသဲက အေးတယ်။ ဒါကြောင့် ကျွန်တော်က နာတားဆင်ကို ခေါ်ဖို့ ပြန်လာတယ်"

ရှား။ ။"သူက မလိုက်ဘူးပြောလို့ မင်းတယောက်တည်း နောက်တခါ ဝင်သွားတယ်။ ဟုတ်စ"

ဆင်။ ။"ဟုတ်ပါတယ် ဆပ်။ အိမ်ပေါက်က အသာကလေး ကျွန်တော်ဝင်သွားပြီးကြည့်လိုက်တော့၊ အောင်မယ်လေး"

ရှား။ ။"အေးလေ၊ အလောင်းကြီးကို မင်းတွေ့တယ် ဆိုပါတော့။ ဒါထက် အလောင်းနားမှာ ဒူးထောက်ပြီး မင်း ဘာလုပ်တာလဲ"

ဆင်။ ။"ဆပ် ဘယ်ကနေပြီး ကြည့်နေသလဲ"ဟု ပြောလျက် မသက်ာသော မျက်နှာထား ဖြင့် ဦးစံရှားအား ကြည့်နေလေ၏။

ရှား။ ။(ရယ်မောလျက်) "ကိစ္စမရှိပါဘူး ဘတန်းဆင်၊ ငါ လူဆိုး မဟုတ်ပါဘူး။ ငါလဲ စုံထောက်ပါပဲ။ မင်းတို့ဌာနာအုပ်လဲ သိပါတယ်။ ကိုင်း ကိုင်း၊ ပြောပါအုံး"

ဆင်။ ။(မယုံ့တယုံ မျက်နှာထားမျိုးဖြင့်) "ကျွန်တော်က နာတားဆင်ဆီကို သွားပြောပြီး နှစ်ယောက်စလုံး ဝီစီမှုတ်ကြတယ်"

ရှား။ ။"ဒီတုန်းက လမ်းပေါ်မှာ ဘယ်သူမှ မရှိဘူးလား"

ဆင်။ ။"လူကောင်းသူကောင်း တယောက်မှ မရှိဘူး ဆပ်"

ရှား။ ။"ဟေ၊ လူကောင်းမရှိယင် လူဆိုးများကော ရှိသလား"

ဆင်။ ။"လူတယောက် အားကြီး အရက်မူးနေတယ် ဆပ်။ ဟိုမှာ ယိုင်သွားတယ်၊ ဒီမှာ ယိုင်သွားတယ်။ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး ဆပ်"

ရှား။ ။(စိတ်အားထက်သန်သော မျက်နှာထားဖြင့်) "ဟေ ဘယ်လိုလူမျိုးလဲဟ။ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆင်။ ။"အရပ်မြင့်မြင့်၊ မျက်နှာနီနီ၊ ကုလားလူမျိုး ဆပ်"

ရှား။ ။"အဲဒီလူ ဘယ်ရောက်သွားသလဲ ပြောစမ်း"

ဆင်။ ။"မြောင်းထဲ ထိုးလဲမယ်လုပ်လို့ ကျွန်တော်နဲ့ နာတာဆင်းနဲ့ တွဲပြီး နည်းနည်းလိုက်ပို့လိုက်ရတယ် ဆပ်"

ရှား။ ။"သူ့လက်ထဲမှာ ကြာပွတ်တချောင်း မပါဘူးလား"

ဆင်။ ။"ဘာမှ မပါဘူး ဆပ်"

ရှား။ ။"ဒီ့နောက် မြင်းရထား တစီးမှ မလာဘူးလား"

ဆင်။ ။"မလာဘူး ဆပ်"

ရှား။ ။"ဩော် ဘတန်းဆင်၊ ဘတန်းဆင်၊ မင်းတော့ တသက်လုံး ပုလိပ်က တက်မယ့်လူ မဟုတ်ပါဘူး။ အရစ်တရစ်တိုးဖို့ အခွင့်ကြုံလာလျက်သားနဲ့ ဖြစ်မှ ဖြစ်ရလေကွယ်။ ညက မင်းတို့ တွဲပို့လိုက်ရတဲ့ လူဟာ ဒီအမှုမှာ အရေးအကြီးဆုံး လူပဲကွယ့်။ သူ့ကို တွေ့အောင် ငါတို့ အခု လိုက်ရှာနေတာပဲ။ သို့သော်လဲ မင်း လွဲပြီဟာ မတတ်နိုင်ဘူးပေါ့ကွယ်။ ကိုင်း ကိုင်း ရော့။ မင်းတော့ ဒါလောက်နဲ့ တန်တဲ့လူပဲ"ဟု ပြော၍ လက်ထဲက ငါးကျပ်တန်စက္ကူကို ပေးလိုက်လေ၏။ ထို့နောက် ကျွန်တော်တို့သည် မြင်းရထားပေါ်သို့ တက်သွားကြလေရာ ဘတန်းဆင်မှာ ငွေစက္ကူကလေးကို ကိုင်လျက် ငေးမောကာ ကျန်ရစ်လေ၏။ မြင်းရထားပေါ်သို့ ရောက်ကြသောအခါ—

ရှား။ ။"တယ်မိုက်တဲ့ အကောင်ဗျာ၊ မုတ်ဆိတ်လာပြီး ပျားစွဲလျက်သားနဲ့ စားရကံမကြုံတဲ့ အကောင် တယောက်ပဲကိုး"

ကျွန်တော်။ ။"ကျွန်တော် ကောင်းကောင်း မရှင်းသေးပါဘူးဗျာ။ လူပုံလူပန်းကတော့ ခင်ဗျား ပြောတာနဲ့ ကိုက်တော့ ကိုက်ပါရဲ့၊ နို့ပေမယ့် ဘာ့ကြောင့် ဒီလူက ဒီအိမ်ကို တခေါက်ပြန်လာရတာတဲ့လဲဗျာ။ ပြစ်ချက်ရှိတဲ့ လူမျိုးဟာ ဒီလို လုပ်ရိုးထုံးစံ မရှိပါဘူး"

ရှား။ ။"လက်စွပ် ကိုသိန်းမောင်ရဲ့၊ လက်စွပ်ကြောင့်ဗျ။ ဒါလိုချင်လို့ သူ ပြန်လာတာပဲဗျာ။ ဒီလူကို ဒီ့ပြင်နည်းနဲ့မိအောင် မဖမ်းနိုင်ယင် ဒီလက်စွပ်နဲ့ ထောင်ဖမ်းရမှာပဲ။ တနေ့တော့ မိရမှာပဲဗျာ။ နှစ်ရာနဲ့ဘာရာ လောင်းဝံ့ပါသေးရဲ့။ ဒါထက် ခင်ဗျားကို ကျေးဇူးတင်ရပေမယ်ဗျာ။ ခင်ဗျားကြောင့်သာ ကျုပ်ကိုယ်တိုင် လိုက်ခဲ့ပေတယ်။ နို့မို့မျှားဖြင့် တော်တော်ဆန်းတယ်၊ ကောင်းတယ်လို့ ခေါ်လောက်တဲ့ အမှုတခု ကျုပ် လက်လွတ်သွားကောင်း သွားမလား မဆိုနိုင်ဘူး။ ဩော် ဒါထက်၊ ဒီကနေ့ည ဂျူဗလီဟောမှာ ဒေဝဣန္ဒာ မောင်မောင်ကြီးနဲ့ အဆိုတော်တစုတို့ တေးကြီး ဘွဲ့ကြီးတွေ အသုံးတော်ခံမယ် ဆိုပါကလား။ 'ဘုံပျံနေနန်း' ပတ်ပျိုးဟာ အလယ်နားက အတောကလေးတခု ကျုပ် မေ့နေတယ်။ ငွေကျပ် တဆယ်လောက် ဆုချပြီး ဒီပတ်ပျိုးကို ဒေဝဣန္ဒာကို အတီးခိုင်းရအုံးမယ်ဗျို။ ခင်ဗျား လိုက်အုံးမလား ကိုသိန်းမောင်"

ကျွန်တော်။ ။"သွားပါတော့ဗျာ"

ထို့နောက် ဦးစံရှားသည် အမှုထဲ၌ အလျှင်းပင် စိတ်အာရုံစိုက်ဟန်မရှိတော့ပဲ သူ၏ အချစ်တော်ဖြစ်သော ပတ်ပျိုးများကို တီးတိုး ညည်းညူသီဆိုယင်း လိုက်ပါလာလေရာ ကျွန်တော်မှာမူ လူသတ်မှုကို အာရုံမဖျောက်နိုင်ပဲ စိတ်ထဲ၌ တတွေးတည်း တွေးကာ လိုက်လာလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



## ၄

## ကြော်ငြာအရ ရောက်လာသူ

ထိုညဉ့်၌ ဦးစံရှားသည် ဝါသနာအိုး ဖြစ်သည့်အလျောက် ဂျူဗလီဟောရုံကြီးသို့ တေးကြိုး ဘွဲ့ကြီးများ နားထောင်ရန် ထွက်သွားလေရာ ကျွန်တော်မှာ သူရိယမဂ္ဂဇင်းအတွက် ဝန်ခံထားသော ဝတ္ထုကလေး တပုဒ်ကို စီကုံး ရေးသား နေရစ်လေ၏။ သို့ပါသော်လည်း ကျွန်တော့်မှာ ဝတ္ထုဇာတ်ကြောင်းကို စိတ် အာရုံစူးစိုက်ရန် မဖြစ်နိုင်ပဲ 'ကိုးဇီးဗီလာ' အိမ် ဧည့်ခန်းထဲတွင် ပက်လက်ကြီးလန်လျက်ရှိသော အလောင်း ကြီးကိုသာလျှင် မျက်စိထဲတွင် တပေါ်တည်းပေါ်လျက် ရှိရကား နောက်ဆုံး၌ လက်မှ ကလောင်တံကို ချထားလိုက်ပြီးလျှင် ကုလားထိုင်ပေါ်တွင် အားရပါးရ စိတ်ကူးနေလေ၏။

ထိုအလောင်းသည် နဂိုအားဖြင့် အရုပ်ဆိုးရုံမျှမက ရက်စက်ကြမ်းကြုတ်ခြင်း၊ ယုတ်ညံ့ခြင်း၊ ဆိုးတေ ရမ်းကားခြင်း စသော အခြင်းအရာတို့မှာ ယင်း၏မျက်နှာတွင် ထင်ရှားစွာ တွေ့မြင် နိုင်ရကား ကျွန်တော့်မှာ ထိုသူ၏အဖြစ်ကို သနားကရုဏာ မဖြစ်မိသည့်ပြင် ထိုသူမျိုးတယောက် မရှိသည့် အတွက် ကမ္ဘာလောက၌ ဝန်ပေါ့၍ သွားသေးသည်ဟူ၍ပင် မထင်စကောင်း ထင်မှတ်မိ၏။ ဤသို့ ဆိုရာ၌ ကျွန်တော်သည် သနားကရုဏာကင်းတတ်သော သဘောရှိသောကြောင့် မဟုတ်ချေ။ လူကို မဆိုထားဘိ၊ တိရစ္ဆာန်တကောင် ဝေဒနာခံရခြင်းကိုပင် မကြည့်ရက်နိုင်သဖြင့် ကျွန်တော် တတ်နိုင်သလောက် ကယ်မ စောင့်ရှောက်ခဲ့ဖူးပါ၏။ ထိုအလောင်းမှာ သူမသေမီက ယင်းနှင့် ဆက်ဆံသမျှသော သတ္တဝါအပေါင်း တို့အား ကောင်းကျိုးချမ်းသာမပေးပဲ နိုင်ရာနည်းနှင့် ညှဉ်းပန်း နှိပ်စက်ခဲ့လိမ့်မည်ဟု ယင်း၏ မျက်နှာက ထင်ရှားစွာ ပြလျက်ရှိသောကြောင့် ဖြစ်ပေသည်။

ကျွန်တော်သည် ယင်းအမှုနှင့်ပတ်သက်၍ ဦးစံရှား၏ တွေးဆချက်များကို ပြန်လှန်စဉ်းစားရာတွင် အဆိပ်ကြောင့် သေသည် ဟူသော စကားကို ကျေနပ်ဖို့ အလွန် ခဲယဉ်းလှ၏။ ဦးစံရှားသည် အလောင်း၏ နှုတ်ခမ်းများကို နမ်းရှုပ်ကြည့်ခြင်းအားဖြင့် 'အဆိပ်' ဟူ၍ကား စွပ်စွဲကြောင်း ရိပ်မိ၏။ သို့ရာတွင် လူ တယောက်သည် အခြား လူတယောက်အား အဆိပ်ကို မည်သည့်နည်းနှင့် အတင်း တိုက်နိုင်ပါသနည်း။

အကယ်၍ အဆိပ်မဟုတ်ပဲ အခြားနည်းနှင့် သတ်သည် ဆိုပြန်ပါလျှင်လည်း သေလောက်သော ဒဏ်ရာဒဏ်ချက် တစုံတရာ မတွေ့ရှိရခြင်းမှာ အသို့နည်း။ ကြမ်းပေါ်တွင် တွေ့ရသော သွေးကွက်များမှာ မည်သူ၏သွေး ဖြစ်လေသနည်း။ သေသူက သတ်သူအား ဒဏ်ရာရအောင် ပြုသည်ဆိုပါလျှင် လက်နက် အဘယ်မှာနည်းဟူသော မေးခွန်းများကို ကျွန်တော့်ကိုယ် ကျွန်တော် အကြိမ်ကြိမ်ထုတ်ခဲ့ရာ ကျေနပ် လောက်သော အဖြေကိုမူကား တွေးတော၍ မရချေ။

သို့ရာတွင် ဦးစံရှားမူကား ထိုမေးခွန်းများကို ကိုယ့်ကိုယ်ကို မေး၍ ကျေနပ်အောင် ဖြေနိုင်ပြီး ဖြစ်သည်ဟု ကျွန်တော် ယုံကြည်မိ၏။

ထိုည၌ ဦးစံရှားပြန်လာသောအခါ ကျွန်တော့်မှာ အမှုအကြောင်းနှင့်ပတ်သက်၍ ထပ်မံ ကြားသိ လိုသေးသည် ဖြစ်သောကြောင့် နေမထိ ထိုင်မထိ ဖြစ်နေလေ၏။ ဦးစံရှားသည် ကျွန်တော်၏အမူအရာကို မြင်သဖြင့် ရိပ်မိဟန်နှင့်—

ရှား။ ။"ခင်ဗျားကြည့်ရတာ ဖင် ဂနာမငြိမ်လိုက်တာဗျာ။ ဘာကြောင့် ဒီလောက်တောင် ရိုးတိုးရွတ ဖြစ်နေတာလဲ"

တတိယအကြိမ်

www.burmeseclassic.com



ကျွန်တော်။ ။"ကျွန်တော်ဖြင့် ခင်ဗျားသွားကတည်းက စာတမျက်နှာမှ ဖြောင့်ဖြောင့် မရေးနိုင်ဘူးဗျာ့။ တော်တော်ကြာယင်း တွေးမိယင်း ဖြစ်နေတာပဲ။ ခက်များ ခက်ရချေရဲ့ဗျာ"

ရှား။ ။"ဒါထက် ညနေပိုင်းထုတ်တဲ့ ရန်ကုန်တိုင်း သတင်းစာကို ခင်ဗျား မြင်ပြီးပြီလားဗျို့"

ကျွန်တော်။ ။"မမြင်ရသေးပေါင်ဗျာ"

ရှား။ ။"ဘောင်ဒရီလမ်း လူသတ်မှုအကြောင်း စုံနေတာပဲဗျာ။ သို့သော် အလောင်းကို ရွှေ့ရာမှ လက်စွပ်တကွင်း တွေ့တယ်ဆိုတဲ့ အကြောင်းတော့ ပါမလာဘူး။ မပါတာလဲ ခပ်ကောင်းကောင်းပဲဗျို့"

ကျွန်တော်။ ။"မပါတာ ဘာကြောင့် ကောင်းတာလဲဗျာ"

ရှား။ ။"ဟောဒီကြော်ငြာ ကြည့်စမ်း။ အမှုအကြောင်း ကြားကြားချင်း အင်္ဂလိပ် သတင်းစာတိုင်း ကျုပ် ကြော်ငြာ တခုစီ ပို့လိုက်တယ်"

ဦးစံရှားသည် ရန်ကုန်တိုင်း သတင်းစာကို ကျွန်တော့်အား လှမ်းပေးသဖြင့် သူ လက်ညှိုးညွှန်ရာ ကော်လန်ကို ကြည့်လိုက်ရာတွင် အောက်ပါ ကြော်ငြာကို တွေ့မြင်ရလေ၏။

'ဘောင်ဒရီလမ်းပေါ်တွင် လက်ထပ် လက်စွပ်တကွင်း ကောက်ရကြောင်း၊ ဥစ္စာရှင်သည် လမ်း ၄၀၊ တိုက်နံပါတ် ၂၂၁ ဒုတိယထပ်နေ ကိုသိန်းမောင်ထံသို့ ည၌ ၈ နာရီနှင့် ၁၀ နာရီအတွင်း လာရောက် တောင်းယူနိုင်ကြောင်း'

ရှား။ ။"ခင်ဗျာ့နာမည် ထည့်ကြော်ငြာခြင်းကို သည်းခံဗျာ ကိုသိန်းမောင်၊ ကျုပ် နာမည်နဲ့ ကြော်ငြာလိုက်ယင် တချို့ လူရှုပ်တွေက ရိပ်မိသွားမှာ စိုးရတယ်ဗျ"

ကျွန်တော်။ ။"ကိစ္စ မရှိပါဘူးလေ၊ ခင်ဗျား အကျိုးရှိမယ်ဆိုယင် ကျွန်တော့် နာမည်တင် မကပါဘူး၊ အလိုရှိတာကို သုံးနိုင်ပါတယ်"

စင်စစ်မှာ ကျွန်တော်သည် ဦးစံရှားနှင့် အတူနေထိုင်ရသည့် ရက်အနည်းငယ် အတွင်းတွင် ထိုသူ၏ စိတ်ချယုံကြည်လောက်သောအဖြစ်ကို ကောင်းစွာ ကျွေနပ်ပြီး ဖြစ်၏။ ထိုသူ၏ ထူးခြားသော အခြင်းအရာတခုမှာ သူနှင့် ဆက်ဆံရသူ ဟူသမျှသည် သူ၏ မျက်နှာကို မြင်ကာမျှနှင့်ပင် ဤသူကား မဟုတ် မတရားသော အမှုကို ဘယ်နည်းနှင့်မျှ ပြုမည့်သူ မဟုတ်ဟူ၍ ယုံကြည်စိတ်ချကြရသည်သာလျှင် ဖြစ်လေသည်။

ကျွန်တော်။ ။"နေပါအုံးဗျာ၊ ဒါထက် တကယ်လို့များ တယောက်ယောက်ကလာပြီး တောင်းခဲ့လို့ရှိယင် ကျွန်တော့်မှာ လက်စွပ်ပေးစရာ မရှိလို့ အခက်မကျပေဘူးလား"

ရှား။ ။"စိတ်ချပါ ကိုသိန်းမောင်၊ ဒီအတွက် ကျုပ် စီမံခဲ့ပါတယ်။ ရော့၊ ကြည့်စမ်း၊ ဒီဟာ ဘယ့်နှယ်နေပါမလဲ"

ဦးစံရှားသည် ကျွန်တော့်အား ရွှေလက်စွပ်တကွင်းကို ပေးအပ်လေရာ ယခင်က မြင်ခဲ့ရသော လက်စွပ်နှင့် အလွန်တရာ အသွင်တူကြောင်း တွေ့ရလေ၏။

ကျွန်တော်။ ။"ဒီဟာကို ဘယ်သူလာပြီး ယူလိမ့်မယ်လို့ ခင်ဗျား ထင်သလဲ"

ရှား။ ။"မျက်နှာနီနဲ့ ကုလားငနဲ လာမှာပေါ့ဗျ။ သူ ကိုယ်တိုင် မလာလို့ရှိယင်လဲ သူ့ ကိုယ်စားလှယ် လာရမယ်ဗျာ"

ကျွန်တော်။ ။"လာမှ လာဝံ့ပါ့မလားဗျာ၊ ဘေးရန် မကင်းဘူးလို့ မထင်ပေဘူးလား"

www.burmeseclassic.com



ရှား။ ။"ကျုပ်တွက်ကိန်း မှန်ခဲ့လို့ရှိယင် ဒီလူဟာ ဒီလက်စွပ်ကို ပြန်ရဖို့အတွက် ဘာမဆို လုပ်ဝံ့လိမ့်မယ်လို့ ကျုပ် ထင်တယ်။ ကျုပ် ထင်ချက်ကတော့ ဒီလူဟာ ဝေဿကရဲ့ အလောင်းကို ငုံ့ကြည့်တုန်း ဒီလက်စွပ် ကျနေရစ်ပြီး ပျောက်ဆုံးကြောင်း သိ သိချင်း ကပျာကရာ ပြန်လာရာမှာ ဘတန်းဆင်တို့ လူစုနဲ့ တွေ့ခနလို့ အရက်မူးချင်ယောင် ဆောင်ရတယ်လို့ ကျုပ်ထင်တယ်။ သူ့နေရာမှာ ခင်ဗျားဝင်ကြည့်စမ်းတော့လေ။ လူသတ်မှုဖြစ်ပြီးတဲ့နောက် သတင်းစာတွေက ဘယ်လိုများ ရေးကြ သားကြသလဲလို့ ခင်ဗျားကော မသိချင်ပေဘူးလား။ သိချင်တဲ့အလျောက် ညနေ သတင်းစာကို ဝယ်ဖတ်မယ်။ ဖတ်ယင် ဒီကြော်ငြာကို မြင်မယ်။ ပြီးတော့လဲ ဒီလက်စွပ်နဲ့ လူသတ်မှုနဲ့ ဘာဆိုင်သလဲလို့ဆိုပြီး ခင်ဗျားလာမယ် မဟုတ်ဘူးလားဗျ"

ကျွန်တော်။ ။"ဟုတ်ကဲ့၊ ဒီလက်စွပ်ဟာ ကျွန်တော့်မှာ တကယ်အရေးကြီးယင်တော့ လာရမှာပေါ့လေ"

ရှား။ ။"ကေန္တ သူ့မှာ အရေးကြီးပါတယ်ဗျ။ စိတ်သာချပါ။ အရေးမကြီးယင် ဟိုညကဘည်းက သူ ဘာကြောင့် တခေါက်ပြန်လာလိမ့်မှာလဲဗျာ။ စိတ်ချပါ ကိုသိန်းမောင်၊ ကျုပ်တို့လူလာမှာ ကေန္တပါ။ ဒါထက် ခင်ဗျားမှာ ဘာလက်နက်များ ရှိသလဲ"

ကျွန်တော်။ ။"တုတ်လောက် ဘာလောက် ရှိတာပဗျာ"

ရှား။ ။"မဖြစ်ဘူး၊ ဒီလောက်နဲ့ မလုံလောက်ဘူး။ ကျုပ်တို့လူက တကယ့် အရေးဆိုယင် ဘာမှ ရှောင်မယ့်လူ မဟုတ်ဘူးဗျ။ ခင်ဗျား ခြောက်လုံးပြူး ကိုင်တတ်ရဲ့လား"

ကျွန်တော်။ ။"ကိုင်တတ်ပါတယ်"

ရှား။ ။"နေရာကျပြီ။ ရော့ ကျုပ် ခြောက်လုံးပြူးကို ခင်ဗျားယူထား။ သို့သော် ခြောက်ရုံခြောက်ဖို့ဗျနော်၊ ကိုယ့်အသက်ကို ကာကွယ်ရေးက လွဲလို့ အသုံးပြုဖို့ မဟုတ်ဘူးဗျနော်"

ကျွန်တော်။ ။"နားလည်ပါတယ်"

ရှား။ ။"ကျုပ်တော့ မျက်စိလျင်ခြင်းနဲ့ လက်မြန်ခြင်းလောက်ကိုသာ အားကိုးပြီး ဒီ တုတ်လောက် ဆိုယင် လုံလောက်ပါပြီ"

ဦးစံရှားသည် ယမ်းတောင့် အပြည့်ထိုးထားသော သူ၏ ခြောက်လုံးပြူး သေနတ်တလက်ကို ကျွန်တော့်အား ပေးထား၍ သူကိုယ်တိုင်မှာမူ ရှားနှစ်တုတ်တချောင်းကို ကုလားထိုင်အနီးတွင် ထောင်ထားခြင်း အားဖြင့်သာလျှင် ကာကွယ်ထားလေ၏။

ရှား။ ။(နာရီကို မော့်ကြည့်လျက်) "၉ နာရီတော့ ထိုးနေပြီဗျို၊ ကျုပ်ကြော်ငြာကိုမြင်ယင်တော့ ကျုပ်တို့လူ လာမယ့်အချိန် နီးနေပြီ။ လက်ငြိမ်ရဲ့နော် ကိုသိန်းမောင်"

ကျွန်တော်။ ။"ငြိမ်ပါတယ်"

ရှား။ ။"အပေါ်အင်္ကျီဝတ်ထားပြီး သေနတ်ကို အိတ်ထဲမှာ ထည့်၊ လက်နှိုက်၊ အဲဒီလို ကိုင်ပြီး ချိန်ထား။ အဲ ဟုတ်ပြီ။ ဟော လှေကားက ခြေသံကြားတယ်ဗျို့၊ ကျုပ်တို့လူ လာပြီ ထင်တယ်"

ထိုခဏ၌ ကျွန်တော်တို့သည် ကုလားထိုင်တွင် အသီးသီး ထိုင်နေကြရာမှ လှေကားတလျှောက် တက်လာသော ခြေသံများ ကြားကြရလေရာ ကျွန်တော်မှာ ရင်ထဲတွင် တဒုန်းဒုန်း တဒိန်းဒိန်း မြည်အောင် လှုပ်ခုန်လျက် ရှိလေ၏။ ဦးစံရှားမှာ ခြေသံကို နားစိုက်၍ ထောင်နေရာမှ အံ့သြသော မျက်နှာထားမျိုး ဖြစ်ပေါ်လာခြင်းကို ကျွန်တော်တွေ့လိုက်ရ၏။ ခြေသံသည် လှေကားတလျှောက် ခပ်ဖြည်းဖြည်းတက်လာရာ တံခါးဝသို့ ရောက်သောအခါ ရပ်တန့်၍ တံခါးကို ခေါက်သံကြားကြရ၏။ ကျွန်တော်က 'ဝင်ခဲ့လေ'ဟု ပြောလိုက်သောအခါ တံခါးသည် ဖြည်းညင်းစွာ ပွင့်လာ၍ ဦးခေါင်းတလုံး လျှိုသွင်းလိုက်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်သဖြင့် ကျွန်တော်မှာ ဆတ်ကနဲဖြစ်အောင် လန့်သွားမိ၏။ အကြောင်းဆိုသော် ကျွန်တော်တို့ မျှော်လင့်နေကြသည့် ထွားကျိုင်းသန်မာလှစွာသော ရာဇဝတ်ကောင်မျိုး မဟုတ်ပဲ အရေများ တွန့်လိမ်လျက်ရှိသော ကုလားအမယ်အိုကြီးတယောက်၏ ဦးခေါင်း ဖြစ်နေသောကြောင့်ပေတည်း။

အမယ်အိုကြီးက ဟိန္ဒူစတန်နီဘာသာနှင့် "သိန်းမောင် ဆပ် ဟိုင်း"ဟု မေး၍ ကျွန်တော်က "ဟိုင်း ဟိုင်း"ဟု ပြန်ပြောရာတွင် အမယ်အိုကြီးသည် ဦးခေါင်းရောကိုယ်ပါ အခန်းတွင်းသို့ ဝင်လာလေ၏။ အခန်းတွင်းသို့ ရောက်သောအခါ အမယ်အိုသည် မျက်လုံးများကို လက်တဘက်နှင့် ကာကွယ်လျက် တဘက်သောလက်နှင့် အင်္ကျီအိတ်ကို နှိုက်လေ၏။ ထို့နောက် သတင်းစာမှ ကြော်ငြာကော်လန် ဖြတ်ပိုင်းကလေးကို ထုတ်ပြယင်း ဟိန္ဒူစတန်နီဘာသာဖြင့် "မြေးကလေး အမီနာရဲ့ လက်စွပ်ပါ မောင်ရယ်၊ သူ့ယောကျ်ားက သင်္ဘောမှာ အလုပ်လုပ်ပါတယ်။ သူ့ယောကျ်ား မန္တလေးသင်္ဘောနဲ့ ပြန်လာလို့ လက်စွပ်မရှိယင် အမီနာကို ရိုက်ပါလိမ့်မယ်။ မနှစ်က လက်ထပ်တုန်းက သူဝယ်ပေးထားတဲ့ လက်စွပ်ပါ မောင်ရယ်။ ဂျိုးဇက်က အရက်က မူးမူး"

ကျွန်တော်။ ။(လက်စွပ်ကို ထုတ်ပြလျက်) "ဒီလက်စွပ် ဟုတ်ကဲ့လား"

အမယ်ကြီး။ ။"အများကြီး ဆလံပေးပါတယ် မောင်ရယ်၊ ဟုတ်ပါတယ်။ ဒီလက်စွပ်ပါပဲ"

ကျွန်တော်။ ။(ခဲတံကို ကောက်ယူလျက်) "ခင်ဗျား နေတော့ ဘယ်မှာ နေသလဲ"

အမယ်ကြီး။ ။"ထောင်ကြီးဘေးက လမ်းကလေးမှာ နေပါတယ်"

ရှား။ ။"ထောင်ကြီး နံဘေး နေတဲ့လူက ဘောင်ဒရီလမ်းကို ဘယ့်နှယ်ရောက်သွားသလဲ"

အမယ်ကြီး။ ။(ဖြတ်ကနဲ လှည့်ကြည့်၍) "အမေကြီးနေတာက ထောင်ကြီးဘေးမှာ။ အမီနာက မြေနီကုန်းမှာ နေပါတယ်။ အမေကြီးဆီကအပြန် လမ်းမှာ သူ့လက်စွပ် ကျွတ်ကျတယ် ထင်ပါတယ်"

ရှား။ ။"အမေကြီး နာမည်ကို ဘယ့်နှယ်ခေါ်သလဲ"

အမယ်ကြီး။ ။"မစ္စစ်ဆင်နရယ် ခေါ်ပါတယ်။ မြေးကလေးက မစ္စစ်အမီနာဂျိုးဇက် ခေါ်ပါတယ်။ ဂျိုးဇက်က မန္တလေးသင်္ဘောမှာ ဘဏ္ဍာစိုး လုပ်ပါတယ်။ လူကောင်းကလေးပါ မောင်ရယ်။ အလုပ်ကိုလဲ ကြိုးစားလုပ်ပါတယ်။ နို့ပေမယ့်...."

ကျွန်တော်။ ။(ဦးစံရှားက မျက်ရိပ်ပြလိုက်သဖြင့်) "ကိုင်း ကိုင်း အမေကြီး၊ အဝေးကြီး ပြန်ရအုံးမယ်၊ ပြန်ပါတော့၊ ပြန်ပါတော့။ ဥစ္စာရှင် အစစ်အမှန်ကို တွေ့တဲ့အတွက် ဝမ်းသာပါတယ်။ ကိုင်း ကိုင်း ပြန်ပေတော့"

အမယ်ကြီးသည် လက်စွပ်ကလေးကို ခါးထဲတွင် လိမ်၍ ထည့်ယင်း ကျေးဇူးတင်စကားများ ထပ်လောင်း ပြောကြားပြီးနောက် အိမ်ပေါ်မှ ဆင်းသွားလေ၏။ ဦးစံရှားသည် ထိုင်ရာမှ ရုတ်တရက် ထ၍ မိုးကာအင်္ကျီနှင့် ဦးထုပ်ကို ဝတ်ဆင်ပြီးလျှင် "ကိုင်း ကိုသိန်းမောင်၊ ခင်ဗျား စောင့်ရစ်အုံးဗျာ။ကျုပ်တော့ အမယ်ကြီးနောက် လိုက်ကြည့်စမ်းမယ်။ ကေန္တ ကျုပ်တို့ တွေ့ချင်တဲ့လူဆီကို ဒီအမယ်ကြီး သွားလိမ့်မယ် ထင်တယ်။ မအိပ်နဲ့အုံးနော်။ စောင့်အုံး။ ကြားလားဗျို့"

ကျွန်တော်သည် အိမ်ရှေ့ပြတင်းပေါက်မှ လမ်းပေါ်သို့ မျှော်ကြည့်လိုက်သောအခါ ကုပ်ကုပ်ကုပ်ကုပ်နှင့် သွားနေသော အမယ်ကြီးနှင့် မနီးမဝေး နောက်နားဆီမှ ဦးစံရှားက လိုက်ပါသွားသည်ကို တွေ့မြင်လိုက်ရလေ၏။ 'ဒီလူ အတွေးမှားယင်လဲ မှားရမယ်။မမှားလို့ရှိယင်လဲ ဟိုင်နဲ့ကို ခြေရာခံမိတော့မယ် ကေန္တပဲ'ဟု ကျွန်တော့်စိတ်ထဲ၌ အောက်မေ့မိသေး၏။ ကျွန်တော်မှာ ထိုအမှု၌ စိတ်ပါဝင်စားလျက်ရှိရကား ဦးစံရှားက အိပ်နှင့်ပါဟု ပြောစေကာမူလည်း မအိပ်နိုင်သဖြင့် စောင့်နေမည်သာလျှင် ဖြစ်ချေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ ဝတ္ထုစာအုပ်ကို ဖတ်ရှုလျက်ရှိရာ နာရီကို မကြာခဏ မော့၍ကြည့်မိ၏။ ၁၀ နာရီ ထိုးသော်လည်း ဦးစံရှားမပေါ်လာ။ ၁၂ နာရီထိုးကာမှ လှေကားမှ တက်လာသော ဦးစံရှား၏ ခြေသံကို ကြားရ၏။ ကျွန်တော်သည် သူ၏မျက်နှာကို မော့ကြည့်လိုက်သည်နှင့်တပြိုင်နက် ကိစ္စ နေရာမကျခဲ့ကြောင်း ရိပ်မိ၏။ ပထမ၌ ဦးစံရှား၏ မျက်နှာတွင် စိတ်ပျက်ခြင်း၊ အခံခက်ခြင်းနှင့် ရယ်ချင်ခြင်းတို့သည် ရောထွေးလျက်ရှိရာ နောက်ဆုံး၌ သူသည် ကုလားထိုင်ပေါ်သို့ ပစ်လှဲလျက် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

ရှား။ ။"ဒီအကြောင်းကို ကိုအုန်းဖေတို့လူစု ကြားသွားယင် လှောင်လို့ပြောင်လို့ ဆုံးနိုင်တော့မှာ မဟုတ်ဘူးဗျို။ ကျုပ်က ပြောင်ခဲ့ လှောင်ခဲ့သမျှတွေကို ဘယ်လောက်များ အတိုးနဲ့ ပြန်လှောင်လိုက်ကြမလဲလို့။ နေနှင့်အုံးခပ္ပါကွယ်၊ တနေ့တော့ ငါ့သက်ထဲက မင်း ဘယ်မှ လွတ်အောင် ရှောင်ထွက်နိုင်မယ့်လူ မဟုတ်ပါဘူး"

ကျွန်တော်။ ။"ဘယ်လို ဖြစ်ခဲ့တာလဲလို့ ပြောပြပါအုံးတော့ဗျာ"

ရှား။ ။"ခင်ဗျားတယောက်တော့ ကျုပ်ရှုံးခဲ့တဲ့အကြောင်း ပြောပြဖို့ ဝန်မလေးလှပါဘူးလေ။ ဒီလိုဗျ။ ခုနင်က သတ္တဝါက အိမ်ပေါ်ကဆင်းလို့ နည်းနည်းပါးပါး သွားမိယင်ပဲ ခြေနာသလိုလို ဖြစ်လာပါရောဗျား။ လမ်းထောင့်ရောက်တော့ မြင်းရထားတစီး အခန့်သင့်တွေ့တာနဲ့ ရထားပေါ်တက်ပြီး 'ထောင်ကြီးဘေး မောင်းစမ်း' တဲ့ အမိန့်ပေးပါရောဗျား။ ကျုပ်က ဒီ့ပြင် မြင်းရထားတစီးနဲ့ လိုက်ဖို့ကြည့်တော့ မြင်းရထား အခန့်သင့် မတွေ့တာနဲ့ ကျုပ် ဘယ့်နှယ်လုပ်တယ် ထင်သလဲ"

ကျွန်တော်။ ။"လန်ချားနဲ့ လိုက်ကရောလား"

ရှား။ ။"ဘာ ဟုတ်လိမ့်မလဲဗျာ၊ မြင်းရထားနောက်မြီး ခိုလိုက်ရတာပေါ့။ ဟီးဟီး။ ငယ်ငယ်တုန်းကအဖြစ် သွားသတိရမိသေးတယ်။ ကုလားက ကြာပွတ်နဲ့ ရိုက်ချလို့ လမ်းဘေး ကျောက်ခဲပုံက ကျောက်ခဲနဲ့ ကောက်ပေါက် ပြေးခဲ့ရတာမျိုးတွေ ခင်ဗျားတို့ မလုပ်ဖူးဘူးလား မဆိုနိုင်ဘူး"

ကျွန်တော်။ ။"မြို့ပေါ်က ကလေးတွေဆိုယင် ဒါမျိုး ဘာကင်းမလဲဗျာ။ ဒါထက် ဆိုစမ်းပါအုံး"

ရှား။ ။"မြင်းရထားကလဲ မော်တင်လမ်းဘက်ကို ဆိုက်ဆိုက်မြိုက်မြိုက် မောင်းသွားတာပေါ့လေဗျာ။ ကော်မရှင်နာလမ်းနဲ့ မော်တင်လမ်းထောင့်ကျတော့ မြင်းရထားက ဖြုတ်ဆိုအရပ်လိုက်မှာ ကျုပ်က ဖြုတ်ဆို ရထားနောက်မြီးက ခုန်ဆင်းပြီး လမ်းဘေးက ခပ်အေးအေး ကြည့်နေတာကိုးဗျ။ ရထားကုလားက လက်ဦးတော့ သူ့နေရာက ငုံ့ပြီး ဘယ်ဘက်မောင်းရမလဲလို့ မေးသဗျ။ အထဲက ဘာမှပြန်မပြောဘူး။ ဒါနဲ့ ကုလားက ရထားပေါ်က ဆင်းပြီး ရထားတံခါး ဖွင့်ကြည့်ပါရောဗျာ။ ကြည့်တော့ အမယ်ကြီးနဲ့တူလို့ ငါးခူပါတောင် မတွေ့ဘူး။ ဟာ စူဝက်ရော၊ စူခွေးရော ဆဲလိုက် ဆိုလိုက်တာ ဘာပြောကောင်းမလဲဆို ခင်ဗျာ့နှယ်"

ကျွန်တော်။ ။"အလို၊ ဒီအမယ်ကြီးက ခင်ဗျားတို့မသိအောင် ရထားပေါ်က ခုန်ဆင်းချသွားတယ်ပေါ့လေ"

ရှား။ ။"ဘယ်က အမယ်ကြီး ဟုတ်လိမ့်မှာလဲ ကိုသိန်းမောင်၊ ခင်ဗျားတို့ ကျုပ်တို့ထက် မနဲဖျတ်လတ်တဲ့ အရွယ်ကောင်း ယောကျ်ား တယောက်ပေါ့ဗျ။ ဖျတ်လတ်တာထက် ဟန်ဆောင်ကောင်းတာ ကျုပ်ချီးမွမ်းလှတယ်ဗျာ။ ကျုပ်လဲ ရုပ်ပြောင်းရုပ်လွှဲ တော်တော်ကောင်းတယ်လို့ ကိုယ့်ကိုယ်ကို ကိုယ်ချီးမွမ်းလာခဲ့တာ၊ ဒီလူကျတော့ ဆလံပေးရမလိုလို ဖြစ်နေပြီကောဗျာ။ ပြောပုံဆိုပုံရော၊ မျက်နှာထားရော၊

 www.burmeseclassic.com 

ကိုယ်ဟန် အမူအရာရော ဘယ်လောက်နေရာကျတဲ့ လူတယောက်လဲဗျာ၊ ဟင် ကိုသိန်းမောင်၊ ကျုပ်တို့နှစ်ယောက်ကိုတော့ ကောင်းကောင်းလှိမ့်သွားတော့တာပဲ"

ကျွန်တော်။ ။"နေပါအုံးဗျာ၊ ခင်ဗျား နောက်ကလိုက်လာတာကို သူ ရိပ်မိလို့ဟာလား"

ရှား။ ။"ရိပ်မိလို့ ရှောင်ထွက်တာပေါ့ ကိုသိန်းမောင်ရဲ့၊ ကြိုက်တယ်ဗျာ။ ကျုပ် သိပ်ကြိုက်တယ်။ ဒီလိုလူမျိုးနဲ့ စခန်းသွားရမှ ကျုပ်မှာလဲ ဉာဏ်တိုးတာမျိုးဗျ။ ကိုင်း ကိုသိန်းမောင်၊ ခင်ဗျားကြည့်ရတာ အိပ်ချင်ပုံပေါ်ပြီ၊ အိပ်ချေပေတော့ဗျာ"

ကျွန်တော်သည် စင်စစ် အိပ်ချင်လှပြီ ဖြစ်သောကြောင့် အိပ်ခန်းသို့ဝင်၍ အိပ်လေရာ တရေးနိုးသဖြင့် လှမ်းကြည့်လိုက်သော အခါတွင်မူကား ဦးစံရှားမှာ ပက်လက် ကုလားထိုင်ပေါ်တွင် ထိုင်ကာ တယော တကျိုကျိုထိုးယင်း စဉ်းစားစိတ်ကူးလျက်ပင် ရှိနေသေးကြောင်း တွေ့မြင်ရပေသေးသတည်း။

## ၄

## ကိုသန့်းတင်၏ ဉာဏ်စွမ်း

နောက်တနေ့ နံနက်တွင် အင်္ဂလိပ် သတင်းစာများနှင့် မြန်မာ သတင်းစာများသည် တောင်ဒရီလမ်း လူသတ်မှုအကြောင်းနှင့် ပတ်သက်၍ အထူးတလည် ချဲ့ထွင်ရေးသားလျက်ရှိကြ၏။ အဖြစ်အပျက်ကို ဖော်ပြပုံမှာ တခုနှင့်တခု ခြားနားခြင်း မရှိလှသော်လည်း ခေါင်းစဉ်တပ်ပုံများမှာမူ ဖတ်ရှုသူ၏စိတ်ကို ထိခိုက်တုန်လှုပ်စေခြင်းငှာ အယ်ဒီတာများက ဉာဏ်အမျိုးမျိုးကွန့်လျက် အကြီးဆုံးသော စာလုံးကြီးများနှင့် ထင်ရှားအောင် ဖော်ပြကြ၏။

'မြန်မာပြည်အတွင်း ဖြစ်ပွားခဲ့ဖူးသော ရာဇဝတ်မှုများ၏ ရာဇဝင်တွင် ဤအမှုကဲ့သို့ ထူးဆန်းသော အမှုဟူ၍ တခါဘူးမျှ မကြုံဖူးခဲ့ရကြောင်း၊ သတ်သောသူက မိမိ၏နာမည်ကို အင်္ဂလိပ်လို အတိုကောက် ရေးသားထားခြင်း၊ မည်သည့် ရည်ရွယ်ချက်နှင့် သတ်ဖြတ်သည်ဟူ၍ မထင်ရှားခြင်းတို့ကို ထောက်သော် တိုင်းရေးပြည်ရေးနှင့် ပတ်သက်သော လူသတ်မှု တခုဟူ၍ တွေးထင်ဖွယ်ရှိကြောင်း၊ အိန္ဒိယ တိုင်းသားများသည် ရုရှလူမျိုးတို့၏ နဟီလစ် (Nihilist) ဝါဒကို အတုခိုး နည်းယူတတ်ကြကြောင်း ကြားကြရဖူးသဖြင့်လည်း အထက်ပါ တွေးထင်ချက်မှာ သာ၍ပင် ယုတ္တိရှိကြောင်း'

စသည်ဖြင့် အင်္ဂလိပ်သတင်းစာတစောင်က အယ်ဒီတာ၏ စိတ်ကူး စိတ်သန်းများကိုပါ ထုတ်ဖော်ရေးသားလိုက်သေး၏။

အခြားသတင်းစာ တစောင်ကမူကား—

'ကွယ်လွန်သူ မစ္စတာ ဝေဿကမှာ မိတ်ဆွေ မစ္စတာ ဟိန္ဒကနှင့်အတူ အိန္ဒိယပြည် ရာဇပုတ္တနနယ်မှ ရန်ကုန်မြို့သို့ အလည်အပတ်လာ၍ ဘရုတ်ကင်းလမ်း၊ တိုက်နံပါတ် ၄၇၊ မုဆိုးမကြီး မစ္စစ်ဒေးဗစ်၏ နေအိမ်တွင် တည်းခိုနေထိုင်ခဲ့ကြောင်း၊ ထိုသူနှစ်ယောက်တို့မှာ လွန်ခဲ့သော အင်္ဂါနေ့တွင် ဟိုတယ်မှ ထွက်လာကြ၍ ရန်ကုန် ဘူတာကြီးသို့ သွားကြသည်ဆိုရာ စကြံပေါ်တွင် သူတို့နှစ်ယောက် တွဲစကားပြောနေခြင်းကို မြင်လိုက်ရသူများ ရှိကြောင်း၊ ထိုအချိန်မှစ၍ သူတို့နှစ်ယောက်၏ သတင်းကို မကြားရတော့ပဲ တောင်

www.burmeseclassic.com


ဒရိုလမ်း 'ကိုးဇီးဗီလာ' အိမ်၌ မစ္စတာဝေဿကာ၏အလောင်းကိုတွေ့ရတော့သည်ဆိုကြောင်း၊
မစ္စတာ ဝေဿကာသည် ထိုအိမ်သို့ ဘယ်နည်း ဘယ်ပုံရောက်၍ ဘယ်နည်း ဘယ်ပုံ အသတ်
ခံရသည်ဟု မည်သူမျှ မပြောနိုင်ကြောင်း၊ မစ္စတာ ဟိန္ဒကမှာမူ ယခု သတင်းရေးသော
အချိန်တိုင်အောင် ခြေရာခံ၍ မရသေးကြောင်း'

စသည်ဖြင့် ရေးသား ဖော်ပြလိုက်၏။

ကျွန်တော်နှင့် ဦးစံရှားတို့သည် အထက်ပါသတင်းများကို နံနက် ကော်ဖီသောက်ယင်း ဖတ်ရှုကြရလေရာ ဦးစံရှားမှာ ပြုံးပြုံးကြီး လုပ်နေသဖြင့်—

ကျွန်တော်။ ။"ခင်ဗျားက ဘာပြုံးတာလဲဗျ"

ရှား။ ။"သတင်းစာဆရာတွေ ဉာဏ်ကွန့်မြူးပုံကို ကျုပ်က တွေးမိလို့ပါ။ အထူးသဖြင့် အင်္ဂလိပ်သတင်းစာတွေက အိန္ဒိယနဲ့ ပတ်သက်လာပြီ ဆိုမှဖြင့် တိုင်းရေးပြည်ရေးချည်း သူတို့ တွေးတော့တာပဲ။ ရှုရှုပြည်က နည်းရပြန်သတဲ့။ ဟား ဟား ဟား"

ထိုခဏ၌ လှေကားမှ ခြေသံအမြောက်အမြား ကြားရသဖြင့်—

ကျွန်တော်။ ။(အံ့သြစွာဖြင့်) "ဘယ့်နှယ်ဟာတွေလဲဗျ၊ မျောက်တွေများ လာကြပြန်သလား"

ရှား။ ။"မျောက်ဟုတ်ရိုးလားဗျာ၊ လမ်း ၄၀ စုံထောက်အဖွဲ့ဆိုတာ သူတို့လူစုပေါ့"

နောက်တခဏ၌ တံခါးပွင့်လာ၍ ညစ်ပတ်ပေရေလှစွာသော ကော်ရင်ဂျီကုလားကလေး ၆ ယောက်ခန့်တို့သည် အခန်းတွင်းသို့ တိုးဝှေ့ကာ ဝင်လာကြလေ၏။

"တန်းစီလိုက်စမ်း" ဟု ဦးစံရှားက ခပ်ဆတ်ဆတ် အမိန့်ပေးလိုက်သည်နှင့်တပြိုင်နက် ကုလားလေးများသည် စစ်သားများသဖွယ် ဂုဏ်ကြီးစွာဖြင့် စီတန်းကာ ရပ်နေကြလေရာ ကျွန်တော့်မှာ မပြုံးမရယ်ပဲ မနေနိုင်အောင် ဖြစ်မိလေ၏။

ရှား။ ။"နောက်တခါ ကိစ္စရှိယင် အာချီယားတယောက်တည်း တက်လာခဲ့၊ မင်းတို့က လမ်းပေါ်က စောင့်နေရစ်။ ကြားလား"

အားလုံး။ ။"ကောင်းပါပြီ ဆပ်"

ရှား။ ။"တွေ့ခဲ့ပြီလားဟေ့ အာချီယား"

ရှေ့ဆုံးက ကော်ရင်ဂျီ။ ။"မတွေ့သေးဘူး ဆပ်"

ရှား။ ။"အေး၊ ငါလဲ တွေ့အုံးမယ်မထင်သေးပါဘူး။ မတွေ့မချင်း မင်းတို့ လိုက်ရှာရမယ်။ ကြားလား။ ကိုင်း ကိုင်း၊ ရော့ မင်းတို့နေ့တွက်။ ကဲ၊ သွားကြပေတော့၊ နောက်တခေါက် နေရာကျအောင် ကြိုးစားခဲ့ကြနော်"

ဦးစံရှားသည် ကုလားကလေးများအား ပိုက်ဆံ ၈ ပဲစီပေး၍ လွှတ်လိုက်ရာ သူတို့လည်း ခုန်ပေါက်ပြေးလွှားကာ ဆင်းသွားကြသဖြင့် တလမ်းလုံး ကျွက်ကျွက်ညံမျှ ဆူသွားလေ၏။

ရှား။ ။"ဒီကောင်ကလေးတွေက ကြည့်တော့သာ ဘာမှ မဟုတ်တယ်၊ သူတို့ တယောက်တယောက်ဟာ ခင်ဗျားပုလိပ် ၁၀ ယောက်မကဘူး အလုပ်တွင်တယ်ဗျ။ ဘယ်လူမျိုးမဆို ပုလိပ်ကိုမြင်လိုက်ယင် နှုတ်ပိတ်သလို ဖြစ်သွားတယ်။ သူတို့တတွေကတော့ ကြိုကြိုကြားကြား အနှံ့အပြားရောက်ပြီး သူတို့မမြင်ခဲ့တဲ့အရာ၊ မကြားခဲ့တဲ့စကားရယ်လို့ ဘာမှမရှိဘူး။ ပါးလိုက်တာဆိုလဲ လှစ်နေတဲ့ကောင်လေးတွေပဲ။ သူတို့ကို နေရာတကျလေး စီမံပေးဖို့လောက်သာ လိုတာပဲ ကိုသိန်းမောင်ရဲ့" /

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်။ ။"ထွင်လဲ တော်တော်ထွင်တဲ့ လူတယောက်ပါပေပဲဗျာ။ ပိုက်ဆံကုန် နည်းနည်းနဲ့ နေရာဘကာ နှိပ်စပ်ဖို့ဆိုတော့ သူတို့ကို ဘယ်သူ မီနိုင်ပေမလဲ။ ဒါထက် ဒီကောင်ကလေးတွေဟာ ဘောင်ဒရီလမ်း လူသတ်မှုအတွက် ခင်ဗျား ခိုင်းထားတာ မဟုတ်လား"

ရှား။ ။"ဒါပေါ့ဗျာ၊ ကျုပ်သိချင်တဲ့အချက်ကလေးတခုရှိလို့ စုံစမ်းခိုင်းထားတာပဲ။ အမြန်နဲ့ အနေးပါပဲ ကိုသိန်းမောင်၊ တနေ့တော့ ကေန္တ သူတို့ တွေ့ရမှာပဲ။ ဟော လှေကားက ဘယ်သူလဲ မဆို နိုင်ဘူးဗျို။ တယောက်တော့ တက်လာလေရဲ့"

နောက် တခဏ၌ အခန်းတံခါးပွင့်သွား၍ ကိုသန်းတင်သည် အူယားဖားယား အမူအရာဖြင့် အခန်းထဲသို့ ဝင်လာလေ၏။

တင်။ ။"ကိုင်း ဆရာရေ့၊ ကျွန်တော့်ကို ချီးမွမ်းဖို့သာ ပြင်ထားပေတော့။ ကျွန်တော် ရှင်းလင်းလာခဲ့ပြီ ဆရာ"

ရှား။ ။(အနည်းငယ် မျက်မှောင်ကြုတ်လျက်) "ခင်ဗျားက သဲလွန်စ ရလာခဲ့ပြီ ဆိုပါတော့"

တင်။ ။"သဲလွန်စ မကဘူး ဆရာရဲ့၊ လူကြီးကိုယ်တိုင်ကို ကျွန်တော် ဖမ်းထားခဲ့ပြီ"

ရှား။ ။"နာမည် ဘယ့်နှယ်ခေါ်သလဲ"

တင်။ ။(ရင်ကော့လျက်) "စာတိုက်ကြီးမှာ ဒုလုပ်လုပ်တဲ့ ဂျွန်နီဒေးဗစ်တဲ့ ဆရာ"

ရှား။ ။(သက်သာရာ ရသွားဟန်ရှိသော မျက်နှာထားမျိုးဖြင့်) "တော်ပါပေ့ဗျာ၊ ကိုင်း ကိုသန်းတင်၊ ခင်ဗျား ဖမ်းခဲ့ပုံကလေး တဆိတ် လင်းစမ်းပါအုံးဗျာ"

တင်။ ။(ကုလားထိုင်၌ထိုင်ကာ စတိုင်ပါပါဖြင့် ဆေးလိပ်ကိုမီးညှိလျက်) "ထို့၊ ကိုအုန်းဖေလုပ်ပုံ ကျွန်တော်က သဘောကျလှတယ်။ ကြည့်ပါအုံးဆရာ။ သူက ဝေဿကရဲ့ သူငယ်ချင်း ဟိန္ဒကကို တန်းတန်း ကြီး စွဲပြီး သူ့နောက်ကို တကောက်ကောက် လိုက်နေတော့တာပဲ။ ခုလောက်ရှိ ဟိုလူကို သူ ဖမ်းထားပြီ လားတောင် မဆိုနိုင်ဘူး ဆရာ"

ကိုသန်းတင်သည် ကိုအုန်းဖေ၏ အမှားကို လှောင်ပြောင်ဟန်ဖြင့် အားရပါးရ ရယ်မော လျက်ရှိ၏။

ရှား။ ။"ကိုအုန်းဖေ အသာထားပြီး ခင်ဗျား ခြေရာခံပုံ တဆိတ် ကြားပါရစေအုံးလားဗျာ"

တင်။ ။"ဆရာနဲ့ ကျွန်တော်နဲ့ ဆိုတာမှာတော့ ဆရာတပည့်ရယ်လို့ မဟုတ်စေကာမူ ကျွန်း ကိုင်းမှီ ကိုင်း ကျွန်းမှီ ဆိုတာမျိုးလို အပြန်အလှန် မှီခိုရလို့မို့ အချင်းချင်းသဘောနဲ့ ဖွင့်ပြောရမှာပ ဆရာရယ်။ အမှုတခုခု ဖြစ်ပြီဆိုယင် ဒီလူရဲ့ အဖြစ်သနစ်ကို စုံစုံလင်လင်သိဖို့ သိပ်အရေးကြီးတာကိုး ဆရာရဲ့။ ဒီ့ပြင်လူ ဆိုယင် နေရင်းဌာနကို ကြေးနန်းရိုက်မေးပြီး ကြေးနန်းမပြန်မချင်း ခပ်အေးအေးနေမှာပေါ့ ဆရာရယ်။ ကျွန်တော်ကတော့ ဒီလို ဘာရမလဲ။ တတ်နိုင်သမျှ ကြိုတင်ပြီး သိနှင့်ရအောင် နည်းကုန်လမ်းကုန် စုံစမ်းတာ ကလား ဆရာရဲ့"

ရှား။ ။(ကျွန်တော့်အား လှမ်းကြည့်လျက်) "တော်ပါပေ့ဗျာ၊ ဆိုပါအုံး"

တင်။ ။"ဒါထက် အလောင်းနံဘေးမှာတွေ့တဲ့ ဦးထုပ်သစ်ကို ဆရာ သတိထားမိရဲ့လား"

ရှား။ ။"ထားမိတယ်။ ဒါလ်ဟိုဇီကမ်း၊ တိုက်နံပါတ် ၃၃၉၊ အိုရီယန်တယ် ဦးထုပ်ကုမ္ပဏီက"

ကိုသန်းတင်မှာ ထင်သလောက် အသားမယူနိုင်သဖြင့် ငွကျသွားလေ၏။

တင်။ ။"ဩော် ဆရာလဲ သတိပြုမိသကိုး။ နို့ အဲဒီဆိုင်ကော ရောက်သေးသလား ဆရာ"

ရှား။ ။"မရောက်ပေါင်ဗျာ"

www.burmeseclassic.com


တင်။ ။"ဪ ဒီတချက်တော့ ဆရာ ရှုံးသွားသကိုး။ သဲလွန်စဆိုတာ ကြီးသော ငယ်သော ရွေးမနေပဲ တွေ့သမျှကောက်လိုက်ရတာမျိုးကလား ဆရာရဲ့။ ဒါထက် ကျွန်တော်က အိုရီယန်တယ် ဦးထုပ်ကုမ္ပဏီ သွားပြီး စုံစမ်းတော့ ဘရုတ်ကင်းလမ်း၊ တိုက်နံပါတ် ၄၈ မှာနေတဲ့ မစ္စတာ ဝေဿကဆိုတဲ့ လူက မှာသွားလို့ 'အောဲဒါမိတ်' ချုပ်လုပ်ပြီး ပို့လိုက်ရကြောင်း ကြားခဲ့ရတာကိုး ဆရာရဲ့"

ရှား။ ။"တော်ပါပေ့ဗျာ။ တယ်တော်"

တင်။ ။"ဒါနဲ့ ကျွန်တော်က ဘရုတ်ကင်းလမ်း၊ တိုက်နံပါတ် ၄၈ ကို သွားစုံစမ်းတော့ မုဆိုးမကြီး မစ္စစ်ဒေးဗစ်ရဲ့ တိုက်ခန်းမှာ ထမင်းလခပေးစားတဲ့ ဧည့်သည်တယောက်ဖြစ်ကြောင်း သိရတာကိုး ဆရာရဲ့။ ကျွန်တော် ရောက်သွားတော့ မစ္စစ်ဒေးဗစ်နဲ့ သူ့သမီးကလေးကို တွေ့တယ်။ ဒါထက် စကားမစပ် သမီးကလေးက မိန်းမချောကလေး ဆရာ။ အသက် ၁၇ နှစ်လောက် ရှိသေးတယ်"

ရှား။ ။"ဆိုပါအုံးဗျာ"

တင်။ ။"ဒါနဲ့ ကျွန်တော်က မစ္စတာ ဝေဿက သေရှာပြီဆိုတာ ကြားပြီးကြပြီလားလို့ မေးတော့ အမေကြီးကတော့ ခေါင်းညိတ်ပြတယ်။ သမီးကတော့ ဘာမှ မပြောနဲ့တော့၊ မေး မေးချင်း မျက်ရည်တွေ ဝိုင်းလာပါလေရော ဆရာ"

ရှား။ ။"ဪ"

တင်။ ။"အမဲနံ့ရတဲ့ တောလိုက် ခွေးမျိုးလို ကျွန်တော့်မှာ နားတွေ မျက်စိတွေ ကျယ်ထွက်သွားတာပေါ့ ဆရာ။ ကျွန်တော်က 'ဟိုညက မစ္စတာ ဝေဿကဟာ ဘယ်အချိန်ထွက်သွားသလဲ' မေးတော့ '၈ နာရီလောက် ထွက်သွားတယ်'တဲ့။ 'ဒီနောက် ပြန်မလာတော့ဘူးလား' မေးတော့ အမေကြီးကတော့ 'မလာဘူး'တဲ့ ဆရာရဲ့။ သမီးကလေးကတော့ 'မှန်မှန်ပြောလိုက်ပါ မာမီ'တဲ့ ဝင်ပြောပါရော ဆရာ။ ဒီခတော့ အမေကြီးက 'အေး၊ ကောင်းတော့တာပဲ။ ကိုယ့်မောင်ကို ကိုယ်ဒုက္ခရှာတဲ့ နှမ။ ကောင်းနိုင်ကြသေးလားတော်'တဲ့။ ညည်းညူပါလေရော ဆရာရဲ့။ ဒီတော့မှ ကျွန်တော်က မှန်မှန်ပြောယင် အကျိုးရှိတဲ့ အကြောင်း ချော့မော့ပြီး အမေကြီးကိုပြောတော့ အမေကြီးက 'ခုမှဖြင့် မပြောမဖြစ်ပါဘူး' ဆိုပြီး ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောတော့တာကိုး ဆရာရဲ့"

ရှား။ ။"ပြောပုံက ဘယ်လိုတဲ့လဲဗျာ"

တင်။ ။"ဝေဿကနဲ့ ဟိန္ဒကတို့ မစ္စစ်ဒေးဗစ် အိမ်နေတဲ့အခိုက်မှာ ဝေဿကဆိုတဲ့လူက သမီးချောကလေး ရိုဇီကို ပိုးနေတာကိုး ဆရာရဲ့။ သူ ပိုးပုံက ကုလားပီပီ စောင်းပါးရိပ်ခြည်မကပဲ တို့လား ဆိတ်လား ဆွဲလား ငင်လား လုပ်တယ်ဆို ထင်ပါရဲ့။ အမေလုပ်တဲ့ မိန်းမကြီးကလဲ ဧည့်သည်နှစ်ယောက်က ဟလတရာစီ ပေးနေကြလေတော့ ငွေမျက်နှာမက်မောပြီး တော်တော်နဲ့ နှင်မထုတ်ရက်ပဲ အောင့်ခံနေခဲ့တယ်ဆိုကိုး ဆရာရဲ့။ ဝေဿက ငနဲက မူးမူးနဲ့ တနေ့ထက်တနေ့ ကဲကဲလာတော့မှ နောက်ဆုံးမှာ ဟိုနေ့က မောင်မင်းကြီးသားများ ကြွကြပါတော့လို့ မောင်းချလိုက်ရတယ်ဆိုကိုး ဆရာရဲ့။ ဒါနဲ့ သူတို့နှစ်ယောက် ပစ္စည်းတွေ ဘာတွေ ယူသွားကြပြီး ပြည်မြို့ဘက် လိုက်မလိုလိုနဲ့ ဆင်းသွားကြပါရော ဆရာရဲ့"

ရှား။ ။"ဒီတော့ ၈ နာရီလောက် ဟုတ်စ"

တင်။ ။"ဟုတ်တယ်ဆရာ၊ တော်တော်ကြာလို့ နာရီတဝက်လောက်ရှိတော့ ဝေဿကတယောက်တည်း မူးမူးနဲ့ ပြန်တက်လာပြီး ရိုဇီကို သူနဲ့လိုက်ခဲ့ဖို့ အတင်းခေါ်ပါရောတဲ့ဆရာ။ ကောင်းမကလေးက ငြင်းတော့ ငနဲက ဆွဲလား ငင်လား လုပ်သတဲ့။ ဒါတင်မှမက ပွေ့လား ဖက်လား နမ်းလား ရှုပ်လား လုပ်နေတုန်း ဗြုန်းဆို စာတိုက်မှာလုပ်တဲ့ မောင်လုပ်တဲ့လူ ဂျွန်နီက ရောက်လာပါရောတဲ့ ဆရာ။ ဘာမှ

www.burmeseclassic.com



မပြောနဲ့၊ ဂျွန်နီက ဝေဿကရဲ့ လည်ကုတ်ကို ကိုင်တွန်းပြီး လှေကားက ကန်ချလိုက်ပါရောတဲ့ ဆရာ။ ဝေဿကက တိုက်အောက်ကနေပြီး ကြိမ်းလား ဝါးလား လုပ်နေတော့ ဂျွန်နီက 'သယ် ဒီအကောင် မသွားသေးဘူးလား'ဆိုပြီး ပြောပြောဆိုဆိုနဲ့ တိုက်ပေါ်က ဆင်းသွားလိုက်တာ ညသန်းခေါင်ကျော် လောက်မှ သူပြန်လာတော့တာပဲတဲ့ ဆရာ။ နောက်တနေ့ နံနက်တော့ ဝေဿက သေပြီလို့ ကြားရတော့ တာပါပဲတဲ့"

ရှား။ ။"ဒီတော့ ခင်ဗျား ဘာလုပ်သလဲ"

တင်။ ။"ဘာလုပ်ဖို့ရှိသလဲ ဆရာ၊ ပုလိပ်နှစ်ယောက်နဲ့ စာတိုက်ကြီးသွားပြီး ဂျွန်နီဒေးဗစ်ကို ဖမ်းတော့တာပ ဆရာရဲ့။ သူ့ကို ဖမ်းဖမ်းချင်း ဂျွန်နီက 'ခင်ဗျားတို့က ကျုပ်ကို ခွေးမသား ဝေဿကအမှုနဲ့ ပတ်သက်လို့ ဖမ်းကြတာပေါ့လေ'တဲ့။ ပြောလိုက်ချေသေးတယ် ဆရာရဲ့။ တကယ်ဆိုတော့ ကျွန်တော် တို့က ဘာမှ မစွပ်စွဲရသေးပဲနဲ့ သူက ထုတ်မေးနေနှင့်တာ တခုတည်းနဲ့ မသင်္ကာစရာ ဖြစ်မနေဘူးလား ဆရာရယ်"

ရှား။ ။"ဟုတ်တာပေါ့"

တင်။ ။"ဩော် ဒါထက် ဟိုညက ဂျွန်နီက ရှားနှစ် တုတ်တချောင်း ကိုင်းဆင်းသွားတယ်လို့ သူ့အမေက ပြောတယ်။ ကျွန်တော်တို့ ဖမ်းတော့လဲ သူ့လက်ထဲမှာ ဒီတုတ်ကြီး ကိုင်လျက်ပဲ ဆရာရဲ့"

ရှား။ ။"ခင်ဗျားယူဆပုံ ဆိုစမ်းဗျာ"

တင်။ ။"ကျွန်တော် ယူဆပုံကတော့ ဂျွန်နီဟာ ဝေဿကနောက်က လိုက်သွားပြီး တောင်ဒရို လမ်းဆီ ရောက်တော့ နှစ်ယောက် စကားများကြပြန်တယ်။ ဒီတော့ ဂျွန်နီက ဝေဿကကို ရင်ညွန့်ဆီ ရိုက်သတ်ပြီး လူမရှိတဲ့ အိမ်ကြီးထဲ ဆွဲသွင်းထားခဲ့တယ်။ ဒီလိုဖြစ်ရမှာပေါ့ ဆရာရယ်။ ဖယောင်းတိုင်တိုတို့၊ သွေးစက်တို့၊ နံရံက စာလုံးတို့၊ လက်စွပ်တို့ ဆိုတာတွေကတော့ ပုလိပ်တွေ ထင်ယောင် ထင်မှားဖြစ်အောင် သက်သက် ဉာဏ်ဆင်ထားခဲ့တဲ့ သဘောမျိုးပေါ့ ဆရာရယ်"

ရှား။ ။"ဘရုတ်ကင်းလမ်းကနေပြီး တောင်ဒရိုလမ်းထိအောင် လိုက်သတဲ့လားဗျာ"

တင်။ ။"ရှေ့ကလူ ရထားနဲ့သွားယင် နောက်ကလူလဲ ရထားနဲ့ လိုက်နိုင်တာပေါ့ ဆရာရဲ့"

ရှား။ ။"တော်ပါ့ဗျာ၊ တော်ပါ့။ တနေ့တော့ ခင်ဗျား အကြီးအကဲ ဖြစ်မယ့်ပုံ ပေါ်သဗျာ ကိုသန်းတင်"

တင်။ ။(အလွန်ကျေနပ်ဟန်ဖြင့်) "ကျွန်တော် လုပ်ပုံ ကိုင်ပုံကလေး မသပ်ရပ်ပါလား ဆရာ။ ဟီး ဟီး။ ကိုအုန်းဖေတယောက် လုပ်နေပုံ ကျွန်တော်တွေးပြီး ရယ်လိုက်ချင်ပါဘိ ဆရာရယ်။ ဩော် ကိုအုန်းဖေ၊ ကိုအုန်းဖေ"

"ဘာကြောင့် ဒါလောက်တောင် တမ်းတနေရတာလဲဗျ။ ကိုင်း လာပါပြီတဲ့ဗျာ"ဟု ပြောပြော ဆိုဆို ဝင်လာသော ကိုအုန်းဖေအား ကျွန်တော်တို့သုံးဦးသည် အံ့အားသင့်စွာဖြင့် ငေးကြည့်နေကြရ၏။ အံ့အားသင့်ရခြင်း အကြောင်းမှာ အစဉ်မပြတ် သပ်ရပ်သိုက်မြိုက်စွာ ဝတ်ဆင်လေ့ရှိသော ကိုအုန်းဖေသည် ဦးခေါင်းစုတ်ဖွား ကိုးရိုးကားရားဖြင့် အသားများ အဆီပြန်သည့်တိုင်အောင် ဝင်းဝင်း ပြောင်ပြောင် ဖြစ်နေရသောကြောင့်ပေတည်း။

အခန်းတွင်းသို့ ဝင်မိသည်နှင့်တပြိုင်နက် ကိုအုန်းဖေသည် ခြေပစ် လက်ပစ် ရှိနေသော အမူအရာဖြင့် ကုလားထိုင် တလုံးပေါ်သို့ ပစ်လှဲ၍ ဗိုလ်ကေကို လက်နှင့်ဖွကာ—

ဖေ။ ။"ရှုပ်တာကာ့အရှုပ်မှာ ယောဒီအမှုဟာ ဗိုလ်ချုပ်ကြီးလို့ ဆိုထိုက်ပါပေသဗျား"



www.burmeseclassic.com

www.burmeseclassic.com



တင်။ ။"မရှင်းနိုင်တဲ့လူ အဖို့တော့ ရှုပ်တာပေါ့လေဗျာ"

ဖေ။ ။"ခင်ဗျားကတော့ ရှင်းနိုင်တယ်လို့ ဆိုချင်တာပေါ့လေ၊ ဟုတ်စ"

တင်။ ။"ရှင်းနိုင် မရှင်းနိုင် ဟောဒီက ဆရာကြီးများ မေးပါတော့ဗျာ။ ဩော် ဒါထက် ခင်ဗျားလူ ဟိန္ဒူကကော ဘယ့်နှယ်လဲ"

ဖေ။ ။"ဟိန္ဒူကလား၊ ဟိန္ဒူက ဆိုတဲ့လူ ဒီကနေ့မနက် ၆ နာရီလောက် 'လိပ်ဗျူး' ဟိုတယ်မှာ လူသတ်လို့ သေရှာပြီကော ဆရာကြီးတို့"

## ၅

## အရုဏ်တက်မှ နေထွက်

ကိုအုန်းဖေ၏ စကားကို ကြားရသောအခါ ကျွန်တော်တို့ သုံးယောက်မှာ အလွန်တရာ အံ့သြကြရ၏။ ကိုသန်းတင်မှာ ဣန္ဒြေမဆည်နိုင်သဖြင့် ထိုင်ရာမှ ရုတ်တရက် ထ၍ ခုန်လိုက်ရာ ဦးစံရှားမှာမူ နှုတ်ခမ်းကို ကိုက်လျက် မျက်မှောင်ကြုတ်ကာ စဉ်းစားနေလေ၏။

ရှား။ ။"ဟိန္ဒူကလဲ ပါသွားပြီ။ အင်း၊ ကဲသထက် ကဲလာကုန်ပြီကော ဗျို့"

ဖေ။ ။"ကဲလိုက်တာမှ ဘာပြောကောင်းမလဲ ဆရာ၊ ဒီအတိုင်းသာ ခရီးသွားနေကြမယ်ဆိုယင် တော်တော်ကြာ ခက်ကောင်း ခက်ရချေရဲ့ ဆရာ"

တင်။ ။"ခင်ဗျားဥစ္စာ သေချာရဲ့လား ကိုအုန်းဖေရယ်"

ဖေ။ ။"ခက်လိုက်တဲ့လူဗျာ၊ သေချာလိုက်တာမှ ကျုပ်ကိုယ်တိုင် လက်ဦးဆုံး မြင်ခဲ့ရတဲ့လူပဲဗျ"

ရှား။ ။"ကိုသန်းတင်ရဲ့ ယူပုံဆပုံတွေကတော့ သူပြောပြလို့ ကြားရပါပြီဗျာ။ ကိုင်း ကိုအုန်းဖေက တလှည့် ခင်ဗျားတွေ့ခဲ့ရပုံ၊ ဆောင်ရွက်ခဲ့ရပုံတွေ တဆိတ်လောက် လင်းစမ်းအုံးလေဗျာ"

ဖေ။ ။"ဒီလိုဆရာရဲ့၊ ကျွန်တော့်သဘောက ဝေဿကကို သူ့သူငယ်ချင်း ဟိန္ဒူကက သတ်တယ်လို့ ထင်ပြီး ဟိန္ဒူကခြေရာကို လိုက်ခံနေတာကိုး ဆရာရဲ့။ ဟိုညက ၇ နာရီခွဲလောက်အထိ သူတို့ နှစ်ယောက် အတူတူတွဲလျက် ရှိသေးတယ်ဆိုတယ်။ နောက် နာရီပြန် ၂—ချက်လောက်မှာ ဝေဿကရဲ့ အလောင်းကို တွေ့ရတယ်။ ဒီတော့ ကျွန်တော်စုံစမ်းဖို့ရှိဘာက ၇—နာရီခွဲနဲ့ နာရီပြန် ၂—ချက်အတွင်းမှာ ဟိန္ဒူကဟာ ဘာများလုပ်သလဲ၊ ဒီနောက်ကော သူ ဘယ်ရောက်သွားသလဲ စုံစမ်းဖို့ လိုတာကိုး ဆရာရဲ့။ ဒီတော့ ကျွန်တော်က ပင်လယ်ကူးသင်္ဘောတွေ၊ ရေဝတီသင်္ဘောတွေ၊ မီးရထားတွေ အကုန်လိုက်ပြီး လမ်းပိတ် ထားတာကိုး ဆရာရဲ့။ ကျွန်တော်ကိုယ်တိုင်ကတော့ မြို့ပေါ်မှာရှိတဲ့ ဟိုတယ်တွေ အကုန်လိုက်ပြီး ခြေရာခံတာပဲ ဆရာရဲ့။ မနေ့က တနေ့လုံး ဘယ်မှာမှ ခြေရာခံလို့မရဘူး။ ဒီကနေ့မနက် စောစောကြီး ထပြီး ခြေရာကောက်ပြန်တော့ ကန်တော်ကြီးစောင်းက 'လိပ်ဗျူး' ဟိုတယ်မှာ ခြေရာခံမိပါရော ဆရာရယ်။ ကျွန်တော်က မေး မေးချင်းပဲ မန်နေဂျာလုပ်တဲ့ ဗိုလ်ကပြားက 'မစ္စတာဟိန္ဒူက ရှိပါတယ်'တဲ့။ လူတယောက် လာမေးယင် ဘယ်အချိန်မဆို သူ့ဆီလွှတ်လိုက်ပါလို့ မှာထားပါတယ်တဲ့"

တင်။ ။"ဝေဿက သေတာကို သူ မသိသေးဘူးလားကရို့"

ရှား။ ။"မသိသေးလို့ ဖြစ်ရမှာပေါ့။ ကိုင်း ဆိုပါအုံးဗျာ"

ဖေ။ ။"ဒီတော့ ကျွန်တော်က 'ဟိန္ဒူက ဘယ်အခန်းမှာလဲ'လို့ မန်နေဂျာကိုမေးပြီး အပေါ်ထပ် တက်သွားတာကိုး ဆရာရဲ့။ မန်နေဂျာပြောလိုက်တဲ့ အခန်းနံပါတ် ၄ ရောက်တော့ ကျွန်တော်က တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါက်၊ ဘယ်သူမှလဲ မထူး။ နှစ်ခါခေါက်လို့လဲ ဘယ်သူမှ မထူးတော့ ကျွန်တော်က ကြမ်းပေါ် ငုံ့အကြည့်မှာ အခန်းထဲက သွေးတွေ တံခါးအောက်က စီးထွက်လာပြီး ကျွန်တော့် ခြေထောက်နားမှာ အိုင်ထွန်းနေတာ တွေ့ရပါလေရောဆရာ။ ဒါနဲ့ ကျွန်တော်က မန်နေဂျာခေါ်ပြ။ တံခါးကို တွန်း၊ မရ။ နှစ်ယောက်သား ကိုယ်စောင်း တိုက်ဖွင့်။ လက်ယှက်ပြုတ်ထွက်ပြီး တံခါးပွင့်။ အထဲဝင်ကြတော့ ပြတင်းပေါက် ပွင့်နေတာ မြင်ရ။ ပြတင်းပေါက် အနားမှာ လား လား ဆရာရယ်၊ ကုလားတယောက် လဲနေတာကိုး။ မန်နေဂျာက မျက်နှာ ငုံ့ကြည့်တဲ့ပြီး 'မစ္စတာ ဟိန္ဒုကာပဲ'တဲ့။ ကျွန်တော်က ရင်ဘတ် စမ်းကြည့်တော့ အသက်မရှိဘူး ဆရာရယ်။ အလောင်းကို သေသေချာချာ ကြည့်တော့ လက်ဝဲဘက် ရင်ဘတ်မှာ ဓားထိုးရာကြီးနဲ့ ဆရာရဲ့။ ထူးဆန်းတာတခုက ဘာလဲဆိုတော့ အလောင်းနံဘေးက နံရံမှာ...."

"ဗွီ ဒီ တီ ဆိုတဲ့ စာလုံးကို သွေးနဲ့ရေးထားတာ တွေ့ပြန်တယ် မဟုတ်လား"ဟု ဦးစံရှားက မေးလိုက်ရာ—

"အစစ်ပဲ ဆရာရဲ့"ဟု ဦးအုန်းဖေက ဝန်ခံပြီးသည့်နောက် ကျွန်တော်တို့ အားလုံးမှာ စကား တလုံးမျှ မပြောနိုင်ပဲ အတန်ကြာအောင် တွေဝေ စဉ်းစားနေကြလေ၏။ ထို့နောက် ကိုအုန်းဖေက ဆက်လက်၍—

ဖေ။ ။"မနက်စောစောတုန်းက နွားနို့သည် ကုလားတယောက်က လူတယောက် လှေကား ထောင်ပြီး တိုက်ပြတင်းပေါက်က ဆင်းသွားတာ မြင်လိုက်သတဲ့ ဆရာရဲ့။ ဒီလူဆင်းသွားပုံက ပြောင်ပြောင် ကြီး ရဲရဲတင်းတင်း ရှိလေတော့ သူ့စိတ်ထဲက ခတ်မီးကုမ္ပဏီ အလုပ်သမားတယောက် ခတ်ကြိုးများ ပြင်ပြီး ဆင်းသွားလေသလားလို့ ထင်လိုက်မိတယ်တဲ့ ဆရာရဲ့။ ဘယ်ပုံဝတ်ထားသလဲလို့ ကျွန်တော်က မေးတော့ ဘောင်းဘီတိုနဲ့ ကွတ်အင်္ကျီ ဝတ်လို့တဲ့။ အရပ်အမောင်းကတော့ ဆရာပြောဖူးတဲ့အတိုင်း ထွားထွား ကျိုင်းကျိုင်းတဲ့ ဆရာရဲ့"

ရှား။ ။"အခန်းထဲမှာ ခြေရာလက်ရာများ ဘာတွေ့သေးသလဲဗျာ"

ဖေ။ ။"မျက်နှာသစ် ရေဇလုံထဲမှာ သူ့လက် ဆေးသွားဟန် ရှိတယ်။ ရေကို ရဲလို့ ဆရာရဲ့။ ပြီးတော့ အိပ်ရာခင်းမှာလဲ သူ့ဓားကို သုတ်ထားခဲ့တဲ့ သွေးစွန်းတွေ တွေ့တယ်ဆရာ"

ရှား။ ။"သည့်ပြင်ကောဗျာ"

ဖေ။ ။"သည့်ပြင်တော့ ခြေရာလက်ရာ ဘာမှ မတွေ့ရဘူး ဆရာ။ ဟိန္ဒုကာရဲ့ ပိုက်ဆံအိတ်ထဲမှာ ငွေစက္ကူ ၁၀ ကျပ်တန် ၉ ချပ်နဲ့ ငွေသားအကြွေ ၃ ကျပ် ၉ ပဲ တွေ့ရတဲ့အတွက် ပစ္စည်းကို ရလိုတဲ့ သဘောနဲ့ သတ်တာ မဟုတ်ကြောင်း တခါ ထပ်ပြီး ထင်ရှားပြန်တယ်။ ဒြောဲ ဒါထက် လွန်ခဲ့တဲ့ နှစ်လလောက်က ယိုးဒယားပြည် ဗန်ကောက်မှာ ဟိန္ဒုက နာမည်နဲ့ လိပ်တပ်ပြီး ရိုက်လိုက်တဲ့ ကြေးနန်း တစောင် တွေ့တယ် ဆရာရဲ့။ ဘယ်လိုလဲဆိုတော့ (D T K' gone to Siam) 'ဒီ တီ ကေ ယိုးဒယား ပြည်ကို သွားပြီ'တဲ့ ဆရာရဲ့"

ရှား။ ။"ဘယ်သူ့ဆီက ရိုက်တဲ့ ကြေးနန်းလဲ"

ဖေ။ ။"ရိုက်သူ နာမည်တော့ မပါဘူး။ မြို့အမည်ကတော့ ပါတလိပုတ္တရ ဆရာရဲ့"

ရှား။ ။"သည့်ပြင်ကော အခန်းထဲမှာ ဘာများ တွေ့သေးသလဲဗျာ"

ဖေ။ ။"အိပ်ရာနံဘေးမှာ ဆေးတံတချောင်း၊ စာအုပ်တအုပ်၊ စားပွဲကလေးပေါ်မှာ ရေတခွက်၊ ပြတင်းပေါက်ခုံပေါ်မှာ သေတ္တာလေးတလုံးနဲ့ ထည့်ထားတဲ့ ဆေးကလေးနှစ်လုံး တွေ့တယ် ဆရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားရသည်နှင့် တပြိုင်နက် ဦးစံရှားသည် ဝမ်းမြောက်စွာနှင့် ထိုင်ရာမှ ရုတ်တရက် ခုန်ထ၍ "ဟုတ်ပြီဗျ၊ ဒါတချက် လိုနေတာ အခုမှ စုံပေတော့ဗျား" အားပါးတရ ပြောလေ၏။ ကိုအုန်းဖေနှင့် ကိုသန်းတင်တို့မှာမူ အံ့သြလှစွာဖြင့် ဦးစံရှားအား အကြောင်းသား ငေးကြည့်နေကြလေ၏။

ရှား။ ။(စိတ်ချလက်ချရှိသော လေသံမျိုးဖြင့်) "ဒီအမှုဟာ သံကြိုးသဖွယ် တကွင်းစီ တကွင်းစီ အကြောင်းနဲ့အကျိုး ဆက်သွယ်ပြီးနေလိုက်တာ ခုတော့မှ ကွင်းဆက်ရှိသမျှ အကုန် ကျုပ်လက်ထဲမှာ စုံစုံလင်လင် ရောက်ခဲ့တာကိုးဗျ။ ဒီအထဲမှာ အသေးအဖွဲကလေးတွေတော့ ဖြည့်စွက်ဖို့ လိုသေးတယ် ပေါ့ဗျာ။ သို့သော် ဝေဿကနဲ့ ဟိန္ဒကတို့ ဘုတာရုံမှာ ခွဲခွာကြတဲ့အချိန်ကစပြီး ဝေဿကရဲ့ အလောင်းတွေ့တဲ့ အချိန်ထိအောင် အရေးကြီးတဲ့ လိုရင်း ကွင်းဆက်တွေကိုတော့ ကျုပ်ကိုယ်တိုင် မျက်စိနဲ့ မြင်ရသလိုပဲ သေချာပါရဲ့ဗျာ။ ကိုင်း သို့သော် ကျုပ်စကား မှန် မမှန် သက်သေခံ ပြလိုက်ရအုံးမှာပေါ့။ ဘယ်မှာလဲ ကိုအုန်းဖေ၊ ခင်ဗျား တွေ့ခဲ့တယ်ဆိုတဲ့ ဆေးလုံးကလေးတွေ ပါရဲ့လား"

ဖေ။ ။"ပါပါတယ် ဆရာ။ ဆေးလုံးကလေးတွေရော၊ ကြေးနန်းရော၊ ပိုက်ဆံအိတ်ရော ဌာနာမှာ အပ်ဖို့ ကျွန်တော် ယူလာခဲ့ပါတယ်"

ရှား။ ။"ပေးစမ်းဗျာ၊ ကြည့်စမ်းရအောင်"

ဦးစံရှားသည် ဆေးလုံးကလေး နှစ်လုံးကို လှမ်းယူ၍ သေချာစွာ ကိုင်ကြည့်ရာ ထိုဆေးလုံးကလေးတို့မှာ ဖြူဖျော့ဖျော့ အရောင်ရှိ၍ ရွေးကြီးစေ့ခန့် ပမာဏရှိသည့်ပြင် နေရောင်တွင် ထောင်ကြည့်သောအခါ၌ ထုတ်ချင်းပေါက် မြင်နိုင်ကြောင်း တွေ့ရလေ၏။

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ တနေ့က ကြောင်နာကြီးဟာ ဘယ်မှာလဲဗျာ၊ သွားယူစမ်းချေပါ"

ကျွန်တော်သည် မီးဖိုချောင်သို့ဝင်၍ ဂုန်အိတ်ပေါ်တွင် လဲနေသော ကြောင်နာအိုကြီးကို ပွေ့ယူလာခဲ့လေ၏။ ထိုကြောင်ကြီးမှာ ကြောင်သူခိုးအဖြစ်ဖြင့် မီးဖိုချောင်များသို့ လှည့်လည် ခိုးစားနေရာမှ ဦးစံရှားက သနားသဖြင့် ကျွေးမွေးထားသည့်အတွင်း အိုမင်းမစွမ်းရောဂါနှင့် အသက်ငင်လျက် ရှိနေရှာ၏။ ကျွန်တော်သည် ကြောင်အိုကြီးကို ကုလားထိုင်ပေါ်တွင် တင်ထားလိုက်သောအခါ ယင်းမှာ အသက်ရှူရှိုက်ဖို့ကိုပင် မနည်း ခဲယဉ်းစွာ အားထုတ်နေရရှာ၏။

ဦးစံရှားသည် ဆေးလုံးနှစ်လုံးအနက် တလုံးကို မောင်းချဓားနှင့်လှီး၍ တခြမ်းကို သေတ္တာကလေးထဲသို့ ပြန်ထည့်ထားပြီးလျှင် တခြမ်းကို နွားနို့အနည်းငယ်နှင့် ရောစပ်လေ၏။ ဆေးခြမ်းကလေးမှာ နွားနို့ဇွန်းထဲသို့ ထည့်လိုက်သည်နှင့် တပြိုင်နက် အရည်ပျော်၍ သွားလေ၏။ ကိုအုန်းဖေနှင့် ကိုသန်းတင်တို့မှာမူ 'ဘာဆိုင်လို့လဲ ကရို့'ဟု ဆိုလိုသော မျက်နှာထားမျိုးဖြင့် ငြိမ်သက်စွာ ကြည့်နေကြလေ၏။

ဦးစံရှားသည် ဆေးနှင့်ဖျော်ထားသော နွားနို့ဇွန်းကို ယူ၍ ကြောင်နာကြီး၏ နှာခေါင်းအနီးသို့ တေ့ပေးလေရာ ကြောင်သည် တခဏမျှနမ်းကြည့်ပြီးနောက် နွားနို့ကိုလျှာဖြင့်လျက်လိုက်လေ၏။ ထို့နောက် ကျွန်တော်တို့အားလုံးသည် ကြောင်ကြီးကို ဝိုင်း၍ကြည့်နေကြ၏။ ကြောင်ကြီးသည် ရှေးကနည်းတူ ထွက်သက် ဝင်သက်ကို ခက်ခက်ခဲခဲ ရှူနေရသော်လည်း အခြားနည်းအားဖြင့် မည်သို့မျှ ထူးခြားခြင်း မရှိချေ။

ဦးစံရှားမှာ ကြောင်ကြီးကို နွားနို့တိုက်ပြီးသည်နှင့် တပြိုင်နက် လက်ပတ်နာရီကို စိုက်၍ ကြည့်နေခဲ့ရာ ငါးမိနစ်ခန့် အချိန်ကုန်သည့်တိုင်အောင် တစုံတရာမျှ ထူးခြားခြင်း မရှိကြောင်း တွေ့ရသောအခါ၌မူကား အလွန် စိတ်ပျက်၍ အလွန်ရှက်သော မျက်နှာထားမျိုး ဖြစ်ပေါ်လာလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com



ဦးစံရှားသည် နှုတ်ခမ်းကိုကိုက်လျက် နှဖူးပြင်မှ ထွက်လာသော ချွေးများကို လက်နှင့် သပ်ချလျက်ရှိရာ ကျွန်တော့်မှာ သူ၏အရှက်ကြီးခြင်းကို သိသဖြင့် စိတ်ထဲက သနားမိ၏။ စုံထောက်နှစ်ယောက်တို့မှာမူ မိမိတို့အပေါ်၌ အသားယူတတ်လှသော လူတယောက် အကျပ်တွေ့နေခြင်းကို အရသာခံတဲ့ ခပ်ပြုံးပြုံးနှင့် ကြည့်နေကြလေ၏။

နောက်ဆုံး၌ ဦးစံရှားသည် ထိုင်ရာမှထပြီးလျှင် အခန်းထဲတွင် လူးလာတုံ့ပြန် စကြံလျှောက်ယင်း "ကံအားလျော်စွာ တိုက်ဆိုင်မိတဲ့သဘောမျိုးလဲ မဖြစ်တန်ကောင်းပါဘူးကရို။ ဘယ်နည်းနဲ့မှ ဒီလိုမဖြစ်နိုင်ပါဘူး။ ဝေဿက သေတုန်းကတည်းက ငါထင်နေခဲ့တဲ့ ဆေးလုံးကလေးတွေကို အခု ဟိန္ဒက အမှုမှာ တွေ့လဲ တွေ့တယ်။ တွေ့ပါလျက်နဲ့လဲ ဘာမှမဖြစ်ဘူးတဲ့။ ဟုတ်နိုင်ပါမလားကရို။ ဘယ်လို သဘောမျိုးပါလိမ့်။ ငါ့တွေးထင်ချက်တွေဟာလဲ မလွဲတန်ကောင်းပါဘူး။ ဘယ်နည်းနဲ့မှ မလွဲနိုင်ပါဘူး။ မလွဲနိုင်ဘူးလို့သာ ဆိုရတယ်၊ ကြောင်ကလဲ ဘာမှမဖြစ်။ သြော် ဟုတ်ပြီဗျို၊ ဟုတ်ပြီ ဟုတ်ပြီ" ဟုပြောလျက် ဦးစံရှားသည် ကြည်လင်ရွှင်ပျသော မျက်နှာထားဖြင့် ပြေးသွားပြီးလျှင် စားပွဲပေါ်တွင်တင်ထားသော သေတ္တာကလေးကို ကောက်ယူ၍ ကျန်သော ဆေးလုံးကလေးတလုံးကို မောင်းချဓားနှင့် လှီးလေ၏။ ထို့နောက် ရွှေနည်းအတူ နွားနို့တဇွန်းနှင့် ရောစပ်ပြီးနောက် ကြောင်နာကြီး၏ နှာသီးဖျားတွင် တေ့ထားလေရာ ကြောင်ကြီးသည် နွားနို့ကိုသောက်မည်ဟု လျှာကိုထုတ်၍ နွားနို့တွင် နှစ်လိုက်သည်နှင့်တပြိုင်နက် တကိုယ်လုံး ပြင်းထန်စွာ တချက်တည်း ဆတ်ကနဲ အကြောဆွဲပြီးနောက် အသက်ပျောက်သွားရှာလေ၏။

မှတ်ချက်။ ။ဝေဒနာခံစားလျက်ရှိသော သတ္တဝါတဦး၏အသက်ကို မြန်မြန်ထွက်အောင် လုပ်ပေးထိုက် မပေးထိုက် ဦးစံရှားနှင့်ကျွန်တော် ဆွေးနွေးဖူး၏။ ထိုအခါ ဦးစံရှားက "အပြစ်မရှိဘူးဆိုတော့ ကျုပ်မဆိုဝံ့ဘူးပေါ့လေဗျာ။ သို့သော် ကျုပ်က ဘယ်အရာမဆို ကိုယ်ချင်းစာတရားနဲ့ပြလေ့ရှိတဲ့ လူကိုးဗျ။ ကျုပ်သာဖြစ်ရင် ဝေဒနာအပြင်းခံနေရလို့ ပြန်ရှင်ဖို့ မျှော်လင့်စရာ မရှိဘူးဆိုယင် မြန်မြန်အသက်ထွက်အောင် လုပ်ပေးယင် ကျေးဇူးတင်မယ်" ဟု ပြောပြဖူးလေသည်။

ဦးစံရှားသည် ထိုအခါတွင်မှ စိတ်သက်သာခွင့်ရဟန် လက္ခဏာဖြင့် သက်ပြင်းချပြီးလျှင် နဖူးမှ ယိုစီးကျသော ချွေးများကို လက်ကိုင်ပဝါဖြူနှင့် သုတ်လေ၏။

ရှား။ ။"ဆေးနှစ်လုံးအနက် တလုံးမှာ အဆိပ်ပါတယ်၊ တလုံးမှာ မပါဘူး။ တွေ့ကြလား။ ကျုပ်လဲပဲ တော်တော်ညံ့ပါသေးတယ်ဗျာ။ ဆေးသေတ္တာကို မမြင်ခင်ကတည်းက ဒီအချက်ကို သိသင့်လျက်သားနဲ့ ကျုပ် ရှုန်းသွားတာဟာ တော်တော်ညံ့သေးလို့ဟာပဲဗျ"

ကျွန်တော်နှင့် စုံထောက် နှစ်ယောက်တို့မှာ ဦးစံရှား၏ နောက်ဆုံး စကားကို အခြောက်တိုက် အသားယူကာ ကြွားဝါသော စကားမျှသာဖြစ်သည်ဟု အမိပ္ပာယ်ကောက်ယူကြ၏။ မည်သို့ပင်ဖြစ်စေ အဆိပ်ပါခြင်း အကြောင်းမှာမူ ကြောင်သေကြီးက သက်သေခံလျက် ရှိသောကြောင့် ယုံမှား သံသယဖြစ်ဖွယ်ရာ မရှိပါပေ။

ရှား။ ။"ခင်ဗျားတို့ကတော့ ဆန်းကြယ်လှချေကလားလို့ အောက်မေ့ကြလိမ့်မယ်။ အဲဒါ ဘာကြောင့်လဲလို့ဆိုတော့ မူလ ပကတူးကတည်းက အရေးကြီးတဲ့သဲလွန်စကို ခင်ဗျားတို့ အသိအမှတ်မပြုခဲ့မိကြလို့ပဲဗျ။ ကျုပ်ကတော့ အစကတည်းက ကံအားလျော်စွာ ဒီအစကိုဆွဲမိပြီး ဒီအတိုင်းလျှောက်လိုက်လေတော့ ခင်ဗျားတို့မှာ အူပေါက်စေဖို့ အချက်တွေဟာ ကျုပ်မှာတော့ ရှင်းလင်းစေဖို့ လမ်းကြောင်းဖော်ပေးသလို ဖြစ်ကုန်တာချည်းပဲဗျ။ ခင်ဗျားတို့ တခု သတိပြုကြဖို့ကောင်းတယ်။ ဘာလဲဆိုတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အမှုမှာမဆို ထူးဆန်းတာနဲ့ ရှုပ်ထွေးတာနဲ့ဟာ ပါခြားစီဗျ။ ဘယ်အမှုမဆို ရိုးလေလေ ရှင်းလင်းဖို့ ခက်လေလေ မှတ်ပေတော့။ အမှုဆန်းလာယင် စဉ်းစားဖို့ တွေးတောဖို့ လမ်းစတွေ များတတ်တယ်ဗျ။ တကယ်လို့ ဒီအမှုဟာ အခုလို ထူးထူးဆန်းဆန်း အချက်အလက်တွေ မပါပဲ လမ်းနံဘေးမှာ သာမညအလောင်း တခု တွေ့တယ်ဆိုယင်ဖြင့် ကေန်မှုချ အခုထက်စုံထောက်ဖို့ ခက်ပြီးသားပဲ။ ထူးဆန်းတယ်ဆိုတဲ့ အချက်အလက်တွေဟာ အမှုကို မရှုပ်ထွေးစေတဲ့အပြင် သူတို့အတွက်ကြောင့် ခြေရာကောက်လို့ သာပြီး လွယ်ကူသေးတယ်ဗျ''

တင်။ ။(စိတ်တိုဟန်အမူအရာဖြင့်) ''ဒီမလေဆရာ၊ ဆရာ့အစွမ်းကိုလဲ ကျွန်တော်တို့ ဝန်ခံပါတယ်။ ဆရာ့မှာ နည်းလမ်းသစ်တွေ့ ထွင်တတ်တဲ့ဉာဏ်မျိုး ရှိကြောင်းကိုလဲ ဝန်ခံပါတယ်။ နို့ပေမယ့် ဒီနေရာမှာ 'လက်ချာ' ပေးနေဖို့ မလိုဘူးထင်ပါတယ်ဆရာ။ ဆရာ့လက်ချာကို နားထောင်ဖို့ထက် တရားခံ ဖမ်းမိတာကို ကျွန်တော်တို့ မြင်ချင်ပါတယ်။ ကျွန်တော်လဲ ကျွန်တော့်နည်းနဲ့ ကျွန်တော်လိုက်လိုက်တာ နောက်ဆုံး မှားကြောင်း ဝန်ခံပါပြီဆရာ။ ဘယ်နည်းနဲ့မှ ဂျွန်နီဒေးဗစ်သတ်တယ်လို့ ကျွန်တော် မထင်တော့ပါဘူး။ ကိုအုန်းဖေလဲ ဟိန္ဒူကနောက် လိုက်လိုက်တာ နောက်ဆုံးကျတော့ သူ့ဟာလဲ လွဲကြောင်း ဝန်ခံပါပြီဆရာ။ ဆရာ့ဟာက ဟိုနေရာမှာတချက် ဒီနေရာမှာ တချက်နဲ့ အရိပ်အမြွက်တော့ ပြောပါရဲ့၊ သို့သော်လဲ အရိပ်အမြွက်လောက်နဲ့ မပြီးနိုင်ပါဘူးဆရာ။ တကယ်ဆိုတော့ ဘယ်သူဘယ်ဝါသတ်တယ်လို့ တပ်တပ်အပ်အပ်ပြောနိုင်မှ ကိစ္စပြီးကြမှာပါဆရာ။ တကယ့်တကယ် ပြောနိုင်လို့ရှိတာဖြင့်လဲ ဘယ်သူပဲလို့ တပ်အပ်သေချာ ပြောပြဖို့ ကျွန်တော်တို့ တိုက်တွန်းပါရစေဆရာ''

ဖေ။ ။''ကိုသန်းတင်ပြောတာ နည်းလမ်းအတိုင်းပဲဆရာရဲ့၊ မဟုတ်ဘူးလားဗျာ ကိုသိန်းမောင်၊ ဒီအခန်းထဲ ကျွန်တော်ရောက်ကတည်းက ဆရာ့လက်ဝယ်မှာ သက်သေခံ လုံလောက်စွာ ရပြီးပြီလိုလို ဆရာ ပြောတာ တကြိမ်မကပါဘူးဆရာရယ်၊ အဟုတ်တကယ် သိပြီးမှန်ယင်လဲ ပြောဖို့အချိန် သင့်ပါပြီဆရာ''

ကျွန်၊ ။''ဟုတ်ပါတယ်ဗျာ၊ တရားခံဟာ ဘယ်သူဘယ်ဝါပဲလို့ သိလျက်နဲ့ မဖမ်းသေးပဲ အချိန်ဆွဲထားယင် တယောက်ပြီးတယောက် တောက်လျှောက်ကြီး လျှောက်သတ်နေပါအုံးမယ်ဗျာ''

ယင်းကဲ့သို့ ကျွန်တော်တို့ သုံးယောက်က ဝိုင်းညှပ်ကာ တိုက်တွန်းကြရာတွင် ဦးစံရှားမှာ အကျုပ်ကျနေ ဟန် အမူအရာနှင့် အခန်းထဲတွင် လူးလာတုံ့ပြန် စကြံလျှောက်လျက် ရှိလေ၏။ နောက်ဆုံး၌ ကျွန်တော်တို့သုံးဦးရှေ့တွင် ရုတ်တရက် ရပ်တန့်လျက်—

ရှား။ ။''နောက်ထပ်လို့ လူသတ်မှုဖြစ်စရာ မရှိတော့ဘူးဆိုတာတော့ တထစ်ချ မှတ်လိုက်ကြပါတော့ဗျာ။ ဘယ်သူဘယ်ဝါ သတ်တယ်ဆိုတာ ကျုပ်ပြောနိုင်သလားလို့ ခင်ဗျားတို့က ကျုပ်ကိုမေးတယ်။ ကျုပ်ပြောနိုင်တယ်ဗျ၊ နာမည်နဲ့ဘကွ ကျုပ်သိတယ်။ သို့သော် အမည်နာမကို သိခြင်းနဲ့ လက်ရမိအောင် ဖမ်းခြင်းနဲ့ တခြားစီ ရှိသေးတယ်ဗျ။ သို့သော် လက်ရဖမ်းမိဖို့လဲ ကျုပ်စီမံထားတယ်။ မကြာခင်မှာပဲ မိပါတော့မယ်။ ကျုပ်တို့ဖမ်းရမယ့်လူက အနုညာတလူစားမျိုး မဟုတ်ဘူးဗျနော်။ အင်မတန်ဉာဏ်လဲသွား၊ အပင်ပန်းလဲ ခံနိုင်တဲ့လူဗျ။ သူ့ကို ဘယ်သူမှ မရိပ်မိနိုင်ဘူးလို့ သူစိတ်ချနေယင် ဖမ်းဖို့ လွယ်လိမ့်မယ်။ ဒီလိုမှ မဟုတ်ပဲနဲ့ ကျုပ်တို့ဘတွေ သိနေကြောင်း သူရိပ်မိသွားယင်တော့ ပြီးပါလေရောဗျာ။ ကောက်ရိုးပုံထဲ ကျသွားတဲ့အပ်ကို ရှာရတာက လွယ်ပါလိမ့်ဦးမယ်။ ပြီးတော့ ကျုပ် တခုရိပ်မိထားတာက ဒီလူဟာ တယောက်တည်း မဟုတ်ဘူးဗျ၊ သူ့ကို ကူညီစောင်မနေတဲ့ လူတယောက်ရှိသေးတယ်။ အဲဒီလူကလဲ သူလိုပဲ။ လူပါး လူနပ် လူနှံ့ဗပ်တယောက်ဗျ။ ကျုပ်ပြောယင်လဲ ခင်ဗျားတို့ မနာကြနဲ့နော်။ သူတို့ နှစ်ယောက် ပေါင်းတာ ဘယ်လောက်များ ဉာဏ်သွားသလဲဆို၊ ခင်ဗျားတို့ စုံထောက်ဘက် ပုလိပ်ရော၊ နယ်ဘက်ကရော

www.burmeseclassic.com



ပုလိပ်ရော၊ မြို့မပုလိပ်ရော၊ အကုန်လုံး စုပေါင်းလိုက်အုံးတော့ သူတို့နှစ်ဦးရဲ့ ဉာဏ်ကို မီလိမ့်မယ်လို့ ကျုပ်မထင်ဘူး။ အဲဒါကြောင့် ကျုပ်ကို အလျှင်စလို မတိုက်တွန်းကြဖို့ ကျုပ် တောင်းပန်ပါတယ်ဗျာ။ သို့သော် နေရာကျတာနဲ့တပြိုင်နက် ခင်ဗျားတို့ကို ကျုပ်အကြောင်းကြားဖို့ အာမခံလိုက်ပါမယ်ဗျာ"

စုံထောက် နှစ်ယောက်တို့မှာ ဦးစံရှား၏ စကားကို ကျေနပ်ကြဟန် မရှိသည့်ပြင် ပုလိပ် အမှုထမ်းများကို ချီးချီးဖဲ့ဖဲ့ ပြောရက်လေခြင်းဟူ၍လည်း အောက်မေ့ကြဟန်ရှိ၏။ ကိုသန်းတင်မှာ ထိုစကား အတွက်ကြောင့် မျက်လုံးပြူး မျက်ဆံပြူး ရှိနေရာ ကိုအုန်းဖေမှာလည်း ဒေါ်ပွဟန် အမူအရာနှင့် နှုတ်ခမ်းကို ကိုက်လျက် မျက်စောင်း တလိုးလိုးနှင့် ကြည့်နေလေ၏။ ထိုခဏ၌ အခန်းတံခါး ရုတ်တရက် ပွင့်လာ၍ ကော်ရင်ဂျီကုလားကလေး 'အာချီယား' ဝင်လာပြီးလျှင် "မြင်းရထား ခေါ်လာပြီ ဆပ်"ဟု ပြောလေ၏။

ရှား။ ။"ဒေအး ဒေအး၊ ကောင်းပြီ။ ဒါထက် ကိုအုန်းဖေတို့၊ ခင်ဗျားတို့ ပုလိပ်ဘက်မှာ ဒီပုံစံမျိုး ဘာပြုလို့ မသုံးကြသလဲဗျာ။ အင်မတန် နေရာကျတယ်ဗျ။ ချက်ချင်းခတ်လို့ရတယ်။ ကြည့်စမ်း"ဟု ပြောလျက် ဦးစံရှားသည် စားပွဲ အံဆွဲထဲမှ လက်ထိပ်တစုံကို ထုတ်ယူ ပြသလေ၏။

ဖေ။ ။"လက်ထိပ်က အရေးမကြီးပါဘူး ဆရာရယ်၊ လက်ထိပ်ခတ်ဖို့ တရားခံမိအောင် ဖမ်းဖို့က အရေးကြီးပါတယ်"

ရှား။ ။"ဟုတ်ပါပေတယ်၊ ဟုတ်ပါပေတယ်။ ဟေ့ အာချီယား၊ ငါ့သေတ္တာတွေ ကူသယ် ရအောင် ရထားကုလား သွားခေါ်လိုက်စမ်း"

ဦးစံရှားမှာ ကျွန်တော့်အား ခရီးသွားမည့် အကြောင်းကို မပြောဖူးသေးသဖြင့် သေတ္တာများ ပြင်ဆင်နေခြင်းကို ကျွန်တော် မြင်ရသောအခါ အံ့ဩမိ၏။ ဦးစံရှားသည် သားရေသေတ္တာ တလုံးကို သားရေပတ်ကြိုးနှင့် ပတ်လျက်ရှိစဉ် ထိပ်ပေါက်ကို ရုတ်တရက် ဝင်အောင် မချိတ်နိုင်သဖြင့် အကော်အခဲ တွေ့နေဟန် ရှိ၏။ ရထား ကုလား တက်လာသောအခါ ဦးစံရှားက "ဟေး ဂယ်ရီဝါလား၊ ဒီလာစမ်း၊ ဟောဒါ ကူလုပ်ပေးစမ်း"ဟု ဦးခေါင်း ထောင်မကြည့်ပဲ ခေါ်လိုက်ရာ ရထား ကုလားသည် အောင့် အောင့် အီးအီး အမူအရာနှင့် ဦးစံရှား အနီးသို့ ချဉ်းကပ်၍ သားရေသေတ္တာကို ကိုင်လေ၏။

နောက် တခဏ၌ ချောက်ကနဲ မြည်သော အသံကို ကြားကြရသည်နှင့် တပြိုင်နက် ဦးစံရှားက "ကိုင်း မိတ်ဆွေတို့၊ ဝေဿကနဲ့ ဟိန္ဒကတို့ နှစ်ယောက်ကို သတ်တဲ့ တရားခံ ဒဿကဆိုတာ သူပါပဲ"ဟု ခပ်အေးအေးပင် ပြောလိုက်လေ၏။

ရထား ကုလားသည် အံ့ဩခြင်းမက အံ့ဩလှသော မျက်နှာထားနှင့် မိမိ၏ လက်တွင် ခတ်လျက် ဖြစ်နေသော လက်ထိပ်ကိုကြည့်နေစဉ် ကျွန်တော်တို့ အားလုံးမှာလည်း အသက်မရှိသော ကျောက်ရုပ်များ သဖွယ် ငုတ်တုတ်ကြောင်တောင် ငေးကြည့်နေမိလေ၏။ နောက် တခဏ၌ကား ရထား ကုလားသည် ဦးစံရှား၏ လက်မှ တချက်တည်း ရုန်းထွက်၍ မိမိကိုယ်ကို ပြတင်းပေါက်မှ ထိုးချလေ၏။ သို့ရာတွင် ဦးစံရှား၊ ကိုအုန်းဖေနှင့် ကိုသန်းတင် တို့သည် လျင်မြန် ဖျတ်လတ်လူများ ဖြစ်ကြသည့်အတိုင်း ကုလား၏ နောက်သို့ တဟုန်တည်း လိုက်ပြေးကာ ဆွဲထားကြလေရာ ခြေထောက်ကို ကိုင်ဆွဲမိသဖြင့် ရထား ကုလား သည် ပေ ၃၀ ခန့်မြင့်သော ပြတင်းပေါက်မှ ဇောက်ထိုး တန်းလန်းကြီး ဖြစ်နေလေ၏။

ထို့နောက်မှ ကျွန်တော်ပါ ကူညီ၍ လေးယောက်သားတို့သည် ကုလားကို ခြေထောက်မှဆွဲတင်ကြ လေရာ ကျပ်တည်းခဲယဉ်းစွာနှင့် ဒရွတ်ဒရွတ် ပါလာရလေ၏။ အခန်းတွင်းသို့ ရောက်ခဲ့ပြန်ပါသော်လည်း ကုလားကြီးသည် လက်မလျှော့သေးပဲ ကျွန်တော်တို့လက်မှ လွတ်အောင် အားသစ်လောင်း၍ရုန်းပြန်လေရာ ကား ပထမ၌ ကျွန်တော်တို့ လေးဦးမှာ တဦးပြီးတဦး ဖြတ်ကနဲ ဖြတ်ကနဲ လွင့်၍ လွင့်၍ သွားကြရ၏။

www.burmeseclassic.com


သို့ပါသော်လည်း တယောက် လွင့်သွားလျှင် ကျန် သုံးယောက်က မလွှတ်ပဲ ဆွဲထားလျက် လွင့်ပြီးသော လူကလည်း ဖြုတ်ကနဲ ဖြုတ်ကနဲ ပြန်၍ တွယ်ထားရကား အလွန် ဖား၍သွားသော ကုလားကြီးသည် နောက်ဆုံး၌ အရှုံးပေးရလေတော့၏။

လက်များတွင်မက ခြေထောက်များကိုပါ ကြိုးတချောင်းဖြင့် ချည်တုပ်ပြီးစီး၍ ကျွန်တော်တို့ လေးယောက်သည် ဖတ်ဖတ်မောကာ ကုလားထိုင်ပေါ်တွင် သက်ပြင်းရှူလျက် ချွေးများ သုတ်သိမ်း နေကြရသေး၏။ အမောပြေလတ်သော်—

ရှား။ ။"အဆင်သင့်ပဲ ကိုအုန်းဖေရေ့၊ သူ့ရထားနဲ့ပဲ သူ့တင်ပြီး ဌာနာခေါ်သွားကြဖို့ ရှိတော့တာပဲဗျို။ ကိုင်းဗျာ တခါဖြင့် ကျုပ်တို့ အမှုလဲ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ပါပေပြီ။ မရှင်း လင်းတာများ ရှိကြယင် မေးနိုင် မြန်းနိုင်ကြတယ်ဗျ"

---

[ ဒုတိယပိုင်း ]

၁

## ကန္တာရ ခရီး

အိန္ဒိယပြည်ကြီးသည်ကား ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော တောင်ထွတ်၊ အနိမ့်ဆုံးသော ဌာန၊ အအေး ဆုံးသော နေရာ၊ အပူဆုံးသော နေရာ၊ မိုးအများဆုံးသော နေရာမှ စ၍ အနက်ဆုံးသော တောကြီး၊ အကြီးဆုံးသော မြစ်ကြီး၊ အင်းကြီး၊ အိုင်ကြီး၊ ကန္တာရကြီးတို့ဖြင့် လိုလေသေးသည် မရှိရအောင် စေ့ငှ စုံလင်စွာ တည်ရှိသည့်အတွက်ကြောင့် 'ခါးပိုက်ဆောင် ကမ္ဘာကလေး' ဟူ၍ပင် ပထဝီဝင် ဆရာကြီးများ မှည့်ခေါ်ခဲ့ကြဖူးလေသည်။ အိန္ဒိယပြည်၏ အလယ်ဗဟိုတွင် တည်ရှိသော ရာဇပုတ္တာနနယ် အတွင်း၌ ကြောက်မက်ဖွယ်ရသော သဲကန္တာရကြီး တည်ရှိ၏။ သဲကန္တာရ ဟူသည်မှာ နာမ်ဇီဝိတိန္ဒြေရှိသော သတ္တဝါကောင်မျိုးကို မဆိုထားဘိ၊ ရုပ်ဇီဝိတိန္ဒြေ စောင့်ရသည့် မြက်ပင်၊ သစ်ပင် စသည်တို့ပင် မတည်နိုင်ပဲ အသက်ဟူသမျှ ရှင်းရှင်းကြီး ကင်းကွယ်သည့်ပြင် မည်သည့် အရပ်ဒေသနှင့်မျှ မတူအောင် အသံ အလျှင်း ကင်းရှင်း၍ အမြဲ ထာဝရ တိတ်ဆိတ်ခြင်းကြီးမက တိတ်ဆိတ်ရကား ကြောက်မက်ဖွယ် ကောင်းသည်သာလျှင် ဖြစ်ချေ၏။

တနေ့သ၌ ယင်း သဲကန္တာရအတွင်း နေမင်း၏ အပူရှိန်သည် အထက်ကောင်းကင်မှ မထော်က် မညှာ ရက်စက်စွာ ဖြန့်ဖြူး ကြဲသွန်လျက်ရှိစဉ် ဇရာဒုဗ္ဗလဖုံးလုစ ရှိသော လူကြီးတယောက်သည် အထုပ်ကြီး တထုပ်ကို ပခုံးပေါ်တွင် ထမ်းလျက် လမ်းစ လမ်းန မမြင်ရသော ကန္တာရ ခရီးတလျှောက် ပင်ပန်းကြီးစွာ လျှောက်လျက်ရှိ၏။

အရှေ့၊ အနောက်၊ မြောက် စသော သုံးမျက်နှာတို့တွင် မျက်စိတဆုံးတိုင်အောင် သဲပြင်ကြီး ပကတိ၊ တောင်မရှိ တောမရှိ ဖြစ်နေရာ တောင်ဘက် မျက်နှာ၌မူကား ကျောက်တောင်ကြီး တလုံးသည် ပေပေါင်း ၃၀၀ ကျော် ၄၀၀ မျှ မြင့်သည့်တိုင်အောင် ကောင်းကင်သို့ ထိုး၍ တက်နေလေ၏။ ခရီးသည်သည် ယင်း ကျောက်တောင်ကြီးသို့ ရှေးရှု တူရှု လျှောက်လာခဲ့၍ အနီးသို့ ရောက်သည်နှင့် တပြိုင်နက် ပခုံးပေါ်မှ အထုပ်ကို ကျောက်တောင်၏ အရိပ်တွင် ချကာ အမောအပန်းဖြေဖို့ ပြင်ဆင်လေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အထုပ်သည် မြေပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် လှုပ်လှုပ်ရွရွ ဖြစ်လာ၍ တခုသော အပေါက်မှ ဦးခေါင်းကလေး တလုံး ပြူထွက်လာပြီးလျှင် "ဘိုးဘိုး ရေငတ်တယ်၊ ရေပေးပါ"ဟု တောင်းလေ၏။ နောက်တခဏ၌ အထုပ်သည် ပြေသွားပြီးလျှင် ၅ နှစ်သမီး အရွယ်ခန့်ရှိ ကုလားမကလေး တယောက်သည် အထုပ်တွင်းမှ ထွက်လာ၍ ခရီးသည်၏ ရင်ခွင်ထဲသို့ ပြေးဝင်လေ၏။

"ဘိုးဘိုးကလဲ ရေပေးပါဆို မကြားဘူးလား"ဟု ရင်ဘတ်ကို အသာတကြည့် ထု၍ တောင်းလေရာ ခရီးသည်က "အေး အေး၊ ပေးရမယ် ငါ့မြေး၊ ပေးရမယ်။ ဟို ရွှေနားရောက်တော့ သောက်ရမယ်နော်။ အခု ခဏနေအုံး။ ငါ့မြေးက လိမ္မာသားနဲ့"ဟု ဦးခေါင်းကလေးကို ပွတ်သပ်ယင်း ချော့မော့ ပြောဆိုလေ၏။

ထို မြေးအဘိုးသည်ကား လွန်ခဲ့သော တလကျော်လောက်က သဲကန္တာရကို ဖြတ်ကူးရန် ထွက်လာခဲ့သော ခရီးသည် ၂၀ ကျော်မျှအနက် မသေမပျောက် ကျန်ရစ်ခဲ့သော ခရီးသည် နှစ်ယောက်ဖြစ်၏။

ယင်း ခရီးသည်တစုသည် စားနပ်ရိက္ခာ ပြည့်စုံစွာနှင့် ထွက်ခွာလာခဲ့ကြရာမှ ကန္တာရ အတွင်း၌ ရံဖန်ရံခါ တိုက်ခတ်တတ်သော လေပူကြီး တိုက်ဝှေ့သည်တွင် ပါသမျှသော ရေအိတ်များသည် ခန်းခြောက်ကြလေကုန်၏။ ပထမ၌ ကုလားအုပ်များကို သတ်၍ ဝမ်းဗိုက်ထဲမှ ရေကို ထုတ်ယူ သောက်သုံးကြရ၏။ ကုလားအုပ်များ ကုန်ပြီးနောက် ရေရှိသော 'အိုအေစစ်' စခန်းသို့ ခြေကျင် လျှောက်ကြပါသော်လည်း မျက်စိလည် လမ်းမှား၍ စခန်းသို့ မရောက်နိုင်ပဲ ရေငတ်မွတ်သော ဝေဒနာနှင့် တနေ့လျှင် သုံးယောက် လေးယောက် စသည်ဖြင့် သေဆုံးခဲ့ရာ နောက်ဆုံး၌ မြေးအဘိုးနှစ်ယောက်တို့သာလျှင် ကျန်ရှိလေတော့၏။

အခြားလူများ သေဆုံးကုန်ပါလျက် ငါးနှစ်သမီးအရွယ် ကလေးတယောက်မျှ ကျန်နေရစ်ရခြင်းမှာ အကြောင်း ဤသို့တည်း။ ကုလားအုပ်များကို သတ်ဖြတ်စဉ်က ရသမျှ ရေများကို အတွက်ကျ ဝေငှထားလေရာ အဘိုးဖြစ်သူမှာ တသက်ပတ်လုံး ခြိုးခြံစွာ စားသောက်နေထိုင်ခဲ့ဖူးသော တောမုဆိုး တယောက် ဖြစ်ရကား မိမိအတွက် ရေကို အနည်းငယ်မျှ အာဆွတ်ရုံလောက်သာ သောက်ပြီးလျှင် မြေးကလေးကိုသာ တိုက်ကျွေးခဲ့၏။ သို့ဖြစ်၍ ကလေးမ၏ မိခင်နှင့်တကွ အခြား ခရီးသည်များ မလိုက်နိုင်ပဲ ကျန်နေရစ်ခဲ့စေကာမူ မြေးအဘိုး နှစ်ယောက်တို့မှာ ရေတွေ့လိုတွေ့ငြား သဘောထားနှင့် ဆက်လက် လှုပ်ရှားသွားလာနိုင်ကြခြင်း ဖြစ်ပေ၏။

အဘိုးဖြစ်သူမှာ အသက် ၅၀ ကျော် ၆၀ နီးပါးရှိ ကုလားလူမျိုးတယောက်ဖြစ်၍ ကြံ့လှီ ကျစ်လျစ်သော ကိုယ်အင်္ဂါ၊ တင်းမာကြံ့ခိုင်သော အသားအရည်၊ ခက်ထန် မောက်မာသော စိတ်နေ သဘောထားစသည့်အခြင်းအရာတို့နှင့် ပြည့်စုံသူတယောက်ဖြစ်သဖြင့် မုဆိုးပီသလှသည်ဟု ဆိုထိုက်ပေသည်။

မြေးကလေးသည် အံ့လွန်တရာ ရေငတ်ရှာလျက်နှင့် ရေမသောက်ရသည့်အတွက်ကြောင့် ငိုမဲ့မဲ့ ဖြစ်လာရာတွင် အဘိုးဖြစ်သူသည် မောင်းချမား တချောင်းကို ထုတ်၍ လက်မောင်းကို လှီးဖောက်လေ၏။ ဝေါက်ဝေါက်ပန်း၍ထွက်သော သွေးများကို မြေးကလေးအား စုပ်စေသောအခါ မြေးကလေးသည် ပထမ၌ ရွံ့ဟန် ကြောက်ဟန် လက္ခဏာနှင့် တွန့်ဆုတ်လျက် ရှိ၏။

သို့ရာတွင် ရေငတ်သော ဝေဒနာကြောင့် အလွယ်တကူနှင့်ပင် အဘိုး၏စကားကို နားထောင်ရှာ၍ လက်မောင်းကို စုပ်လေ၏။ အနည်းငယ်မျှ အာသာပြေလတ်သော် မြေးကလေးသည် ငိုက်မျဉ်းရာမှ အိပ်ပျော်သွားသဖြင့် မြေးအဘိုး နှစ်ယောက်တို့သည် ကျောက်တောင်၏ အရိပ်တွင် တယောက်ကို တယောက် ဖက်ကာ အိပ်ပျော်ကြရရှာလေသတည်း။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အဘိုးကြီးသည် နာရီတဝက်ခန့်မျှ အိပ်မပျော်သေးပဲ ဆက်လက် စောင့်ကြည့်နေမည် ဆိုပါလျှင် ဝေးလန်သော အရပ်မှ မြူမှုန် တထောင်းထောင်း ထလျက်ရှိသည်ကို တွေ့မြင်ရပေလိမ့်မည်။ ယင်းကဲ့သို့ မြူမှုန်များ ထကြွရခြင်းမှာ အခြားကြောင့် မဟုတ်။ ရာပေါင်းများစွာသော ခရီးသည် အုပ်ကြီး တအုပ် ကန္တာရခရီးကို ဖြတ်သန်းသွားလာလျက်ရှိသောကြောင့် ဖြစ်ပေ၏။ ၁၅ မိနစ်ခန့် ကြာလတ်သော် ရှေ့ဆုံးမှ ခရီးသွားသော ခရီးသည် ၂၀ ခန့်တို့သည် မြင်းကိုယ်စီနှင့် ချဉ်းကပ်လာကြရာ နောက်ဆုံးမှ ခရီးသည်များမှာမူ ထိုအခါ၌ အဝေးတွင် မှေးမှေးမှိန်မှိန်မျှသာ မြင်နိုင်သေးသည်ကို သောက်ခြင်းအားဖြင့် မည်မျှလောက် ရှည်လျား မြောက်မြားသော ခရီးသည်တန်းကြီးဖြစ်ကြောင်း ခန့်မှန်းနိုင်လောက်ပေ၏။

ရှေ့ဆောင် ခရီးသည် ၂၀ ခန့်တို့သည် ကျောက်တောင်ရိပ်တွင် အိပ်ပျော်လျက်ရှိသော မြေးအဘိုး နှစ်ယောက်တို့ကို တွေ့မြင်ကြရသောအခါ အလွန်တရာ အံ့သြကြလေ၏။ အချို့ကလည်း အသက်မရှိသော အလောင်းများ ဖြစ်ပေသလောဟု တွေးတောကြ၏။ တယောက်သော မြင်းစီးသမားက မြင်းပေါ်မှ ဆင်းသက်၍ အဘိုးကို လှုပ်နှိုးသဖြင့် အဘိုးသည် အိပ်ရာမှ လူးလဲထကာ မျက်စိဖွင့်ကြည့်၍ ခရီးသည် တသီတတန်းကြီးကို တွေ့မြင်ရသောအခါ၌မူကား ခရီးသည်များ အံ့သြခြင်းထက်ပင် နှစ်ဆ တိုး၍ အံ့သြမိသေး၏။ ကုလားကြီးသည် မျက်စိကို ပွတ်ယင်း 'ငါသည် ဖျော်သော ရောဂါနှင့် သေ၍ မည်သည့်ဘုံကို ဆိုက်ရောက်နေခြင်း ဖြစ်လေသနည်း'ဟု တွေးတောမိဟန် ရှိ၏။

ခရီးသည်များ ခြေကျင် တချို့၊ မြင်းနှင့် တချို့၊ ကုလားအုပ်များနှင့် တချို့ တသီတတန်းကြီး ကန္တာရခရီးကို ဖြတ်သန်းလျက်ရှိရာ တေးချင်းဆိုသူများ၊ တီးမှုတ်ကခုန်သူများလည်း တပျော် တပါးကြီး ခရီးသွားကြကုန်၏။ ကလေး သူငယ်များနှင့် အဘိုးအို အမယ်အိုများမှာ ကုလားအုပ်များ၏ ကျောကုန်းထက်မှ မညောင်းမညာ လိုက်ပါလာကြလေရာ အရွယ်ကောင်း ယောကျ်ား မိန်းမများမှာမူကား ခြေကျင်ခရီးဖြင့်သာလျှင် စကားပြောကာ တေးဆိုကာဖြင့် ဆူညံစွာ လျှောက်လာကြလေ၏။

ရင်းတို့အနက် အသက်အရွယ် မကြီးသေးပဲလျက် မြင်းစီး၍ လိုက်ပါလာသူများမှာမူ ဒေသ အလျောက် လူကုံထံများ ဖြစ်ကြဟန် တူပေ၏။ ယင်းကဲ့သို့ လူအမြောက်အမြား စုရုံး ခရီးသွားကြ ခြင်း၏ အကြောင်းရင်းမှာ အိန္ဒိယပြည် မဟာရာဇာ စော်ဘွားများ အုပ်စိုးသည့် နယ်ပယ်များတွင် နယ်သူ နယ်သားများသည် မင်းလုပ် စိုးစံသူ၏ အပြုအမူကို မနှစ်သက်သောကြောင့် ဖြစ်စေ၊ 'ထရွာ မပြောင်း သူကောင်းမဖြစ်'ဟု သဘောထားကြသောကြောင့် ဖြစ်စေ၊ မိုးခေါင်ခြင်း၊ ရေရှားခြင်း စသော အကြောင်းမျိုးတို့ကြောင့် ဖြစ်စေ ဌာနတခုမှ တခုသို့ ပြောင်းရွှေ့ နေထိုင်တတ်ကြ၏။

ထိုသို့ ပြောင်းရွှေ့ရာတွင် တခါတရံ ရွာပေါင်း သုံးရွာ လေးရွာ စသည်ဖြင့် စုပေါင်း၍ ထပြိုင် တည်း ထွက်ခွာတတ်ကြ၏။ ယခု ခရီးသည်အုပ်ကြီးမှာလည်း ရွာပေါင်း လေးရွာမှ ရွာသူ ရွာသားများ ဖြစ်ကြသောကြောင့် စုစုပေါင်း လူ နှစ်ထောင်ကျော် သုံးထောင်ခန့်မျှ ရှိလောက်ပေ၏။ ယင်း ခရီး သည်များသည် မိမိတို့ နေရင်းဌာနမှ မထွက်ခွာမီကပင် တရွာလျှင် တယောက် ဥက္ကဋ္ဌ တင်မြှောက်၍ ယင်း ဥက္ကဋ္ဌ လေးယောက်အနက်မှ အရွယ် အကြီးရင့်ဆုံး၊ ပညာ အမြော်အမြင်နှင့် ပြည့်စုံဆုံးသော လူကြီး တယောက်ကို ဥက္ကဋ္ဌချုပ် အဖြစ်ဖြင့် တင်မြှောက်လာခဲ့ကြ၏။ ဥက္ကဋ္ဌချုပ်သည် တနည်းအားဖြင့် ယင်းတို့ အနက်တွင် ရှင်ဘုရင်ဖြစ်၍ ကျန်သော ဥက္ကဋ္ဌ သုံးယောက်က အမတ်ကြီးများသဖွယ် ရှိနေကြလေ၏။

ရှေ့ဆုံးမှ လမ်းပြသဖွယ် အလုပ်လုပ်သော မြင်းစီးသူရဲ နှစ်ဆယ်တို့သည် မြေးအဘိုးနှစ်ယောက်ကို တွေ့သောအခါတွင် အတိတ်နိမိတ်ကို ယုံကြည်သူများ ဖြစ်ကြသည့်အတိုင်း မည်သို့သော အဓိပ္ပာယ်ရှိသည်ကို မသိကွဲမီ ခရီးဆက်သက်၍ မသွားလိုကြသောကြောင့် နောက်လူများအား ရပ်တန့်ရန် ဖျော်သင်းမှုတ် အချက်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရာ ခရီးသည်အားလုံးတို့လည်း ရောက်ရာအရပ်တွင် ရပ်တန့်ကြရလေ၏။ ယင်းနောက် မြင်းစီးသူရဲများသည် မြေးအဘိုးနှစ်ယောက်တို့ကို ခရီးသည်တန်းကြီးတလျှောက် ခေါ်သွား၍ မြင်းလေးကောင် တပ်ဆင်ထားသော လှည်းရထားတန်းကြီးရှိရာသို့ ရောက်ကြရာတွင်မှ ရပ်တန့်ကြလေ၏။ ထိုအခါ တယောက်သော မြင်းစီးသူရဲက လှည်းရထားပြတင်းပေါက်မှ ဦးခေါင်းပြူကာ ထွက်ကြည့်နေသည့် ဆံပင်ဖြူ မုတ်ဆိတ်ဖြူနှင့် အဘိုးကြီးအား အဖြစ်အပျက်ကို ပြန်ပြောင်းပြောလေ၏။ အဘိုးကြီးသည် မြေးအဘိုးနှစ်ယောက်တို့ကို အတန်ကြာ စိုက်၍ ကြည့်ပြီးနောက်—

"နာမည် ဘယ်နှယ်ခေါ်သလဲ"

"ဖလိက ခေါ်ပါတယ်"

"မိန်းကလေးကော"

"ချန္ဒရာ (စန္ဒာ) ခေါ်ပါတယ်"

"ဘယ်နှယ် တော်သလဲ"

"မြေးအဘိုး တော်ပါတယ်"

"ကျုန်ုပ်တို့နဲ့အတူ ကောင်းတူဆိုးဘက် သဘောနဲ့ လိုက်မလား"

"ဘယ်လို သဘောနဲ့လိုက်ရ လိုက်ရ လိုက်ပါ့မယ်"

"သစ္စာစောင့်ပါ့မယ်လို့ သစ္စာရေ သောက်မလား"

"မျှားမျှားသာ ပေးပါ၊ သောက်ပါ့မယ်"

အဘိုးကြီးသည် ရေတခွက်ကို သစ္စာပြု၍ သောက်စေရာ မြေးအဘိုးနှစ်ယောက်တို့သည် ဝမ်းဗိုက်ကားသည့်တိုင်အောင် တခွက်ပြီးတခွက် ဆင့်၍ သောက်ကြလေ၏။ ထို့နောက် ချန္ဒရာကို လှည်းရထားတစီးပေါ်သို့တက်စေ၍ စားစရာများ တည်ခင်း ကျွေးမွေးကြလေရာ ဖလိကအားမူ မြင်းလွတ်တစီးကို ပေး၍ နံပြားခြောက်နှင့် စွန်ပလွံသီးခြောက်များကို ဝါးရန် ပေးကြလေ၏။ ထို့နောက် ဥက္ကဋ္ဌချုပ်ဖြစ်သော အဘိုးကြီးက ခရီးထွက်ကြရန် အမိန့်ပေးသဖြင့် မြင်းစီးသူရဲတယောက်က ခရာသင်းမှုတ်လိုက်ရာ မြင်းများ၊ ရထားများနှင့် ကုလားအုပ်များသည် တဖန် ဆက်လက်သွားကြပြန်သဖြင့် ကန္တာရတခုလုံး အုတ်အုတ်သဲသဲ တခဲနက် ဆူညံသွားလေတော့သတည်း။

## ၂

## ပါတလိပုတ္တရ၏ ထိပ်ခေါင်တင်

ခရီးသည်များသည် သဲကန္တာရကို ဖြတ်သန်း၍ တအိအိ တဖြည်းဖြည်း ခရီးသွားကြသဖြင့် နောက်ဆုံး၌ ဝေလုဝတီမြစ်၏ တဘက်ကမ်းတွင် မြေပြင်ညီညာပြန့်ပြူးစွာနှင့် မြေဩဇာ ထက်သန်ကောင်းမွန်လှသော လွင်ပြင်ကြီးသို့ ဆိုက်ရောက်ကြလေ၏။ ယင်း လွင်ပြင်ကြီးမှာ တောင်ရိပ် ကမ်းရိပ်နှင့်တကွ လမ်းစခန်း အနေအထား အလွန် သင့်လျော် ကောင်းမွန်လေရကား ဥက္ကဋ္ဌချုပ်ကြီးနှင့်တကွ အခြား အရေးပါ အရာရောက်သော ပုဂ္ဂိုလ်များက ထိုနေရာ၌ မြို့တည်ရန် စီမံ ဆုံးဖြတ်ကြလေ၏။

ပထမ၌ မြို့အနေအထားကို သေချာစွာ ကွက်စိပ်ချ၍ အိမ်နေရာကွက်များ သတ်မှတ် ချထားခြင်း၊
7 စိုက်ပျိုးရန်အတွက် မြေယာကွက်များ ပိုင်းခြား ဝေငှခြင်း၊ ဗိုဇီလုပ်ငန်း၊ လယ်သမားလုပ်ငန်း၊ လက်မှု



www.burmeseclassic.com

www.burmeseclassic.com

ပညာလုပ်ငန်း၊ ပန်းထိမ် ပန်းပဲလုပ်ငန်း စသဖြင့် ထိုက်သင့်ရာရာ လုပ်ငန်းအမျိုးမျိုး ပိုင်းခြား သတ်မှတ်ခြင်း စသော အလုပ်ဖြင့် အတန် အချိန်ကုန်ကြ၏။ အစဦး၌မူ အိမ်ကြီးအိမ်ကောင်းများ ဆောက်လုပ်ရန် မစီမံနိုင်သေးပဲ အိမ်ထောင်သည် အသီးအသီးသည် မိမိတို့နေထိုင်၍ ဖြစ်နိုင်လောက်ရုံမျှရှိအောင် သစ်ကိုင်း သစ်ခက်ကလေး၊ ဝါးကလေးနှင့် ဆောက်လုပ် နေထိုင်ကြရ၏။

စိုက်ပျိုးခြင်း တာဝန်ခံယူသူများကလည်း မိမိတို့ ဆောင်ကြဉ်းလာခဲ့သည့် စပါးမျိုးစေ့၊ ဂျုံမျိုးစေ့၊ နှမ်းမျိုးစေ့မှ စ၍ ကောက်ပဲသီးနှံ အမျိုးမျိုးကို ထွန်ယက်စိုက်ပျိုးကြလေရာ သုံးနှစ်ခန့် ကြာသောအခါတွင် မိမိတို့ မြို့သူမြို့သားများအဖို့ လုံလောက်ရုံမျှမက အခြားဒေသသို့ တင်ပို့ ရောင်းချရန်ပင် စီမံနိုင်ကြလေ၏။ ထိုအတောအတွင်း မြို့သူ မြို့သားတို့ နေထိုင်ကြသော နေအိမ်များမှာ သစ်ခက်တဲမှသည် ဝါးတဲသို့လည်းကောင်း၊ ထို့နောက် သစ်သားအိမ်များသို့လည်းကောင်း၊ ထို့နောက် ဆယ်နှစ် ဆယ့်ငါးနှစ်ကြာရှိသောအခါ၌ အချို့မှာ အုတ်တိုက် ကျောက်တိုက်များသို့လည်းကောင်း တနှစ်ထက်တနှစ် တဖြည်းဖြည်း တိုးတက်ခမ်းနားလာခဲ့လေ၏။

ဖလိကနှင့် ချန္ဒရာတို့ မြေးအဘိုးနှစ်ယောက်မှာ အခြားအိမ်သားများ ကြီးပွားသည်ထက်ပင် သာ၍ လျင်မြန်စွာ ကြီးပွားသေး၏။ ဖလိကသည် မုဆိုးအလုပ်တွင် ကျင်လည်သူတယောက်ဖြစ်ရကား မိမိအတွက် ဝေစုရသော လယ်မြေကို သူတပါးထက်ကြိုးစား၍ စိုက်ပျိုးလုပ်ကိုင်သည့်ပြင် စိုက်ပျိုးချိန် မဟုတ်သော ရာသီတွင် သားကောင် အလွန်ပေါများလှသော တောများသို့ လှည့်လည် ပစ်ခတ်ပြီးလျှင် အသားများ၊ ဦးချိုများနှင့် သားရေများကို ရောင်းချခြင်းအားဖြင့် ငွေပိုငွေလျှံ ရရှိသေး၏။ သို့ဖြစ်၍ ဖလိကမှာ သုံးနှစ်ကြာသောအခါတွင် ချောင်ချိသောအဖြစ်သို့ လည်းကောင်း၊ ခြောက်နှစ်တွင် အတန်ငယ် ကြွယ်ဝခြင်း အဖြစ်သို့လည်းကောင်း၊ ကိုးနှစ်တွင် လူရည်တတ်အဖြစ်သို့လည်းကောင်း၊ ဆယ့်နှစ်နှစ်တွင် ဒေသအလျောက် သဌေးတယောက်အဖြစ်သို့လည်းကောင်း တစ တစ တိုးတက်သွားလေ၏။ ထိုအချိန်အခါ၌မူ ပါတလိပုတ္တရ မြို့ကြီးတမြို့လုံးတွင် ဖလိကထက် ကြွယ်ဝသူ၊ ဩဇာကောင်းသူ၊ မျက်နှာ ပွင့်လန်းသူဟူ၍ ခပ်ရှားရှား သာလျှင် ရှိပေလိမ့်မည်။

ချန္ဒရာမှာ မည်ကဲ့သို့ ရှိရှာလေသနည်းဟု သိလိုကြပေလိမ့်မည်။ မိခင်အုပ်၍ မကြီးခဲ့ရသည့်ပြင် ငယ်ရွယ်စဉ်ကပင် အဘိုးဖြစ်သူ၏ မုဆိုးအလုပ်၌ ကူညီ လုပ်ကိုင်လာခဲ့ရကား ချန္ဒရာမှာ မိန်းကလေး အမူအရာထက် ယောကျ်ားလေးအမူအရာမျိုးက ကဲလွန်ပိုမိုလျက်ရှိ၏။ ကိုယ်ပင်မကြမ်းတမ်းသော်လည်း နှုတ်ရဲ၊ စိတ်ရဲ၊ ဆတ်ဆတ်ကြဲ၊ ဖြန်းဖြန်းကွဲကလေးတယောက်ဟူ၍ ခေါ်လောက်ပေ၏။ အခြားသောမိန်းကလေး များသည် မိမိတို့အား ယောကျ်ားလေးများက ရိတိတိ ပျက်ချော်ချော်၊ သရော်တော်တော် ပြောင်လှောင် ခြင်း ခံရသောအခါများတွင် လူကြီးမိဘများအား ငိုယိုတိုင်တန်းကြလေရာ ချန္ဒရာမှာမူ ယောကျ်ား ကလေး၏ စကားမဆုံးမီ ပါးပြင်သို့ လက်ရောက်သွားတတ်သောကြောင့် အစမှ အဆုံးတိုင် လှောင်ပြောင် ရဖူးသူပင်လျှင် ရှားပါးလှ၏။ အုပ်ထိန်းသွန်သင်ခြင်း တမျိုးတမည် ဖြစ်နေသည့်အတွက်ကြောင့် အမူ အရာနှင့်တကွ စိတ်နေသဘောထား တမျိုးတမည် ဖြစ်နေသော်လည်း ချန္ဒရာ၏ ရုပ်ဆင်းသဏ္ဌာန်မှာမူ ဆံဖျားမှစ၍ ခြေဖျားသို့တိုင်အောင် ပြေပြစ်နုယဉ် ချစ်ခင်ဖွယ်ကောင်းလှသော ကိုယ်အင်္ဂါ အစိတ်အပိုင်း တို့ကိုသာလျှင် ရောစပ် ပေါင်းစုထားဘိသကဲ့သို့ ရှိနေရကား ပါတလိပုတ္တရမြို့တွင် အလှဆုံး တယောက် ဟူ၍ ဩဘာပြေးလျက်ရှိ၏။

ဤနေရာ၌ ပါတလိပုတ္တရ မြို့သူ မြို့သားတို့ ကိုးကွယ် ဆည်းကပ်သော ဘာသာ အယူဝါဒ အကြောင်းကို အနည်းငယ် ဖော်ပြရပေမည်။ ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ ဒေဝဒတ်သည်

www.burmeseclassic.com

ရဟန်းများအား မည်ကဲ့သို့ သိက္ခာပုဒ်များဖြင့် ပညတ်ထိုက်ကြောင်းနှင့် ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က သဘောမတူ ခွင့်ပြုတော်မမူသဖြင့် ဒေဝဒတ်က မျက်မာန်ပွားပြီးလျှင် သံဃာများ ဂိုဏ်းခွဲဖို့ ကြိုးပမ်းအားထုတ်ခြင်း အကြောင်းကို ကြားသိကြဖူးပေလိမ့်မည်။ ယင်းကဲ့သို့ ဂိုဏ်းခွဲမှုအတွက် သံဃာဘေဒကကံ ထိုက်ရောက်၍ ရှင်ဒေဝဒတ် အရှင်လတ်လတ် မြေမျိုခြင်း အကြောင်းခြင်းရာများကိုလည်း ဗုဒ္ဓဘာသာကျမ်းစာများတွင် ထင်ရှားစွာ ဖော်ပြပါရှိ၏။ ရှင်ဒေဝဒတ်သည် ရှင်တော်ဘုရား၏ အာဏာကို တော်လှန် ဖီဆန်သမှု ပြုကျင့်ပြီးလျှင် တဂိုဏ်းခွဲလျက် တဘောတဖန် ထူထောင်ခဲ့ရာတွင် ယင်း၏ အယူဝါဒကို ကြိုက်နှစ်သက်သော တပည့်သားမြေးများလည်း အသင့်အတင့် ရှိခဲ့ဖူး၏။ ယခုအခါ ပါလက်စတိုင်း ... ပုတ္တာရှမြို့တွင် နေထိုင်လျက်ရှိသော မြို့သူ မြို့သားများသည် အရှင်ဒေဝဒတ်အား ကိုးကွယ်ဆည်းကပ်သူ အနွယ်အဆက်များ ဖြစ်ကြရကား ယင်းတို့၏ အယူဝါဒမှာ ဗုဒ္ဓဘာသာ ယောင်ယောင် ရှိသော်လည်း လက္ခဏာရေးသုံးပါး၊ သစ္စာလေးပါး စသည့် ဗုဒ္ဓဘာသာ၏ အမွန်မြတ်ဆုံးသော တရားကိုယ်များ မပါရှိချေ။

ချန္ဒရာမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရုပ်ရည် ချောမောလှသည့်ပြင် ပစ္စည်းဥစ္စာ အတော်အတန် စုဆောင်းမိသည့် ဖလိက၏ တဦးတည်းသော အမွေခံ မြေးကလေး ဖြစ်ရကား မြို့ပေါ်ရှိ လူကြီးလူကောင်းသားများသည် ချန္ဒရာအား သူ့ထက်ငါ ပံ့ပိုးကြ၏။ သို့ရာတွင် ချန္ဒရာသည် ဆောင့်ကြွားကြွားနှင့် အခြောက်တိုက် မာနကြီးနေသော ယင်းမြို့သားကလေးများအနက် တဦး တယောက်သော သူကိုမျှ ချစ်ကြိုက်စုံမက်ခြင်း မရှိသေးပဲ မိမိစိတ်ကို မိမိပိုင်သော အခြေအနေ၌ပင် ရှိနေသေး၏။

တနေ့သ၌ ချန္ဒရာသည် မြင်းစီးခြင်း၊ သေနတ်ပစ်ခြင်း၊ တောလိုက်ခြင်း စသော အတတ်တို့ကို ယောကျ်ားကလေးတယောက်သဖွယ် တတ်မြောက် ကျွမ်းကျင်လာခဲ့သည့်အတိုင်း တောထဲမှ မြင်းစိုင်း၍ ပြန်အလာတွင် ကျွဲအုပ်ကြီး တအုပ်နှင့် ရင်ဆိုင်တွေ့လေ၏။ ကျွဲယဉ်များကို မဆိုထားဘိ၊ မည်သည့်သတ္တဝါ အရိုင်းကိုမျှ ကြောက်ရမှန်း မသိအောင် ရဲရင့်သော ချန္ဒရာသည် ကျွဲအုပ်တွင်းမှဝင်၍ဖောက်ထွင်းစီးသွားရန် မြင်းကို မောင်းနှင်လေ၏။ မြင်းသည် ကျွဲထက် သခင်ကို ပိုမို၍ ကြောက်ရွံ့သည့်အတိုင်း ချန္ဒရာက ကြိမ်လုံးဖြင့် နှင်ရာတွင် ကျွဲများ၏ အလယ်ကို တိုးဝင်ပြေးလွှားရ၏။ ကျွဲအုပ်ကြီးအလယ်သို့ ရောက်သောအခါ ကျွဲခေါက် တကောင်သည် ချွန်မြသော ဦးချိုဖြင့် မြင်း၏နံဘေးကို တမင် ဝှေ့လိုက်လေသလော၊ မတော်တဆ ထိခိုက်မိသွားလေသလော မသိ၊ မြင်းသည် နာကျင်သော ဝေဒနာကြောင့် မျက်လုံးပြူး မျက်ဆံပြူးနှင့် ပတတ်ရပ်လိုက်လေ၏။ ကျွဲများလည်း မြင်းပတတ်ရပ်ခြင်းကို မြင်သဖြင့် ထိတ်လန့်ကာ ဖရိုဖရဲ တိုးဝှေ့ကြ၍ ဗရုတ်သုတ်ခ ဖြစ်နေလေ၏။ မြင်းသည် ပတတ်ရပ်ရာမှ ရှေ့လက်နှစ်ဘက်ကို ပြန်၍ ချလိုက်ရာတွင် ဝမ်းဗိုက်အနီး၌ရှိသော ကျွဲတကောင်၏ ဦးချိုဖျားနှင့် ဆောင့်မိပြန်သဖြင့် အလွန် နာကျည်းဟန်နှင့် ဖရူးဖရဲလုပ်ကာ ပတတ်ရပ်ပြန်လေ၏။ အသင့်အတင့်မျှသာ မြင်းစီးတတ်သူဖြစ်ခဲ့ပါမူ ခုန်လိုက်၊ ပေါက်လိုက်၊ ကန်လိုက်၊ ကျောက်လိုက်၊ တွန့်လိုက်၊ ယိမ်းလိုက် လုပ်နေသော မြင်းပေါ်မှ ကျဖွယ်ရှိပေရာ ကျခဲ့ပါလျှင်လည်း ကျွဲအုပ်ကြီး၏ ခွာများအောက်တွင် နင်းပြားဖြစ်ဖွယ်ရာ ရှိပေ၏။ ချန္ဒရာမှာ မြင်းပေါ်မှ မကျသေးသော်လည်း ခြေဦးလှည့်ရာ တိုးဝှေ့ ပြေးလွှားနေကြသော ကျွဲအုပ် အလယ်တွင် တိုး၍ တိုး၍ လန့်နေသော မြင်း၏ ကျောက်ကုန်းထက်၌ ရှိနေသဖြင့် အလွန်စိုးရိမ်ဖွယ် ကောင်းလှကြောင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။ ကျွဲများကလည်း ကြာလေ တိုးလေ၊ မြင်းကလည်း ကြာလေ လန့်လေ ဖြစ်နေသဖြင့် ချန္ဒရာမှာ မျက်လုံးများ ပြာလျက်ရှိစဉ် တစုံတယောက်သောသူက



www.burmeseclassic.com

www.burmeseclassic.com


ချန္ဒရာ၏ မြင်းဇက်ကြိုးကို ကိုင်ဆွဲလျက် အားပေးစကား ပြောကြားယင်း ကျွဲအုပ်ကို ရှင်းလင်းဖယ်ရှားကာ အပြင်သို့ ရောက်သအောင် ထုတ်ဆောင်လာခဲ့လေ၏။

"လန့်ရုံလောက်ပဲ ရှိတယ်မှတ်တယ်။ ဘယ်မှာ ခိုက်မိသွားသေးသလဲ"ဟု ဂရုထားဟန် အမူအရာဖြင့် ပြောသော သူ၏ မျက်နှာကို မော့ကြည့်လိုက်သောအခါ လှပုံသနားကမားနှင့် ရဲရင့်သော မျက်နှာထား ရှိသည့် လုလင်ပျိုတယောက်ကို မြင်းပေါ်၌ မြင်ရလေ၏။

ရာ။ ။"ဘယ်မှ မခိုက်မိပါဘူး၊ လန့်သွားတာပါပဲ။ ကျေးဇူးတင်ပါတယ်"

ထိုသူ။ ။"ဖလိကနဲ့ ဘယ့်နှယ်တော်သလဲ"

ရာ။ ။"မြေး တော်ပါတယ်။ ရှင်က ဘယ်ကလဲ"

ထိုသူ။ ။(ပြုံးရယ်လျက်) "ထရင်ချနီပိုလီကာ ဗန္ဓကရဲ့သား ဒဿကပါတဲ့။ ကျုပ်တို့ အဖေနဲ့ ဖလိကနဲ့ မိတ်ဆွေပါပဲ။ တွေ့ခဲ့တယ်လို့ ပြောလိုက်ပါဗျာ"

ရာ။ ။"ရှင် ဘယ်တုန်းက ရောက်သလဲ။ မိတ်ဆွေဟောင်းအဖြစ် အိမ်လာလယ်အုံးမှပေါ့ရှင်"

ဒ။ ။"ဟုတ်ကဲ့၊ ဒီမှာ ကြာကြာနေဖြစ်ယင်လဲ လာလယ်ပါအုံးမယ်။ ကိုင်း၊ သွားလိုက်ပါအုံး မယ်နော်"

ထို့နောက် ထိုသူသည် မြင်းကို ကြိမ်သွင်း၍ စိုင်းသွားလေရာ ချန္ဒရာမှာ ထိုနေရာမှ မထွက်ခွာသေးပဲ မျက်စိတဆုံးတိုင်အောင် ငေးမျှော်ကြည့်နေရစ်လေ၏။

အချို့သော ဖိုနှင့် မတို့သည် တကြိမ်မြင်ကာမျှနှင့်ပင် တဦးကို တဦး ချစ်ကြိုက်တတ်ကြသည်ဆိုရာ ချန္ဒရာနှင့် ဒဿကတို့မှာလည်း ယင်းစုံတွဲမျိုးအနက်တွင် အပါအဝင်ဖြစ်ကြ၏။ ဒဿကသည် နောက်တနေ့၌ပင် ချန္ဒရာတို့အိမ်သို့ လာရောက်လည်ပတ်ရာ ဖလိကမှာလည်း မိတ်ဆွေဟောင်းတဦး၏ သားနှင့် တွေ့ရသည့် အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ သို့ဖြစ်၍ အဘိုးက လည်းကောင်း၊ မြေးက လည်းကောင်း ဒဿကအား ဤမြို့တွင် ရှိနေသမျှ ကာလပတ်လုံး နေ့စဉ်နေ့တိုင်း လာရောက်လည်ပတ်ရန် ဖိတ်ကြားကြလေရာ ဒဿကမှာလည်း ယင်းတို့၏ စကားကို မြေဝယ်မကျ နားထောင်မည်မှာ ယုံမှားဖွယ်ရာ မရှိပေ။

ဒဿကသည် ပါတလိပုတ္တရမြို့သို့ မူလ လာရောက်စဉ်က လေးငါးရက်မျှသာနေရန် ကြံရွယ်ခဲ့ရာ ယခုမှာမူ တပတ်ချင်း ရက်လွှဲခဲ့သဖြင့် တနင်္ဂနွေလေးပတ်မျှ ကြာရှိခဲ့လေပြီ။ ထိုအတောအတွင်း ချန္ဒရာနှင့် ချစ်ကြိုက်စုံမက်ကြောင်း ဖွင့်ဟပြောဆိုပြီးဖြစ်သဖြင့် သမီးရည်းစားအဖြစ်သို့တိုင် ရောက်ကြပြီဆိုသော် မည်သူကမျှ အံ့ဩလှမည် မဟုတ်ချေ။ တနင်္ဂနွေလေးပတ် စေ့ကုန်သည့်နေ့၌ သမီးရည်းစား နှစ်ယောက်တို့၏ ချစ်ခြင်းကို အနှောင့်အယှက်ပြုမည့် အရာတခု ဖြစ်ပေါ်လာခဲ့လေ၏။

ယခင်က ဥက္ကဋ္ဌချုပ်ကြီး အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော အဘိုးကြီးသည် ပါတလိပုတ္တရမြို့ကို မြို့တော်ဝန်အဖြစ် စီမံအုပ်ချုပ်လျက်ရှိရာ ယင်း၌ ဝေဿက အမည်ရှိ သားတယောက် ရှိ၏။ ဝေဿကမှာ အရွယ်ကောင်း ကျော်လွန်ပြီးသော်လည်း မြို့တော်ဝန်၏သားဖြစ်၍ ဩဇာကိုအလွဲသုံးစား ပြုကျင့်သူတယောက် ဖြစ်၏။ ရုပ်ရည်သနားကမားရှိသော မိန်းကလေးတဦးတယောက် အရွယ်ရောက်လာခဲ့လျှင် ဝေဿက ပိုးပန်းလိုက်သည်သာလျှင် ဖြစ်၏။ ပေးနိုင်ကမ်းနိုင်ရှိ၍ ဩဇာနှင့်လည်း ပြည့်စုံ၊ ဇက်လည်း ရဲလှရကား ဝေဿက၏အကြံ အထမမြောက်လိုက်သော မိန်းကလေးဟူ၍ ခပ်ရှားရှားရှိနေခဲ့၏။

ချန္ဒရာ အရွယ်ရောက်လာသည်မှစ၍ ဝေဿကသည် ထုံးစံအတိုင်း ပိုးပန်းခဲ့၏။ သို့ရာတွင် မိမိက မကြိုက်ပဲနှင့် ခြိမ်းခြောက်၍မရအောင် သတ္တိရှိသော ချန္ဒရာသည် ဝေဿကမှာလည်း ချန္ဒရာ၏ 'လက်မြန်'


www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို သိသဖြင့် ရှေ့လောတကြီး မကြံစည်ပဲ အချိန်ဆွဲ၍ ကြိုးရှည်လှန်ထားခဲ့၏။ ထိုအတောအတွင်း ဒဿက ရောက်လာ၍ အခြေတကျဖြစ်နေပြီဟူသော သတင်းမျိုးကို ကြားရသောအခါတွင်မူကား ဝေဿက သည် မိမိ၏နယ်တွင်းသို့ ကျူးကျော်လာသော သူတယောက်ကို 'နှိမ်' လိုက်အံ့ဟု အကြံပြု၍ ထားလေ၏။

တနေ့သ၌ ဖလိကမရှိခိုက်တွင် ဒဿကနှင့် ချန္ဒရာတို့သည် နေအိမ်ဝရံတာတွင်ထိုင်လျက် ချစ်သူတို့၏ သဘာဝအတိုင်း စကားလက်ဆုံ ဝင်လျက်ရှိကြစဉ် ဝေဿကသည် မြင်းတစီးနှင့် စိုင်းလာ၍ မြင်းကို ဝင်းထရံတွင် ချိတ်ထားခဲ့ပြီးလျှင် ကြာပွတ်ကိုကိုင်လျက် အိမ်ပေါ်သို့ တက်လာလေ၏။ ဝေဿကသည် ဝရံတာတွင် ဒဿကအား စားတော့မည့်ကဲ့သို့ စိမ်းစိမ်းကြည့်လျက်—

ဝေ။ ။"ဒီငနဲက ဘယ်ကလဲ"

ဒ။ ။(ချန္ဒရာအား) "အကျည်းတန် စကားတန်ထွက် ဆိုတဲ့စကား တယ်မှန်ပါကလား ချန္ဒရာ"

ဝေ။ ။(နှုတ်ခမ်းကိုကိုက်လျက်) "စကားပြောယင် တိုက်ရိုက်ပြောပါ။ စောင်းလား မြောင်းလား လုပ်မနေပါနဲ့"

ဒ။ ။"ကိုယ့်ပြောယင် ပြောမှာပေါ့။ တယောက်က ချန္ဒရာကို မေးတော့ တယောက်ကလဲ ချန္ဒရာကို ပြောရတာပေါ့"

ရာ။ ။"ဘာကိစ္စနဲ့ လာသလဲ ဝေဿက"

ဝေ။ ။"မိုက်ရိုင်းစော်ကားတဲ့ လူများရှိယင် ဆုံးမမယ်လို့ လာတယ်"

ဒ။ ။"ဆုံးမတယ်ဆိုတာ ကိုယ့်မြို့သားမှ ကိုယ်ဆုံးမနိုင်မှာပေါ့။တရွာသားကိုထိလို့ ဘာခံမှာလဲ"

ရာ။ ။"ဘိုးဘိုးနဲ့ တွေ့ချင်လို့လား။ ဘိုးဘိုး မရှိသေးဘူး။ ပြန်လာတော့ ပြောလိုက်မယ်လေ။ ဘာကိစ္စ ရှိလို့လဲ"

ဝေ။ ။(တောက်ခေါက်လျက်) "တောက်၊ တယ်ဟုတ်တဲ့ လူကွာ။ တရွာကလာပြီး အညွန့်အဖူးကို ခူးမယ်လို့ ကြံတယ်ပေါ့လေ။ ဟင်း"

ဒ။ ။"ခူးတာ မခူးတာ ကိုယ့်အလုပ်မဟုတ်ပါဘူး။ ကိုယ်နဲ့ဆိုင်တာ ကိုယ်ပြောပါ"

ဝေ။ ။"ကိုယ်နဲ့ ဆိုင် မဆိုင် ဘယ်သူက ဘယ်သူ့ သင်ပေးနေရအုံးမှာလဲ"

ဒ။ ။"သင်တာ မကြိုက်ယင် သူများအထဲ လာမရှုပ်ကြနဲ့။ ဒါပဲ"

ဝေ။ ။"အလို၊ ဒါပဲတွေ ဘာတွေနဲ့ တယ်လာတဲ့ ငနဲပါကလား။ ရှုပ်ယင် ဘယ့်နှယ်များ လုပ်အုံးတော့ မလိုလို"

ဒ။ ။"ရှုပ်တဲ့အခါတော့ သိလိမ့်မှာပလေ"

ဝေ။ ။"ကိုင်းတဲ့ကွာ"

ရာ။ ။"ဒီဟာ ကျွန်မတို့အိမ်၊ ဒီလူ ကျွန်မတို့ ဧည့်သည်၊ အိမ်ရှင်ဆိုတာ ဧည့်သည်ကို ကာကွယ် စောင့်ရှောက်ဖို့ ဝတ္တရားရှိတယ်။ သူ့ကို ရန်ရှာယင် ကျွန်မနဲ့ ရန်ဖြစ်ရလိမ့်မယ် ဝေဿက"

ဝေ။ ။"ဟီ ဟီ ဟီ။ ဒင်းတို့က တကျိတ်တည်း တဉာဏ်တည်းပါကလား။ ကောင်းပြီ။ ဒင်းတို့ နေနှင့်ကြအုံး။ သိကြရောပကွာ"ဟု ကြိမ်းမောင်းကာ ဆင်းသွားလေရာ ဒဿကက တုံ့ပြန်ချေပ မည်ဟု ထလိုက်သည်တွင် ချန္ဒရာက ပါးစပ်ကို ပိတ်ထားလိုက်လေ၏။

ထိုကဲ့သို့ ဖြစ်ကြပြီးသည့်နောက်၌ ဒဿကမှာ ဤမြို့တွင် ဆက်လက် နေထိုင်ဖို့ ဖြစ်နိုင်ရန် မရှိတော့ ချေ။ ဝေဿက၏ဖခင်မှာ မြို့ဝန်မျှသာဖြစ်သော်လည်း အသက်ဦးဆံပိုင် ဘုရင်အလားကဲ့သို့ ဩဇာတိက္ကမ ကြီးသူတယောက် ဖြစ်ရကား ယင်းတို့နှင့် မသင့်မြတ်သူများအား မနေနိုင် မထိုင်နိုင်လောက်အောင် ဖိစီး



www.burmeseclassic.com

www.burmeseclassic.com


နှိပ်စက်နိုင်သော အစွမ်းရှိ၏။ သို့ဖြစ်၍ ထိုညဉ့်၌ မြေအိုးနှစ်ယောက်နှင့် ဒသကတို့သည် နောင်ရေး အတွက် တိုင်ပင်ကြရာ နောက်ဆုံး၌ ဒသကက အလုပ်ကိစ္စနှင့် သွားရန်ရှိသော မာလဘာမြို့သို့ သွားပြီး လျှင် တလခန့်အတွင်း ရောက်အောင်ပြန်လာ၍ ချန္ဒရာနှင့် ထိမ်းမြားလက်ထပ်ကာ လွတ်ရာ ကျွတ်ရာသို့ ခေါ်ဆောင်သွားရန် ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။ နောက်တနေ့၌ ဒသကသည် ချစ်လှစွာသော ရည်းစားသည် ချန္ဒရာကို ပွေ့ဖက် နှုတ်ဆက်ပြီးနောက် တပည့်နှစ်ယောက်တို့နှင့်အတူ မာလဘာမြို့သို့ ထွက်ခွာသွားလေ၏။

၃

## မြို့တော်ဝန်၏ ဆုံးဖြတ်ချက်

ပါတလိပုတ္တရမြို့၏ အုပ်ချုပ်ပုံမှာ အလွန်တရာ ဆန်းကြယ်လှပေ၏။ ယင်းမြို့တွင် လွတ်ရုံးများ၊ တရားသူကြီးများ၊ ပုလိပ်များဟူ၍ မရှိသလောက် နည်းပါးလှ၏။ ပြစ်မှုကျူးလွန်သူများအား အခြား မြို့နယ်များမှာကဲ့သို့ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ စစ်ဆေးခြင်း၊ အပြစ်ပေးခြင်းဟူ၍ အလျှင်းမရှိချေ။ ရာဇဝတ်ကောင် တရားခံများမှာ အပြစ်တစုံတရာ ကျူးလွန်သည်ဟု စနောင့်စနင်း သတင်းမကောင်း ဖြစ်ရုံ မျှနှင့်ပင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြ၍ ဘယ်နေရာ ဘယ်ဌာနသို့ ရောက်သည်ဟု မည်သူ မျှပင် မပြောနိုင်ချေ။ မြို့တော်ဝန်အကြောင်း မကောင်းပြောသူများ၊ ဝေသကာ၏ ဟော့ရမ်း သော့သွမ်း ခြင်းများကို မေးငေါ့ ကဲ့ရဲ့သူများမှာလည်း ထိုနည်းတူစွာ နေ့ချင်း ညချင်း ပျောက်ကွယ် သွားတတ် ကြ၏။ အိမ်နီးပါးချင်း တယောက် ပျောက်ကွယ်သွားသောအခါ လူများသည် တယောက်မျက်နှာကို တယောက်ကြည့်ကာ ဘာမျှ မပြောဝံ့ပဲ ဆိတ်ဆိတ်နေကြ၏။ အကယ်၍ ညည်းတွား ပြောဆိုမိငြားအံ့။ ကြားရာလူများက သတင်းပေးလိုက်ပါလျှင် ညည်းတွားမိသောသူမှာ နောက်တညတွင် ပျောက်ကွယ် သွားတတ်ချေ၏။ သို့ဖြစ်၍ လူများသည် 'ကိုယ်မှုကျူး၊ ကိုယ့်ဒူး ကိုယ်မယုံ'နိုင်အောင် ဖြစ်နေကြပြီးလျှင် မည်သို့ ဖြစ်နေသည်ဖြစ်စေ 'ရေကိုသင့်'၍ နေကြရတော့၏။ လူမြင်သမျှကိုလည်း သူလျှိုချည်းသာလျှင် မှတ်ထင်နေကြတော့၏။ ထိုကဲ့သို့သော အခြေအနေ ရှိနေသည့်မြို့တွင် ဝေသကာနှင့် 'ကတောက်ကဆတ်' စကားများဖူးသော ဖလိကာတို့ မြေအိုးမှာ စိတ်အေး ချမ်းမြေ့နိုင်ဖွယ်ရာ မရှိချေ။

တနေ့သ၌ ဖလိကာသည် ဝရံတာတွင်ထိုင်၍ ချန္ဒရာနှင့် ခွဲခွာရမည့်အရေးကို တွေးတော ဝမ်းနည်း လျက်ရှိစဉ် မြို့ဝန်ကြီးသည် ရထားပေါ်မှ ဆင်း၍ ဝင်းထဲသို့ ဝင်လာသည်ကို မြင်သဖြင့် ဒိတ်ဒါနဲ ဖြစ် သွားလေ၏။ အိမ်ပေါ်သို့ ရောက်၍ ကုလားထိုင်၌ အသီးသီး ထိုင်မိကြသောအခါ—

ဝန်။ ။"ဖလိကာ၊ ကန္တာရခရီးမှာ မြေအိုးနှစ်ယောက် အစာငတ် ရေငတ်ဖြစ်ပြီး သေတော့ မယ့်ဆဲဆဲ ရှိနေရာမှာ ကျုပ်တို့လူစုက ခေါ်လာပြီး မြေကိုလဲ အတွက်ကျဝေပေး၊ ထွန်စရာ ကျွဲနွားမရှိလို့ ဘုံပစ္စည်းထဲက ထုတ်ပေး၊ မျိုးစေ့လိုသေးယင် မျိုးစေ့၊ ယမ်းတောင့်လိုယင် ယမ်းတောင့်၊ အနည်းနည်း အဖုံဖုံ စောင်မ ကြည့်ရှုလာခဲ့တဲ့အတွက် ခင်ဗျားတို့ မြေအိုး ဒီအခြေ ဒီအနေရောက်အောင် ကြီးပွား လာခဲ့ကြတာကို ငြင်းနိုင်သလား"

လိ။ ။"မငြင်းလိုပါဘူး ဝန်မင်း"

ဝန်။ ။"ခင်ဗျားတို့က ကျုပ်တို့ကျေးဇူးကို ခံစားပြီး အတုံ့အလှည့် ကျေးဇူးဆပ်တယ်လို့ ဘာမှ မရှိသေးဘူး ဖလိကာ"



www.burmeseclassic.com

www.burmeseclassic.com



လိ။ ။"ကျွန်တော့်အတွက်ကျ အခွန်ထမ်းပါပြီကော ဝန်မင်း"

ဝန်။ ။"ဒါလောက်နဲ့ ကျေးဇူးဆပ်ရာ မရောက်နိုင်ဘူး။ ကျုပ်တို့ကို အမှီပြုပြီး ရတဲ့ပစ္စည်းကို တကယ်ဆိုယင် ကျုပ်တို့နဲ့ အတူဝေပြီး စားထိုက်တယ် မဟုတ်ဘူးလား။ ဝေစားပါတယ်လို့ ခင်ဗျား ပြောရအောင် ဘယ်မှာ ခင်ဗျား မယားတယောက်ယူတယ်ရှိလို့လဲ။ ရသမျှပစ္စည်းကို ခင်ဗျားတို့ချည်း အကုန်စုထားပြီး မယား တယောက်တလေနဲ့မှ ဝေစားတယ်လို့ မရှိပါကလား ဖလိက"

လိ။ ။"ကျွန်တော့်မယား သေဆုံးပြီးတဲ့နောက် အခြားတယောက်ယူဖို့ စိတ်ကူးလို့ မရလို့ပါ ဝန်မင်း"

ဝန်။ ။"ကောင်းပြီ၊ ရှိစေ။ ခင်ဗျားအတွက်တော့ ကျုပ်ခွင့်လွှတ်မယ်။ သို့သော် ခင်ဗျားမြေး ချန္ဒရာကိုတော့ ခွင့်မလွှတ်နိုင်ဘူး။ အခုတလော တမြို့သားနဲ့ ဘာလိုလို ရီးတီးရားတား သတင်းကြားတယ်။ ဟုတ် မဟုတ် ထားလိုက်ပါတော့။ အရေးမကြီးပါဘူး။ အရေးကြီးတာက ဘာလဲဆိုတော့ ချန္ဒရာကို ကျုပ်အတွင်းဝန်ထဲက တယောက်ယောက်ရဲ့သားနဲ့ပေးစားရမယ်။ လူငယ်ထဲက ဘယ်သူရှိသလဲဆိုတော့ ဝေဿက ရှိတယ်။ ဟိန္ဒက ရှိတယ်။ ဂေါသက ရှိတယ်။ ဒီသုံးယောက် ဘယ်သူ့ကိုကြိုက်သလဲ ရွေးပစေ၊ ကြားလား"

လိ။ ။"သူတို့မှာ မယားတွေ အသီးသီးနဲ့ပါလား ဝန်မင်း"

ဝန်။ ။"ဝေဿကမှာ ငါးယောက်ရှိတယ်၊ ဟိန္ဒကမှာ သုံးယောက်ရှိတယ်၊ ဂေါသကမှာ လေးယောက် ရှိတယ်။ ရှိယင်ကော ဘာဖြစ်သလဲ။ မယား တယောက်တလေ တိုးလာလို့ သူတို့မှာ ဝန်လေးမယ် ထင်သလား"

ထိုစကားကို ကြားရသောအခါ ဖလိကမှာ ဦးခေါင်းကို မီးလောင်တိုက်ခဲ့သို့ ပူပန်သောက ဖြစ်ရလေ၏၊ မြို့တော်ဝန်၏ စကားကို ငြင်းပယ်ခဲ့လျှင် ဘေးအန္တရာယ် ဆိုက်ရောက်မည့် အကြောင်းကို ဖလိက သိ၏။ သို့ရာတွင် ချစ်လှစွာသော မိမိမြေးကလေးကို ကြွင်နာတရား နည်းပါးလှသော လူတစ်၏ အစွယ်အပွား မယားငယ် အဖြစ်နှင့် ပေးအပ်ရန်လည်း မည်သည့်နည်းနှင့်မျှ စဉ်းစား၍ မရချေ။ သို့ဖြစ်၍ ဖလိကသည် အရေးကြီးလှသော ဤကိစ္စကို စဉ်းစားရန်အတွက် အချိန်ပေးပါမည့် အကြောင်းနှင့် တောင်းပန် ပြောဆိုလေ၏။

ဝန်။ ။(အတန်ငယ် စဉ်းစားပြီးနောက်) "ကျုပ်အမိန့်ဆိုယင် ချက်ချင်း မလိုက်နာပဲ အချိန်ပေးရတယ်လို့ ဘယ်အခါမှ ထုံးစံမရှိဘူး။ သို့သော် ခင်ဗျားကိုတော့ တနယ်သားဖြစ်တဲ့အတွက် အလိုလိုက်ရအုံးမယ်။ ကောင်းပြီ။ ဒါဖြင့် ဒီကနေ့ကစပြီး နောက်ကို တလတိတိ ရက်ပေါင်း ၃၀ စဉ်းစားဖို့ ကျုပ် အချိန်ပေးမယ်။ တလစေ့တဲ့နေ့မှာ ကျုပ်စီမံသလို ခင်ဗျားလိုက်နာရမယ်၊ ကြားလား"

လိ။ ။"ကောင်းပါပြီ ဝန်မင်း"

ဝန်။ ။(ထိုင်ရာမှ ထလျက်) "သို့သော် ကျုပ် တခု သတိပေးခဲ့မယ် ဖလိက။ ကျုပ်စီမံချက် တော်လှန်ပြီကျင့်မယ်လို့များ ကြံခဲ့လို့ရှိယင် ကန္တာရခရီးမှာ ငါတို့မြေးအတိုး အလောင်းကို ကျီး၊ ငှက်တမျှား စားပြီး နှိုးကျဲကျဲ သွားဖြိုဖြိုနဲ့ သေခဲ့ရတဲ့ အဖြစ်က မြတ်ပါသေးကလားလို့ ညည်းတွားရပြီလို့သာ မှတ်လိုက်ပေတော့ ဖလိက"

ထို့နောက် မြို့တော်ဝန်သည် အိမ်ပေါ်မှ ဆင်းသွားလေရာ ဖလိကမှာ ဦးခေါင်းငိုက်စိုက် ကျန်နေရစ်၍ ပခုံးကို ပွေ့ဖက်ခြင်းခံရသည်တွင်မှ မော့ကြည့်လိုက်ရာတွင် ချန္ဒရာ၏ မျက်နှာကို တွေ့မြင်ရလေ၏။ ဖလိကမှာ ချန္ဒရာ၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် မိမိနှင့် မြို့တော်ဝန်တို့ ပြောစကားများကို ကြားပြီးပြီ ဖြစ်ကြောင်း သိရှိနိုင်ပေ၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com

ရာ။ ။"ဒီတခါ ဘယ်လို ကြံကြပါမယ် ဘိုးဘိုး"

လိ။ ။(မြေးကလေး၏ ဆံပင်ကို ပွတ်သပ်ယင်း) "မစိုးရိမ်ပါနဲ့ ငါ့မြေးရယ်၊ သူတော်ကောင်း နတ်ကောင်း မ ဆိုတဲ့စကား ရှိသားပဲ။ တကယ့်တကယ် အရေးကျယင် နတ်ကောင်း နတ်မြတ်များက ငါတို့ကို ပစ်မထားတန်ပါဘူး ငါ့မြေးရယ်။ ဒါထက် ငါတခုမေးမယ်၊ ဒသာကကို ငါ့မြေးက စုံမက်လျက်ပဲ ရှိသေးတယ် ဟုတ်လား"

ချန္ဒရာသည် နှုတ်ဖြင့် ဖွင့်ဟ၍ မဖြေပဲ မျက်ရည်ဝိုင်းသော မျက်နှာဖြင့် ဖလိကအား မော့ကြည့်လျက် အဘိုးဖြစ်သူ၏ လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်ရာ ဖလိကလည်း ဆိုလိုသော အဓိပ္ပာယ်ကို ရိပ်မိလေ၏။

လိ။ ။"အေး၊ ဒီလိုသစ္စာရှိမှပေါ့ ငါ့မြေးရယ်။ မေးလို့သာ မေးရပါတယ် မြေးရယ်၊ တကယ်ဆိုတော့ ဒသာကတယောက်နဲ့ ဒီဘ ဝေသာကတို့၊ ဟိန္ဒကတို့၊ ဂေါသကတို့လို အကောင်တွေ ဆယ်ယောက်နဲ့ ငါ ဘယ်မှာ လဲလိမ့်မလဲကွယ်။ ရှာမှ ရှား ဆိုတဲ့ စကားလို တကယ့်အရေးကျယင် တကယ်အားကိုးရမယ့် သူငယ်တယောက်ပဲကွယ့်။ ဘိုးဘိုးသိတယ်။ ဒါထက် သူ့ဆီကို ငါတို့မှာလိုက်ဖို့က အရေးကြီးတယ်။ ဩော် မနေ့အုံး၊ နက်ဖြန် မာလဘာမြို့ကို သွားမယ့် ခရီးသည်တစုရှိသတဲ့။ ဘိုးဘိုးသွားပြီး မှာချေမယ်။ အကျိုးအကြောင်းကို သူ သိယင် 'ရှူး'ဆို ရောက်အောင်လာမယ့် သူငယ်ကွယ့်။ ငါ သိတယ်"

ချန္ဒရာမှာ အဘိုးဖြစ်သူ အားပေးစာရ ပြောပြသော စကားများကို ကြားရလေလျှင် နားဝင် ချိုလှသောကြောင့် မျက်ရည်ဝိုင်းနေရာမှ ပြုံးရယ်ချင်သလို ဖြစ်လာမိလေ၏။

ရာ။ ။"ကျွန်မအတွက်ထက် ဘိုးဘိုးအတွက်တာကြောင့် ကျွန်မ သာပြီး ပူပန်မိပါတယ် ဘိုးဘိုးရယ်၊ ကျွန်မမှာတော့ မိန်းမသားမို့လို့ အသက်ကိုတော့ သူတို့ ရန်ရှာမယ် မဟုတ်လှဘူး။ ဘိုးဘိုးကိုတော့ သူတို့လူစုက တဆုံးတဆ စီရင်လိုက်မှာ ပူပန်မိပါတယ် ဘိုးဘိုးရယ်။ ကြားရတဲ့ သတင်းကလဲ ကြက်ပျောက် ငှက်ပျောက် ပျောက်ကြလွန်းလေတော့...."

လိ။ ။"ငါ့မြေးပြောတာ မှန်တယ်။ သို့သော် ဒီဘလ အတွင်းတော့ သူတို့ ဘယ့်နှယ်မှ လုပ်သေးမယ် မဆင်ပါဘူးကွယ်။ ဒီအတောအတွင်း ငါတို့ ကြံစည်ဖို့ အချိန်တွေ အပုံကြီးရှိသေးတာကပဲ မြေးရဲ့။ တကယ့်တကယ် အရေးဆိုယင် သူတို့မြို့မှာ မနေပဲ ထွက်ပြေးကြရုံ ရှိတာပေါ့ ငါ့မြေးရယ်"

ရာ။ ။"ဘိုးဘိုးလယ်တွေ၊ ပစ္စည်းတွေ ဘယ့်နှယ်လုပ်ပ"

လိ။ ။"တတ်နိုင်သမျှ ငွေလက်ကိုင်ရအောင် စုဆောင်းပြီး ကျန်သမျှကတော့ ထားပစ်ခဲ့ရုံပ မြေးရယ်။ အမှန်ပြောရမှာဖြင့် အသက်ဦးဆံပိုင်တဲ့ သတောမျိုးနဲ့ အုပ်ချုပ်ခနေတဲ့ လူစုတွေလက်အောက်မှာ ဘိုးဘိုးမနေချင်တာ ကြာလှပါပြီကွယ်။ အခုလို အရေးပေါ်မလာနဲ့အုံးတော့။ ဘိုးဘိုးက လက်မြန်ပုံနဲ့ဆိုယင် တနေ့နေ့တော့ မြို့တော်ဝန်သော ဘာသော ပစ်သတ်ကုန်မိပါလိမ့်မယ်ထင်တယ် ငါ့မြေးရယ်"

ရာ။ ။"ကျွန်မတို့ ထွက်သွားမယ်ဆိုယင် သူတို့က သာသာကြည်ကြည် သွားခွင့်ပြုပါ့မလား ဘိုးဘိုးရဲ့"

လိ။ ။"ဒသာက လာပါစေအုံးကွယ်။ သူလာတော့မှပဲ တော်သလို ကြည့်ပြီး စီမံကြတာပေါ့။ ဒီအတောအတွင်းမှာ ငါ့မြေးက စိတ်အေးလက်အေးသာ နေပါကွယ်။ ဝိုလား ရယ်လားလုပ်လို့ ပိန်ချုံးနေမှဖြင့် မင်းလူက ငါ့ကို အပြစ်များ တင်နေပါအုံးမယ် ငါ့မြေးရယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ထိုည၌ ဖလိကာသည် ဝင်းတံခါး စသည်တို့ကို သေချာစွာပိတ်ဆို့၍ မင်းတုပ်ကလန့် စသည်တို့ကို လည်း လုံခြုံစွာ ချထားပြီးလျှင် သေနတ်ကြီးကိုလည်း ယမ်းတောင့်အပြည့်ထိုး၍ အိပ်ရာ နံဘေး၌ ထောင်ထားလေ၏။

# ၄

## အသက်အန္တရာယ်အတွက်ကြောင့် လက်လွှတ်ထွက်ပြေးရပုံ

နောက်တနေ့ နံနက်၌ ဖလိကာသည် မာလဘာမြို့သို့သွားမည့် မိတ်ဆွေ ကုန်သည်တဦးထံသို့ သွား၍ ဒဿကထံ အဖြစ်အပျက်အလုံးစုံ မှာကြားခဲ့ပြီးလျှင် အမြန်ဆုံး လာရောက်ရန်လည်း မှာထားလိုက်လေ၏။ ထိုကဲ့သို့ ပြုခဲ့ရပြီးသည့်နောက် ဖလိကာ၏ စိတ်၌ အတော်ပင် ဝန်ပေါ့၍ သွားလေ၏။

ထို့နောက် ဖလိကာသည် မိမိနေအိမ်သို့ ပြန်လာသောအခါ အိမ်ဝင်းတံခါးတိုင်တွင် မြင်းတကောင်စီ တဘက်တချက် ချီထားသည်ကို ခပ်လှမ်းလှမ်းမှပင် တွေ့မြင်ရသဖြင့် အံ့ဩမိ၏။ နောက် ဆက်လက် လျှောက်လာခဲ့၍ အိမ်သို့ ရောက်သောအခါ ဧည့်ခန်းတွင် အခြေတကျနှင့် ပိုင်ပိုင်နိုင်နိုင် ထိုင်လျက်ရှိသော လူနှစ်ယောက်ကို တွေ့မြင်ရသဖြင့် တိုး၍ အံ့ဩမိပြန်၏။ မျက်နှာ ရှည်ရှည်နှင့် သွေးသား ပြည့်ဖြိုးရော် ရှိသော လူတယောက်က ပက်လက်ကုလားထိုင်ပေါ်တွင် ခပ်လန်လန် ထိုင်၍ ခြေနှစ်ဘက်ကို စားပွဲပေါ်တွင် တင်ကာ ဆေးပြင်းလိပ်ကို မပြတ်တမ်း ရှူဖွာလျက်ရှိ၏။ နှုတ်ခမ်းမောက်မောက် နှာခေါင်းကောက်ကောက်နှင့် အခြားတယောက်ကမူ လက်နှစ်ဘက်ကို အင်္ကျီအိတ်တွင် နှိုက်ကာ ပြတင်းပေါက်တွင် ခပ်မှီမှီ ရပ်လျက် ခပ်အေးအေး လေချွန်၍ နေလေ၏။ ဖလိကာ တက်သွားသောအခါ ယင်းတို့နှစ်ယောက်သည် ဦးခေါင်း ဆတ်ကာ ခပ်အေးအေး အမူအရာဖြင့် နှုတ်ဆက်ပြီးနောက် မျက်နှာရှည်ရှည်နှင့်လူက စ၍—

"မိတ်ဆွေက ကျုပ်တို့နဲ့ တမြို့တည်း အတူနေပေမယ့် လူချင်း အတွေ့အဆုံနည်းလို့ ကောင်းကောင်း မသိကျွမ်းဘူး မှတ်တယ်။ ဟောဒါက မြို့တော်ဝန်လက်ထောက်ရဲ့သား မစ္စတာ ဝေဿကပေါ့ မိတ်ဆွေရဲ့"

ယင်းနောက် နှာခေါင်းကောက်ကောက်နှင့် လူက—

"ကောင်းကောင်း မသိကျွမ်းယင်သာ ရှိရမယ်။ သဲကန္တာရထဲမှာ ခင်ဗျားတို့ မြေအတိုင်း အစောင့် ရောက်ဖြစ်ပြီး သေတော့မယ့်ဆဲဆဲမှာ ကျုပ်တို့တတွေ ကယ်ဆယ်လာခဲ့ရတယ် မဟုတ်ဘူးလား။ ဟောဒါက မြို့ဝန်မင်းရဲ့ ဒုတိယ လက်ထောက်ရဲ့သား မစ္စတာ ဟိန္ဒကာ ဆိုတာပါပဲ မိတ်ဆွေ"

ဖလိကာ ကမူ မည်သို့မျှမပြောပဲ ယင်းတို့၏ စကားကို ကြားပါ၏ဟု အသိအမှတ်ပြုသော သဘော မျိုးနှင့်သာလျှင် ဦးခေါင်း ညိတ်လေ၏။

ဟိန္ဒကာ။ ။"ကျုပ်တို့ လာရောက်ရခြင်း ကိစ္စမှာတော့ မိတ်ဆွေရဲ့မြေး ချန္ဒရာ အပျိုချောကို နဂိုသဘောအတိုင်း စုံမက်ပြီးရှိရာတွင် မိဘ လူကြီးများက မနားမနေ တိုက်တွန်းပြန်သဖြင့် အယား ပြေပြေ ရှိစေတော့လို့ လာခဲ့ခြင်းပဲ မိတ်ဆွေ။ ကျုပ်တို့နှစ်ယောက်ကို ကြိုက်ရာရွေးပြီး ထိုက်တာနဲ့ ပေးစားနိုင်သပလေ။ မစ္စတာ ဝေဿကမှာ လက်ရှိမယားပေါင်း ငါးယောက်၊ ကျုပ်မှာတော့ သုံး ယောက်သာ ရှိသေးတဲ့အတွက် ရချင်းရယင် ကျုပ်ကသာ ရထိုက်တယ်လို့ အကြိုသွင်းချင်တာပဲ"

ဝေဿက။ ။"ဒီလိုလဲ မဟုတ်နိုင်သေးဘူးလေ။ မယား ဘယ်နှစ်ယောက် ရှိ မရှိက လိုရင်း မဟုတ် ပါဘူး။ ဘယ်နှစ်ယောက် အုပ်ချုပ်နိုင်တဲ့အစွမ်း ရှိ မရှိသာ လိုရင်းပဓာန ဖြစ်ပါတယ်။ ကျုပ် အဖေက အရက်ချက်ရောင်းတဲ့ လိုင်စင်ကို ကျုပ်လွှဲပေးပြီးဖြစ်လို့မို့ ကျုပ်က ဟိန္ဒကာထက် ငွေများပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟိန္ဒူက။ ။"လက်ရှိ ဆိုယင်တော့ မှန်ပါတယ်။ သို့သော် အချက်သိတဲ့ လူမှန်ယင်တော့ လက်ရှိကလေးလောက် မကြည့်ရဘူး မိတ်ဆွေ။ နောင် အလားအလာက ရှိသေးတာကိုဗျ။ ကျုပ်အဖေ သေယင် သူ့ပစ္စည်းတွေ ကျုပ် အားလုံးရမယ်။ အဲဒီအခါကျတော့ ခင်ဗျားထက် ကျုပ်က အများကြီးမြတ်တဲ့ ဘာရားကြီးဆပ် ဖြစ်မယ် မဟုတ်ဘူးလား"

ဝေဿက။ ။(နှုတ်ခမ်းမွေးသပ်ကာ မှန်ထဲက မိမိ အရိပ်ကို ကြည့်လျက်) "ခင်ဗျားနဲ့ ငြင်းနေလို့ အပိုပါသေ။ မိန်းကလေး သဘောအတိုင်း သူကြိုက်ရာ သူယူပါစေတော့လားဗျာ"

ထိုအတောအတွင်း၌ ဖလိကမှာ အခန်းဝတွင် ရပ်လျက် လက်ထဲ၌ ကိုင်ထားသော တုတ်ကောက်နှင့် မရိုက်မိစေရန် မိမိစိတ်ကို မနဲ ချုပ်တည်းထားရ၏။ နောက်ဆုံး ဖလိကသည် ထိုသူ နှစ်ယောက်တို့၏ ရှေ့တွင် ရပ်လျက် မျက်နှာကို စေ့စေ့ကြည့်ကာ ပြောပြသည်မှာ–

"ဟော့လူနှစ်ယောက်၊ ငါပြောတာ နားထောင်ကြစမ်း။ ငါ့မြေး ချန္ဒရာက မင်းတို့ကို လာပါလို့ ခေါ်တဲ့အခါမှာ မင်းတို့ လာနိုင်တယ်။ သူက မခေါ်ပဲနဲ့ မင်းတို့ ဘယ်တော့မှ မလာခဲ့ကြနဲ့။ မင်းတို့ မျက်နှာတွေကို ငါ မကြည့်ချင်ဘူး"

ထိုအခါ လူနှစ်ယောက်တို့သည် အလွန်အံ့သြစွာဖြင့် ပါးစပ်ကြီးများဖြဲကာ ငေးကြည့်နေကြလေ၏။ ယင်းတို့ သဘောအရမှာမူ မိမိတို့ကဲ့သို့ ဂုဏ်သရေရှိ မိကောင်းဖခင်သားများက အလုအယက် ပွဲပိုးနေကြခြင်းမှာ ဂုဏ်ယူဖွယ်ရာသော အခြင်းအရာ တခုဟူ၍ မှတ်ထင်ရမည်ဟု ယူဆမိ၏။ ဖလိကမှာမူ တဖြည်းဖြည်း ဒေါသထွက်သည်ထက် ထွက်လာ၍ "ဟော့ လူနှစ်ယောက်၊ ဒီအိမ်ပေါ်က ဆင်းဖို့ဟာ ပြတင်းပေါက် တလမ်း၊ လှေကား တလမ်း နှစ်လမ်းရှိတယ်။ မင်းတို့ ဘယ်လမ်းက ဆင်းချင်ကြတာလဲ"ဟု ပြောပြောဆိုဆိုနှင့် ရှေ့သို့ ခြေတလှမ်း တိုးလိုက်လေလျှင် လူနှစ်ယောက်တို့လည်း သူ့ထက်ငါ တိုးဝှေ့ကာ လှေကားမှ ဆင်းပြေးကြလေ၏။ ဝင်းပေါက်သို့ ရောက်ကြသောအခါ အနည်းငယ် ရပ်တန့်လျက်–

ဟိန္ဒူက။ ။"သိကြရောပေါ့ဗျာ။ ဝန်ထောက်ရဲ့ သား နှစ်ယောက်ကို ကြုံးဝါးတဲ့လူ။ သိကြရောပေါ့"

ဝေဿက။ ။"ကျုပ် သတိပေးလိုက်မယ်။ ခင်ဗျား အသက်ကို ဖက်နဲ့ ထုပ်ထားလိုက်"

"သယ် နင်တို့ကများ ငါ့ကို ကြုံးဝါးနေရသလား"ဟု ပြောလျက် ဖလိကသည် သေနတ်ကို ယူရန် အခန်းတွင်းသို့ ပြေးသွားလေရာ ချန္ဒရာက ဆွဲထားသဖြင့် အကြံ အထမမြောက်ပဲ ဖြစ်သွား၏။ ဟိန္ဒူကနှင့် ဝေဿကတို့မှာလည်း မြင်းပေါ်သို့ ခုန်တက်၍ ကဆုန်စိုင်း ပြေးကြလေပြီ။

လီ။ ။"ခွေးသားကလေးတွေ၊ နောက်တခါ လာကြစမ်းပေစေအုံး။ ဒီအကောင်စားမျိုးတွေရဲ့ သားမယားဖြစ်ရမယ့်အစား သေသွားတာ ငါကြည့်နိုင်ပါသေးတယ် ချန္ဒရာရယ်"

ရာ။ ။"ကျွန်မလဲ ဒီလိုပဲ သဘောထားပါတယ် ဘိုးဘိုးရယ်။ နို့ပေမယ့် ဒုဿက လာကယ် ကောင်းပါရဲ့ ဘိုးဘိုးရယ် နော်"

လီ။ ။"လာမှာပကွယ်၊ စိတ်ချပါ။ သို့သော် မြန်မြန်လာလေ ကောင်းလေပဲဟေ့။ ဒီအကောင်တွေက ဘယ်ပုံဘယ်နည်းများ ကြံကြအုံးမယ် မဆိုနိုင်သေးဘူး"

ဖလိက၏ စိုးရိမ်ကြောင့်ကြခြင်းမှာ အချည်းနှီးအကြောင်းမဲ့ မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် မြို့တော်ဝန်၏ အကြံအစည်ကို ဤမျှလောက် ပြောင်ပြောင်ကြီး အတိုက်အခံပြုလုပ်ခြင်းမှာ ပါတလိပုတ္တရ မြို့တွင် ထိုအကြိမ်သည် ပထမအကြိမ်ဖြစ်ရာ ထိုမျှလောက် အတည့်အလင်း ပြုရခြင်း မရှိပဲနှင့်ပင်လျှင် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားသူများ ပေါများခဲ့ကြလေပြီ။ ဖလိကမှာ သူရသတ္တိအရာ၌သာနည်း

www.burmeseclassic.com


အညံ့စားလူတယောက်မဟုတ်သော်လည်း ဘယ်အရပ်မှလာမည်မသိရပဲ စိုးရိမ်နေရသော ဘေးအန္တရာယ်ကို တွေးတောမိသောအခါ၌ တုန်လှုပ်မိ၏။ အတည့်အလင်း ထင်ထင်ရှားရှားလာသော ဘေးအန္တရာယ်မျိုးကို မူကား ဖလိကသည် တွန့်ဆုတ်တုန်လှုပ်ခြင်း မရှိပဲ ခုခံကာကွယ်ဝံ့သော သတ္တိ ရှိသည် မှန်၏။ ယခုမှာမူ မရေမရာ မသေမချာ ရှိလှသည့်အတွက်ကြောင့် နေမထိ ထိုင်မထိ ဖြစ်မိ၏။ သို့ပါသော်လည်း ဖလိကသည် မိမိ၏ တုန်လှုပ်ခြင်းအဖြစ်ကို မြေးကလေး မသိစေရအောင် တတ်နိုင်သမျှ ဖုံးဖိကွယ်ဝှက်ထားခဲ့လေ၏။

ဝေဿကနှင့် ဟိန္ဒကတို့ ပြန်သွားပြီးသည့်နောက် ဖလိကသည် မြို့တော်ဝန်ထံမှ တမျိုးတမည် သတင်းကြားရလိမ့်မည်ဟု တွေးထင်နေခဲ့၏။ တွေးထင်သည့် အတိုင်းလည်း သတိပေးခြင်း ခံရလေရာ သတိပေးပုံမှာလည်း အလွန်ထူးဆန်းလှ၏။ နောက်တနေ့ နံနက် အိပ်ရာမှ ထသောအခါ ဖလိက၏ ခေါင်းအုံးတွင် စာရွက်ကလေးတရွက် တွယ်အပ်နှင့်ထိုးထားသည်ကို တွေ့ရလေရာ စာရွက်တွင် အောက်ပါ အတိုင်း ရေးသားထား၏။

"၂၉ ရက်သာ ကျန်တော့သည်။ ရက်စေ့၍ ဖလိုက်ပဲ ရှိခဲ့လျှင် .... .... ...."

မည်ကဲ့သို့ ပြုလုပ်မည်ဟူ၍ အတည့်တလင်း ဖော်ပြခြင်း မရှိပဲလျက် ကွက်လပ်ချန်လှပ် ထားခြင်းမှာ သာ၍ပင် ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ အိပ်ရာသို့ မဝင်မီ မင်းတုပ်များ၊ ကလန့် သံကျင်များကို မိမိကိုယ်တိုင် သေချာစွာပိတ်ဆို့ထားရကား ဖလိကသည် ထိုစာရွက်ကို မည်သည့်နည်းနှင့် မိမိ၏ ခေါင်းအုံး တွင် ထိုးထားနိုင်လေသနည်းဟု မတွေးတောနိုင်အောင် ဖြစ်နေ၏။ ဖလိကသည် ထိုအကြောင်းကို ချုန္ဒရာ အား ပြောမပြပဲ စာရွက်ကို ချေမွပစ်လိုက်သော်လည်း စိတ်ထဲ၌ကား အတော်ကြီး တုန်လှုပ်ခဲ့၏။ ၂၉ ရက် ဆိုခြင်းမှာ မြို့တော်ဝန်ပေးသွားသော တလအချိန်အနက် ကြွင်းကျန်သောရက် ဖြစ်တန်ရာ၏ဟု တွေးတော မိ၏။ လုံခြုံစွာ ပိတ်ဆို့ထားသော နေအိမ်အတွင်း ဘယ်နည်း ဘယ်လမ်းက ဝင်မှန်းမသိရအောင် ဝင်လာ နိုင်သော ရန်သူသည်ကား စင်စစ် ကြောက်ကော်ဖွယ်ရာ ကောင်းလှ၏။ ခေါင်းအုံး၌ စာရွက်ကပ်ထား ခဲ့သော လက်သည် ထိုသို့ပြုမည့်အစား ဖလိက၏ ရင်ဝတွင် ဓားမြှောင်စိုက်လိုက်ပါမူ ဖလိကမှာ မည်သူ မည်ဝါက သတ်သည်ဟူ၍မျှ မသိရမီ သေရှာရချေတော့မည် ဖြစ်၏။

နောက်တနေ့ နံနက်၌ သာ၍ တုန်လှုပ်ဖွယ်ရာ အကြောင်းတခု ဖြစ်ပေါ်လာပြန်၏။ မြေးအဘိုး နှစ်ယောက်တို့သည် လက်ဖက်ရည်သောက်ကြမည်ဟု စားပွဲတွင် ထိုင်မိကြသောအခါ ချုန္ဒရာက အံ့သြစွာနှင့် အထက်သို့ ညွှန်ပြ၏။ ဖလိကသည် ညွှန်ပြရာသို့ မော့ကြည့်လိုက်သောအခါ မျက်နှာကြက်တွင် မီးသွေးနှင့် ရေးထားသည့် ၂၀ ဟူသော ဂဏန်းကို တွေ့မြင်ရလေ၏။ ထိုဂဏန်းမှာ တုတ်ရှည်ကြီးတချောင်းကို မီးရှို့ ပြီးနောက် မီးလောင်ပြီးသော တုတ်ဖျားနှင့် ရေးသားထားဟန်တူ၏။ ချုန္ဒရာမှာ ထိုဂဏန်း၏ အဓိပ္ပာယ်ကို မတွေးတတ်သဖြင့် ကြောက်ရကောင်းမှန်း မသိလေရာ ဖလိကကလည်း ကြောက်မည် စိုးသောကြောင့် ထုတ်ဖော်၍ မပြောချေ။ ထိုညဉ့်၌ ဖလိကသည် သေနတ်တလက်နှင့် မအိပ်ပဲ စောင့်နေ၏။ တညလုံး ဘာသံမျှလည်း မကြားရ၊ ဘာကိုမျှလည်း မတွေ့ရမမြင်ရချေ။ သို့ရာတွင် နောက်တနေ့ မိုးလင်းသောအခါ အိမ်တံခါးတွင် အပြင်မှ ၂၇ ဟူသော ဂဏန်းကြီး ရေးထားကြောင်း တွေ့မြင်ကြရလေ၏။

ဤနည်းအားဖြင့် တရက်ပြီးတရက် ကုန်လွန်လာခဲ့ရာ နံနက်တိုင်း နံနက်တိုင်း ထင်ရှားသော နေရာ တခုခုတွင် ကြွင်းကျန်သော ရက်ကို ဂဏန်းဖြင့် ရေးသား သတိပေးထားခြင်းများကို မှန်မှန်ကြီး တွေ့မြင် ကြရလေ၏။ တခါတရံ နံရံ၌လည်းကောင်း၊ တခါတရံ ကြမ်းပြင်၌လည်းကောင်း၊ တခါတရံ ဝင်းတံခါး၌


www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ပျော့ကြရလေရာ ရေးမထားသော နေ့ဟူ၍ တရက်မျှ မရှိခဲ့ဖူးချေ။ မည်သည့်နည်းနှင့် မည်သူတွေ ဝင်ရောက်နေသည်ဟု သိလိုသည်တကြောင်း၊ ဆုံးမလိုသည် တကြောင်းကြောင့် ဖလိကသည် ညဉ့်တိုင်းလိုလိုပင် သေနတ်နှင့် စောင့်နေခဲ့သော်လည်း တကြိမ်တခါမျှ မိဖူးသည် မရှိချေ။ နောက်ဆုံး၌ ဖလိကမှာ စောင့်၍ ချောင်းခြင်း အလုပ်ကို လက်လျော့ လိုက်ပြီးလျှင် ဒယာက ပြန်ရောက်လာဖို့ ကိုသာလျှင် မျှော်လင့် စောင့်ဆိုင်းနေရလေတော့၏။

၂၀ မှသည် ၁၅ သို့လည်းကောင်း၊ ထိုနောက် ၁၀ သို့လည်းကောင်း တဖြည်းဖြည်း လျော့၍ လျော့၍ လာခဲ့သော်သည်း ဒယာကထံမှ ဘာသတင်းကိုမျှ မကြားရချေ။ ဂဏန်းများသည် တရက်ကုန် လွန်တိုင်း တခုလျော့၍ သွားလေပြီ။ ဒယာကမှာကား မပေါ်လာသေးချေ။ လမ်းပေါ်မှ မြင်းခွာသံ ကြားတိုင်း ဖလိကသည် အိမ်ပေါ်မှ ပြေးဆင်းကြည့်ရှုမိရာ အချည်းနှီးသာလျှင် ဖြစ်ခဲ့ရ၏။ နောက်ဆုံး၌ ၅ ဂဏန်းမှ ၃ ဂဏန်း၊ ထိုမှတဖန် ၃ ဂဏန်းသို့ ရောက်လာသောအခါ ဖလိကမှာ ဒယာက လာဖို့အတွက် လက်လျော့လိုက်ရှာတော့၏။ မြစ်လမ်းတွင်လည်းကောင်း၊ တောလမ်းတွင်လည်းကောင်း အစောင့်အကြပ်များ မြောက်မြားစွာ ဝိုင်းရံထားသည်ဟု ကြားသိပြီးဖြစ်ရကား မြေးအသိုး နှစ်ယောက်တည်း လက်လွတ် ထွက်ပြေးဖို့မှာ စိတ်မကူးဝံ့သောက်အောင် ခဲယဉ်းလှ၏။ သို့ရာတွင် ဖလိကသည် မြို့တော်ဝန်၏ အမိန့်ကို နာခံလျှင် သော်ချေမည်လောဟု ဘယ်အခါမျှ မစဉ်းစားမိပဲ အကယ်၍ သေချင်းသေရလျှင် မိမိနှင့်အတူ သေမင်းထံသို့ ဘယ်နိုင်ငံမျှ လူများများ ခေါ်သွားဖို့သာလျှင် စိတ်ကူး၍ ထား၏။

၂ ဂဏန်းကို တွေ့မြင်ရပြီးသောနေ့၌ ဖလိကသည် ညဉ့်ဦးယံအချိန်တွင် ညဉ့်ခန်းအတွင်းထိုင်လျက် မည်သည့် အရပ်မှ ဘယ်ပုံဘယ်နည်းနှင့် ပေါ်လာမည့် ဘေးအန္တရာယ် ဖြစ်လေသနည်းဟု တွေးတောစိတ်ကူးနေ၏။ မနက်ဖြန်သည်ကား ၁ ဂဏန်းပေါ်လာတော့မည်ဖြစ်၍ နောက်ဆုံးနေ့ ဖြစ်ချေ၏။ ညဉ့်အချိန်တွင် လူစုလူဝေးနှင့် ဝင်လာ၍ မိမိအား ခေါ်ဆောင်သွားကြချေမည်လော၊ သို့တည်းမဟုတ် အိပ်ရာထဲတွင် အသုံးစိုင်ဝ် ထားခဲ့ကြချေမည်လော၊ မိမိ မရှိသည့်နောက် မြေးကလေးရှုန္နရာအား မည်ကဲ့သို့ ပြုကြချေမည်နည်း စသဖြင့် အမျိုးမျိုး တွေးတောလျက် ရှိ၏။ 'အလို ဘာသံပါလိမ့်' ဟု ဖြတ်ကနဲ လန့်၍ နားစွင့်ကာ ထောင်နေစဉ်တွင် 'ဂျစ် ဂျစ် ဂျစ် ဂျစ်' နှင့် ခြစ်ချုပ်သံများ ကြားရသေး၏။ နားကို လက်ဖြင့် ကန့်တော့သဖွယ် လုပ်ထား၍ နားစိုက်ပြန်ရာတွင် တံခါးဆီမှ လာသော အသံ ဖြစ်ကြောင်း သိရလေ၏။ အသံသည် တခဏမျှ ရပ်ဲသွား၍ နောက်တဖန် ဆက်လက်မြည်ပြန်လေ၏။ တစုံတယောက်သော သူသည် တံခါးကို တိတ်တဆိတ် ဖွင့်နေဟန်တူ၏။ မိမိအား ခေါ်ဆောင်ရန် ရောက်လာသော လူတစု ဖြစ်လေသလော၊ သို့တည်းမဟုတ် ၁ ဂဏန်းကို နောက်ဆုံးအကြိမ် ရေးထား သတိပေးခြင်း ဖြစ်လေသလောဟု တွေးတောမိ၏။ ဖလိကသည် ရဲရင့်သူတယောက် ဖြစ်သည့်အတိုင်း ရင်ဆိုင်တိုက်၍ သေအံ့ဟု သဘောထားလျက် သေနတ်ကို ကောက်ယူပြီးလျှင် တံခါးဆီသို့ အဟုန်တည်းနှင့်ရောက်အောင် ခုန်လွှား၍တံခါးကို ဖွင့်လိုက်လေ၏။

အိမ်ပြင်၌ကား တိတ်ဆိတ်ငြိမ်သက်စွာ ရှိ၏။ တိမ်တိုက် တိမ်ခဲ ကင်းစင်သော ကောင်းကင်ပြင်၌ ကြယ်များ သည် တဖြိုင်ဖြိုင်တလက်လက် မျက်တောင်ခတ်လျက် ရှိကြ၏။ ဖလိကသည် ဝင်းအတွင်း၌ လည်းကောင်း၊ လမ်းပေါ်သို့လည်းကောင်း လှမ်းမျှော်ကြည့်လိုက်ရာ လူစလူန အလျှင်းပင် မမြင်ရချေ။ အတန်ငယ် ငြိမ်သက်နေ၍ လှမ်း ကြည့်လျက် ဖလိကသည် လက်ဝဲဘက် ညာဘက် သည်တို့ကို စေ့စပ်ကြည့်ရှုရာ အောက်သို့ ငုံ့ကြည့်လိုက်ရာတွင် ခြေဖြားနှင့် အလျားလိုက် မှောက်နေသော လူတယောက်ကို တွေ့မြင်ရလေ၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com



ဖလမင်္ဂ ဤသူသည်ကား ဒဏ်ရာတစုံတခုနှင့် သေနေသူ ဖြစ်တန်ရာ၏ဟု ဖလိက အောက်မေ့နေစဉ် မှောက်နေသော လူသည် မြွေကဲ့သို့ လျင်မြန်စွာ တွားကာ အိမ်ထဲသို့ ဝင်သော၍ အတွင်းသို့ ရောက်သည်နှင့် တပြိုင်နက် မှောက်ရာမှ ရုတ်တရက် ထပြီးလျှင် တံခါးကို ပိတ်လိုက်လေ၏။ ဖလိကမှာ တရေးရေး တွေးနေရာမှ မျက်နှာကို မော့ကြည့်၍ ဒဿကကို မြင်ရသောအခါ ထက်ပြင်း ချမိလေတော့၏။

လိ။ ။"အံ့ဩပါရဲ့မောင်ရယ်၊ လူတဖက်သား လန့်အောင် ထိတ်အောင် ဘယ့်နှယ်ကြောင့် ဒီလို လုပ်ရတာလဲ မောင်ရဲ့"

ဒ။ ။"ဘာများ စားစရာရှိကြသလဲ။ ပေးကြစမ်းပါ။ အစာနဲ့ ပါးစပ်နဲ့ မတွေ့ရတာ ၄၈ နာရီ လုံးလုံး ရှိနေပြီ။ ချန္ဒရာကော ဘယ့်နှယ်နေသလဲ။ တော်တော် ခံနိုင်ရည် ရှိရဲ့လား"

လိ။ ။"တော်ပါရဲ့"

ဒ။ ။(ဖလိကယူပေးသော နံပြားနှင့် အမဲသားကို စားယင်း) "ကောင်းပါလေ့ဗျာ။ ဒါထက် ဒီအိမ်ကို ဝိုင်းပြီး စောင့်နေလိုက်ကြတာ ညပ်နေရော။ ဒါကြောင့် ကျွန်တော် အခုလိုလုပ် ဝင်ရတာပေါ့။ သူတို့ကိုယ် သူတို့ တော်တော်ပါးတယ် နပ်တယ် ထားတာပေါ့လေ။ နို့ပေမယ့် ကျားသင်္ကို ခြေကုပ်လိုက်ပြီး ချောင်းလာပစ်ခဲ့ဖူးတဲ့ လူတယောက်ကိုတော့ သူတို့ ဘာရမလဲ ဘိုးဘိုးရယ်"

ဖလိကမှာ ဒဿကကို မြင်လိုက်ရသည့် တခဏမှ စ၍ စိတ်အားတက်ကာ လူတမျိုး ဖြစ်လာသည့်အလျောက် ဒဿက၏လက်ကို အကြိမ်ကြိမ် လှုပ်ယမ်းလျက် "လူ၊ လူဆိုပေမယ့် ဟောဒါမျိုးမှ လူကွယ့်နော်၊ ဘယ် အားရသကွယ်။ ဒီလိုအရေးမှာ ဒီလိုစွန့်စားပြီး လာဝံ့တဲ့လူ ရှားမှ ရှားလိမ့်မယ်ထင်တယ် ဒဿကရယ်"

ဒ။ ။"ချန္ဒရာအတွက် ဆိုယင်လား၊ အခုလို တမြို့လုံးလောက် မဆိုထားနဲ့ တကမ္ဘာလုံးက ဝိုင်းထားစေဦးတော့ အရှင်မရောက်ယင် အသေရောက်အောင် ကျွန်တော်လာပြီးသားပဲ" (နှုတ်စိမ်းဒေ ဖြစ်နှင့် လာခြင်းကို ဆိုလိုဟန် တူ၏။)

လိ။ ။"ငါတို့ ဘယ်လိုလုပ် ကြံကြယင် တော်လေကွယ့်"

ဒ။ ။"နက်ဖြန်ခါ ဘိုးဘိုးအတွက် နောက်ဆုံးနေ့ ဖြစ်လေတော့ ဒီကနေ့ည လွတ်အောင် ကြံယင်ကြံ မကြံယင် ကိစ္စတုံးရောပဲ။ ဒီလိုရှိတယ် ဘိုးဘိုးရဲ့။ ကျွန်တော်တို့ ပြေးဖို့ဟာက တောလမ်းနဲ့ မြစ်လမ်း နှစ်လမ်းရှိတယ်။ ကျွန်တော် လာခဲ့ရတာက တောလမ်းက လာခဲ့ရခြင်း ဖြစ်လို့မို့ တောလမ်းက ပြေးဖို့ ကျွန်တော် စီမံထားခဲ့တယ်။ ဒီကနဲ့ နှစ်မိုင်လောက်ဝေးတဲ့ တောင်ကြားစခန်းတခုမှာ လားတကောင်နဲ့ မြင်းနှစ်ကောင် ကျွန်တော် ဝှက်ထားပစ်ခဲ့တယ်။ ဒါထက် ဘိုးဘိုးတို့မှာ ငွေများ စုပြီး ဆောင်းပြီး ဘယ်လောက်ရှိသလဲ"

လိ။ ။"ငွေ ၂၀၀၀ ကျပ် ကျော်လောက် ရှိတယ်"

ဒ။ ။"တော်ပြီ၊ ကျွန်တော့်မှာလဲ ဒီလောက်ပဲပါတယ်။ နှစ်ရပ်ပေါင်းလိုက်ယင် တော်တော် ခရီးသွားလောက်ပါလိမ့်မယ်။ ကိုင်း ဘိုးဘိုးရေ၊ ချန္ဒရာကိုနှိုးမှပဲ။ စောစောထွက်နိုင်လေလေ မိုးမလင်းခင် ခရီးရောက်လေလေ နေလိမ့်မယ်"

ဖလိကသည် ချန္ဒရာ၏ အိပ်ခန်းသို့ ဝင်၍နှိုးနေစဉ် ဒဿကသည် ကြောင်အိမ်ထဲ၌တွေ့သော စားစရာ များကို ထုပ်ပိုး၍ ရေဘူးများကိုလည်း ရေပြည့်အောင် ဖြည့်ထားလေ၏။ မကြာမီ ချန္ဒရာနှင့် ဖလိကတို့ အခန်းတွင်းမှ ထွက်လာကြ၍ (သမီးရည်းစားနှစ်ယောက်တို့ မည်မျှလောက် အားပါးတရ နှုတ်ဆက်ကြ သည်ကို ရေးသား ဖော်ပြနေရန် အချိန်မရှိပေ။) သုံးယောက်သား မျက်နှာချင်း ဆိုင်မိကြသောအခါ—



www.burmeseclassic.com

www.burmeseclassic.com

ဒ။ ။"ကိုင်း အချိန်များများ မရှိတော့ဘူးနော်။ မြန်မြန်ထွက်နိုင်အောင် ပြင်ကြပေတော့မယ်။ အိမ်ရှေ့လမ်းရော၊ နောက်ဖေးလမ်းရော သူတို့လူစုတွေ စောင့်နေလိမ့်မယ်ဆိုတာ ပြည့်သွားတော့ပဲ။ သို့သော် အိမ်နံဘေး ပြတင်းပေါက်က ကျော်ဆင်းပြီး ကွင်းထဲက ဖြတ်ထွက်ကြရင် လွတ်နိုင်ဖို့လမ်း ရှိပါလိမ့်မယ်။ လမ်းပေါ်ရောက်လို့ ခပ်သုတ်သုတ် သွားလိုက်ကြရင် မြင်းတွေ ချည်ထားခဲ့တဲ့ တောင်ကြားကို မကြာခင် ပင် ရောက်မှာပါပဲ။ တောင်ကြားရောက်လို့ မြင်းနဲ့ပြေးကြရင် မိုးမလင်းခင် ခရီးတော်တော်ပေါက် ကောင်းပါရဲ့ ဘိုးဘိုးရယ်"

လိ။ ။"မဒေါ်ဘဆ မိသွားယင်ကော"

ဒ။ ။(ဘောင်းဘီတိုအိတ်ထဲတွင် ဝှက်ထားသော ခြောက်လုံးပြူးကို ပုတ်ပြလျက်) "သူတို့က အင်မတန် လူများလွန်းလို့ မနိုင်နိုင်တော့ဘူးဆိုရင်လဲ သုံးလေးယောက်လောက်တော့ ကျွန်တော်တို့နဲ့ အတူတူ ခေါ်သွားရအောင်ပေါ့ ဘိုးဘိုးရယ်"

ထိုအချိန်၌ကား အိမ်တွင်းရှိ မီးခွက်များကို ငြိမ်းသတ်ပြီးဖြစ်ရာ ဖလိကာမှာ မှောင်နှင့်မည်းမည်း ရှိနေသော ပြတင်းပေါက်မှ ဝင်းထဲသို့ မျှော်ကြည့်ယင်း ၁၀ နှစ်ကျော်ကျော် ပြုစုပျိုးထောင်လာခဲ့ရသော မိမိ၏ ဘုံဗိမာန်ကလေးကို စွန့်ပစ်ရတော့မည့်ဆဲဆဲ ရှိသဖြင့် နှမြောခိုရှာသော်၏။ သို့ရာတွင် အသက် ဘေးထက် မည်သည့် ပစ္စည်းကိုမျှ အရေးကြီးနိုင်ဟု စိတ်ကို တင်းလိုက်ရလေ၏။

ဖလိကာသည် ရွှေဆိုင်ကလေးကိုလည်းကောင်း၊ ဒဿကသည် စားရေရိက္ခာကိုလည်းကောင်း၊ ချူန္ဒရာ သည် မိမိမြတ်နိုးခင်တွယ်သော ပစ္စည်းအနည်းငယ်ကို အထုပ်ပြု၍လည်းကောင်း အသီးသီး ပိုက်ပွေ့လျက် တိမ်ပုပ်ဘခဲ တက်လာသည့်တိုင်အောင် ပြတင်းပေါက်အနီးမှ စောင့်ဆိုင်းနေကြ၏။ အခွင့်သာသည်နှင့် တပြိုင်နက် တယောက်ပြီးတယောက် ပြတင်းပေါက်မှ လျှောဆင်းကြပြီးလျှင် ပန်းဥယျာဉ်ကလေးကို ဖြတ်သန်း၍ အိမ်၏ နံဘေးဘက်တွင်ရှိသော ဝင်းတရံဆီသို့ ဝပ်တွားကာ သွားကြ၏။ ဝင်းတရံသို့ ရောက်ကြ၍ ကျော်တော့မည် ပြုသည်နှင့် တပြိုင်နက် ဒဿကသည် မိမိအဖော်နှစ်ယောက်၏ လက်ကို ကိုင်ဆွဲ၍ ထိုင်ချလိုက်ရာ သုံးယောက်သားတို့မှာ မြေပေါ်တွင် ပြားပြားဝပ် ဖြစ်နေကြလေ၏။ ချူန္ဒရာမှာ ရင်ခုန်လှသောကြောင့် ဖလိကနှင့် ဒဿကတို့က လက်တဘက်စီ ဆုပ်ကိုင် အားပေးထားကြရ၏။

ထိုခဏ၌ ယင်းတို့ ဝပ်တွားလျက်ရှိသောနေရာနှင့် ခယ်တောင်ခန့် ကွာဝေးသော လက်ဝဲဘက် အရပ်မှ 'ဇီးကွက်၊ ဇီးကွက်'ဟု သုံးချက်မြည်သံ ကြားကြရလေရာ ယင်းအသံ ရပ်စဲသည်နှင့်တပြိုင်နက် လက်ယာဘက် အရပ်မှ ထိုနည်းတူစွာ သုံးကြိမ်သုံးခါ မြည်သံ ကြားကြရပြန်လေ၏။ နောက် တခဏ၌ ပထမအသံကြားရာ လက်ဝဲဘက်အရပ်မှ မထင်မရှား မှုန်မွှားမွှားရှိသော လူတယောက်၏ ပုံသဏ္ဌာန် ပေါ်ထွက်လာ၍ 'ဇီးကွက်'ဟု တချက်တည်းမြည်သံ ကြားကြရလေရာ လက်ယာဘက်အရပ်မှလည်း ယင်းနည်းအတိုင်း တချက်တည်းမြည်၍ လူတယောက် ပေါ်လာပြန်လေ၏။ ထိုသူနှစ်ယောက်တို့သည် တယောက်ရှိရာသို့ တယောက် ချဉ်းကပ်လာကြ၍ မျက်နှာချင်း ဆိုင်မိကြသောအခါ—

ပထမလူ။ ။"နက်ဖြန်ည သန်းခေါင်အချိန် ဇီးကွက် သုံးကြိမ်မြည်တော့ဟေ့နော်"

ဒုတိယလူ။ ။"ကောင်းပါပြီ ဆရာ။ ဝေဿကကို ပြောထားလိုက်ရမလား"

ပထမလူ။ ။"အေး၊ ပြောထားလိုက်။ အသင့်ပြင်လာခဲ့ကြဟေ့နော်"

ဒုတိယလူ။ ။"စိတ်ချပါ ဆရာ"

ပထမလူ။ ။"အေး၊ ကောင်းပြီ။ ၅၊၆၊၇"

ဒုတိယလူ။ ။"၇၊၀၊၉"

တတိယအကြိမ်

www.burmeseclassic.com


"ဒါ့ထက် သူတို့ကလဲ တော်တော်ပါးတဲ့လူစုခင်ဗျ။ လမ်းသွားယင် တယောက်တည်း ဘယ်တော့မှ သူတို့ မသွားဘူး။ ညအချိန်ယင်လဲ သူတို့မထွက်ဘူး။ တနင်္ဂနွေ နှစ်ပတ်လုံးလုံး နောက်က တကောက်ကောက် လိုက်နေခဲ့တာ သူတို့က လူချင်းခွဲတယ်လို့ မရှိဘူးခင်ဗျ။ ကျွန်တော်လဲ လိုက်ရတာ အချက်ကို မတွေ့ နိုင်ဘူး။ တနေ့ကျတော့ သူတို့အိမ်ရှေ့မှာ မြင်းရထားတစီးဆိုက်လာပြီး ဝန်စည်စလယ်တွေ ရထားပေါ် တင်နေတာ မြင်ရပါလေရောကိုး ခင်ဗျ။ ကျွန်တော့်မှာ ထိတ်သွားတာပဲ။ ဒါ့လူတွေ ပြောင်းကြပြန်ပြီ လားလို့ ပူပင်မိတာပေါ့လေ ခင်ဗျာ။ ကျွန်တော် စောင့်ကြည့်နေယင်း ဝေဿကရော၊ ဟိန္ဒကရော အိမ်ခုပါက ဆင်းလာပြီး ရထားပေါ်တက်၊ ရထားထွက်သွားတော့ ကျွန်တော်ကလဲ ရထားနဲ့ မီအောင် လိုက်ခဲ့ရတာပေါ့ဗျာ။ ဒါနဲ့ ဘူတာရုံကြီးရောက်တော့ သူတို့ရထားဆိုက်၊ ပစ္စည်းတွေချ၊ ဘူတာရုံထဲ သွင်း၊ ကျွန်တော်သဲ ရထားပေါ်ကဆင်းပြီး မနီးမဝေးက လိုက်နားထောင်နေတာပေါ့ခင်ဗျာ။ ဟိန္ဒကက ဘူတာသို့ မှတ်ပေါက်သွားမေး။ စိတ်ပျက်ဟန်နဲ့ ပြန်ထွက်လာ။ သူတို့ နှစ်ယောက်သား တိုင်ပင်ကြ။ နောက်ဆုံးကျတော့ ဝေဿကက 'မင်း နေရစ်အုံးကွယ်။ ငါ ကိစ္စကလေးတခု ရှိသေးတယ်'တဲ့ ပြောပြော ဆိုဆိုနဲ့ ဘူတာရုံပြင် ထွက်သွားပါလေရော ခင်ဗျာ။ ရေတခွက် ပေးကြပါခင်ဗျာ"

ရေသောက်ပြီးနောက် အကျဉ်းသမားလည်း ဆက်လက်၍ "ဘူတာရုံပြင်ရောက်တော့ ဝေဿကက ရထားတစီးပေါ် တက်၊ ရထားထွက်လေတော့ ကျွန်တော်လဲ သူတို့ရထားနောက် လိုက်ပါလေရောခင်ဗျ။ ဆူးလေဘုရားလမ်းက ဟိုတယ်ရောက်တော့ ရထားရပ်ထားပြီး သူဝင်သွား၊ ၁၅ မိနစ်လောက်ကြာတော့ ခပ်ယိုင်ယိုင်နဲ့ ပြန်ထွက်လာ၊ ရထားပေါ်တက်၊ ဆက်လက်မောင်းသွား၊ နောက်ဆုံးတော့ ဘရုတ်ကင်း လမ်းက သူ့တည်းအိမ် သူပြန်သွားတာကိုး ခင်ဗျ။ ဟိုရောက်တော့ ဝေဿကက ရထားပေါ်ကဆင်းပြီး တိုက်ပေါ်လဲ တက်သွားရော၊ သူ့ရထားလဲ ထွက်သွားရော၊ ကျွန်တော်ကလဲ မလှမ်းမကမ်းက မြင်းရထားနဲ့ စောင့်နေပါရော ခင်ဗျာ။ တော်တော်ကြာတော့ တိုက်ပေါ်က ဆူဆူညံညံ ကြားပြီး လူနှစ်ယောက် ဗလုံးဗထွေးနဲ့ ဆင်းလာ။ တယောက်က ကျွန်တော့်လူ ဝေဿကပဲကိုး ခင်ဗျ။ ဟိုသူငယ်က သူ့ကို တွန်းလား၊ ထိုးလား၊ ကန်လိုက်လား၊ ကျောက်လားနဲ့ နောက်ကလိုက်။ သူက ရှေ့ကပြေး။ ကျွန်တော့် ရထားနားရောက်တော့ ဝေဿကက ကျွန်တော့်ရထားပေါ် အပြေးအလွှား ခုန်တက်ပြီး 'လိပ်ဗျူး ဟိုတယ်ကို မောင်း'တဲ့၊ ပြောပြီး ဂျောင်းဆုံ တံခါးပိတ်လိုက်ပါရောခင်ဗျာ"

ဤနေရာ၌ အကျဉ်းသမားသည် ရေခွက်ကို ကောက်ယူ၍ ရေသောက်ရ ပြန်၏။ ယင်းနောက် ဆက်လက်၍—

"ဒီတော့ ကျွန်တော့်ရထားပေါ် တက်မိတော့ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်းဆိုတာ ဘာပြော ကောင်းမလဲ ခင်ဗျာ။ ကာလတ္တား စိန်လည်ဂျာ ထိပေါက်တဲ့ လူတောင် ကျွန်တော်ထက် ပိုပြီး ဝမ်းသာ နိုင်မယ် မထင်ဘူး။ ဒါနဲ့ ရထားမောင်းထွက်လာလို့ ဆူးလေဘုရားလမ်း ရောက်ပြန်တော့ ဟိုတယ်မှာ အရပ်ခိုင်းပြီး ဝင်သွားပြန်ပါလေရော ခင်ဗျာ။ အထဲမှာ သူဘယ်လောက်များ သောက်လာခဲ့တယ် မဆို နိုင်ဘူး။ ဟိုတယ်ပိတ်ခါလို့ ထွက်လာတော့ လူ့ကို ခြေလှမ်းတောင် မှန်မှန် မလှမ်းနိုင်လို့ ဒယီးဒယိုင်နဲ့ ရထားထဲဝင်ပြီး 'လိပ်ဗျူးဟိုတယ်' လို့ မပီမသပဲ ပြောနိုင်တော့တယ်။ အထဲလဲ ရောက်ရော သူလဲ မူးမူးနဲ့ အိပ်ပျော်ရော၊ ကျွန်တော်လဲ မောင်းချင်တဲ့ဆီ မောင်းရော။

"ဒါ့ထက် ဘာခုပြောရအုံးမယ်။ ကျွန်တော်က ဒီ့အယင်ကတည်းက ဘာလုပ်ထားသလဲဆိုတော့ လူပြတ်တဲ့ လမ်းတခုမှာ ဘယ်အိမ်ဟာ လူမနေပါလိမ့်မလဲလို့ ကြည့်ထားတယ်။ 'အိမ်ငှားရန်'လို့ ဆိုင်းဘုတ်ကပ်ထားတဲ့ အိမ်လွတ်ကို မြင်ယင် ညအခါ တိတ်တိတ်သွားပြီး သော့ခလောက်ကို ဖယောင်း



www.burmeseclassic.com

ယင်းနောက် ထိုလူနှစ်ယောက်တို့သည် ခွဲခွာသွားကြလေ၏။ နောက်ဆုံးပြောသော ဂဏန်းများသည်ကား အချိန်းအချက်ပေးသော ဂဏန်းများဖြစ်သန့်ရာ၏ဟု ဒသာကက စဉ်းစားမိ၏။ ယင်းတို့၏ ခြေသံများ စဲသွားသည်နှင့်တပြိုင်နက် ဒသာကသည် မိမိ၏အဖော်များကိုဆွဲ၍ ဝင်းထရံကို ကျော်လွှားကြပြီးလျှင် ကွင်းပြင်ကြီးကို ဖြတ်သန်းလျက် ခပ်သုတ်သုတ် နှင်သွားကြလေ၏။ ခြေသံကို လူကြားမည် မစိုးရိမ်ရသော နေရာသို့ ရောက်ကြသောအခါတွင်မူကား ဒသာကသည် ချန္ဒရာနှင့် ဖလိကတို့ကို တလှည့်စီ ကူညီတွဲခေါ်၍ အပြေးအလွှား ထွက်သွားကြလေ၏။

လမ်းခရီး၌ လူသွားလူလာ မြောက်မြားစွာ မတွေ့ကြရပဲ တခုသောနေရာ၌ ခရီးသည်တယောက်ကို တွေ့ပြီးသည့်နောက် ထပ်မံတွေ့ဆုံမိခြင်း မရှိတော့ချေ။ အသန့်ငယ် သွားမိကြပြီးလျှင် လွင်ပြင်ကို ကျော်လွန်၍ တောင်ကြားအရပ်သို့ ဆိုက်ရောက်လာကြရကား ကျောက်လုံးကျောက်တုံးကြီးများကို ရှောင်ကွင်းနေကြရသည့်ပြင် လမ်းမှာလည်း အလွန်တရာ ကြမ်းသမ်းလှသောကြောင့် ခရီးတွင်အောင်သွားခြင်းငှာ မတတ်နိုင်ကြချေ။ နှစ်မိုင်ခန့် ခရီးပေါက်ရောက်လာကြသောအခါ ဒသာက၏ မြင်းများထားခဲ့ရာဖြစ်သော တောင်ကြားစခန်းသို့ရောက်ကြ၍ ဝှက်ထားခဲ့သော သေနတ်နှင့်တကွ မြင်းနှစ်ကောင်နှင့် လားတကောင်တို့မှာ ဒသာက ချည်ထားခဲ့သည့်အတိုင်း ခြေရာလက်ရာမပျက် တွေ့ရှိကြလေ၏။ မြင်းများကို ဖြုတ်ယူကြပြီးနောက် ချန္ဒရာအား လားပေါ်သို့တင်၍ ဖလိကအား မြင်းတကောင်ကို စီးစေပြီးလျှင် ဒသာကမူ အလွန် လမ်းကြမ်းလှသေးသောကြောင့် မြင်းပေါ်သို့ မတက်သေးပဲ မြင်းတကောင်ကိုဆွဲလျက် ရှေ့ဆုံးမှ လမ်းပြ၍ သွားလေ၏။

တောင်များသည် တဖြည်းဖြည်း မြင့်၍မြင့်၍သွားရကား အချို့နေရာများ၌ လမ်းသည် တောင်ကြီးနှစ်လုံး၏ အကြားတွင် ရှိနေသဖြင့် ခရီးသည်များသည် အထက်သို့ မော့ကြည့်ကြသောအခါတွင် တတောင်ခန့်မျှသာ ကျယ်ဝန်းသော ကောင်းကင်ပြင်ကို ကြယ်တလက်လက်နှင့် တွေ့မြင်ကြရလေ၏။

ဒသာကသည် မြင်းတကောင်ကို ဆွဲလျက် ရှေ့ဆုံးမှလည်းကောင်း၊ အလယ်မှလားပေါ်တွင် ချန္ဒရာကို တင်လျက်လည်းကောင်း၊ နောက်ဆုံးမှ ဖလိကက မြင်းတကောင်ကို စီးလျက်လည်းကောင်း တညဉ့်လုံး ခရီးသွားကြ၍ ဝေလီဝေလင်း အချိန်တွင် ရောက်သောလျှင် ပါတလိပုတ္တာမြို့တော်ဝန်၏ နယ်နိမိတ်အစွန်သို့ ဆိုက်ရောက်ကြလေ၏။ နယ်စွန်း၏ အသိမ်းအမှတ်ကိုမူ ချန္ဒရာက ရှေးဦးစွာ တွေ့မြင်သဖြင့် လက်ညှိုးညွှန်၍ ပြသေ၏။ လမ်း၏နံဘေး၌ တည်ရှိ၍ လမ်းပေါ်သို့ တိုင်းမိုးလျက်ရှိသော ကျောက်ဆောင်ကြီး ထိပ်ဖျားတွင် သေနတ်ကို ထမ်းလျက် တယောက်ထီးတည်း စောင့်ရှောက်ရှိသော စန္ဒလီကို လင်းစပြုနေသော ကောင်းကင်ပြင်တွင် ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

ခရီးသည်များက အစောင့် စန္ဒလီကို မြင်သည်နှင့်တပြိုင်နက် စန္ဒလီကလည်း ခရီးသည်များအား မြင်သဖြင့် ထုံးစံအတိုင်း ထမ်းထားသော သေနတ်ကို အဆင်သင့် လက်တွင် ကိုင်ထားလျက် “လမ်းပေါ်မှာ ဘယ်သူများလဲ” ဟု အသံ ဆတ်ဆတ်နှင့် မေးလိုက်ရာ တတောင်ကြားလုံး ပဲ့တင်ဟိန်း၍ မြည်သွားလေ၏။ ထိုအခါ ဒသာကက “မာလဘာမြို့သွားတဲ့ ခရီးသည်တွေ ပါ” ဟု ပြန်ပြောလိုက်ရာတွင် စန္ဒလီသည် မကျေနပ်ဟန်နှင့် သေနတ်ကို တကိုင်ကိုင် လုပ်နေလေ၏။

ထို့နောက် စန္ဒလီက “ဘယ်သူ့အမိန့်ရသလဲ” ဟု မေးပြန်ရာ ဒသာက က “မြို့တော်ဝန်မင်း အမိန့် ရပါတယ်” ဟု ပြန်ပြောလိုက်၏။

ထိုအခါ စန္ဒလီက “၅၊၆၊၇” ဟု ပြောလိုက်ရာ ဒသာကက ညဉ့် အချိန်တွင် ကြားခဲ့သော အထိမ်းအမှတ် စကားကို သတိရသဖြင့် “၇၊၈၊၉” ဟု သွက်သွက်လက်လက် ပြန်ပြောလိုက်လေ၏။

တတိယ အကြိမ်

www.burmeseclassic.com

"သွားကြတော့"ဟု စန္ဒလီက ခွင့်ပြုလိုက်သည့်တွင် ခရီးသည်များသည် ဆက်လက်၍သွားကြသဖြင့် ကျောက်ဆောင်များကို ကျော်လွန်၍ မြေပြင်ညီညာသော ကွင်းပြင်သို့ ရောက်လာကြလေ၏။ ထိုအခါမှ ဒဿကသည် မိမိမြင်းပေါ်သို့တက်၍ ခပ်သုတ်သုတ် နှင်လာကြလေ၏။ နောက်သို့ လှည့်ကြည့်လိုက်သောအခါတွင်မူကား တောင်ကြားအဝင်ဝရှိ ကျောက်ဆောင်ကြီး၏ထိပ်တွင် သေနတ်ကိုယောက်ကာ မိမိတို့အား မျှော်ကြည့်လျက်ရှိသော စန္ဒလီကို ထိန်ထိန်လင်းနေသော ကောင်းကင်ပြင်တွင် ထင်ရှားစွာ တွေ့မြင်ကြရသော်၏။ မြင်းများကို ကဆုန်စိုင်းလျက်ရှိသည့် ခရီးသည်များ၏စိတ်၌ 'လွတ်ပေပြီ၊ ကျွတ်ပေပြီ' ဟု အောက်မေ့ကြလေသတည်း။

၅

## ဆင်ပြောင်ကြီး အမြီးတစ်လစ်

ခရီးသည်များသည် တနာရီခန့်ကျော်မျှ မြင်းစိုင်း၍ သွားကြပြီးနောက် လမ်းသည် တဖြည်းဖြည်း ကြမ်း၍ လာပြီးလျှင် နောက်ဆုံး၌ ယခင်ကနည်းတူ တောင်ကြီးများ တတောင်ပြီးတတောင် ထပ်ဆင့်လျက်ရှိသည့် နေရာဌာနသို့ ဆိုက်ရောက်ကြလေ၏။ အတန်ငယ် ဆက်သွား၍ ဖြည်းညင်းစွာ သွားမိကြပြန်လေလျှင် ယခု အခါ ဖြတ်သန်း ကျော်လွှားသွားရသော တောင်ကြီးများမှာ ပါတလိပုတ္တရမြို့မှ ထွက်ခွာစဉ် တွေ့မြင်ခဲ့ရသော တောင်ကြီးများထက်ပင် မြင့်မားကြီးကျယ် ကြောက်မက်ဖွယ် ကောင်းလှပေ၏။ လမ်းမှာလည်း တဖြည်းဖြည်း မြင့်၍မြင့်၍ တက်လာခဲ့ရာ တောင်ကြီးများ၏ထိပ်တွင် မိုးပွင့်များဖြင့် တဖွေးဖွေးရှိနေသော ကြောင့် ဦးထုပ်ဖြူကြီးများ ဆောင်းထားဘိသကဲ့သို့ ရှိနေလေ၏။

အချို့နေရာများ၌ ကျောက်လုံး ကျောက်တုံးကြီးများသည် ကျိုက်ထီးရိုးစေတီ တည်ထားသော ကျောက်လုံးကြီးများ ပမာကဲ့သို့ တောင်ကမ်းပါးယံတွင် တဲတဲကလေးမျှ ချိတ်မိရုံ ချိန်ကိုက်လျက်ရှိနေရာ လေပြင်းပြင်း တိုက်လိုက်လျှင် လမ်းပေါ်သို့ တလိမ့်ခေါက်ကွေး ထိုးဆင်းလာဖွယ်ရာ ရှိသောကြောင့် လမ်းပေါ်၌ လျှောက်ရခြင်းပင်လျှင် ကြောက်မက်ဖွယ်ရာ အခြင်းအရာတခု ဖြစ်နေလေ၏။ ရံဖန်ရံခါ ထိုကဲ့သို့ လိမ့်ဆင်းလာသော ကျောက်တုံးကြီးများ၏ အထိမ်းအမှတ်ကိုလည်း ဤနေရာ ထိုနေရာ စသည်တို့ တွင် တွေ့မြင်ကြရလေ၏။

တခါက ဒဿကနှင့် ချန္ဒရာသည် ရှေ့မှသွားသော ဖလိက၏ နောက်မှ နှစ်ယောက်တွဲကာ လိုက်ပါ လာကြစဉ် ဒဿကသည် ရည်းစားသည်နှင့်အတူတွဲကာ ဘေးအန္တရာယ်မှလွတ်မြောက်ရသည့်အတွက် ရွှင်မြူး အားရ ဝမ်းသာလှသည်နှင့် တေးသီချင်းတပုဒ်ကို အသံကုန်ဟစ်ကာ သီဆိုမိရာတွင် တောင်ကမ်းပါးယံတွင် တဲတဲကလေးမျှ တင်နေဟန်ရှိသော ကျောက်လုံးကြီးများကို လေဟပ်မိသောကြောင့်လေလော မသိ၊ ကျောက်လုံးကြီးသည် ချိန်သားပျက်၍ လမ်းပေါ်သို့ ဒရောသောပါး လိမ့်ဆင်းလာလေ၏။ ဒဿကနှင့် ချန္ဒရာတို့လည်း မည်သည့်နေရာသို့ကျလာမည်ကို မှန်းမျှော်ကြည့်ပြီးနောက် မြင်းများကို ခေါက်နှင်လိုက်ရာ တွင် ကျောက်လုံးကြီးသည် ဒဿက၏ မြင်းနောက်ခြေနားမှ ပွတ်၍ ကျသွားလေ၏။ မြင်းများလည်း သခင်က ခေါက်ထားသည့်အတွင်း ပြင်းထန်လှစွာသောအသံကြီးကို ထပ်မံကြားရပြန်လေရကား လှုပ်မှုန်း ကန်သင်းမှုန်း၊ ကျောင်းမှုန်း၊ ချိုင့်မှုန်းမသိ လန့်ဖျပ်ကာ ကဆုန်ပြေးကြသဖြင့် ခဲယဉ်းစွာနှင့် စက်ကာ ပြုကြရ၏။



www.burmeseclassic.com

www.burmeseclassic.com

အတန်ငယ် နေမြင့်လတ်သော် တောင်ကြားမှ ဖြတ်သန်းစီးဆင်းသည့် စမ်းချောင်းငယ် တခုသို့ ရောက်ကြ၍ မြင်းများကို ရေတိုက်ယင်း လူများလည်း ခေတ္တနားနေကာ နံနက်စာ စားသောက်ကြလေ၏။ ချန္ဒရာနှင့် ဖလိကတို့က ထိုနေရာတွင် အတန်ငယ်ကြာအောင် နားနေလိုကြသေးသော်လည်း ဒဿက ကမူ နံပြားခြောက်နှင့် အမဲသားပြုတ်ကလေးကို လျင်မြန်စွာဝါး၍ စားပြီးသည်နှင့်တပြိုင်နက် “နားကြလို့ မဖြစ်သေးဘူး ချန္ဒရာ၊ အခုအချိန်လောက်ဆိုယင် ကျုပ်တို့အကြောင်းကို သူတို့လူစု သိကုန်ကြလို့မို့ ကျုပ်တို့နောက်က လမ်းတဝက်လောက်တောင် ရောက်နေကြပြီ မှတ်ထယ်။ မာလဘာကျတော့ နားကြရောပေါ့။ မရောက်ခင်တော့ဖြင့် တက်သုတ်ရိုက် နှင်ကြမှ တော်မယ်။ ကိုင်း ထကြ ထကြ” ဟု နှိုးဆော်သဖြင့် ဆက်လက်ထွက်သွားကြရပြန်လေ၏။

ခရီးသည်များသည် ထိုနေ့ တနေ့လုံး ခရီးသွားကြ၍ ညနေခင်းအချိန်တွင် မိုင် ၃၀ ခန့်မျှ ပေါက်ရောက်ခဲ့ကြပြီဟူ၍ ခန့်မှန်းကြလေ၏။ ထိုည၌ ယင်းတို့သည် အေးချမ်းလှသော လေမှ အကာအကွယ်ရစေခြင်းငှာ ကျောက်စွန်းကြီးတခု မိုးအုပ်လျက်ရှိသော နေရာကို ရွေးချယ်ပြီးလျှင် ချန္ဒရာကို အလယ်မှထားကာ သုံးယောက်သား ကွေး၍ အိပ်ကြရ၏။ မိုးသောက်သည်နှင့်တပြိုင်နက် ခရီးသည်များသည်အိပ်ရာမှ ထ၍ ဆက်လက်ခရီးသွားကြပြန်လေရာ နောက်မှလိုက်လာသူ ဟူသရွေ့ အရိပ်အငွေ့မျှ မမြင်ကြသည့်အတွက်ကြောင့် လွတ်မြောက်ပြီဟူသော ထင်မြင်ချက်သည် တဏတက် တခဏ ပိုမို၍ အားတက်စေလေ၏။

ဒုတိယနေ့ နေ့လယ်၌ ယင်းတို့တွင် ပါခဲ့သော ရိက္ခာကလေးများသည် ကုန်ခန်းစပြုလေ၏။ သို့ရာတွင် မုဆိုးအလုပ်တွင် ကျင်လည်လာခဲ့သော ဒဿကမှာ သားကောင်များပေါများလှသော ထိုဒေသတွင် ရိက္ခာအတွက်ကြောင့် စိုးရိမ်ပူပန်ခြင်း မရှိလှချေ။ သို့ဖြစ်၍ ထိုနေ့ မွန်းတိမ်းအချိန်ခန့်တွင် ခရီးသည်များသည် လေကွယ်ရာ ချောင်ကြားတခုတွင် မီးပုံတပုံမွှေးကြပြီးနောက် မြင်းများအားလည်း မြက်စားနိုင်စေခြင်းငှာ ကြိုးရှည်များနှင့် လှန်ထားကြလေ၏။ မြေးအဘိုးနှစ်ယောက်အား မီးလှုံရစ်စေပြီးနောက် ဒဿကသည် သေနတ်ကိုထမ်းလျက် သားကောင်များ ရှာဖွေရန် ထွက်သွားလေ၏။ အတန်ငယ် သွားမိ၍ နောက်သို့ လှည့်ကြည့်လိုက်သောအခါ မြေးအဘိုးနှစ်ယောက်တို့မှာ မီးပုံအနီးတွင် ကိုင်းညွတ်ကာ မီးလှုံနေကြလျက်လားနှင့် မြင်းများမှာလည်း ကျောက်ကြိုကျောက်ကြား၌ ပြူထွက်ပေါက်ရောက်နေသော မြက်ပင်ကလေးများကိုကတ်ကတ်သတ်သတ် ခြစ်ခြုတ်စားသောက်နေကြသည်များကို တွေ့မြင်ရလေ၏။ နောက်တခဏ၌ကား ကျောက်စွန်းတခု ကွယ်သွားသဖြင့်မြေးအဘိုးနှစ်ယောက်နှင့် ဒဿကတို့မှာ တယောက်ကိုတယောက် မမြင်နိုင်ကြတော့ပေ။

ဒဿကသည် တောင်ကြား တခုပြီးတခု ဖြတ်ကျော်၍ ခရီးနှစ်မိုင်ခန့်လောက် လျှောက်လာခဲ့သော်လည်း ခြေရာများကိုသာ တွေ့ရ၍ သားကောင်ကိုမူကား တကောင်တမြီးမျှ မတွေ့ရချေ။ နှစ်နာရီခန့်မျှ တဝဲလည်လည် လှည့်လည်မွှေနှောက် လမ်းလျှောက်ရှာဖွေသော်လည်း အချည်းနှီးရှိနေသဖြင့် ဒဿကသည် ပြန်ပါတော့မည်ဟု ဆုံးဖြတ်၍ လာခဲ့သောလမ်းဘက်သို့ လှည့်ယင်း အထက်တို့မော့ကြည့်လိုက်မိသည်တွင် မုဆိုးတို့၏နှလုံးကို ရွှင်ပြုံးနှစ်ခြိုက်ခြင်းဖြစ်စေသည့် အခြင်းအရာတခုကို တွေ့မြင်ရလေ၏။ ပေ ၃၀၀ကျော် ၄၀၀ ခန့်မြင့်သော ကျောက်ဆောင်ကြီးတခု၏ ထိပ်စွန်း၌ တောဆိတ်သိုးကြီးတကောင်သည် ငြိမ်ဝပ်စွာ ရပ်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ဆိတ်သိုးကြီးသည် အစာစားလျက်ရှိသော ဆိတ်အုပ်ကြီးကို စောင့်ထိန်းနေသည့်သဏ္ဍာန်နှင့် အမြင့်မှ ရပ်ကြည့်နေဟန်တူပေရာ ဆိတ်အုပ်ကိုမူကား ဒဿကဆီမှ မမြင်နိုင်ချေ။ ကံအားလျော်စွာ ဆိတ်သိုးကြီးသည် ဒဿကဘက်သို့မလှည့်ပဲ နောက်ခိုင်းလျက်ရှိနေလေ၏။ ဒဿကသည်
၉ တို့နေရာတွင် ဒူးထောက်ကာ မုဆိုးထိုင်ထိုင်လျက် သေနတ်ကို ကျောက်စွန်းတခုတွင် တည်ထားပြီးလျှင်

www.burmeseclassic.com

သေချာစွာချိန်လေ၏။ 'ဒိုင်း'ကနဲ မြည်သည်နှင့်တပြိုင်နက် ဆိတ်သိုးကြီးသည် လေလဲသို့ ခုန်ထိုး၍ တက်သွားပြီးနောက် အောက်သို့ပြန်အကျတွင် ဒသကဘက်သို့ တိမ်းငဲ့သွားလေရကား ရပ်နေသောကျောက်စွန်း၏ ဤမှာဘက်သို့ ချော်ကျပြီးလျှင် တောင်ကမ်းပါးတလျှောက် တလိမ့်ခေါက်ကွေး ကျလာလေ၏။

ဆိတ်ကြီးမှာ အလွန်လေးလံလှသဖြင့် တကောင်လုံး မထမ်းနိုင်အောင်ရှိရကား ဒသကသည် ပေါင်တချောင်းကိုသာ လှီးဖြတ်၍ ယူခဲ့လေ၏။ ထို့နောက် ဒသကသည် ဆိတ်ပေါင်ကြီးကို ပခုံးတွင်ထမ်းလျက် လက်ကဘက်နှင့် သေနတ်ကို ပိုက်ပွေ့ပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ပြန်လာခဲ့လေ၏။ အတန်ငယ်သွားမိလေလျှင် ဒသကသည် မိမိ၏ဒုက္ခကို ရိပ်မိလေတော့၏။ အကြောင်းကား မူလထွက်လာစဉ်က သားကောင်တွေ့လိုသော လောဘဇောနှင့် လမ်းပန်းကို အမှတ်သညာမပြုခဲ့ပဲ လျှောက်မိလျှောက်ရာ လျှောက်လာခဲ့ရာ ပြန်သောအခါမည် အပြုဘွင်မှ လာခဲ့သောလမ်းကို တွေးတော၍ မရနိုင်သောကြောင့်ဖြစ်ပေ၏။ တောင်ကြားများသည် တခုနှင့်တခု ဆင်တူရိုးမှားရှိနေကြလေရကား မည်သည့်အကြားမှ လာခဲ့မိသည်ကို တွေးခေါ်၍ မရနိုင်အောင် ဖြစ်နေလေ၏။ တခုသောတောင်ကြားအတိုင်း သွား၍ တမိုင်ခန့် လျှောက်မိသောအခါ စမ်းချောင်းတချောင်းကိုတွေ့ရာ ထိုချောင်းကို မိမိလာစဉ်က မတွေ့ခဲ့ရသောကြောင့် လမ်းမှားလာကြောင်း သိရသဖြင့် တဖန်လှည့်၍ ပြန်ရပြန်လေ၏။ ဤနည်း အားဖြင့် သွားချည်ပြန်ချည် တိုးချည်ဆုတ်ချည် လုပ်နေယင်း မိုးချုပ်စပြုလာလေရာ နောက်ဆုံးမှ မိမိထင်ထင်ရှားရှား မှတ်သားမိသော ကျောက်စွန်းတစွန်းကို တွေ့၍ သမ်းနှုန်အတိုင်း ခပ်သုတ်သုတ် လျှောက်လာနိုင်လေတော့၏။

ဒသကသည် ဆိတ်ပေါင်ကြီးကို ထမ်းလျက် ပင်ပန်းကြီးစွာနှင့်လျှောက်လာခဲ့ရာ ရောက်လိုဇောဖြင့် ခပ်ပြင်းပြင်းလျှောက်ခဲ့သည့်အတွက်ကြောင့် ချွေးများသည် တကိုယ်လုံး ရွှဲလျက်ရှိနေ၏။ သို့ပါသော်လည်း မိမိလှမ်းလိုက်သော ခြေဘလှမ်းသည် ချန္ဒရာဘက်သို့ တလှမ်းနီးလာပြီဟု အားခဲ၍လာခဲ့သော ဒသကမှာ ပင်ပန်းခြင်းအဖြစ်ကို အလျှင်းသတိမရပဲ ဆာမွတ်သောချန္ဒရာအား ဆိတ်ပေါင်၏အသားကို ကျွေးသည့်အခါ ပြုံးရွှင်ရွှင်ရှိမည့်အဖြစ်ကိုသာ တွေးတော စိတ်ကူးလာခဲ့လေ၏။

မြေအဘိုးနှစ်ယောက်တို့အား ထားခဲ့ရာဖြစ်သော တောင်ကြားနှင့် နီးကပ်လာသောအခါ ဒသကသည် မိမိပြန်လာခဲ့ခြင်းအကြောင်းကို ကြိုတင်သိရှိနှင့်ကြစေခြင်းငှာ အသံပြုအံ့ဟု အကြံနှင့် လက်ကို ကန့်တော့ပုံ၍ ပါးစပ်အနီး၌ တေ့ထားလေ၏။ ယင်းနောက် တောသူ တောင်သားတို့ အချက်ပေးလေ့ထုံးစံအတိုင်း 'အူ'လိုက်ရာ ပဲ့တင်သံများသည် တတောင်မှတတောင်သို့ ရိုက်ခတ်ကာ အထပ်ထပ်မြည်ဟိန်းသွားလေ၏။ ဒသကသည် တခဏမျှ ရပ်တန့်ကာ နားတောင်လေရာ ပြန်၍ 'အူ' သောအသံကို မကြားရပဲ မိမိ၏ပဲ့တင်သံကိုသာ ကြားရလေ၏။ ဒသကလည်း နောက်တကြိမ်ထပ်၍ ယခင်ကထက် ကျယ်လောင်စွာ အသံကိုထုတ်၍ 'အူ'လိုက်ပြန်ရာ ပြန်၍ထူးသံကိုမကြားရပဲ ပဲ့တင်သံသည်သာလျှင် ရိုက်ဟည်းလျက်ရှိ၏။ ထိုအခါ၌ကား ဒသက၏စိတ်၌ အပြင်းအထန် တုန်လှုပ်လာသည်ဖြစ်သောကြောင့် ထမ်းလာခဲ့သော ဆိတ်ပေါင်ကြီးကို ထိုနေရာ၌ပင် ပစ်ချထားခဲ့ပြီးလျှင် ကဆုန်စိုင်း၍ ပြေးလာခဲ့လေ၏။

ကျောက်စွန်းကို ကျော်လွန်၍ မြေအဘိုးနှစ်ယောက်တို့အား မြင်နိုင်လောက်သော နေရာသို့ ဆိုက်ရောက်ပါသော်လည်း ဒသကသည် လူလိုလည်း မမြင်၊ မီးရောင်အရိပ်အငွေ့ကိုလည်း မမြင်သဖြင့် အထိတ်ကြီး ထိတ်လန့်၍ မဟားဘယား ပြေးသွားပြန်လေ၏။ မီးပုံရှိရာသို့ ဆိုက်ရောက်သောအခါ မီးပုံနေရာ၌ ပြာအပုံ အစုအဝေးမျှကိုသာ တွေ့မြင်ရ၍ ချန္ဒရာကိုလည်းကောင်း၊ ဖလိုကကိုလည်းကောင်း၊ မြင်းများနှင့် လားများကိုလည်းကောင်း အစအနမျှပင် မတွေ့ရတော့ချေ။ ဒသကမရှိသည့် သုံးလေးနာရီမျှ အချိန်ကာလအတောအတွင်း ကြောက်မက်ဖွယ်ရာသော အခြင်းအရာတစုံတခု ဖြစ်ပွားခဲ့ကြောင်းကား ထင်ရှား၏။

---

ဆဋ္ဌမအခန်း

www.burmeseclassic.com



မည်သို့သော အခြင်းအရာပေနည်း ဟူ၍မူကား ဦးခေါင်းများမူးဝေကာ ချာလပတ်လည်လျက်ရှိသော ဒဿကမှာ တွေးတောခြင်းငှာ မစွမ်းနိုင်သေးပဲ ရှိနေလေ၏။

ဒဿကမှာ တသက်ပတ်လုံး ဖျတ်ဖျတ်သတ်လတ် အလုပ်လုပ်တတ်သူ တယောက်ဖြစ်ရကား တခဏတာမျှသာ နဝေတိမ်တောင် ဖြစ်သွားပြီးနောက် သေနတ်ကိုချထား၍ ပြာပုံကို ယက်ဖြိုပြီးလျှင် ကျန်ရှိသေးသော မီးခဲများပေါ်သို့ တင်းခြောက်များ အသစ်ဖြည့်စွက်၍ မီးတောက်အောင် မှုတ်လေလေ၏။ မီးလင်းသောအခါ၌ ဒဿကသည် မြေကြီး၏ အခြေအနေကို သေချာစွာ ကြည့်ရှုရာတွင် မြင်းခြရာ အမြောက်အမြားကို တွေ့မြင်ရသည့်ပြင် ပါတလိပုတ္တရမြို့ဘက်သို့ ပြန်လှည့်သွားသော မြင်းခြရာများကိုလည်း တွေ့မြင်ရလေ၏။ မြေးအတိုး နှစ်ယောက်လုံးသည် ထိုသူတို့နှင့်အတူ ပါသွားကြလေသလောဟု တွေးတောယင်း ဒဿကသည် ထိုမှ ဤမှ လှမ်းမျှော်ကြည့်ရှုသည်တွင် မြေပုံအသစ်တခုကို တွေ့မြင်ရလေ၏။ တဒိန်းဒိန်း တဒိုင်းဒိုင်း လှုပ်ခုန်လျက်ရှိသော ရင်ဘတ်ကို လက်ဖြင့် ဖိနှိပ်လျက် ဒဿကသည် မြေပုံကို ချဉ်းကပ်ကြည့်ရှုရာ တုတ်တချောင်းကို စိုက်ထူလျက် စာတရွက် ညှပ်ထားသည်ကို တွေ့မြင်ရလေ၏။ စာရွက်ကိုယူ၍ မီးရောင်တွင် ကြည့်ရှုသောအခါ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

ပါတလိပုတ္တရမြို့မှ ထွက်ပြေးသော ဝရမ်းပြေး ဖလိက
၁၉၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ အနိစ္စ ရောက်ခြင်း။

'ဝရမ်းပြေး' ဟူသော စကားအတွက်ကြောင့် ဝမ်းနည်းဒေါသလျက် ဒဿကသည် အခြားသော မြေပုံတခု ရှိချေသေးသလောဟု ပတ်ဝန်းကျင်အရပ်သို့ လှမ်းမျှော်ကြည့်ရှုပြန်ရာ ဘာကိုမျှ မတွေ့ရချေ။ သို့ဖြစ်၍ ဖလိကကိုသတ်ပြီးလျှင် ချန္ဒရာကိုမူ မူလရည်ရွယ်ချက်အတိုင်း ဝေဿကနှင့် ထိမ်းမြားရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြကြောင်း ထင်ရှားလေပြီ။ ဒဿကမှာ ချန္ဒရာ၏ ဆိုးရွားလှသော ကံကြမ္မာနှင့် မိမိ၏ ကယ်ဆယ်ရန် မတတ်နိုင်ခြင်း တည်းဟူသော အဖြစ်ကို စဉ်းစားမိသောအခါ ဖလိကနှင့်အတူ သေ၍ လိုက်ရခြင်းက ကောင်းလေစွတကားဟု အောက်မေ့မိ၏။

သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဖျတ်ဖျတ်လတ်လတ် အလုပ်လုပ်လေ့ရှိသော ဒဿကမှာ အချိန်ကြာရှည်စွာ ငေးမှိုင်၍မနေပဲ မိမိ၏ တသက်တာ၌ ချန္ဒရာအား ကယ်ဆယ်ရန်ဖြစ်စေ၊ ခေါင်းသင်း နေထိုင်ရန်ဖြစ်စေ မတတ်နိုင်ခဲ့ပါလျှင်လက်စားချေခြင်း တည်းဟူသော အလုပ်ကိုမူကားတတ်စွမ်းနိုင်မည်ဟု ဆုံးဖြတ်မိ၏။ သို့ဖြစ်၍ ဒဿကသည် ဖလိက၏ မြေပုံအနီးတွင် ဒူးထောက်လျက် "မိမိ၏ကိုယ်ခန္ဓာတွင် အသက် ငွေ့ငွေ့မျှ ရှိနေသမျှ ကာလပတ်လုံး မိမိတို့အား ကြီးစွာသော ဆင်းရဲဒုက္ခပေး၍ ဖလိကအား သတ်ဖြတ်ရက်သော လူတစုတို့အား မိမိလက်ဖြင့် ကိုယ်တိုင် လက်စားမချေရပဲ မနေတော့ပြီ။ အကယ်၍ လက်စားမချေပဲ ပေါ့လျော့မေ့ပျောက်ကာ နေခဲ့မိချေသော် ဖလိက၏ ဝိညာဉ်သည် ဖြစ်လေရာ ဘဝမှ မိမိအား အငြိမ်မနေရအောင် နှိုးဆွပူဆာခြင်း ပြုပါစေသား" ဟူ၍ ကြွေးကြော်ကာ ရှင်းဆိုကာ ကျမ်းသစ္စာ ပြုခဲ့လေသတည်း။

ယင်းနောက် ဒဿကသည် ဆိတ်ပေါင်ကြီး ပစ်ချထားခဲ့သော နေရာသို့ ပြန်သွား၍ ထမ်းယူလာခဲ့ပြီးလျှင် အတုံးများလှီးကာ ကင်၍ နောက်ရက်များအတွက် ရိက္ခာပြင်ဆင်ထားလေ၏။ ဆိတ်သား ကျက်သည်နှင့် တပြိုင်နက် ဒဿကသည် အလျင်းဆာမွတ်သောစိတ် မရှိတော့ငြားသော်လည်း အားဟာရ ဖြစ်စေခြင်းငှာ အနည်းငယ် ဝါးမျိုပြီးနောက် ပင်ပန်းနွမ်းနယ်ခြင်းကို မထောက်ထားပဲ ညတွင်းချင်းပင် လာခဲ့သော လမ်းအတိုင်း သေနတ်ကို ထမ်းလျက် လိုက်လာလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com



ဒဿကသည် ချောက်ကြိုမြောင်ကြား တောင်ကမ်းပါးတို့ကို ဖြတ်သန်းလျက် ငါးရက်တိုင်တိုင် ခြေကျင်လျှောက်၍ လိုက်လာခဲ့ရာ ညအခါများ၌ လေကွယ်မည့် ကျောက်စွန်းများအောက်တွင် အိပ်စက်၍ မိုးသောက်သည်နှင့် တပြိုင်နက် ဆက်လက်၍ ခရီးသွားပြန်လေ၏။ ခြောက်ရက်မြောက်သောနေ့တွင် ယခင်က မြင်းများဝှက်ထားခဲ့ရာ တောင်ကြားစခန်းသို့ ဆိုက်ရောက်၍ ထိုနေရာမှ မျှော်ကြည့်လိုက်သည်ရှိသော် ပြန့်ပြူးသော လွင်ပြင်ကြီးပေါ်၌ တည်ထားသည့် ပါတလိပုတ္တရမြို့ကြီးကို မြင်နိုင်ပေ၏။ မြို့ကြီးအတွင်း အချို့သော အဆောက်အအုံများတွင် အလံများ စိုက်ထူထားသည်ကို မြင်သဖြင့် မည်သို့သော အဓိပ္ပာယ် ရှိလေသည်ကို တွေးတောလျက်ရှိစဉ် မိမိဘက်ကို မြင်းနှင့်စိုင်းလာသော ခရီးသည်တယောက်ကို တွေ့မြင်ရလေ၏။ အနီးသို့ ရောက်သောအခါ ထိုသူမှာ ရှေးယခင်အခါများတွင် ဒဿကက ကူညီစောင်မဖူးသဖြင့် မိတ်ကျွမ်းဝင်ဖူးသော ပါတလိပုတ္တရမြို့သားတယောက် ဖြစ်နေကြောင်း တွေ့ရသဖြင့် ဒဿကသည် ချန္ဒရာအကြောင်း စုံစမ်းမေးမြန်းလိုသည်နှင့် ရပ်တန့် တားဆီးထားလေ၏။

ဒ။ ။"ကျုပ် ဒဿကလေ၊ မာလဘာမြို့မှာ တွေ့ကြတုန်းက မြင်းတကောင် ဝယ်ချင်တယ်ဆိုလို့ စပ်ဟပ်ပေးတဲ့လူဟာလေ၊ မမှတ်မိဘူးလားဗျ"ဟု မေးသောအခါ ထိုသူသည် အစဉ်မပြတ် သပ်သပ်ရပ်ရပ် ဝတ်စား ဆင်ပြင်လေ့ရှိသော ကုန်သည်ကလေး ဒဿကနှင့် ဆံပင် ဖရိုဖရဲ၊ အသားကလည်း မည်းပုပ်ပုပ် လူရုပ်မပြီနိုင်အောင် ဖြစ်နေသော တောမုဆိုးကြီးကို ဆက်စပ်၍ မရနိုင်သဖြင့် စိုက်ငေးကာ ကြည့်နေမိလေ၏။ နောက်ဆုံးမှ ဟန်ပန်လေသံကို ဖမ်းမိသဖြင့် သတိရ၍—

ထိုသူ။ ။"အံ့သြပါရဲ့ မောင်ရယ်၊ ဘယ်ပုံများ ဖြစ်နေရပါလိမ့်။ ဒါထက် မောင့်ကို ဖမ်းဖို့ ဝရမ်းထုတ်ထားတယ်။ မြန်မြန်ပြေး။ မောင့် ကျေးဇူးကိုတော့ ကျုပ် မမေ့ပါဘူး။ နို့ပေမယ် မောင်နဲ့ စကားရပ်ပြောတာ ဒီပြင်လူ မြင်သွားယင် ကျုပ်ပါ ဒုက္ခရောက်ပါလိမ့်မယ် မောင်ရယ်။ ဖယ်ပါ၊ ကျုပ် သွားပါရစေတော့"

ဒ။ ။"ကျေးဇူး မမေ့ဘူးဆိုယင် ကျွန်တော် မေးတာကလေး တခွန်းနှစ်ခွန်း ဖြေခဲ့စမ်းပါ ခင်ဗျာ။ ရှိကြိုးခိုးပါရဲ့"

ထိုသူ။ ။"တယ်ခက်နေပါပြီ။ ကိုင်း ကိုင်း၊ မြန်မြန်မေး၊ မြန်မြန်မေး"

ဒ။ ။"ချန္ဒရာ ဘယ်ရောက်သွားသလဲခင်ဗျာ။ တဆိတ်ကလေး သိပါရစေ"

ထိုသူ။ ။"မနေ့ကပဲ ဝေဿကနဲ့ လက်ထပ်လိုက်တယ်။ ဟိုက်၊ သတိထားမှပေါ့ မောင်ရယ်"

ထိုကဲ့သို့ သတိပေးရခြင်း အကြောင်းမှာ ဒဿကသည် ထိုသတင်းကို ကြားရသည်နှင့် တပြိုင်နက် ယိုင်ကနဲ ငိုက်သွားသောကြောင့် ဖြစ်လေသည်။

ဒ။ ။"ကိစ္စမရှိပါဘူး ခင်ဗျာ။ လက်ထပ်ပြီးပြီတဲ့၊ ခင်ဗျား ပြောလိုက်တယ်။ ဟုတ်စ ခင်ဗျာ"

ထိုသူ။ ။"မနေ့ကပဲ လက်ထပ်ကြတယ် မောင်ရဲ့။ ဒါ့ကြောင့် တမြို့လုံးအလံတွေစိုက်ထားတာ။ ဟိုမှာ မြင်တယ်မဟုတ်လား။ ချန္ဒရာကို သူ့ရထိုက် ငါရထိုက် ဝေဿကနဲ့ ဟိန္ဒကတို့တောင် အတော်ကလေး စကားများလိုက်သေးတယ်။ လိုက်ဖမ်းကြစဉ်က နှစ်ယောက်လုံး အတူတူ လိုက်ကြတဲ့အပြင် ဖလိကကို ဟိန္ဒကက သတ်ခဲ့ရလေတော့ ဟိန္ဒကက သူသာ ရထိုက်တယ်လို့ အကြောင်းပြသေးတာကိုး မောင်ရဲ့။ နို့ပေမယ့် လူကြီးစုံရာနဲ့ ငြင်းခုံကြရာမှာ ဝေဿကဘက်က မဲဆန္ဒများလေတော့ ဝေဿက နိုင်သွားလေရဲ့။ နို့ပေမယ့် ကြာကြာပေါင်းရမယ်လို့ ကျုပ် မထင်ပါဘူးမောင်ရယ်။ မိန်းကလေးမျက်နှာကို ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ သေးသားမှ ရှိပုံမရပဲ။ ဘယ်ကိုလဲ၊ သွားတော့မလား"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဒ။ ။''သွားအုံးတော့မယ် ခင်ဗျာ''

ထိုသူ။ ။''ဘယ်ဆီ သွားမလို့လဲ''

ဒ။ ။''ခြေဦးတည့်ရာပေါ့ခင်ဗျာ''ဟု ပြောပြောဆိုဆိုနှင့် သေနတ်ကိုထမ်းလျက် ထွက်သွားလေရာ မြင်းပေါ်ကလူမှာ ဦးခေါင်းကိုယမ်းကာ ငေးမျှော်ကြည့်နေပြီးနောက် မိမိ၏ ခရီးအတိုင်း ဆက်လက်၍ သွားလေ၏။

'ကြာကြာပေါင်းရမယ် မထင်ဘူး'ဟု ဒဿကအား ထိုသူက ပြောသောစကားမှာ အလွန် မှန်ကန်လှ၏။ အကြောင်းကား ချန္ဒရာသည် ဝေဿကနှင့် လက်ထပ်ပြီးသည့်မှစ၍ တကြိမ်တခါမျှ ပြုံးရယ်ဖူးသည် မရှိတော့ပဲ ဦးခေါင်းငိုက်စိုက်နှင့် တညှိုးတည်း ညှိုးနေခဲ့ရာ တလစေ့ကုန်သောနေ့၌ပင် ရင်ကွဲနာနှင့် ကွယ်လွန် အနိစ္စရောက်ရှာလေ၏။ ချန္ဒရာ၏ ရုပ်ရည်ထက် ဖလိကာ၏ လယ်မြေပစ္စည်းများကို မက်မောသဖြင့် မရမက အလုလု အယက်ယက် ကြံစည်ခဲ့သော ဝေဿကမှာ ချန္ဒရာသေဆုံးသည့်အတွက် အကြီးအကျယ် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလှသည်မရှိချေ။ သို့ရာတွင် ဝေဿက၏ အခြားသော မယားများငမူ ကံဆိုးမ ကလေးတယောက်ဟူ၍ သဘောထားကြဟန် လက္ခဏာနှင့် ကြင်နာသနားခြင်း ရှိကြဟန် တူ၏။ ချန္ဒရာ သေဆုံးသော ညဥ့်၌ အလောင်းကို အလောင်းစင်တွင် ပြင်ထား၍ မယားကြီးများက ဝိုင်းရံစောင့်ကြပ်နေကြစဉ် ဝေလီဝေလင်းအချိန်ခန့်တွင် အိမ်တံခါးသည် ရုတ်တရက်ပွင့်လာ၍ စုတ်ပြတ်ပေရေသော အဝတ်အစားများနှင့် လူရိုင်းကြီးသဏ္ဍာန်ရှိသော လူတယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။ အိပ်ဖန်စောင့်မိန်းမများလည်း အံ့အားသင့်စွာဖြင့် တယောက်ကို တယောက်ဖက်ကာ ကြောင်တောင် ငေးကြည့်နေကြစဉ် ထိုသူသည် တောင်မြောက်လေးပါးတို့သို့ အလျှင်း စောင်းငဲ့ကြည့်ရှုခြင်းမပြုပဲ အလောင်းစင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်သွား၍ ချန္ဒရာ၏ နဖူးကို တကြိမ်မျှ နမ်းရှုပ်ပြီးနောက် အလောင်း၏လက်၌ စွပ်လျက်ရှိသော လက်ထပ်လက်စွပ်ကို ချွတ်ယူယင်း''ဒီဟာကြီးဝတ်လျက် ဘာကြောင့်သင်္ဂြိုဟ်ရမလဲ''ဟု ကျားဟိန်းသံမျိုးဖြင့် တခွန်းတည်း ပြောပြောဆိုဆိုနှင့် ခြေလှမ်းမှန်မှန် ခပ်အေးအေးပင် ပြန်ဆင်းသွားလေ၏။ ထိုအပြုအမူမှာ အလွန်တရာ ရဲတင်းလှ၍ ပိုင်ပိုင်နိုင်နိုင် အေးအေးဆေးဆေး ရှိလှရကား မိန်းမများမှာ လက်စွပ်ပါသွားသည့် သက်သေခံကြီး ရှိနေသောကြောင့်သာလျှင် အိပ်မက်မက်ခြင်းမဟုတ်ပဲ တကယ့်အဖြစ်အပျက်ဟူ၍ ယုံကြည်နိုင်ကြတော့လေ၏။

ဒဿကသည် လပေါင်းအတန်ကြာသည့်တိုင်အောင် တောကြိုတောင်ကြား ချောက်ကမ်းပါးအရပ်များတွင် တကိုယ်တည်း လှည့်လည်လျက် လက်စားချေခြင်းတည်းဟူသောစိတ်ကို ကြီးပွားသည်ထက် ကြီးပွားအောင် မွေးမြူလာခဲ့လေ၏။ လူသူလေးပါး ပြတ်လပ်သော တောလမ်း တောတန်း စသည်တို့၌ လူရိုင်းကြီးတယောက် လှည့်လည်ကျက်စားလျက် ရှိသည် ဟူသော သတင်းသည် ပါတလိပုတ္တရ တမြို့လုံး ပြန့်နှံ့လျက်ရှိ၏။ တခါက ဟိန္ဒုဏာသည် ဒိုင်းကနဲ သေနတ်သံတချက်ကြားရပြီးနောက် ကျည်ဆံတခုသည် ပြတင်းပေါက်မှ ဝှီကနဲဝင်လာပြီးလျှင် မိမိနှင့် တပေခန့်ကွာခြားသော နံရံတွင် ထောက်ကနဲ ထိမှန်သွားခြင်းကို ကြုံခဲ့ရဖူး၏။ နောက်တခါတွင်လည်း ဝေဿကသည် တောင်ကြားလမ်းရိုးမှ ဖြတ်သန်းသွားစဉ် ကျောက်လုံးကြီးတလုံးသည်- တောင်ကမ်းပါးယံမှ ဒရောသောပါးလိမ့်ကျလာရာ ဝေဿကမှာ မြေပေါ်တွင် အလျားမှောက်ကာ တိမ်းရှောင်လိုက်သဖြင့် ကျောက်လုံးသည် ယင်း၏ဦးခေါင်းပေါ်မှ ခုန်ကျော်သွားဖူးလေ၏။ ဝေဿကနှင့် ဟိန္ဒုကတို့သည် မိမိတို့အသက်ကို မည်သူလုပ်ကြံနေကြောင်း ရိပ်မိကြလေရကား လူအမြောက်အမြား တော့နင်း၍ အကြိမ်ကြိမ်ရှာခဲ့ကြဖူး၏။ သို့ပါသော်လည်း အထမမြောက်ခဲ့ကြပေ။

www.burmeseclassic.com



နောက်ဆုံး၌ ယင်းတို့သည် ဒဿကကဖမ်းဆီးဖို့အကြံကို လက်လျှော့လိုက်ရသော်လည်း အဖော်မဲ့ ခရီးသွားခြင်း၊ ညဥ့်အခါ၌ လမ်းသွားခြင်းတို့ကို ရှောင်ကြဉ်ကြသည့်ပြင် မိမိတို့ နေအိမ်များကိုလည်း အစောင့်အကြပ်များဖြင့် ဝိုင်းရံဆီးကာထားကြလေကုန်၏။ နောက်ဆုံး၌ ယင်းတို့သည် ဒဿက၏ သတင်းများ အလျှင်းမကြားကြရကား မိမိတို့အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းကို လက်လျှော့လိုက်ဟန် တူလေပြီဟု တွေးထင်မိကြလေ၏။

စင်စစ်သော်ကား ထိုကဲ့သို့ မဟုတ်ချေ။ ဒဿကမှာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့သည့်အတွက် ရန်ငြိုးပြေမသွားသည့်ပြင် နေ့ရောညပါ ထိုအခြင်းအရာကိုသာ တွေးတော စိတ်ကူးနေခဲ့ခြင်းအားဖြင့် တနေ့ထက် တနေ့၊ တလထက် တလ၊ တနှစ်ထက် တနှစ် ရင့်သန်ကြီးပွားရျပင် လာခဲ့ချေသေး၏။ ဒဿက၏ စိတ်ထဲ၌ လက်စားချေဖို့ စိတ်ကူးမှတပါး၊ ကြီးပွားလိုခြင်း၊ ကျော်ကြားလိုခြင်း၊ ကြွယ်ဝလိုခြင်း၊ လှပတင့်တယ်လိုခြင်း စသော အခြားအလိုဆန္ဒများသည် နေရာမရနိုင်ခဲ့ချေ။ ဒဿကမှာ ချင့်ချိန်နှိုင်းခာတတ်သော ဉာဏ်နှင့်ပြည့်စုံသူတယောက်ဖြစ်ရကား တောကြီးထဲ၌တယောက်ထီးတည်း ရက်လကြာရှည်စွာ အိပ်ပျက်စားပျက်နှင့် အပူအချမ်း ခံနေခဲ့ပါလျှင် နောက်ဆုံးတနေ့တွင် မကျန်းမမာ ဖြစ်သွားခြင်းအားဖြင့် မိမိ၏ အကြံအစည် ပျက်သွားမည့်အရေးကို တွေးတောဆင်ခြင်မိလေ၏။ သို့ဖြစ်၍ လက်စားချေခြင်းကိစ္စကို ထမြောက်အောင် ဆောင်ရွက်နိုင်စေခြင်းငှာ ရှေးဦးစွာ ငွေစုဆောင်းချေဦးအံ့ဟု ဆုံးဖြတ်ပြီးလျှင် ဒဿကသည် မသွားချင့် သွားချင်နှင့် မာလဘာမြို့သို့ စီးပွားရှာ ထွက်သွားရပြန်လေ၏။

ဒဿက၏ မူလကြံရွယ်ချက်မှာ မာလဘာမြို့တွင် အလွန်ဆုံး တနှစ်ခန့်မျှသာ စီးပွားရှာရန်ဖြစ်သော်လည်း မလွှဲမရှောင်သာသော အကြောင်းများ ဖြစ်ပေါ်လာသည့်အတွက်ကြောင့် ငါးနှစ်ခန့်မျှ ကြန့်ကြာခဲ့လေ၏။ ငါးနှစ်မြောက်သောနေ့၌ ဒဿက၏ရန်ငြိုးမှာ ဖလိက၏ မြေပုံအနီးတွင် ဒူးထောက်ကာ ကျမ်းသစ္စာ ပြုစဉ်ကကဲ့သို့ပင် ပူပူနွေးနွေး ရှိနေသေး၏။ တနေ့သ၌ ဒဿကသည် လူရုပ်ကိုလည်း ဖျက်၊ နာမည်ကိုလည်း ပြောင်းလဲ၍ ပါတလိပုတ္တရမြို့သို့ ပြန်ရောက်လာခဲ့ရာ မိမိ၏ အကြံအစည်နှင့် ပတ်သက်၍ နှလုံးမသာယာဖွယ် သတင်းများ ကြားသိရလေ၏။ လွန်ခဲ့သော လအနည်းငယ်ခန့်က ပါတလိပုတ္တရမြို့တွင် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ လူကြီးဂိုဏ်း၊ လူငယ်ဂိုဏ်းဟု နှစ်ဂိုဏ်းကွဲပြားသွားခဲ့ရာ နောက်ဆုံး၌ လူငယ်များသည် လူကြီးများအား ပုန်ကန်တော်လှန်သည့်သဘောဖြင့် ထိုမြို့မှပြောင်းရွှေ့ထွက်သွားကြလေကုန်၏။ ယင်းလူငယ်တစုအနက်တွင် ဝေဿကနှင့် ဟိန္ဒကတို့လည်း ပါသွားကြရာ မည်သည့်ဒေသသို့ ပြောင်းရွှေ့သွားကြသည်ဟု မည်သူမျှလည်း မသိရချေ။ ဝေဿကမှာ မိမိပိုင် လယ်မြေ၊ အိမ်ရာ အစရှိသော ပစ္စည်းများကို ထုခွဲရောင်းချသွားသဖြင့် ကြေးငွေ လက်ဆုပ်လက်ကိုင် အတော်အတန် မြောက်မြားစွာ စုဆောင်းရရှိသွားသည်ဆိုရာ ဟိန္ဒကမှာမူ ပစ္စည်းကုန်ခန်းသွားသဖြင့် ဝေဿက၏ တပည့်အဖြစ်နှင့် လိုက်ပါသွားရသလို ပြောဆိုကြ၏။

အခြားသောလူများမှာ မည်မျှလောက် ရန်ငြိုးကြီးစေကာမူ ဤမျှလောက် အနှောင့်အယှက် အခက်အခဲမျိုးနှင့် တွေ့ကြုံရသည့်အခါတွင် လက်စားချေလိုသော မိမိတို့၏ ကြံရွယ်ချက်ကို လက်လျှော့မိကြပေလိမ့်မည်။ ဒဿကမှာမူကား တခဏတာမျှ စိတ်ပျက်အားလျှော့ခြင်း အလျှင်းမရှိချေ။ မာလဘာမြို့မှ စုဆောင်းရရှိလာခဲ့သော ငွေကလေးနှင့် အိန္ဒိယတပြည်လုံး တမြို့ပြီးတမြို့ လှည့်လည်ရှာဖွေယင်း ရောက်လေရာအရပ်၌ တွေ့သမျှသောအလုပ်အကိုင်ကို ကျဖမ်းသဘော ဝင်ရောက်လုပ်ကိုင်ကာ စရိတ်ပြုလုပ် ဆက်လက် သွားရောက်လေ၏။ နက်မှောင်သောဆံပင်တွေ အဖြူ အကြောင်အကျား တိုးဝင်လာသည့်တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပရိစ္ဆေဒ ရှည်ကြာလှသော်လည်း ဒဿကသည် တမြို့မှတမြို့၊ တနယ်မှ တနယ်၊ တပြည်မှ တပြည် လှည့်လည် ရှာဖွေ မနေမနား ကြိုးစား၍ စုံစမ်းခဲ့၏။ နောက်ဆုံး၌ ဒဿကသည် ဇွဲကောင်းခြင်း၏အကျိုးခံစား ရတော့မလို ဖြစ်လာခဲ့၏။ တနေ့သ၌ ယူပီနယ် အလာဟာဗတ်မြို့တွင် နေ့ခင်းကြောင်တောင် လမ်းလျှောက် လျက်ရှိစဉ် ဒဿကသည် ဟိုတယ်တခု၏ တတိယအထပ်တွင် မိမိရှာဖွေနေသော ဝေဿက၏ မျက်နှာကို ပြတင်းပေါက်မှ ရိပ်ကနဲ မြင်လိုက်ရလေ၏။ သို့ဖြစ်၍ ဒဿကသည် မိမိစီစဉ်ထားပြီး အကြံအစည်အတိုင်း ဆောင်ရွက်ရန် တည်းခိုသောနေအိမ်သို့ ပြန်လာခဲ့လေ၏။ သို့ရာတွင် ဝေဿကကလည်း လမ်းပေါ်မှ မိမိအား ကြည့်သွားသောသူမှာ ဒဿကဖြစ်ကြောင်း သိရှိသည့်ပြင် ထိုသူ၏ မျက်နှာထားကို မြင်ခြင်း အားဖြင့်လည်း မိမိအပေါ်တွင် ချစ်ခင်မြတ်နိုးသောစိတ် အလျှင်းမရှိကြောင်းကို ရိပ်မိလိုက်၏။ သို့ဖြစ်၍ ဝေဿကသည် ဟိန္ဒကကိုခေါ်၍ ပုလိပ်ဌာနသို့သွားပြီး မိမိတို့၏အသက်ကို ရန်ရှာမည့်လူတယောက် ရှိနေ ကြောင်းနှင့် ပုလိပ်အရာရှိအား တိုင်တန်း၍ ယင်းတိုင်တန်းချက် လေးနက်စေခြင်းငှာ ငွေစက္ကူ တရာကျပ် တန် တချပ်ကိုလည်း လက်သိပ်ထိုး ထည့်ခဲ့လေ၏။ ထိုနေ့ညနေ၌ ဒဿကမှာ ပုလိပ်အမှုထမ်းများ၏ ဖမ်းဆီး နှောင့်ယှက်ခြင်း ခံရသည့်ပြင် အာမခံလည်း မပေးနိုင်၊ အလုပ်အကိုင်လည်း ကျေနပ်အောင် မပြနိုင်သည့် အတွက် တနင်္ဂနွေ နှစ်ပတ် သုံးပတ်မျှ ပုလိပ်စောင့်ရှောက်ခြင်း ခံနေရလေ၏။ ထိုအတော အတွင်း၌ ဝေဿကနှင့် ဟိန္ဒကတို့မှာ အလာဟာဗတ်မြို့မှ ထွက်ခွာသွားကြပြီး ဖြစ်သောကြောင့် ဒဿကမှာ ပုလိပ် လက်မှ လွတ်လာသောအခါတွင် ထိုသူနှစ်ယောက်ကို ဟိုတယ်၌ မတွေ့ရတော့ချေ။

ဒဿကသည် ငွေကြေးအကုန်အကျ ခံနိုင်သူတယောက် မဟုတ်သော်လည်း ယင်းဟိုတယ်အတွင်းမှ သိလောက်သော အစေခံများနှင့် မိတ်ကျွမ်းဖွဲ့ကာ ထိုသူနှစ်ယောက်တို့ သွားလေရာကို အစ်အောက်ချော့မြူ မေးမြန်းရာ နောက်ဆုံး၌ ထိုသူနှစ်ယောက်တို့ တိုင်ပင်စကား ပြောနေခြင်းကို ချောင်းမြောင်းနားထောင် လိုက်ဖူးသော ဗတ္တသာက ယိုးဒယားပြည် ဗန်ကောက်မြို့သို့ သွားကြမည်ဟု ပြောသံ ကြားရဖူးကြောင်း ပြောပြလေ၏။ ဒဿကမှာ ယိုးဒယားပြည်သို့ ချက်ချင်းလိုက်ရန် စရိတ်ငွေ လုံလောက်စွာ မရှိရကား တွေ့သမျှအလုပ်ကို ဝင်လုပ်၍ ရသမျှငွေကို ကျစ်ကျစ်ပါအောင် ထုပ်ထားလေ၏။

နောက်ဆုံး၌ စရိတ်လုံလောက်စွာ စုဆောင်းမိသောအခါ ဒဿကသည် ယိုးဒယားပြည်သို့ လိုက် သွား၍ ဗန်ကောက်မြို့တွင် မွှေနှောက်ရှာဖွေလေ၏။ ယင်းမြို့၌ ကုလားလူမျိုးများ အလွန်အမင်းမမြောက် မြားလှသောကြောင့် ခြေရာခံဖို့ မခက်ခဲလှပဲ မကြာမြင့်မီပင် သတင်းစုံစမ်းရရှိလေ၏။ သို့ရာတွင် နောက် ကျခဲ့ပြန်လေပြီ။ ဒဿက ဆိုက်ရောက်ပြီးသည့်နောက် နှစ်ရက်အတွင်း၌ပင် ဝေဿကတို့သည် ဆေးဂုံမြို့သို့ သွားကြကြောင်း ကြားသိရ၏။ ဆေးဂုံမြို့သို့ လိုက်ပြန်သောအခါ ဂျာဗားကျွန်းသို့ သွားကြကြောင်း ကြားရပြန်၏။ ဤနည်းအားဖြင့် တမြို့မှ တမြို့သို့ လက်မတင်ကလေးမျှ လွဲရုံ လွဲရုံ လွတ်ထွက်သွားခဲ့ရာ နောက်ဆုံး၌ ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြသည့်တွင်မှ ဇာတ်ပေါင်းမိကြခြင်း ဖြစ်လေသတည်း။

## ၆

## အဖြစ်အပျက်ကို ဆက်လက်ရှင်းပုံ

တရားခံသည် ကျွန်တော်တို့လက်ဝယ်တွင် ချည်နှောင်ဖမ်းဆီးခြင်းခံရသည်နှင့်တပြိုင်နက် ကြမ်းကြုတ် ခက် ထန်သောအမူအရာ မပြတော့ပဲ ပြုံးချိုကြည်ရွှင်သော မျက်နှာထားဖြင့် ကျွန်တော်တို့အားလုံးအား ကြည့် လျက်“ဘယ်သူ့မှ ထိမိခိုက်မိ မဖြစ်ပေါင်ဗျာနော်”ဟု ယဉ်ကျေးသော အင်္ဂလိပ်စကား အသုံးအနှုန်းဖြင့်

www.burmeseclassic.com


မေးလိုက်ရာ ကျွန်တော်တို့မှာ အံ့အားသင့်နေမိကြ၏။ ယင်းနောက် တရားခံသည် ကျွန်တော်တို့အားလုံးကို လူဘက်မဟုတ်လေဟန်နှင့် အလျှင်း ပမာန မထားပဲ ဦးစံရှားတယောက်တည်းကိုသာ စူးစူးစိုက်ကြည့်လျက် "ကျွန်တော့်ကို ဌာနာခေါ်ကြမှာဖြင့် ကျွန်တော့်ရထား အောက်မှာ အဆင်သင့်ပါပဲ။ ကျွန်တော့် ခြေထောက်ကို ဖြည်ပေးကြယင် ကျွန်တော် ကောင်းကောင်းမွန်မွန် ဆင်းလိုက်ဖို့ ပဋိညာဉ်ပေးပါတယ်ဗျာ" ဟု ပြောလေ၏။

ကိုသန်းတင်နှင့် ကိုအုန်းဖေတို့မှာ ယုံမှားသံသယဖြစ်ကြသည်နှင့် တယောက်မျက်နှာကို တယောက် ကြည့်နေကြရာ ဦးစံရှားကမူ တရားခံ၏စကားကို ချက်ချင်းပင် လက်ခံယုံကြည်ဟန်ဖြင့် ခြေထောက်၌ ချည်နှောင်ထားသော တဘက်ကြီးကို ဖြုတ်ပေးလေ၏။ တရားခံလည်း ညှောင်းညာသည့် လက္ခဏာနှင့် ထိုင်ရာမှထကာ ခြေထောက်များကို အညောင်းဆန့်လျက်ရှိရာ ကျွန်တော့်မှာ ထိုသူ၏မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်တို့ကို သေချာစွာကြည့်ရှုစဉ် ဤမျှလောက် တင်းမာခက်ထန်သော မျက်နှာထားမျိုးကိုလည်းကောင်း၊ ကျစ်ကျစ်နှင့် မာကျောသန်စွမ်းသော ကိုယ်ကာယမျိုးကိုလည်းကောင်း တကြိမ်တခါမျှ မမြင်ဖူး၍ စိတ်ထဲ၌ မှတ်တမ်းတင်ထားမိလေ၏။ တရားခံသည် ကုလားထိုင်တွင် တဖန် ပြန်၍ထိုင်ပြီးနောက် တကယ်ချီးမွမ်းသော မျက်နှာထားနှင့် ဦးစံရှားအားကြည့်လျက် "ပုလိပ်ဘက်မှာ တကယ့် အကြီးအကဲ တယောက် ဖြစ်ထိုက်တဲ့လူပါပေပဲဗျာ။ ကျွန်တော့် ခြေရာ ခင်ဗျားကောက်ပုံဟာ အဟုတ် ချီးမွမ်းထိုက်ပါပေတယ်" ဟု ပြောသောအခါ ဦးစံရှား၏ နှုတ်သိမ့်ခြင်းနှင့် စုံထောက်နှစ်ယောက်တို့၏ အခံခက်ခြင်းတို့မှာ မည်သည်က အလေးချိန် သာလွန်လိမ့်မည်ဟု ခန့်မှန်းရန် ခဲယဉ်းလှပေ၏။

ထို့နောက် ကျွန်တော်တို့ အားလုံးသည် အိမ်ပေါ်မှဆင်း၍ ရထားသို့ ရောက်ကြသောအခါ ကျွန်တော်၊ ဦးစံရှား၊ အကျဉ်းသမားနှင့် ကိုသန်းတင်တို့က အတွင်းမှ ထိုင်ကြ၍ ကိုအုန်းဖေမှာ ခေတ္တရထားသမားအဖြစ်နှင့် ကျွန်တော်တို့အား ဌာနသို့ မောင်းနှင်သွားလေ၏။ ဌာနသို့ ရောက်ကြသောအခါ ဂတ်စာရေးက အကျဉ်းသမား၏ အမည်နာမ စသည်တို့ကို ထုံးစံအတိုင်း ရေးမှတ်ပြီးနောက် အကျဉ်းသမားက ဦးစံရှားအား—

"ကျွန်တော် ဖြေဒင့်ချက် မပေးရဘူးလား ခင်ဗျာ" ဟု မေးသောအခါ ကိုအုန်းဖေက "အမှုစစ်တဲ့နေ့မှ ပေးယင် မကောင်းဘူးလား" ဟု ပြော၏။ ထိုအခါ အကျဉ်းသမားက "ဒီအမှုက စစ်ဆေးကောင်းမှ စစ်ဆေးရမယ့် အမှုနဲ့ တူပါတယ်။ ကျွန်တော့် ရင်ဘတ် စမ်းကြည့်ပါ" ဟု ပြောလျက် ကျွန်တော့်ဘက်သို့ လှည့်ပေးလေ၏။ ကျွန်တော်သည် ထိုသူ၏ ရင်ဘတ်ပေါ်သို့ လက်တင်ကြည့်လိုက်ရာ ငယ်စဉ်က ရောက်ဖူးသော ဆန်စက်ရုံကလေးတခုကို ချက်ချင်း ပြေး၍ သတိရမိ၏။ ယင်း စက်ရုံ၌ အဆောက်အအုံဖြစ်သော အိမ်ကလေးနှင့် အတွင်းမှ ခုတ်လျက်ရှိသော စက်ကြီးသည် မမျှတအောင်ရှိရကား ကျွန်တော်မှာ လှေကားပေါ်တွင် တည်ငြိမ်စွာ ရပ်တန့်၍ပင် မနေနိုင်အောင် သွက်သွက်ခါလှုပ်ယမ်းလျက်ရှိ၏။ ထိုသူ၏ ရင်ဘတ်မှာလည်း အတွင်းမှ လှုပ်ခုန်လျက်ရှိသော နှလုံးသားကြောင့် နံရိုးများသည်ပင်လျှင် ပြုတ်ကြွလွင့်စဉ်၍ ထွက်ကုန်တော့မတတ် တရစပ် ယမ်းခါလျက် ရှိကြလေ၏။

အကျဉ်းသမား။ ။"တွေ့လားဗျာ၊ ဒီလောက် သွက်သွက်ခါ လှုပ်နေတဲ့ရင်ဘတ်ဟာ ဘယ်တော့ ကြာကြာနေနိုင်ဖို့ရှိပါ့မလဲ။ လွန်ခဲ့တဲ့ အပတ်က ဆရာဝန်တယောက် ပြကြည့်တော့ ခင်ဗျား့နှလုံးသား မကြာခင် ပေါက်ကွဲတော့မယ်တဲ့။ သူ ဘယ်လိုပြောပေမယ့် ကျွန်တော့်ကိစ္စ မပြီးသေးပဲ ကျွန်တော် မသေရဘူးလို့ စိတ်ကို တင်းထားခဲ့တာ အခုတော့ ကိစ္စလဲ ပြီးပြီမို့ စိတ်ကိုလျှော့လိုက်ယင် မကြာခင် ပေါက်ကွဲ


www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ထင်ပါတယ်။ သို့သော် ကျွန်တော့်ကို သူလိုငါလို ရာဇဝတ်ကောင်မျိုး ထင်နေရင်ကြမှာ စိုးတဲ့ အတွက် ကျွန်တော့် အဖြစ်အပျက်ကလေးကို မလေခင် ပြောပြခဲ့ချင်ပါတယ်။ ခွင့်ပြုမယ်မဟုတ်လား”

ကိုသန်းတင်နှင့် ကိုအုန်းဖေတို့သည် အသန်ငယ် တီးတိုး တိုင်ပင်ကြပြီးနောက် အကျဉ်းသမားအား ပြောရန် ခွင့်ပြုလေရာ အကျဉ်းသမားလည်း အောက်ပါအတိုင်း ပြန်ပြောင်း ပြောပြလေ၏။

“ကျွန်တော့်မှာ အခု သေခါနီးဆဲဆဲ ရှိနေပြီလို့ ကိုယ့်ကိုယ်ကို သဘောသားတဲ့အတွက် မဟုတ်မမှန် လိမ်သည့်ပြောနေဖို့ အကြောင်းမရှိပါ။ ဒါကြောင့် ကျွန်တော်ပြောသမျှ တလုံးမကျန် အကုန်မှန်တယ်လို့ စိတ်ချ လက်ချ ယုံကြည်နိုင်ပါတယ်”ဟု စကားခံပြီးနောက် အကျဉ်းသမားသည် သာနညာအဖြစ်အပျက် တခုကို ပြောပြသည့်အဟန် တည်ငြိမ်သောအသံဖြင့် လေးလေးဆေးဆေး ဆက်လက်ပြောပြလေ၏။

“ဒီလူနှစ်ယောက်ကို ကျွန်တော် ဘာ့ကြောင့် ဒီလောက် မုန်းတီးရသလဲဆိုတော့ မြေးအဘိုး နှစ်ယောက်ကို ဒီအကောင် နှစ်ကောင် သတ်ပစ်တယ် ခင်ဗျ။ လူတယောက်ကို သတ်တဲ့လူဟာ သူကိုယ်တိုင် သေစားသေသိုက်တယ် မဟုတ်လား။ ဒါကြောင့် သူတို့သေရခြင်းအတွက် ဘယ်သူကမှ သနားနေဖို့ အလုပ်မရှိဘူး မဟုတ်လား။ သူတို့ကို ကျွန်တော်က တရားစွဲနေရယင် ကာလရှည်လျားလဲနေမယ်၊ ကိုယ်တိုင် လက်စားချေရတာလောက် အရသာမရှိဘူး။ ဒါကြောင့် ကျွန်တော် သတ်ခြင်းပဲ ခင်ဗျား တို့လဲ ကျွန်တော့်နေရာမှာ ရောက်နေလို့ ကျွန်တော်လိုခံရလို့ရှိယင်၊ သတ္တိလဲ ရှိကြမယ်ဆိုယင် ကျွန်တော် လုပ်သလိုပဲ လုပ်လိမ့်မယ်လို့ ကျွန်တော ထင်တယ်။

“မြေးအဘိုး နှစ်ယောက်ကို သူတို့ သတ်ပစ်တယ်လို့ ကျွန်တော် ပြောတယ်မဟုတ်လား။ အဲဒီ မြေးလုပ်တဲ့ သူငယ်မဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကတည်းက ကျွန်တော်နဲ့ လက်ထပ်ဖို့ဟာ ဝေယကဆိုတဲ့ အကောင်က အတင်းလုယူပြီး သူနဲ့ လက်ထပ်လိုက်တယ်ခင်ဗျ။ မျောလဲ မကြာပါဘူး၊ တလအတွင်းမှာပဲ ရင်ကွဲနာနဲ့ သေရှာပါရောတဲ့။ မိန်းကလေးသေတော့ သူ့လက်က လက်ထပ်လက်စွပ်ကို ကျွန်တော် ချွတ်ယူပြီး တနေ့နေ့မှာ ဒီကောင်ကို ဒီလက်စွပ် ပြယင်း သူ့အပြစ်သူ သတိရဆဲမှာ ပူပူ လောင်လောင်နဲ့ စုတေစိတ် ကျစေမယ်လို့ ကျွန်တော်ကျိန်ထားခဲ့တာ။ ကျိန်ထားတဲ့အတိုင်း ထမြောက်လို့ ဝမ်းသာလိုက်တာခင်ဗျာ။ ဒါနဲ့ ပြောရအုံးမယ်။ ဒီလက်စွပ်ကို အိတ်ထဲမှာ ချောပြီး သူတို့နောက်ကို တကောက်ကောက် လိုက်လာတာခင်ဗျာ။ အိန္ဒိယတပြည်လုံးရော၊ ယိုးဒယားပြည်ရော၊ ဗသျှူးကျွန်းဆွယ် ရော ပြပြခင်သွားတော့တာပဲ။ သူတို့က ကျွန်တော် လက်လျှော့သိမ့်မယ် ထင်တယ်။ ဘာလို့လိမ့်လဲ ခင်ဗျာ။ အသက်တရာ နေရအုံးမလား၊ နေမယ်၊ သူတို့ကို လက်စားချေဖို့ စိတ်ဟာတော့ ဘယ်တော့မှ ကျွန်တော် မပျောက်ဘူး။ အခုတော့ အလုပ်လဲ ပြီးပြီ။ နက်ဖြန် သေရမလား။ သေရစေတော့။ ကျွန်တော် ကျေနပ်ပြီ။

“သူတို့ကတော့ ငွေ လက်ကိုင်ရှိတဲ့လူ၊ ကျွန်တော်ကတော့ လူမွဲ။ ဒီတော့ သူတို့နောက်ကို လိုက်ရတာ မလွယ်လှဘူး ခင်ဗျ။ ရန်ကုန် ရောက်လာပြန်တော့လဲ ကျွန်တော့်လက်ထဲမှာ ပိုက်ဆံကုန်နေပြီ။ စာရေးစာချီအလုပ် ရှာပြန်တော့လဲ အဆင်သင့် မတွေ့ဘူး။ ဒါနဲ့ တတ်နိုင်ပါဘူးပြီ၊ လွယ်လွယ်ကူကူ မြင်းရထား မောင်းတဲ့အလုပ် ဝင်လုပ်နေရတာကိုးခင်ဗျ။ ဒီအလုပ် လုပ်နေယင်းနဲ့ပဲ တနေ့တော့ သူတို့ နှစ်ယောက် ဘာရှတ်ကင်းလမ်းမှာ နေတယ်ဆိုတာ သိရပါရော ခင်ဗျာ။ ကျွန်တော်လဲ တတ်နိုင်သမျှ ရုပ်ပြောင်းအောင် မုတ်ဆိတ်ကြီးတွေ ထား၊ အဝတ်ကိုလဲ ရန်ကုန် မြင်းရထားသမားတွေအတိုင်း ဝတ်၊ ဒီတော့ သူတို့ ကျွန်တော့်ကို ဘာမှတ်မိနိုင်မလဲ ခင်ဗျ။ သူတို့ သွားလေရာအရပ်ကို မြင်းရထားနဲ့ တကောက်ကောက်လိုက်ပြီး ကျွန်တော်က ချက်ကောင်းရှာနေတာကိုး ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်ပြီး သော့တူလုပ်ထားတယ်။ ဒီလိုချည်း အိမ်နှစ်လုံး သုံးလုံး ကျွန်တော် အယင့် ဖြင်ယားသာချည်းပဲ။ ဟိုညကတော့ ဘယ်အိမ်ဟာ စခန်းအတည့်ဆုံးလဲလို့ စဉ်းစားကြည့်လိုက်တော့ ဘောင်ဒရီလမ်းက အိမ်လွတ်ဟာ နေရာအကျဆုံးပဲလို့ ဆုံးဖြတ်ပြီး ဘောင်ဒရီလမ်းဘက် မောင်းပါလေရော ခင်ဗျာ။

"ကျွန်တော့်အကြံက ဘယ်လိုလဲ ဆိုတော့ သူ့ကို တခါတည်း သတ်ဖို့ မဟုတ်ပါဘူး။ ဇော်ဂျီတယောက်ဆီက ကျွန်တော်ရထားတဲ့ နည်းနဲ့ ဖော်စပ်ထားတဲ့ အဆိပ်လုံး ကျွေးသတ်ဖို့ပါပဲ။ အဆိပ်ဆေး ကျွေးရာမှာလဲ တခါတည်း ကျွေးဖို့မဟုတ်ပဲ အဆိပ်ပါတဲ့ ဆေးတလုံးနဲ့ အဆိပ်မပါတဲ့ ဆေးတလုံး သူ့ကိုယ်တိုင် အသင်ရွေးစေပြီး ကျန်တဲ့ဆေးလုံးကိုကျွန်တော်စား။ ကံကောင်းသူ ချမ်းသာရာရပြီး ကံမကောင်းတဲ့လူ သေစေဖို့ နည်းပါခင်ဗျာ။ ကျွန်တော့်စိတ်မှာ ဘယ်လိုရှိသလဲဆိုတော့ ကောင်းကင်ဘုံမှာ ဘုရား ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူနဲ့ ကျွန်တော်နဲ့ ဆေးတလုံးစီ ကံအတိုင်း ရွေးစားကြယင် အဆိပ်ပါတဲ့ ဆေးကို သူ စားမိရမယ်လို့ ကျွန်တော့်စိတ်က မုချ ယုံကြည်ထားတယ်။ ယုံကြည်တဲ့အတိုင်း ဟုတ်လဲ ဟုတ်တာပဲ ခင်ဗျ။

"ဒါနဲ့ ဟိုညက မိုးတွေ တသည်းသည်း ရွာနေတဲ့အထဲမှာ ကျွန်တော်ဖြင့် စိုမှန်းလဲသတိမရ၊ အေးမှန်းလဲ သတိမရ၊ ဘောင်ဒရီလမ်းဘက်ကို တည့်တည့်ကြီး စွတ်မောင်းသွားပါလေရောခင်ဗျာ။ ဆယ်နှစ်ကျော်ပတ်လုံး သူတို့နောက်က တကောက်ကောက် လိုက်နေခဲ့ရပြီး တွေ့ကာလာလေး၊ သိကာလာလေး လွဲလွဲသွားခဲ့ရက နောက်ဆုံး ကိုယ့်လက်ထဲ ပိုင်ပိုင်နိုင်နိုင် ရောက်နေတဲ့အခါမှာ ဘယ်လောက်များ ဝမ်းမြောက်လိုက်သလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့ခင်ဗျာ။ ဒါထက် တခုပြောရအုံးမယ်။ စိတ်ကထင်လို့ပဲလား၊ တကယ်ပဲလားတော့ မပြောတတ်ဘူး။ ဟိုညကလေခင်ဗျာ။ ချန္ဒရာနဲ့ ဖလိကတို့နှစ်ယောက်က ကျွန်တော့်မြင်းရထား ရှေ့မှာ လက်တွဲလျက် နှစ်ယောက်သား လမ်းပြပြီး လျှောက်သွားလိုက်ကြတာ ကျွန်တော်က သူတို့နောက်က လိုက်မောင်းရုံနဲ့ ဘောင်ဒရီလမ်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့တာပဲ။ 'ဂိုးဇီဗီလာ' အိမ်ရှေ့ ရောက်တော့မှ သူတို့နှစ်ယောက် ကွယ်ပျောက်သွားပါလေရော ခင်ဗျာ။

"ဝင်းထဲရောက်လို့ ရထားရပ်ပြီး သူ့ဆင်းကြည့်တော့ မောင်မင်းကြီးသားက မြိုက်မြိုက်မြိုက်မြိုက် အိပ်ပျော်လို့ ဟောက်များတောင် နေလိုက်သေးတယ် ခင်ဗျ။ ကျွန်တော်က လှုပ်နှိုးပြီး ရောက်ပြီလို့ ပြောတော့ သူ့စိတ်ထဲက ဟိုဘယ်ရောက်လာပြီမှတ်လို့ ဘာမပြော ညာမပြော ချောချော မောမော ဆင်းလိုက်ပါလေရော ခင်ဗျာ။ သူက ခပ်ယိုင်ယိုင် ဖြစ်နေလေတော့ ကျွန်တော်ကတောင် တွဲပြီး ခေါ်ခဲ့ရ သေးတယ်။ အိမ်ထဲရောက်တော့ ကျွန်တော်က အသင့်ဆောင်ထားတဲ့ ဖယောင်းတိုင်ကို ထွန်းထွန်း၊ တံခါးတွေ ဘာတွေ ပြန်ပိတ်ပြီး ဖယောင်းတိုင်ကို ကျွန်တော့်မျက်နှာနားမှာ မြှောက်ကိုင်ပြီး 'ဟေ့ ဒေဘာ၊ ငါ့ကို သေသေချာချာကြည့်စမ်း။ ငါ ဘယ်သူလဲ'လို့ မေးလိုက်တာကိုးခင်ဗျ။ ဒီတော့မှ သူက ကျွန်တော့် မျက်နှာ သေသေချာချာကြည့်ပြီး မှတ်လဲ မှတ်မိပါလေရော ကြောက်လိုက်တဲ့အကောင် ခင်ဗျာ၊ မျက်လုံး တွေ ပြူးတူးပြဲတဲနဲ့ မေးတွေ ဘာတွေ ခိုက်ခိုက်တုန်လာတော့တာပဲ။ နဖူးမှာဆိုတာလဲ ချွေးချင်း ချွေးသီး ချွေးပေါက် ပေါ်လာပြီး နောက်ဆုတ် နောက်ဆုတ်နဲ့ နံရံကို သွားမှီတာကိုး ခင်ဗျ။ သူ့ကြောက်ပုံ မြင်ရ လေလေ ကျွန်တော့်မှာ ဝမ်းထဲက ထုတ်ထုတ် ထုတ်ထုတ်မြည်အောင် ဝမ်းသာလေလေပေ ခင်ဗျာ။ လက်စား ချေတဲ့အခါမှာ အရသာရှိလိမ့်မယ်လို့တော့ ကျွန်တော် တွေးမိပါရဲ့။ နို့ပေမယ့် လက်တွေ့ ခံစားရတဲ့အခါ ကျတော့ အယင်က တွေးမိသလောက် အရသာမျိုး ဘာက လိမ့်မလဲ ခင်ဗျာ။ အော်ဟစ်ပြီးတော့များ ရယ်လိုက်ချင်တယ်။ လူကြားမှာစိုးလို့သာ စိတ်ကို ချုပ်ထားရတာကိုး ခင်ဗျ"

---

တတိယအကြိမ်

www.burmeseclassic.com

"'ကိုင်း ဝေယာက၊ မင်းတို့နောက်ကို ငါလိုက်ခဲ့ရတာ ဆယ်နှစ်ကျော်လာခဲ့ပြီ။ ဒီတခါတော့ မင်းဘယ်ပြေးအုံမလဲ၊ မပြေးနိုင်တော့ဘူးကွယ့်။ မိနေ့ မင်းနေ့စေ့ပြီ၊ မင်း သေပေတော့'လို့ ပြောလိုက်တော့ ငနဲက ဒူးများထောက်ပြီး တောင်းပန်မယ်လုပ်သေးတယ်။ နို့ပေမယ့် တောင်းပန်လို့ ရပုံမပေါ်တာနဲ့ သူမတောင်းပန်တော့ပဲ မျက်နှာငယ်ကလေးနဲ့ ပုတ်ခတ် ပုတ်ခတ် ကြည့်နေတာကိုး ခင်ဗျ။ ကျွန်တော်ကတော့ သနားဖို့ဝေးလို့ ရင်ဘတ်ကို ခြေထောက်နဲ့ မကန်မိအောင်တောင် ကိုယ့်ကိုယ်ကို အတော်ချုပ်ပြီး ထားရတယ်။

"'ခင်ဗျား ကျုပ်ကို သတ်မလို့လား'တဲ့။ သူကမေးတော့ ကျွန်တော်က 'မင်းကို ငါမစီရင်ဘူး' ပြောတော့ သူက ဝမ်းသာသွားပုံရတယ်။ 'သို့သော် မင်းမကောင်းမှုက မင်းကို စီရင်စေရမယ်။ ဟောဒီ ဆေးနှစ်လုံးကို မင်းနဲ့ငါ တလုံးစီစားရမယ်၊ တလုံးက အဆိပ်ပါလေတော့ တယောက်တော့ဖြင့် သေမှာပဲ။ ကိုင်း မင်းက အရင်ရွေး၊ ကျန်တဲ့ဆေးလုံးကို ငါစားမယ်'လို့ ပြောပြီး သူ့ကို အရွေးခိုင်းတာကိုး ခင်ဗျ။ ဒီတော့ သူက ရိုးသီးရိုးတား လုပ်နေသေးတယ်။ ကျွန်တော်က အိတ်ထဲက မောင်းချဓားကြီးထုတ်ပြီး သူ့လည်ပင်းနား တေ့တားတော့မှ သူက တလုံးယူစား၊ ကျွန်တော်က ကျန်တဲ့တလုံးကို စားလိုက်တာကိုး ခင်ဗျ။ တယောက်တလုံးစီစားပြီး တယောက်မျက်နှာတယောက်ရပ်ကြည့်နေကြတော့ ငါးစက္ကန့်လောက်အကြာမှာ ငနဲ မျက်နှာက ဖောက်ပြန်လာတာကိုး ခင်ဗျ။ ရင်ထဲက ပူလာနဲ့ဖြစ်လာလို့ ထင်ပါရဲ့။ ငနဲမျက်နှာ ရှုံ့မဲ့မဲ့ ဖြစ်လာပြီး ငါတော့ အဆိပ်ပါတဲ့ ဆေးလုံး စားမိပြီ၊ သေရတော့မှာပဲလို့ စဉ်းစားမိဟန် ရှိတာနဲ့ အပြိုင်နက် ပျက်သွားလိုက်တဲ့ သူ့မျက်နှာသားခင်ဗျာ၊ အာမှမပြောနဲ့တော့၊ စောစောက ကျွန်တော်ပြောပြခဲ့တဲ့အသားတွေဟာ အားလုံး ချေဖြစ်ကုန်တော့တာပဲ။ ဒီနောက်ဆုံး အရသာကမှ အရသာတကာ့ရဲ့ ဗိုလ်ချုပ်ကြီး ထိပ်ခေါင်တင်ကိုး ခင်ဗျ။ ဒီတော့မှ ကျွန်တော်က ချစ်သူရဲ့လက်စွပ်ကလေးကို သူ့မျက်စိနားကပ်ပြီး ဝင့်ပြလိုက်သေးတာကိုး ခင်ဗျ။ ငနဲလဲ မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ်နဲ့ တချက်နှစ်ချက်လုပ်နေပြီး ပူပြင်းတဲ့ ဝေဒနာက တချိုး၊ ကြောက်တဲ့စိတ်က တချိုး၊ သူ့ရင်ထဲမှာ ကမ္ဘာမီးလောင်ပြီး ရင်ဘတ်ကို လက်နဲ့နှိပ်ရာက ဇက်ကျိုးကျပြီး ဟာသိုကြီး မှောက်လဲပါလေရောခင်ဗျ။ ဒီတော့ ကျွန်တော်က သူ့ပခုံးကို ခြေထောက်နဲ့ကန်ပြီး ပက်လက်လှန်၊ ရင်ဘတ်ကို စမ်းကြည့်တော့ အသက် လုံးလုံးမရှိပါဘူး ခင်ဗျာ"

ရှား။ ။"သွေးတွေကတော့ ဘယ်က လာသလဲ"

ဒယာက။ "သွေးတွေကတော့ ဒီလိုခင်ဗျ။ ကျွန်တော်ဟာ အပြင်းအထန် လှုပ်ရှားတဲ့အခါ ကျယင်နဂိုက သွေးရှင်တဲ့လူ ဖြစ်လို့ မို့ သွေးလျှံပြီး နှာခေါင်းသွေး ယိုတတ်ပါတယ်ခင်ဗျ။ ကျွန်တော့်ကို သူမှတ်မိလို့ သူ ထိတ်လန့်သွားတာ မြင်ရကတည်းကပြီး ကျွန်တော့်မှာ ဝမ်းသာလုံးဆို့လို့ တွန်းလိုက်တဲ့ နှာခေါင်းသွေးဟာ ရပ်စရာမရှိဘူးခင်ဗျ။ နို့ပေမယ့် ကျွန်တော်က ဘာမှဂရုမစိုက်ပဲ ပြောစရာရှိတဲ့စကားပြော၊ လုပ်စရာရှိတဲ့အလုပ်ကို လုပ်ကိုင်သွားတာပဲခင်ဗျ ဟိုအကောင်သေတော့ ကျွန်တော့်စိတ်ထဲ အတော်ကျေနပ်ကြီး ကျေနပ်ပြီး ပီတိသောမနဿ ဖြစ်တဲ့ အခါ ကြောင့်လား။ ဝမ်းသာလွန်းလို့ ကြွေးကြော်ချင်လို့လေလား မသိနိုင်ဘူး၊ သွေးထက်ကို လက်နဲ့သုတ်ပြီး ဗွီဒီတီ ဆိုတဲ့ စာလုံးများကို ရေးခဲ့မိတာကိုး ခင်ဗျ"

ရှား။ ။"ဗွီဒီတီ ဆိုတာကော"

ဒယာက။ "အဲဒီဗွီဒီတီကတော့ 'လက်စားချေခြင်း' ဆိုလိုတာပေါ့ ခင်ဗျ။ Vendetta ဆိုတဲ့ အီတာလျံက သုံးတဲ့ အင်္ဂလိပ်စကားပေါ့။ ဒါနဲ့ ကိစ္စပြီးစီးလို့ အိမ်ပေါ်ကဆင်း၊ မြင်းရထားပေါ်တက်၊ ရထားမောင်းသွား ... တော်တော်ကလေးရောက်တော့ အိတ်ထဲစမ်းကြည့်၊ လားလား လက်စွပ်မပါခဲ့ဘူး ခင်ဗျာ။ ဒီလက်စွပ်ကလေးဟာက ချစ်သူကို အလွမ်းပြေ ကြည့်နေရတဲ့ လက်စွပ်ဖြစ်လေတော့ ဘယ်နည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ ကျွန်တော် အပျောက်မခံနိုင်ဘူး ခင်ဗျ။ ဒါနဲ့ မြင်းရထားကို ချောင်ထဲချောင် ထိုးသွားခဲ့ပြီး ဟိုအိမ်ကို တခေါက်ပြန်သွားတော့ ပုလိပ်နဲ့ တွေ့နေလို့ အရက်မူးချင်ယောင်ဆောင်ပြီး နေ့ လွတ်အောင် ရှုန်းခဲ့ရ ပါကလား ခင်ဗျ။

"ကိုင်း ဒါထက် ဝေဿကကတော့ဖြင့် တရန်အေးသွားပြီ၊ ဟိန္ဒုကပဲ လိုတော့တယ်။ ဒီကောင်ဟာ 'လိပ်ဗျူး' ဟိုဘယ်မှာ ရှိတယ်လို့ ကျွန်တော်သိပြီး ဖြစ်တဲ့အတိုင်း မနီးမဝေးက မြင်းရထားနဲ့ ကျွန်တော် ချောင်းလိုက်တာ လှက်ကို လှက်မလာဘူးခင်ဗျ။ တော်တော်ပါးတဲ့အကောင်။ နို့ပေမယ့် ကျွန်တော့်ကိုတော့ ဘာမှရလိမ့်မလဲခင်ဗျ။ သူနေတဲ့အိပ်ခန်း သိရအောင် စုံစမ်းပြီး မနက်စောစောမှာ ဟိုတယ် နောက်ဖေး တွေ့တဲ့လှကားနဲ့ ပြတင်းပေါက်က ဝင်တက်တာကိုးဗျ။ ကျွန်တော် အခန်းထဲရောက် တော့တောင် နေ့က မနိုးသေးဘူး။ ဒါနဲ့ ကျွန်တော်က အိပ်ရာကနိုးပြီး ဝေဿကတုန်းကလို ဆေးလုံး နှစ်လုံး အရွေးခိုင်းပြန်တာပေါ့ခင်ဗျာ။ ဒီကောင်ကတော့ အေးအေးဆေးဆေးနဲ့ ရွေးမစားပဲ ကျွန်တော့်ကို ထိုးလား ကြိတ်လားနဲ့ ခုခံနေတာကိုးခင်ဗျ။ ဒီတော့ ကျွန်တော်က ထက်နိုင်မှ ဘူးဆိုပြီး အသင့် ဆောင် ထားတဲ့ မောင်းချဓားနဲ့ ရင်ညွန့်ကို တချက်တည်း ထိုးစိုက်လိုက်တာ ခင်ဗျာ့လူ ညည်းတောင် မညည်း နိုင်ဘူး၊ တခါတည်း ပွဲချင်းပြီး သေပါရော့ခင်ဗျ။

"ကိုင်း ဒီတော့ ကျွန်တော့်မှာ ကိစ္စတော့ပြီးပြီ။ နို့ပေမယ့် အိန္ဒိယပြည် ပြန်ဖို့ရိတ် လက်ထဲမှာ မရှိတာကသာ ကြောင်း၊ ရှုတ်တရက် အလုပ်ပြောင်းလိုက်ယင် လူမသင်္ကာစရာ ဖြစ်မှာ ငုံးရိမ်သောကြောင်း ကြောင့် ရထားမောင်းသမားအလုပ် ဆက်လက်ပြီး လုပ်နေရသေးတာကိုးခင်ဗျ။ လုပ်နေတုန်းမှာ ကော်ရင်ဂျီ ကုလားကလေးကယောက်က မြင်းရထားလိုချင်တယ်လို့ ကျွန်တော့်ကိုငှားပြီး လမ်း ၄၀ ခေါ်သွားရာမှာ လက်ထိပ်ခတ် ခံရတော့တာပဲ ခင်ဗျာ။ ကိုင်း ဒါပါပဲ။ ခင်ဗျားတို့က ကျွန်တော့်ကို ရာဇဝတ်ကောင်လို့ ခေါ်ချင်လဲ ခေါ်ကြတာပေါ့။ ကျွန်တော့်စိတ်ထဲမှာတော့ ကိုယ့်ကိုယ်ကို တရား လမ်းကြောင်းအတိုင်း ဆုံးမသင့်သူကို သုတ်သင် စီရင်ပေးတဲ့ လူတယောက်လို့ပဲ ယူဆပါတယ်။ ကိုင်း ပြီးပါပြီခင်ဗျာ"

ကျွန်တော်တို့မှာ ဒဿကာ၏ စိတ်ပါဝင်စားဖွယ် ကောင်းလှသော အတ္ထုပ္ပတ္တိကို စိတ်အားထက်သန် စွာ နားထောင်နေကြရာ၊ စကားဆုံးသောအခါ၌ပင် တသွေ တခွန်းမျှ မပြောနိုင်ကြပဲ ဆိတ်ငြိမ်လျက်သာ ကြည့်နေကြသေး၏။ အတန်ကလေး ကြာသောအခါမှ ဦးစံရှားက—

ရှား။ ။ "ဒါထက် ကျုပ်ကြော်ငြာလိုက်တဲ့ လက်စွပ်ကို လာယူတဲ့လူက ဘယ်သူလဲဗျ"

ဒဿကာ။ ။ (ပြုံးရယ်လျက်) "ကိုယ့်အကြောင်းကိုသာ ကိုယ်ပြောကောင်းပါတယ်လေ၊ သူများ အကြောင်းကို ကျွန်တော်ပြောလို့ မတော်ပါဘူး မှတ်တယ်။ ကိုယ့်လူကို ကိုယ်ဒုက္ခပေးလို့ တော် မတော် ခင်ဗျားပဲ စဉ်းစားကြည့်ပါတော့။ ဒါထက် ကျွန်တော့်လူ မတော်ဘူးလားဗျာ၊ ဟင် ဆရာကြီး"

ရှား။ ။ (လှိုက်လှိုက်လှဲလှဲ အမူအရာဖြင့်) "တော်ပါပေတယ်ဗျာ၊ သိပ်တော်ပါပေ တယ်"

ဝေ။ ။ "ကိုင်း ဆရာတို့၊ ကိစ္စလဲပြီးပြီ။ အမှုစစ်တဲ့နေ့မှပဲ ဆရာ့ကို ထပ်တော်ညီ့သင့် တွေ့ရ အုံးမှာပဲ၊ ဒီအတောအတွင်း ဒီလူကို ထောင်ကြီးချုပ်နဲ့ ထားအုံးမှ ဖြစ်မယ်"

ထို့နောက် စုံထောက်များသည် အကျဉ်းသမားအား ထုံးစံအတိုင်း ချုပ်နှောင်ထားဖို့ စီးဦးနေ ကြရာ ကျွန်တော်နှင့် ဦးစံရှားတို့သည် နေအိမ်သို့ ပြန်ခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com


## ၇

## ဦးစံရှား၏ ရှင်းလင်းချက်များ

ဒဿကာ၏ အမှုမှာ စစ်ဆေးစီရင်ရန် မလိုတော့အောင် အကြောင်းတခု ဖြစ်ပေါ်လာခဲ့၏။ အကြောင်းကား ပုလိပ်အရာရှိများသည် ဒဿကအား ထုံးစံအတိုင်း ထောင်ကြီးချုပ်နှင့် ပို့ထားလိုက်ရာ နောက်နေ့နံနက် သူ၏ အခန်းတံခါးကို ဖွင့်ကြည့်သော ထောင်အရာရှိသည် ကြမ်းပေါ်တွင် မှောက်လျက်လဲနေသော ဒဿကာ၏ အလောင်းကို တွေ့မြင်ရလေ၏။ အလောင်း၏ ဦးခေါင်းအနီးတွင်လည်း သွေးများ အိုင်ထွန်းနေသည်ကို တွေ့မြင်ရလေ၏။ အလောင်းကို စစ်ဆေးသောအခါ နှလုံးသားပေါက်ကွဲသော ရောဂါနှင့် သေဆုံးကြောင်း ဆရာဝန်က ထွက်ဆိုသဖြင့် ဆရာဝန်၏စကားနှင့် ယခင်က ဒဿကာ၏ စကားများ မှန်ကန်ကြောင်း ထင်ရှားပေ၏။ ထိုနေ့ နံနက်စာ စားချိန်တွင်—

ရှား။ ။"ကိုအုန်းဖေနဲ့ ကိုသန်းတင်တို့တော့ ဒဿကသေတဲ့အတွက် တော်တော် စိတ်ပျက်သွားကြလိမ့်မယ်ဗျို"

ကျွန်တော်။ ။"ဘာကြောင့်လဲဗျာ"

ရှား။ ။"သူတို့က ဒီအမှုနဲ့ ပတ်သက်ပြီး သူတို့ကိုယ်သူတို့ ကျော်ကြားဖို့မျှော်လင့်နေကြတယ်ဗျ"

ကျွန်တော်။ ။"သူတို့က ဒီအမှုမှာ ဘာများ စွမ်းဆောင်နိုင်ကြလို့လဲဗျ"

ရှား။ ။"လောကကြီးက တယ်ခက်တာကလား ကိုသိန်းမောင်၊ တကယ်စွမ်းဆောင်နိုင်တာ မစွမ်းဆောင်နိုင်တာ ဒီလောက် အရေးမကြီးဘူးဗျ။ စွမ်းဆောင်နိုင်တယ်လို့ လူထင်အောင် လုပ်နိုင်ယင်ပြီးတာပဲ။ ကျုပ်အဖို့ကတော့ကျေနပ်ပါတယ်လေ။ ဒီအမှုကလေးက ရိုးရိုးကလေးနဲ့ တော်တော်ကောင်းတဲ့ အချက်တွေ ပါလို့မို့ တော်တော်ကလေး ဉာဏ်ကစားရပေတယ်ဗျ"

ကျွန်တော်။ ။(အံ့ဩစွာဖြင့်) "ဒီအမှုလားဗျာ ရိုးရိုးကလေး"

ရှား။ ။"ရိုးလဲ တကယ် ရိုးတဲ့အမှုပဲဗျ။ ဘာမှ ထွေထွေရာရာ ဒီလောက်တောင်ကြီး မလုပ်ရပဲနဲ့ သုံးရက်အတွင်း လက်သည်မိအောင် ဖမ်းဆီးနိုင်ခြင်းဟာ ရိုးတဲ့အမှုမဟုတ် ဘာလဲဗျာ"

ကျွန်တော်။ ။"ဒီလိုဆိုတော့လဲ ဟုတ်ပါရဲ့လေ"

ရှား။ ။"စုံထောက်အလုပ်မှာ အရေးကြီးတာက ဘာလဲဆိုတော့ နောက်ပြန်လှန်ပြီး စဉ်းစားတတ်ဖို့ လိုတယ်ဗျ"

ကျွန်တော်။ ။"ဘယ်လို နောက်ပြန်တာလဲဗျာ"

ရှား။ ။"ဒီလိုဗျ၊ ဖြစ်ပုံပျက်ပုံ အကြောင်းတရားကို ပြောပြလိုက်။ ရှေ့ ဘယ်လိုဖြစ်လာလိမ့်မယ် ဆိုတဲ့ အကျိုးတရားကို လူတရာမှာ ဆယ်ယောက်လောက်ဟာ ပြောကောင်း ပြောနိုင်ကြလိမ့်မယ်ဗျ။ သို့သော် နောက်ဆုံး ဖြစ်ပေါ်လာတဲ့ အကျိုးတရားကို ပြောပြလိုက်ရုံနဲ့ မူလရင်း ဖြစ်ပုံပျက်ပုံ အကြောင်းတရားကို ဆင်ခြင်တွေးတောနိုင်တဲ့ လူမျိုးကတော့ တရာမှာ တယောက်၊ တထောင်မှာ တယောက် ပေါ်ပေါက်မယ်လို့ ကျုပ် မထင်ဘူး"

ကျွန်တော်။ ။"ဒါတော့ ဟုတ်လိမ့်မယ်"

ရှား။ ။"ဟုတ်မယ့်သာ ဟုတ်ရတယ်၊ ရှေ့အဖို့ စဉ်းစားတာနဲ့၊ နောက်ပြန်စဉ်းစားတာနဲ့ဟာ စဉ်းစားဉာဏ်ချင်း အတူတူ လိုတာပဲဗျ။ သို့သော် နောက်ပြန်စဉ်းစားတတ်တဲ့လူက ဘာကြောင့် ရှားနေ

ဒုတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတော့ အလေ့အကျင့် မရှိကြဘူးဗျ။ မြန်မာပြည်မှာ ဒီနည်းကို စနစ်ကျကျ တီထွင်ထားတဲ့လူဟာ ကနေ့အထိဖြင့် ကျုပ်ဘယောက်ပဲ ရှိသေးတယ် မှတ်တယ်။ ရှိကြလို့ရှိယင်လဲ ကျုပ်တော့ဖြင့် မတွေ့ဖူးသေးဘူး"

ကျွန်တော်။ ။"ကျွန်တော်လဲ ခင်ဗျားလိုလူတော့ မတွေ့ဖူးသေးပေါင်ဗျာ။ ရှိမယ်လို့လဲ မထင်ပါဘူး"

ရှား။ ။"ကျုပ်က သူတပါးထက် ပိုမိုပြီး ဉာဏ်ကြီးတယ်လို့ မဆိုလိုပါဘူး။ သို့သော် ခင်ဗျားတို့လူစုက အလေ့အကျင့် လုပ်မထားဘူးဗျ"

ကျွန်တော်။ ။"လေ့ကျင့်ရကောင်းမှန်းလဲ မသိပါဘူးခင်ဗျာ။

ရှား။ ။"ဒါထက် အမှုအကြောင်း နည်းနည်း ရှင်းလိုက်ကြအုံးစို့ဗျာ။ ဒီလိုဗျ၊ ကျုပ်က ဟို အိမ်ကို ရှေးဦးစွာ လိုက်သွားတော့ ကျုပ်စိတ်ထဲမှာ ဟိုဟာ ဒီဟာ သံသယ ဘာမှမထားဘူး။ စိတ်ထဲမှာ ရှင်းရှင်းကြီး ကျုပ်လိုက်သွားတယ်။ ခင်ဗျားသိတဲ့အတိုင်း ကျုပ်တို့ ခြေကျင် ဝင်သွားကြတော့ ရှေးဦးစွာ ဝင်းထဲက လမ်းကို သေသေချာချာ ကျုပ်ကြည့်တယ်။ ကြည့်တော့တာ ရထားဘီးရာရယ်၊ ခြေရာတွေရယ် ကျုပ်တွေ့ရတယ်။ ခင်ဗျားတို့မျက်စိမှာတော့ ခြေရာတွေ ရှုပ်ပွေနေမှာပေါ့လေ။ ခြေရာခံဖို့ တမင် လေ့ကျင့်ထားတဲ့ ကျုပ်မျက်စိမှာတော့ ပုလိပ်တွေရဲ့ ခြေရာတွေအပြင် လူနှစ်ယောက်ရဲ့ ခြေရာကိုပါ ကျုပ်တွေ့ဘယ်။ အဲဒီ ခြေရာ နှစ်ခု အပေါ်မှာ ပုလိပ်ခြေရာတွေက ထပ်ထပ်နင်းထားကြခြင်းကို မြင်တော့ ဟို ခြေရာ နှစ်ခုက အရင်၊ ပုလိပ်တွေရဲ့ ခြေရာက နောက်မှ ရောက်ကြောင်း ထင်ရှားတယ်။ ခြေရာ နှစ်ခုမှာလဲ တခုက ခြေလှမ်းကျယ်တယ်၊ တခုက နည်းနည်းစိပ်တယ်။ ကျယ်တဲ့ခြေရာက ကုလားဖိနပ်ခြေရာ၊ စိပ်စိပ် ခြေရာက နောက်ပိတ်ဖိနပ်ခြေရာ ဖြစ်တယ်။ ဒါ့ကြောင့် ကုလားဖိနပ်နဲ့လူက အရပ်မြင့်မြင့်၊ နောက်ပိတ်ဖိနပ်နဲ့လူက ခပ်တိုက်တိုက်ဖြစ်ရမယ်။ ဒါနဲ့ အိမ်ခန်းထဲရောက်လို့ အလောင်းကိုမြင်တော့ အလောင်းမှာ နောက်ပိတ်ဖိနပ်နဲ့ တွေ့နေရော။ ဒီတော့ ကုလားဖိနပ်နဲ့ ခြေရာကိုပဲ ကျုပ်တို့ စုံစမ်းဖို့ လိုတော့တယ်။ အလောင်းကို ကြည့်လိုက်ပြန်တော့ မျက်နှာထားက ခင်ဗျားမြင်တဲ့အတိုင်း ဘယ်မျှ ကြောက်စရာ ကောင်းသလဲ။ ရိုးရိုးနည်းနဲ့ သေတဲ့လူမှာ ဒီမျက်နှာထားမျိုး မတွေ့ရဘူးဗျ။ ဒါ့ကြောင့် အမှုကလဲ လူသတ်မှု၊ သတ်တဲ့လူကလဲ ကုလားဖိနပ်နဲ့ အရပ်မြင့်မြင့်ဆိုတာ ကျုပ်တို့ သိရရော။ အလောင်းရဲ့ နှုတ်ခမ်းကို ကျုပ် နမ်းကြည့်တော့ ချဉ်စုတ်စုတ်အနံ့လဲ ရတယ်။ ဒဏ်ရာလဲ မတွေ့ရဘူး။ ဒါ့ကြောင့် အဆိပ်ကျွေးပြီး သတ်ကြောင်း ထင်ရှားပြန်ရော။ လူတယောက်က တယောက်ကို အဆိပ် အတင်းကျွေး သတ်တယ်ဆိုတာ ခင်ဗျားတို့ မကြားဖူးပေမယ့် အထူးအဆန်းတော့ မဟုတ်ဘူးဗျ။ ရုရှားပြည်မှာ တမှု၊ ပြင်သစ်မှာ တမှု သတင်းစာထဲမှာ ကျုပ် ဖတ်ရဖူးတယ်"

ကျွန်တော်။ ။"နှစ်ပေပါပေ့ဗျာ"

ရှား။ ။"နေအုံးလေ၊ နောက်ကို တခါ ဘယ်လိုရည်ရွယ်ချက်နဲ့ သတ်သလဲလို့ စုံစမ်းပြန်တော့ လုယက်ချင်လို့ မဟုတ်ကြောင်း ထင်ရှားထားနှင့်လို့ နိုင်ငံရေးလား၊ မိန်းမမှုလားလို့ စဉ်းစားဆဲမှာ လက်စွပ်တွေ့ရပြန်တော့ မိန်းမမှုဖြစ်ကြောင်း ထင်ရှားပြန်ရောဗျ။ အခန်းကို ကျုပ် သေသေချာချာ ကြည့်တော့ ဘီဒီဆေးလိပ်တို၊ လက်သည်းရှည်တာတို့ တွေ့ရပြန်တယ် မဟုတ်လား။ ပြီးတော့ တခါသေသူမှာ ဒဏ်ရာမရှိပဲနဲ့ သွေးကွက်တွေ တွေ့ရပြန်တော့ ကေန္တ သတ်တဲ့လူရဲ့ သွေးပဲ။ သို့သော် သူ့မှာ ဒဏ်ရာရလို့ သွေးထွက်သံယိုဖြစ်ယင်လဲ သေသူ့လက်ထဲမှာ လက်နက်ရှိရမယ်။ ထွေးလုံးသတ်ပုတ်ရာတွေလဲ တွေ့ရမယ်။ ဒီလို မတွေ့ရတဲ့အတွက် သူ့ဘာသာအလျောက် ထွက်ခြင်းဖြစ်ရမယ်။ သို့သော် ဘယ်နှယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com


ဘာသာအလျောက် ထွက်နိုင်မလဲ စဉ်းစားပြန်တော့ သေနတ်မတန်ဆူတဲ့ လူများဟာ အပြင်းအထန် တုန်လှုပ်ယင် နှာခေါင်းက သွေးယိုနိုင်တယ်။ သွေးယိုလောက်အောင် သေ့ဆူသူဖြစ်ယင်လဲ သူ့မျက်နှာဟာ ရဲရဲနီနေရမယ်။ ဒီလိုကိုဗျ၊ နောက်ဆုံးမှာ ဒီအချက်လဲ မှန်ကြောင်း ခင်ဗျား တွေ့ပြီ"

ကျွန်ုပ်တော်။ ။"ခင်ဗျား ကြေးနန်းရိုက်တာက ဘယ်နှာလဲ"

ရှား။ ။"ဒေါ်ယာကဆိုတဲ့ လူဟာ မိန်းမမှုနဲ့ ပတ်သက်ပြီး ငြိုးသူ ရန်သူများ ရှိသလားလို့ ပါဘာလီပုလိပ်ကို သံကြိုးရိုက်မေးတော့ ဒယာကဆိုတဲ့လူနဲ့ အမျက်ကျဖူးကြောင်း ပြန်ရိုက်လိုက်တာကိုးဗျ။ ဟိန္ဒုကဆီဖွေတဲ့ ကြေးနန်းတစောင်မှာလဲ D.T.K.ဟာ ယိုးဒယားလိုက်သွားပြီဆို မဟုတ်လား။ အဲဒါ သူတို့မှာယားခဲ့တဲ့ လူဘယောက်ယောက်က ဒယာကလိုက်သွားကြောင်း ကြေးနန်းနဲ့ သတိပေးခြင်းပေါ့ဗျ"

ကျွန်ုပ်တော်။ ။"ရထားမောင်းတဲ့လူမှန်း ခင်ဗျား ဘယ့်နှယ်သိသလဲဗျာ"

ရှား။ ။"ဒီလိုဗျ။ နှစ်ယောက် အိမ်ထဲဝင်နေလို့ မြင်းရထားရပ်ထားတော့ မြင်းက လမ်းဘေးနန်ဖဲ့ပြီး မြက်ခင်းပေါ်က မြက်ပင်ကလေးများကို လှမ်းဟပ်ဟန်နဲ့ ရထားဘီးရာတွေ ချော်တက်နေတာ ကျုပ်မြင်ခဲ့တယ်၊ တကယ်လို့ ရထားပေါ်မှာ လူစောင့်ရှိယင် မြင်းကို ဒီလို ဘယ်တော့လုပ်ခွင့်ပေးမလဲဗျာ။ ဒီ့အပြင် တကြောင်းကလဲ ဘယ်သူမဆို လူတယောက်လုံ ကိုသေအောင်သတ်နေတုန်း မြင်းရထား မောင်းသမား မြင်အောင် ဘယ်တော့ လုပ်မှာလဲဗျ၊ ဒီ့ပြင် တကြောင်းကလဲ လူဘယောက် နောက်ကို တယောက်က လိုက်နေချင်လို့ရှိယင် မြင်းရထားနဲ့ မောင်းလိုက်တဲ့ အလုပ်လောက် ဘယ်မှာ ကောင်းတာ ရှိအုံးမလဲဗျ။ ဒါကြောင့် ကျုပ်က မြင်းရထားမောင်တဲ့ လူထဲက ဖြစ်ရမယ်လို့ တွေးတာကိုးဗျ"

(ထိုခေတ်အခါက ထက္ကစီများ ရန်ကုန်တွင် အလွန်နည်းပါးသေး၏။)

ကျွန်တော်။ ။"လူတယောက်အပြင် နောက်ထပ် တယောက် ထပ်ပြီး မသေအောင် ခင်ဗျား မကာတ်နိုင်ဘူးလားဗျာ"

ရှား။ ။"ဘယ့်နှယ် ကျုပ်တတ်နိုင်မလဲဗျ။ သဲလွန်စမှ မစုံ့တစုံ နောက်တရက်အတွင်း သူသတ်တာ ကျုပ် ကာကွယ်နိုင်ယင် သိကြားဖြစ်ပြီး တဲတဲ လက်ဖက်ရည်နဲ့ ဖျော်သောက်လိုက်ရုံ ရှိတော့မှာပေါ့ဗျ"

ကျွန်တော်။ ။"မေးမယ့်သာ မေးရ၊ ကျွန်တော်တော့ ကျေနပ်လှပါပြီ။ ရှင်းလဲ ရှင်း၊ ပြတ်လဲ ပြတ်သားပါပေတယ်။ ခင်ဗျားအကြောင်းတွေ ပြည်သူပြည်သားတွေသိအောင် ဝတ္ထုလုပ်ပြီး ရေးမှမ်းအုံးမယ်ဗျာ"

ရှား။ ။"ခင်ဗျား သဘောပလေ။ ဒါထက် ဒီကနေ့ ရန်ကုန်ဂေဇက် မြင်ပြီးပြီလားဗျ။ အင်္ဂလိပ် သတင်းစာပီပီ အခိုးရအမှုထမ်းကို မြှောက်ပင့် ရေးထားလိုက်တာ ဖတ်ကြည့်စမ်း"

ကျွန်ုပ်တော်သည် သတင်းစာကို လှမ်းယူ ဖတ်ကြည့်ရာ အောက်ပါ အဓိပ္ပာယ်အတိုင်း တွေ့ရလေ၏။

'မစ္စတာ ဝေဿကနှင့် ဟိန္ဒုကတို့အား သတ်ဖြတ်မှုနှင့် ဖမ်းဆီးထားသည့် တရားခံ ဒယာကဆိုသူ သေဆုံးသွားသည့်အတွက် စိတ်ပါဝင်စားဖွယ်ကောင်းသည့် အမှုတခု လက်လွတ်သွားကြောင်း၊ အမှုဖြစ်ပွားပုံမှာ မိန်းမမှုနှင့် ပတ်သက်သည်ဟု ကြားသိရကြောင်း၊ ဤအမှုတွင် အစိုးရစုံထောက် မောင်သန်းဆောင်နှင့် မောင်အုန်းဖေတို့ ဆောင်ရွက်ပုံကို မှတ်တမ်းတင်ထိုက်ပေကြောင်း၊ တရားခံကို မောင်စံရှားဆိုသူ လူဘယောက်နေအိမ်တွင် ဖမ်းဆီးရမိသည်ဆိုရာ ယင်း မောင်စံရှားကိုယ်တိုင်လည်း စုံထောက်ခြင်းပညာကို လေ့လာသည်ဟုနေသည် ဆိုသောကြောင့် မောင်အုန်းဖေနှင့် မောင်သန်း တင်တို့ ကဲ့သို့သော ဆရာကောင်းများ၏ လက်သည်မြိုမြိ မကြာမီအတွင်း တိုးသည် အစိုးရ စုံထောက်


www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ဦး ဖြစ်လာ၍ ဆရာများနည်းတူ ကျော်စော ထင်ရှားလာလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ကြောင်း၊ မောင်သန်းတင်နှင့် မောင်အုန်းဖေတို့မှာမူ ဤမှုလောက် နက်နဲခက်ခဲသော အမှုကို ပေါ်ပေါက်အောင် စုံထောက်နိုင်ကြခဲ့ပေသည့်အတွက် အထက် အရာရှိများက တနည်းနည်းအားဖြင့် ချီးမြှင့်ထိုက်ပါပေကြောင်း’

စသည်ဖြင့် ဖတ်ရှုရလေ၏။

ရှား။ ။“ကိုင်း ဆရာကြီး၊ ဘယ့်နှယ်ရှိစ။ ဒါကြောင့် ကျုပ်ပြောတယ် မဟုတ်ဘူးလား”

ကျွန်ုပ်တော်။ ။“မခံနိုင်ဘူးဗျာ။ ခင်ဗျား ကျေနပ်ပေမယ့် ကျွန်တော် မကျေနပ်နိုင်ဘူး။ အစိုးရ အရာရှိတွေက ဘယ်လိုထင်ထင် ကျွန်တော်တော့ တိုင်းပြည်က သိရအောင် မှန်တဲ့အတိုင်း ထုတ်ဖော်ပြီး ရေးတော့မယ်ဗျာ”

ရှား။ ။“ခင်ဗျာ့ သဘောပလေ”



www.burmeseclassic.com

www.burmeseclassic.com

# ၃။ အစိုးရစာချုပ် ပျောက်ဆုံးမှု*

တနေ့သော နံနက်၌ ကျွန်တော်သည် စာတိုက်မှ ရောက်လာသော စာများကို ဖောက်ကြည့်ရာ ကျောင်းနေဖက် သူငယ်ချင်း ကိုသူရထံမှ ပေးပို့လိုက်သော စာတစောင်ကို တွေ့ရပါသည်။

ကိုသူရဆိုသူမှာ မန္တလေးမြို့ အေ ဘီ အမ် ကျောင်းတွင် ကျောင်းနေဖက် ဖြစ်ခဲ့ဖူး၍ ကျွန်တော့်ထက် နှစ်တန်းမြင့်သူ ဖြစ်သောကြောင့် ကျောင်းသားများ ထုံးစံအတိုင်း သူက ကျွန်တော့်ကို သိခြင်းထက် ကျွန်တော်က သူ့ကို ပို၍ သိပါသည်။

ကျွန်တော် ၄ တန်း၌ရှိစဉ် ကိုသူရမှာ ခုနစ်တန်းသမားဖြစ်၍ ကျောင်းသားဘဝ တလျှောက်လုံး ကျွန်တော့်ထက် သုံးတန်း မြင့်သည် ဖြစ်သောကြောင့် ကျွန်တော် ခုနစ်တန်းအောင်သောအခါ ကိုသူရမှာ အင်ထရင့် (Entrance) စာမေးပွဲ အောင်၍ ကျောင်းထွက်သွားပါသည်။

အတန်းကြီး ငယ်မားလယောက်ဖြစ်သည့်အလျောက် ကိုသူရအကြောင်းကို ကျွန်တော်အတော်အတန် သိသော်လည်း ကိုသူရက ကျွန်တော့်ကို သိဟန်မတူ။ လွန်ခဲ့သောနှစ်က ဘောလုံးပွဲတွင် တွေ့ဆုံကြသည် တွင်မှ ကျွန်တော်တို့ နှစ်ယောက်လုံး ရန်ကုန်သို့ ရောက်နေကြခြင်းကို အပြန်အလှန် သိကြ၍ ကိုသူရမှာလည်း အတွင်းဝန်ရုံး၌ အလုပ်လုပ်လျက် ရှိကြောင်းကို သိရပါသည်။

ကိုသူရမှာ အရှေ့ပိုင်း၏သားဖြစ်၍ မန္တလေးမြို့၌ နေတိုင်ခိုက်တွင် ကျွန်တော်နှင့် ကျောင်းနေဖက် ဖြစ်ခဲ့ကြရာ စာမေးပွဲအောင်ပြီးနောက် သူ့ဖခင် အရေးပိုင် ပြောင်းရွှေ့ရာတွင် ကိုသူရလည်း ပါသွားသည်နှင့် ကျွန်တော်တို့ အချင်းချင်း မျက်ခြည်ပြတ်သွားခဲ့ပါသည်။

ကျောင်း၌ ရှိစဉ်ကသည်းက အရေးပိုင်သားဖြစ်၍ အခြားကျောင်းသားများထက် ပြောင်ပြောင် လက်လက် ဝတ်စားနိုင်ခြင်းအတွက်ကြောင့် ကျောင်းသားတို့ ထုံးစံအတိုင်း အခြား ကျောင်းသားကြီး များ၏ ညှဉ်းပန်းခြင်းကို ခံရပါသည်။

* ဤဝတ္ထုကို 'တိုင်းပြည်ရေး စာချုပ်ကြီးတခု ပျောက်ဆုံးသွားရာ မောင်စံရှား စုံထောက်ပုံ' အမည်ဖြင့် ဒူရိယ မဂ္ဂဇင်း၊ ၁၉၂၂၊ ဩဂုတ်၊ အတွဲ ၇၊ အမှတ် ၆ တွင် ဦးစွာဖော်ပြသည်။ ရှုမဝမဂ္ဂဇင်း၊ ၁၉၅၄၊ နိုဝင်ဘာ၊ အတွဲ ၈၊ အမှတ် ၉၁ တွင် 'အစိုးရစာချုပ် ပျောက်ဆုံးမှု၌ စုံထောက်ပုံ' အမည်ဖြင့် အသစ် ထပ်မံ ရေးသား ထည့်သွင်းသည်။ မြဝတီပုံနှိပ်တိုက်မှ အတွဲ ၈ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၄ တို့တွင် 'အတွင်းဝန်ရုံးမှ အစိုးရစာချုပ်' အမည်ဖြင့် ပြန်လည်ပုံနှိပ်သည်။ မူရင်းမှာ The Naval Treaty ဖြစ်သည်။

www.burmeseclassic.com

 www.burmeseclassic.com 

ထို့ပြင် သူ၏အတန်းထဲတွင် ကိုသူရသည် အသက်အငယ်ဆုံးဖြစ်၍ နောက်ဆုံးသော ကျောင်းသားကြီးများ၏ ထိပ်ထိုး ခေါင်းပုတ်ခြင်း ခံရ၍ ဘောလုံးကန်ကြသောအခါများ၌ ကိုသူရ၏ ညှိုးငယ်ကျည်းကို ဖိနှိပ်နှင့် ဆောင့်ကန်ချင်သူ ပေါများလှပါသည်။

အရေးပိုင်၏ သားတယောက် ဖြစ်ရုံသာမက ဦးလေးတယောက်ကလည်း ဝန်ထောက်၊ အဒေါ် တယောက်ကလည်း ဝပ်လိုက်တော်၊ ဘကြီးတယောက်ကလည်း လယ်ဝန် စသည်ဖြင့် အဆက် အနွယ် ကောင်းသူတယောက် ဖြစ်ပေရကား ကိုသူရမှာ ကျောင်းသားဘဝတွင် တနည်းအားဖြင့် မျက်နှာကြီး သော်လည်း ရွယ်တူချင်း၏ ညှဉ်းပန်းခြင်းကို အများဆုံး ခံရသူ တယောက် ဖြစ်လေသည်။

တဦးတယောက်နှင့်ရန်ဖြစ်သည့်အခါ ကိုသူရဘက်မှ ဖော်လံဖားချင်သော ကျောင်းသားတယောက် တလေ ရှိငြားသော်လည်း အများအားဖြင့်ကား ကိုသူရကို နှိမ်ချင်သူတို့သာ များလှပေသည်။

တခါက ကိုသူရ၏ သစ်လွင်သော ပိုးအင်္ကျီကို ကျောင်းသားတယောက်က မှင်တိန် ခါခြင်းဖြင့် မင်စွန်းအောင် တမင်လုပ်ခြင်းကြောင့် ရန်ဖြစ်ကြရာတွင် ကိုသူရဘက်မှ လိုက်သူမရှိပဲ မှင်တိန်သမား ဘက်မှ ကူညီကာ–

"မတော်လို့ဖြစ်တာ ဘယ်တတ်နိုင်မလဲ"ဟု ထောက်ခံ ပြောဆိုကြသည်ကို ကျွန်ုပ်သော် သတိရမိပါ သေးသည်။

ကိုသူရမှာ ကျောင်းသားဘဝတွင် ထိုကဲ့သို့ အညှဉ်းခံရသော်လည်း ရန်ကုန်ကောလိပ်တွင် ပညာ ဆက်လက်သင်ကြား၍ ဘီအေ အောင်ပြီးသဖြင့် အစိုးရဘက်၌ အမှုထမ်းရာတွင် ခေတ်နှင့် မျှရှိန်ကြောင့် ရာထူး လျင်မြန်စွာ တိုးတက်၍ အမှုထမ်းသက် နှစ်ဆယ် မပြည့်သေးမီ ရန်ကုန်မြို့ အတွင်းဝန်ကြီးများရုံး၌ အရေးကြီးသော ဌာနတခုတွင် အကြီးအမှူးဖြစ်သော အရာရှိကြီး၏ ပီအေ ခေါ် အပါးတော်မြဲ ရာထူးကို ရရှိခဲ့လေသည်။

ထိုခေတ်အခါက မြို့အုပ် ဝန်ထောက် အစရှိသော ရာထူးများမှာ လူငါးကောင် ရနိုင်ကြသော်လည်း ပီအေ ရာထူးမှာမူ ဗြိတိသျှအစိုးရက အလွန်ထူး ယုံကြည်စိတ်ချရသော အရာရှိကြီးများ၏ အဆက်အနွယ်များ သာလျှင် ရနိုင်ကြလေသည်။

အချို့သော ပညာတတ်များသည် မြို့အုပ် ဝန်ထောက်စသော ရာထူးများမှာ ငှက်တော ခွေးတော မရှောင် အစိုးရစေလွှတ်ရာသို့ သွားရ၍ အတွင်းဝန်များရုံးကြီး၌ စာရေးကြီးဖြစ်ရသည်လောက်မျှ ကူခြေ မရဟု ဆိုကာ မက်မောတတ်ကြသည်ဖြစ်ရာ ကိုသူရ ရရှိသော ပီအေ ရာထူးမှာ မြန်မာလူမျိုးများအဖို့တွင် အထက်တန်းကျသော ရာထူးတခုလည်း ဖြစ်ပေ၏။

ကျွန်တော်သည် ကိုသူရ၏စာကို ဖတ်ရသောအခါတွင် အထက်ပါ အခြင်းအရာများသည် စိတ်ထဲ တွင် ပေါ်လာ၍ ငယ်စဉ်က အဖြစ်အပျက်များကိုလည်း သတိရမိပါသေးသည်။

ကိုသူရ၏စာမှာ ထိုခေတ်က ခေတ်ပညာတတ်သူများ ရေးသားလေ့ ရှိသည့်အတိုင်း အင်္ဂလိပ်လို ရေးထား၍ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

မိတ်ဆွေကြီး ကိုသိန်းမောင်

ပိုးဟပ်ဖြူခေါ် ကျွန်တော် မောင်သူရကို ခင်ဗျား သတိရကောင်း ရပါလိမ့်မည်။ မနှစ်က ဘောလုံးပွဲတွင် တကြိမ်တွေ့ကြ၍ အတွင်းဝန်များရုံးတွင် အပါးတော်မြဲ အဖြစ်နှင့် အမှုထမ်းနေခြင်းကိုလည်း ခင်ဗျား သတိရလောက်ပါသည်။

အတိယအကြိမ်

www.burmeseclassic.com


ကျွန်တော့်မှာ ဤရာထူးတွင် နာမည်ကောင်းရ၍ ရှေ့အဖို့တွင် မျှော်လင့်ချက်များစွာရှိသည်ဟု ယုံကြည်စိတ်ချနေခိုက်တွင် မလျော်ကန်သော အဖြစ်အပျက်တခု ပေါ်သည်နှင့် အကြီးအကျယ် စိတ်ညစ်လျက် ရှိပါသည်။

မျက်နှာစုံညီ တွေ့ကြသောအခါမှ ထိုအကြောင်းခြင်းရာကို ပြောရဦးမည်ဖြစ်သောကြောင့် ဤစာတွင် ထည့်သွင်းဖော်ပြခြင်း မပြုတော့ပါ။ ကျွန်တော်မှာ ဤကိစ္စကြောင့် ဦးနှောက်ကိုထိခိုက်ပြီး ရက်သတ္တ နှစ်ပတ်ခန့်မျှ အပြင်းအထန် ဖျားနာရပါသေးသည်။

ခင်ဗျား၏မိတ်ဆွေ ဦးစံရှားအကြောင်းကို ကျွန်တော်ကြားရဖူး၍ ကျွန်တော့်ထံသို့ ခေါ်လာခဲ့နိုင်ပါလျှင် ကျေးဇူးကြီးလှပါသည်။ ကျွန်တော်ကိုယ်တိုင် မလာနိုင်၍ ဤကဲ့သို့ တောင်းပန်ရခြင်း ဖြစ်ပါသည်။

ကျွန်တော့်မှာ ကိုယ်တိုင်လာဖို့ မဆိုထားဘိ၊ ဤစာကိုပင် ကျွန်တော် ကိုယ်တိုင် မရေးနိုင်သဖြင့် သူတပါးအား ရေးခိုင်းရပါသည်။ ဟန်ကြီးပန်ကြီးသဘောထား၍ အခန့်စား အနေနှင့် ခေါ်ယူခြင်း မဟုတ်သည်ကို ဦးစံရှား သိစေလိုပါသည်။

သို့ဖြစ်၍ ဤစာရလျှင်ရချင်း ဦးစံရှားနှင့်အတူ ကျွန်တော်၏နေအိမ်သို့ လာရောက်ကြလိမ့်မည်ဟု မျှော်လင့် ယုံကြည်လျက် ရှိပါကြောင်း။

သူရ (မှီးဟင်ဖြူ)

ကျွန်တော်သည် အထက်ပါစာကို ဖတ်ရှုရသောအခါ ကျောင်းနေဖက် သူငယ်ချင်းတယောက်၏ အခက်အခဲကို ကိုယ်ချင်းစာသဘောနှင့် ကရုဏာသက်သည် ဖြစ်၍ ကျွန်တော့်ကဲ့သို့ပင် စာအိတ်များကို ဖောက်၍ ဖတ်လျက်ရှိသော ဦးစံရှား၏ စားပွဲသို့ ချက်ချင်း ထသွားပြီးလျှင် ယင်းစာကို ပြပါတော့သည်။

ဦးစံရှားသည် စာကိုဖတ်၍ ကိုသူရနှင့်ပတ်သက်သည့် ငယ်ကျိုးငယ်နာများကို ကျွန်တော် ပြောပြသည့် အတိုင်း နားထောင်ပြီးနောက်—

ရှား။ ။"ဒီစာက သူ့လက်ရေး မဟုတ်တာတော့ သိရပြီ။ ဒါတွင် မကဘူး၊ မိန်းမလက်ရေးဗျ"

ကျွန်တော်။ ။"ဟုတ်ကဲ့လားဗျာ၊ ကျွန်တော်တော့ ယောကျ်ားလက်ရေး ထင်တာပဲ"

ရှား။ ။"မဟုတ်ဘူးဗျ၊ မိန်းမလက်ရေးဆိုတာ သေချာတယ်။ သို့သော် မိန်းမဆိုပေမယ့် သာမညမိန်းမစားမျိုး မဟုတ်ဘူးဗျ။ တော်တော် တင်းမာပြတ်တောက်တဲ့ စိတ်သဘောထားရှိတဲ့ မိန်းမပဲ။ ဒါ့ကြောင့်မို့ ခင်ဗျားက ယောကျ်ားလက်ရေး ထင်မိဟန်တူတယ်။ ဒီလက်ရေးမြင်တာနဲ့ ကျုပ်အဖို့ရာတော့ ဒီအမှုမှာ တော်တော် စိတ်ဝင်စားလာပြီဗျို့။ ကျုပ်အမှုသည်ဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးနဲ့ အဆက်အသွယ်ရှိတာကို ပကာတူးက ကြိုတင်ပြီး သိထားရခြင်းဟာလဲ အမှုအတွက် တော်တော်နေရာကျတယ်ဗျ။ ကိုင်း ပြောနေကြာရော့၊ သူ့အိမ်က ဝင်ဒါမီယာပတ်မှာဆို၊ လာဗျာ ချက်ချင်းသွားကြစို့"

ကျွန်တော်တို့သည် တက္ကစီတစီးနှင့် သွားကြ၍ ဝင်ဒါမီယာပတ်သို့ ရောက်ကြသောအခါ ဝင်းတံခါးတွင် 'သူရ' ဟူသော ဆိုင်းဘုတ်တပ်ထားသည့် အိမ်ကြီးကို တွေ့ရလေသည်။

နေအိမ်မှာ သူ့ဝင်း သူ့ခြံနှင့် တသီးတသန့်တည်ရှိ၍ လခ အတော်ကောင်းသည့် အထက်တန်းအရာရှိများနေထိုင်သည့် အိမ်ကြီးမျိုးဖြစ်လေရာ ကျွန်တော်တို့သည် ဝင်းတံခါးမှ အိမ်ကြီးထဲသို့ ဝင်သွားကြသောအခါ ဖြူဖြူဖိုင့်ဖိုင့်နှင့် နုတ်လျာသွက်လက်သည့် လူလတ်အရွယ်တယောက်က ခရီးဦးကြိုပြုလေသည်။

ထိုသူသည် ကျွန်တော်တို့အား ညေ့ခန်းတွင် နေရာထိုင်ခင်းပေး၍ ကိုသူရက တနံနက်လုံး ကျွန်တော်တို့ကို စောင့်မျှော်နေကြောင်း ပြောပြလေသည်။

ကျွန်တော်။ ။"မိတ်ဆွေက ကိုသူရနဲ့ ဘယ်လိုတော်သလဲ ခင်ဗျာ"

ထိုလူ။ ။(ပြုံးရယ်လျက်) "အခုတော့ ဘယ်လိုမှမတော်သေးဘူး ဆိုပါတော့ခင်ဗျာ၊ အမှန်မှာတော့ ကျွန်တော်က ယောက်ဖလောင်းပါ။ ကျွန်တော့်နှမ မစန်းစန်းက မကြာမီ ကိုသူရနဲ့ လက်ထပ်ဖို့ပါပဲ။ ကိုသူရ နေမကောင်းတုန်းက စန်းစန်းက ပြုစုလိုက်ပုံတော့ နေ့မအိပ် ညမအိပ်ပါပဲခင်ဗျာ။ အခုလဲပဲ ကိုသူရ အနားမှာ စန်းစန်းပဲ စောင့်ရှောက်နေပါတယ်။ ကိုင်း ကိုသူရက ခင်ဗျားတို့ကို တမေးတည်း မေးနေပါတယ်။ ကြွပါခင်ဗျာ။ သူ့အခန်းသို့ သွားကြပါစို့"ဟု ဆိုကာ အတွင်းဆောင်သို့ ခေါ်သွားသည်နှင့် ကျွန်တော်တို့လည်း လိုက်ပါသွားကြလေ၏။

အိမ်ကြီးအလယ်ပိုင်းတွင် ပန်းအိုးတင် စားပွဲကလေးများနှင့် ဆိုဖာကြီးအပြင် အခြားအိမ်ထောင်မှု မရှိသည့် အခန်းတခန်းအတွင်း ပြတင်းပေါက်တခုအနီးတွင် ခုတင်တလုံးနှင့် ကုလားထိုင်တလုံး ရှိ၏။

ခုတင်ပေါ်တွင် ကိုသူရက လျောင်းလျက် ကုလားထိုင်ပေါ်၌ကား မိန်းမတယောက် ထိုင်ကာ အင်္ဂလိပ်ဝတ္ထုစာအုပ်တအုပ် ဖတ်ပြနေသည်ကို တွေ့ရ၏။

ထိုမိန်းမသည် ကျွန်တော်တို့ကို မြင်သည်နှင့် တပြိုင်နက် ထိုင်ရာမှ ထ၍—

"ကျွန်မ ဖတ်ပေးမယ်နော် ကိုသူရ"ဟု ပြောရာ ကိုသူရက—

"နေသာနေပါ"ဟု ပြောသည်တွင်မှ ပြန်၍ ထိုင်လိုက်လေသည်။

ကိုသူရမှာ ယခင်နှစ်က ကျွန်တော်တွေ့ရသော ကိုသူရထက် များစွာကြုံလှီ၍ အသားအရည်မှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသောကြောင့် 'ပိုးဟပ်ဖြူ'ဆိုသော သူ၏နာမည်ကို ကျွန်တော် သတိရမိသေးသည်။

ကိုသူရသည် လျောင်းရာမှ ထ၍ ကျွန်တော်တို့အား နှုတ်ဆက်သည်တွင် ကျွန်တော်က—

"ဦးစံရှားဆိုတာပါပဲဗျာ"ဟု ဆိုကာ မိတ်ဆက်ပြီးနောက် ဆိုဖာပေါ်တွင် ထိုင်ကြသည်။

ယောက်ဖလောင်းဆိုသူမှာ အိမ်ပေါ်မှ ဆင်းသွား၍ စန်းစန်းသာလျှင် ခုတင်အနီးတွင် ထိုင်လျက်ရှိသည်။

စန်းစန်းဆိုသော မိန်းမကား အသက် နှစ်ဆယ့်ငါးနှစ်ခန့်ရှိ၍ နှာခေါင်းချွန်ချွန် မျက်ခုံးတန်းတန်း နဖူးကျယ်ကျယ်နှင့် အလွန်တရာ ကြည်လင်တောက်ပသော မျက်လုံးများ ရှိသည်ဖြစ်၍ ထူးကဲသော ဥပဓိရုပ်ရှိသူတယောက် ဖြစ်ပေ၏။

ထိုမိန်းမ၏ မျက်နက်သည် လည်းကောင်း၊ မျက်ခုံးမွေးသည် လည်းကောင်း၊ ဆံပင်သည် လည်းကောင်း အထူး နက်မှောင်သည် ဟူ၍လည်း ကျွန်တော် သတိပြုမိသည်။

ရ။ ။(ခုတင်ပေါ်ထိုင်ယင်း) "ကိုင်း ခင်ဗျာ၊ စကားပလ္လင်တွေ အရှည်ကြီး မခံတော့ပဲ အဖြစ်အပျက်ကို ပြောပြပါတော့မယ်။ ကိုယ့်ရာထူးကလေးမှာ အင်မတန်ကြည်နူးနေလို့မို့ လက်ထပ်တော့မယ် ကြံရွယ်တုန်းမှာ ဒီကိစ္စ လာပေါ်ရတယ် ခင်ဗျာ။

"ကျွန်တော်က ကိုသိန်းမောင် သိတဲ့အတိုင်း တာကွယ်ရေး ဌာနတက်မှာ အပါးတော်မြဲပါ ခင်ဗျာ။ ဒီဌာနဟာ တိုင်းပြည်မှာ လူသိနည်းသော်လဲ ဗြိတိသျှ အစိုးရ အဖို့မှာတော့ အလွန်အရေးကြီးတဲ့ ဌာနပါ ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် နေရာမှာ မျက်နှာဖြူချည်းပဲ ထားပါတယ်။ ကျွန်တော့်ကိုမှ အယုံကြည်ချရတဲ့ လူတယောက်ဆိုပြီး ဗမာထဲက ရွေးဦးစွာ ခန့်ထားခြင်းဖြစ်ပါတယ်။ နိုင်ငံခြားရေးရုံနဲ့ ပတ်သက်လို့ အရေးကြီးတဲ့ အကြောင်းခြင်းရာများကိုလဲ သိရတဲ့နေရာ ဖြစ်ပါတယ်။

"လွန်ခဲ့တဲ့တလလောက် (မေ ၂၃ ရက်နေ့) တုန်းက ဌာနကိုင်အရာရှိက ကျွန်တော့်ကို သူ့အခန်းထဲခေါ်ပြီး အလွန့်အလွန် အရေးကြီးတဲ့ အလုပ်ကိစ္စတခုမှာ ကျွန်တော့်ကို ခိုင်းစရာရှိတယ်လို့ စကားစချီပြီး စာချုပ်တခု ကျွန်တော့်ကို ပြပါတယ်။

"စာချုပ်က ယိုးဒယားပြည် အစိုးရနဲ့ ဗြိတိသျှအစိုးရရဲ့ ဗမာပြည်ရေးရာနဲ့ ပတ်သက်တဲ့ စာချုပ်ကိုး ခင်ဗျ။ ဒီစာချုပ်ဟာက လူသိနတ်ကြား အထင်အရှား ချုပ်ဆိုတဲ့ စာချုပ်မျိုးမဟုတ်၊ လျှို့ဝှက်စွာ ချုပ်ဆိုရတဲ့ အခြေအနေမှာရှိနေတော့ နိုင်ငံခြားအစိုးရတွေဟူသမျှက ဒီစာချုပ်အကြောင်းကို အင်မတန် သိချင်ကြတယ်။

"ဗမာပြည်အတွင်းမှာဆိုယင် အမေရိကန်အစိုးရရဲ့ ကောင်စစ်ဝန်လဲ ရှိတယ်။ ပြင်သစ်အစိုးရရဲ့ ကောင်စစ်ဝန်လဲ ရှိတယ်။ဂျာမနီအစိုးရရဲ့ ကောင်စစ်ဝန်လဲရှိတယ်။အဲဒီပုဂ္ဂိုလ်တွေက သူတို့အစိုးရအသီးသီး အတွက် ငွေဘယ်လောက်မဆို အကုန်အကျခံပြီး ဒီစာချုပ်ပါ စည်းကမ်းချက်များကို သိလိုကြမယ်ကေန္တပဲ။

"ဂျပန်အစိုးရဆိုယင် ဒီလိုသတင်းမျိုးအတွက် ငွေသုံးလေးသိန်းအကုန်ခံဖို့ ဘာမှဦးမလေးဘူးခင်ဗျ။ ဒီစာချုပ်ကို ကာကွယ်ရေးဘက်ဆိုင်ရာ အရာရှိချုပ်ရဲ့ မီးခံသေတ္တာထဲမှာ သိမ်းထားရာက ကော်ပီကူးစေလိုတဲ့ အတွက် ကျွန်တော့်လက်ကို အပ်ခြင်းဖြစ်ပါတယ်။

"လက်နှိပ်စက်ကော်ပီ ကူးခြင်းအလုပ်ဟာ ကျွန်တော့်ဝတ္တရားမဟုတ်၊ လက်နှိပ်စက် စာရေးတွေရဲ့ အလုပ်ဝတ္တရားဖြစ်သော်လဲ သူတို့ကို ကူးခိုင်းယင် ပေါက်ကြားမှာ စိုးရိမ်ရတဲ့အတွက် အပါးတော်မြဲ ကိုယ်တိုင် ကော်ပီကူးစေဖို့ ပေးခြင်းဖြစ်ပါတယ်။

"ကော်ပီကူးဖို့ ကျွန်တော့်လက်ထဲအပ်လိုက်တော့ ကျွန်တော့်အကြံက ဘယ်လိုလဲဆိုတော့ ရုံးချိန်လွန်သည့်တိုင်အောင် ရုံးထဲမှာ ကျွန်တော်တယောက်တည်း နေရစ်ပြီးမှ စိတ်ချလက်ချ ကူးဖို့ကိုးခင်ဗျ။ ရုံးချိန်အတွင်းမှာဆိုယင် သူဝင် ငါထွက်နဲ့ တစ္စန်းတစ ရိပ်မိသွားမှာ စိုးရတယ်။ ဒါနဲ့ စာချုပ်ကို ကျွန်တော် ယူလာခဲ့ပြီး ရုံးချိန်လွန်အောင် စောင့်နေတုန်းမှာ...."

ရှား။ ။"နေစမ်းပါအုံးဗျာ၊ ခင်ဗျားတို့ စကားပြောတာကို အပြင်က ကြားနိုင်လောက်သလား"

ရ။ ။"မကြားနိုင်ပါဘူးခင်ဗျာ။ သူ့အခန်းက အကျယ်ကြီးမို့ စကားပြောတဲ့ နေရာနဲ့ တံခါးပေါက် အဝေးကြီးပါ"

ရှား။ ။"ပြောတော့ကော ကျယ်ကျယ် ပြောသလား"

ရ။ ။"မပြောဘူးခင်ဗျ။ ကျွန်တော့် ဘော့စ်က အခါခပ်သိမ်း တိုးတိုးပြောလေ့ ရှိပါတယ်။ ကျွန်တော်ဆိုတာကတော့ စကားပြောခွင့်ကို မရှိပါဘူး"

ရှား။ ။"ကော်ပီကူးပြီး ဘယ်လိုလုပ်ရမှာလဲ"

ရ။ ။"ကော်ပီကူးပြီး ကျွန်တော့် ဗီရိုထဲမှာ သော့ခတ်ထားခဲ့ပြီး နောက်တနေ့ကျမှ ဘော့စ် လက်ထဲကို အပ်ရုံပါပဲ။ ဒါနဲ့ ရုံးဆင်းချိန်ကျလို့ လူတွေအားလုံး ရုံးဆင်းသွားကြတဲ့အခါမှာ ကျွန်တော်က စာချုပ်ကို ဗီရိုထဲကထုတ်ပြီး လက်နှိပ်စက်နဲ့ ကော်ပီကူးပါရော ခင်ဗျာ။

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က ခင်ဗျားတို့တွေ့လိုက်တဲ့ ကျွန်တော့် ယောက်ဖလောင်း ကိုဘမောင်နဲ့လဲ ကျွန်တော့် အိမ်ကို အတူတူပြန်ကြဖို့ ဘူတာရုံမှာ ချိန်းထားတယ်ခင်ဗျ။ ဒီတော့ ကျွန်တော် ဘောလုံးပွဲမကြည့်ပဲ ဒီအလုပ်ကို လုပ်ပြီး ဘူတာရုံသွားယင် ကိုဘမောင်ကို တွေ့လိုတွေ့ငြားဆိုပြီး ကျွန်တော် ခပ်လောလော ဖြစ်နေတယ်။

"စာချုပ်ကို ကျွန်တော် ဖတ်ကြည့်လိုက်တော့ နိုင်ငံခြား အစိုးရတွေက ငွေကုန် ကြေးကျခံပြီး သိအောင် ကြိုးစားလိမ့်မယ်ဆိုတာ ဟုတ်လောက်တယ်ခင်ဗျ။ ကမ္ဘာစစ်ဖြစ်လို့ ဒီဘက်ပိုင်းကို ဂျပန်စစ်တပ် ချီတက်လို့ရှိယင် ယိုးဒယားအစိုးရက ဘယ်လိုလုပ်ဖို့၊ ဗမာအစိုးရက ဘယ်လိုလုပ်ဖို့ဆိုတဲ့ စည်းကမ်းချက်တွေ ပါတာကိုး ခင်ဗျ။

"ဒါနဲ့ လက်နှိပ်စက်တလုံးနဲ့ ကော်ပီကူးလိုက်တာ ခြောက်နာရီထိုးသော်လဲ စည်းကမ်းချက် ဆယ့်လေးချက်အနက် ဆယ်ချက်သာ ကူးပြီးသေးတယ်။ လေးချက် ကျန်သေးတယ်ခင်ဗျ။ ခေါင်းထဲမှာလဲ မူးနောက်နောက်ဖြစ်လာပြီ။ ဒါနဲ့ ကော်ဖီတခွက်သောက်ရယင် အပန်းပြေလိမ့်မယ်ဆိုပြီး ချာပရာစီကုလား နာဆာရူဒင်ကို ရေနွေးတည်ခိုင်းရအောင် ခေါင်းလောင်းထိုးခေါ်လိုက်တယ်။

"ကျွန်တော်တို့ရုံးမှာ တခါတလေ အလုပ်အရေးကြီးလို့ မိုးချုပ်အောင် အလုပ် လုပ်ရတဲ့အခါမျိုးမှာ နာဆာရူဒင်က ကော်ဖီကျိုတိုက်ဖို့ အစီအစဉ် ရှိတယ်ခင်ဗျ"

ရှား။ ။"ခင်ဗျားတို့ရုံးထဲမှာ ကော်ဖီဆိုင်ရှိတယ် မဟုတ်လား"

ရ။ ။"ရှိတော့ ရှိပါတယ်။ ဒါပေမယ့် ရုံးဆင်းချိန်လွန်ပြီးယင် ဆိုင်ပိတ်လေ့ရှိလို့ ကိုယ့်ဟာကိုယ် ဖျော်သောက်ဖို့ အစီအစဉ်လုပ်ထားတယ်။ ဒါနဲ့ ခေါင်းလောင်း ထိုးလိုက်တော့ ကျွန်တော် မျှော်လင့်သလို နာဆာရူဒင် ပေါ်မလာပဲ ကုလားမတယောက် ဝင်လာတယ်။ ကျွန်တော်က 'ဘယ့်နှယ်ဟာတုံး' လို့ မေးတော့ သူဟာ နာဆာရူဒင်ရဲ့ မယားပါတဲ့။ ဘာပဲဖြစ်ဖြစ် ကော်ဖီဖျော်ရအောင် ရေနွေးတည်ပြီး ကော်ဖီတခွက် ဖျော်ခဲ့ဖို့ ပြောလိုက်လေတော့ ကုလားမကြီး ပြန်ဆင်းသွားတယ် ခင်ဗျ။ ဆက်လက်ပြီး လက်နှိပ်စက်နဲ့ ကော်ပီကူးလိုက်တာ စည်းကမ်းချက် နှစ်ခုပြီးသော်လဲ ကော်ဖီ ရောက်မလာသေးဘူး။ ခေါင်းထဲက မူးရုံမက ရင်ထဲကတောင် အော်ဂလီဆန်လာပြီ။

"ဒါနဲ့ ထလာပြီး နာဆာရူဒင်နေတဲ့ အခန်းကို ကျွန်တော် ဆင်းလာခဲ့တာကိုး။ သူ့အခန်းထဲရောက်တော့ လေထိုးမီးဖိုပေါ်မှာ ရေနွေးအိုးကြီး ဆူလို့။ နာဆာရူဒင်က ခုံရှည်တခုပေါ်မှာ အိပ်ပျော်လို့။ ဒါနဲ့ ကျွန်တော်က စိတ်ပေါက်ပေါက်နဲ့ နာဆာရူဒင်ကို လှုပ်နှိုးမယ်လုပ်တုန်း သူ့ခေါင်းပေါ်က လျှပ်စစ်ခေါက်ဘဲလ်က 'ကလင် ကလင်'နဲ့ အလန့်တကြားမြည်လိုက်လို့ နာဆာရူဒင်က လန့်နိုးပြီး ကယောင်ကတမ်းနဲ့ ထထိုင်တာကိုး ခင်ဗျ။ ကျွန်တော်က ကော်ဖီဘယ်မှာလဲလို့ မေးတော့ နာဆာရူဒင်က ရေနွေးအိုးတည်နေတုန်းမှာ အိပ်ငိုက်သွားလို့ပါတဲ့ ခင်ဗျ။ ပြောပြောဆိုဆိုနဲ့ ခေါင်းလောင်းကို မော့ကြည့်တာကိုး။ သူ့မျက်နှာက အံ့သြနေပုံရတယ်။ ကျွန်တော်က ဘာကြည့်တာလဲမေးတော့ နာဆာရူဒင်က 'ထူးဆန်းတယ်ဆပ်၊ ဒီမှာ ဆပ် ရှိနေယင်ဘဲလ်ကို ဘယ်သူထိုးသလဲ'တဲ့။ ပြောလိုက်ခါရှိသေး၊ ကျွန်တော့် ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွားပါရော ခင်ဗျာ။ ကျွန်တော်က ဒီမှာ ရှိနေတုန်း ကျွန်တော့်အခန်းထဲမှာ တယောက်ယောက်ရောက်နေတဲ့ အဓိပ္ပာယ်ကိုးခင်ဗျ။ ဒီတော့ ကျွန်တော့်မှာ ထိတ်ထိတ်ပျာပျာဖြစ်ပြီး ပျာရီးပျာရာ တက်ပြေးလာခဲ့တော့ အခန်းထဲမှာ ဘယ်သူမှ မရှိဘူး။ နို့ပေမယ့် လက်နှိပ်စက်နားမှာ ကျွန်တော် ကူးထားတဲ့ ကော်ပီတွေသာရှိတော့တယ်။ မူလစာချုပ်ကတော့ မရှိတော့ဘူး ခင်ဗျ"

ရှား။ ။"ဒီတော့ ခင်ဗျားက ဘာလုပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရ။ ။"ဒီတော့ ချက်ချင်း ဘာကို ကျွန်တော် စဉ်းစားမိသလဲဆိုတော့ စာချုပ်ခိုးတဲ့လူဟာ ကျွန်တော့်အခန်းထဲရောက်အောင် တခြားဘက်က တက်ခဲ့ခြင်း ဖြစ်ရမယ်။ နာဆာရှုဒင်ဆီကို ကျွန်တော် ဆင်းလာတဲ့သမ်းဆာ တက်လာခဲ့လို့ရှိယင် လမ်းမှာ ကျွန်တော်နဲ့ တွေ့ရမယ်လို့ ကျွန်တော် စဉ်းစားမိတယ်"

ရှား။ ။"ခင်ဗျားအခန်းထဲမှာ ပုန်းစောင့်နေတာကော မဖြစ်နိုင်ဘူးလားဗျာ"

ရ။ ။"မဖြစ်နိုင်ဘူး ခင်ဗျ။ လူမဆိုထားနဲ့ ကြောင်ပုန်းစရာတောင် နေရာမရှိဘူး ခင်ဗျ"

ရှား။ ။"ဆောင်ကူး လမ်းကြားမှာကောဗျာ"

ရ။ ။"ဒီမှာလဲ ပုန်းစရာ အကာအကွယ် မရှိဘူးခင်ဗျ"

ရှား။ ။"ကိုင်း ဆိုပါအုံးဗျာ။ ဒီ့နောက်တော့ ခင်ဗျား ဘာလုပ်သလဲ"

ရ။ ။"နာဆာရှုဒင်ကလဲ ကျွန်တော့်နောက်က ပြေးတက်လိုက်လာပြီး ဟိုဟိုဒီဒီရှာကြတာပ ခင်ဗျာ။ ရှာပေမယ့် လူအစအနဆိုလို့ ဘာမှ မတွေ့ဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး မိုးရွာကြီးထဲမှာ ရုံးပေါက ဆင်းပြေးလာပြီး စပတ်လမ်းဘက် တံခါးပေါက်က ထွက်၊ လမ်းစောင့်ပုလိပ်နဲ့ တွေ့၊ ရုံးပေါ်မှာ သူခိုး ခိုးသွားတဲ့အကြောင်းပြော၊ ဒီဘက် တံခါးပေါက်က မသင်္ကာဖွယ် လူတယောက် ယောက်ကို မမြင်လိုက်ဘူးလားလို့ မေးတယ်။ ဝဝတုတ်တုတ် ကုလားမကြီးတယောက်တော့ မြင်လိုက် တယ်လို့ ပုလိပ်က ပြောရာမှာ နာဆာရှုဒင်က သူ့မိန်းမပါလို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော်က ပုလိပ်ကို ဆက်လက်ပြီး မေးတော့ ဝဝတုတ်တုတ် ကုလားမကြီးဟာ ပျာရီးပျာရာ ထွက်သွားကယ်လို့ ပြောပါတယ်။ ဘယ်လောက် ကြာပြီလဲလို့ ကျွန်တော်ကမေးတော့ ငါးမိနစ်လောက် အတွင်းမှာပဲတဲ့။ ဒါနဲ့ ကျွန်တော်က ပုလိပ်သားကို မေးနေတုန်းမှာ နာဆာရှုဒင်က အချည်းနှီး အချိန်ကုန်ရမလားဆိုပြီး စတော့ကိတ်လမ်းဘက် တံခါးပေါက်ဆီကို ပြေးသွားပါတယ်။ ခဏလောက်ကြာတော့ ကျွန်တော်လဲ သူ့နောက်ကို လိုက်ပြေးသွားတယ်။ ဒီဘက်ဂိတ်ပေါက်က ပုလိပ်ကို မေးကြည့်တော့လဲ ရုံးထဲက တစုံ တယောက် ထွက်သွားတာကို မမြင်လိုက်ရပါဘူးလို့ ပြောတယ်။ ဒီတော့ တခါ ကျွန်တော်တို့နှစ်ယောက် ရုံးကြီးပေါ် ပြန်တက်လာပြီး ဆောင်ကူးလမ်းကြားတွေမှန်သမျှ ရှာကြည့်ကြတော့လဲ ဘာမှ မတွေ့ရ ပါဘူး"

ရှား။ ။"ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

ရ။ ။"ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းတာ တခုက ဘယ်သူပဲဖြစ်ဖြစ် စာချုပ်ကို ခိုးတယ်ဆိုတာ ထားပါတော့။ ခိုးနေတုန်းမှာ ခေါင်းလောင်းကို မြည်အောင်နှိပ်ပြီး ဝမ်နင်ပေးလိုက်ခြင်းကို လုံးလုံး နားမလည်ဘူး"

ရှား။ ။"အခန်းထဲမှာ ခင်ဗျားတို့ ရှာကြည့်တော့ ဆေးပြင်းလိပ်တိုတို၊ စီးကရက်တိုတို ဆိုတဲ့ ဟာမျိုး တွေ့ရသေးလား"

ရ။ ။"မတွေ့ဘူး ခင်ဗျာ"

ရှား။ ။"အနံ့ကောဗျာ"

ရ။ ။"ဘယ်လို အနံ့လဲ ခင်ဗျာ"

ရှား။ ။"ဆေးပြင်းလိပ်နံ့တို့၊ ဆေးတံနံ့တို့၊ ပေါင်ဒါနံ့တို့ ဆိုတဲ့ဟာမျိုးတွေပေါ့ဗျာ"

ရ။ ။"ဒါလောက်တောင်တော့ ကျွန်တော် သတိမထားမိဘူး ခင်ဗျာ"

ရှား။ ။"ဒီနောက်တော့ ခင်ဗျား ဘာလုပ်သလဲ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရ။ ။“နာဆာရှုဒင်ရဲ့ မိန်းမဟာ ပျာရီးပျာရာ ထွက်သွားတာကို လမ်းစောင့် ပုလိပ်က မြင်လိုက်ရတယ်ဆိုလို့ ဒီမိန်းမကို မသင်္ကာတာနဲ့ ပုလိပ်က သူ့ကို ဖမ်းပါရော ခင်ဗျာ”

ရှား။ ။“ဪ ပုလိပ်ကို တိုင်ပြီးပြီလား”

ရ။ ။“တိုင်ရတာပေါ့ခင်ဗျာ။ ဒါနဲ့ စုံထောက်တယောက်နဲ့ ကျွန်တော်နဲ့ နာဆာရှုဒင်တို့ လင်မယား နေတဲ့အခန်းကို သွားရှာကြတော့ သူ့မိန်းမကြီး လုပ်ပုံကိုင်ပုံ အမူအရာတွေကို ကျွန်တော် မကြိုက်တာနဲ့ မိန်းမကြီးကို ဖမ်းချုပ်တယ်ခင်ဗျ”

ရှား။ ။“ဘယ်လို အမူအရာကို မကြိုက်တာလဲ”

ရ။ ။“ကျွန်တော်တို့ကိုမြင်တော့ မိန်းမကြီးက သူ့သမီးကို တီးတိုးစကား ပြောတယ်ခင်ဗျ။ ‘ဘာပြောတာလဲ’လို့ ကျွန်တော်တို့က စစ်ဆေးတော့ ဒိုဘီကုလားနဲ့ ဒိုဘီတထည်အတွက် ရန်ဖြစ်ထားကြလို့ပါတဲ့။ ဒီစကားကို ကျွန်တော်တို့ မကျေနပ်ဘူး။ သို့သော်လဲ သူတို့ အခန်းထဲမှာ အနှံ့အပြား လိုက်ရှာကြည့်တော့ ဘာမှ မတွေ့ရဘူးခင်ဗျ။ ဌာနာရောက်တော့ မိန်းမကြီးကိုယ်ထဲမှာ ပုလိပ်သား မိန်းမတယောက်ကို ရှာစေသော်လဲ ဘာမှ မတွေ့ရဘူးခင်ဗျ။ ခုပြောခဲ့တာတွေဟာ တညနေအတွင်း အဖြစ်အပျက်တွေကိုးခင်ဗျ။ စောစောပိုင်းကတော့ ထူပူနေလို့မို့ မစဉ်းစားမိဘူး။ နောက်ဆုံးမှာ စာချုပ်ပြန်မတွေ့လို့ အိမ်ပြန်လာခဲ့တော့ တသက်ပတ်လုံးအတွက် ကြီးပွားရေးတွေတော့ သွားရှာပေပြီဆိုပြီး လမ်းတလျှောက်လုံး စိတ်ပူလာလိုက်တာ မပြောပါနဲ့တော့ခင်ဗျာ။ လူကို ရူးချင်သလို နှမ်းချင်သလို ဖြစ်လာခဲ့တာပဲ။ ကျွန်တော့်အိမ်မှာ အမေရယ်၊ နှမလေးရယ်၊ ဦးလေးရယ်၊ ကျွန်တော်နဲ့ အတူနေကြလေတော့ တအိမ်လုံး ပူဆွေးဒုက္ခ ရောက်ကုန်ကြတာပဲ။ ကျွန်တော်ဆိုတာတော့ လှေကားကတက်လာပြီး ကိုယ့်အခန်းတောင် ကိုယ်ရောက်အောင် မသွားနိုင်တော့ဘူး။ ကိုဘမောင်ဖို့ ကျွန်တော်ဖယ်ပေးထားတဲ့ ဒီအခန်းထဲဝင်ပြီး ခုတင်ပေါ် ထိုးအိပ်လိုက်ရတော့တာပဲ”

ရှား။ ။“ဒီအခန်းဟာက ဘယ်သူအိပ်တဲ့အခန်းလဲ”

ရ။ ။“ဒီလိုခင်ဗျ။ ကိုဘမောင်တို့ မောင်နှမ လာမလည်ခင်တုန်းကတော့ ကျွန်တော်အိပ်ပါတယ်။ သူတို့မောင်နှမ အလည်ရောက်လာကြတော့ ကျွန်တော်က ညီကလေးနဲ့ အတူတူပေါင်းအိပ်ပြီး ကိုဘမောင်ကို ဒီအခန်း ပေးထားတယ်။ ကျွန်တော် မမာလို့ ဒီအခန်းမှာ ပြန်အိပ်တော့ ကိုဘမောင်ကို ဧည့်ခန်းထဲ ပြောင်းပေးလိုက်ရတယ်။ စန်းစန်းကတော့ အမေများ၊ နှမများနဲ့ အတူအိပ်ပါတယ်။ အဲဒီနေ့ကစပြီး ကျွန်တော့်မှာ ဦးနှောက်ကို ထိခိုက်သွားလို့မို့ လူမှန်း သူမှန်းမသိ ဖျားလိုက်တာ အခုမှ တော်တော် သက်သာလာတာ ရှိပါသေးတယ်။ ကျွန်တော် အဖျားကြီး ဖျားတုန်းမှာ ဟောဒီက စန်းစန်းက နေ့မအိပ် ညမအိပ် ပြုစုပါပေတယ်။ ကျွန်တော့် အမေကတောင် ချီးကျူးယူရတာပဲ။ အခုတော့ အဖျားတော့ ပျောက်ပါပြီ ခင်ဗျာ။ ဒါပေမယ့် ဒီစာချုပ်ပြဿနာ မရှင်းလင်းလို့ရှိယင် ကျွန်တော့်အဖို့တော့ ကြီးပွားရေး မဆိုထားနဲ့၊ အလုပ်မပြုတ်ဖို့တောင် မနဲပဲခင်ဗျ။ အစိုးရ စုံထောက်တွေ ဆိုတာတော့ ကျွန်တော့် အမေများ၊ အဖေများက အပူကပ်ကြလို့ အစွမ်းကုန်ပါပြီ။ ဦးစံရှား ကယ်ပါမှပဲ ကျွန်တော့်အဖို့ မျှော်လင့်စရာ ရှိပါတော့တယ်”

ကိုသူရသည် အထက်ပါ စကားများကို တဆက်တည်းပြောရခြင်းကြောင့် စကားအဆုံးတွင် မောဟိုက်သည်နှင့် စန်းစန်းက ဆိုဒါတပုလင်းဖောက်၍ ပေးလေသည်။

ရှား။ ။“စာချုပ်ကို ကော်ပီကူးရမယ့်အကြောင်း ဘယ်သူ့ကို ပြောမိသေးသလဲ”

ရ။ ။“ဘယ်သူ့မှ မပြောမိပါဘူးခင်ဗျာ”



www.burmeseclassic.com

ရှား။ ။ဒီက ခန်းခန်းကိုတော့ မပြောမိဘူးပေါ့”
ရ။ ။“ပြောဖို့အချိန် မရှိပါဘူးခင်ဗျာ။ နေ့ချင်းပြီး လုပ်ရတဲ့ အလုပ်ပါ”
ရှား။ ။“ခင်ဗျား အိမ်သူအိမ်သားများကော ရုံးကိုရောက်ဖူးကြသလား”
ရ။ ။“ရောက်ဖူးကြပါတယ်”
ရှား။ ။“ခန်းခန်းတို့ ကိုဘမောင်တို့ကော မရောက်ဖူးဘူးလား”
ရ။ ။“အခေါက်ကတော့ ရောက်ဖူးပါတယ်”
ရှား။ ။“စာချုပ်အကြောင်းကို သူတို့ မသိဘူးဆိုတော့ ဒီဟာတွေ အပိုပဲ ထားပါတော့။ ထက် နာဆာရှုခ်အကြောင်းကော ခင်ဗျားသိသလား”
ရ။ ။“ရှာပွေပိုင်ထဲမှာ အကြီးဆုံးပဲခင်ဗျ။ အမှုထမ်းသက် နှစ်ပေါင်း နှစ်ဆယ်ကျော်ပါပြီ”
ရှား။ ။“သူနေတော့ အနုပ်ထဲမှာ နေတာပေါ့”
ရ။ ။“ဟုတ်ကဲ့၊ လမ်း ၄၀ မှာ နေပါတယ်”
ရှား။ ။“ဒါဖြင့် ကျုပ်တို့နေတဲ့ လမ်းပေါ့။ ဒီအမှုကို ဘယ်သူ ကိုင်သလဲဗျ”
ရ။ ။“စုံထောက်ကိုလှဦး ကိုင်ပါတယ်”
ဦးစံရှားသည် ကိုသူကို မေးခွန်းထုတ်ယင်း စားပွဲပေါ်၌ စိုက်ထားသော ပန်းခိုင်မှ နှင်းဆီပန်း ပွင့်ကို စိုက်ကြည့်လျက် စကားမပြောပဲနေသည်တွင် ကုလားထိုင်ပေါ်၌ ငြိမ်ဝပ်စွာ ထိုင်၍နားထောင်လျက် သော စန်းစန်းက—
“စာချုပ် ပြန်ရလာရာ နည်းလမ်း ရှိပါသေးသလား ဦးစံရှားရှင်” ဟု စိတ်တိုသော အမူအရာနှင့် းလိုက်သည်တွင်မှ ဦးစံရှားသည် ရုတ်တရက် သတိရလာသော အမူအရာနှင့်—
ရှား။ ။“အမှုကတော့ ခပ်ရှုပ်ရှုပ်ပဲ။ သို့သော် သဲလွန်စကလေးတွေတော့ တွေ့ထားပါရဲ့လေ။ အဆုံးလိုက်ပြီး အကြောင်းပြန်မယ်ပေါ့”
စန်း။ ။“ဒီလိုဆိုယင် မြန်မြန်လိုက်ပါတော့ရှင်။ ဘယ်မှာ လိုက်ရမှာတဲ့လဲ”
ရှား။ ။“ရန်ကုန်မှာ လိုက်ရမယ်ထင်တယ်”
စန်း။ ။“ဒါဖြင့် လိုက်စရာရှိတာ မြန်မြန်လိုက်ပါတော့ရှင်”
ရှား။ ။“ဟုတ်ကဲ့၊ လိုက်ပါ့မယ်။ သို့သော် သိပ်တော့ မမျှော်လင့်နဲ့ဗျနော်။ ကိုသူရအမှုက ာ်တော်ကလေးနက်တယ်”
ရ။ ။“ကျွန်တော်တော့ ဒီကိစ္စ မသဲကွဲမချင်း မအိပ်နိုင် မစားနိုင်အောင် ဖြစ်နေပါပြီခင်ဗျာ”
ရှား။ ။“ကျုပ်ကတော့ ကြိုးစားပါ့မယ်။ အကျိုးအကြောင်းကို နက်ဖြန်တော့ တခေါက် ာက် လာပြီး ပြောပြရဦးမှာပေါ့။ ဒါထက် ဒီအတောအတွင်းမှာ တော့စ်ဆီဓာ ဘာများ ကြား းသလဲ”
ရ။ ။“ကျွန်တော့်ကို ဒေါ်ခေါ်ခင်ပါတယ်ခင်ဗျာ။ တခန့်က စာကလေးတစောင် ခြစ်ပို့လိုက် ာယ်။ ကျွန်တော် ကောင်းကောင်း မကျန်းမာမချင်း ဒီကိစ္စကို အရေးမယူသေးပါဘူးတဲ့”
ရှား။ ။“ဒါလောက်ဆို တော်ပေရောပေါ့လေ။ ခင်ဗျား တော့စ်က ဘယ်သူတဲ့”
ရ။ ။“မစ္စတာ ဧဒေဗလီတဲ့ ခင်ဗျ”
ရှား။ ။“ဒီဌာနမှာ သူအကြီးဆုံးပဲလား”
ရ။ ။“ဟုတ်ကဲ့၊ သူ့အထက်မှာ အတွင်းဝန်ချုပ်ပဲ ရှိတော့တာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ကိုင်း၊ တော်လောက်ပါပြီ။ လာဗျို ကိုသိန်းမောင်၊ ကျုပ်တို့ဖာဖို မြို့လဲမှာ တော်တော် အလုပ်များလိမ့်မယ်။ သွားလိုက်ကြအုံးစို့ဗျာ"

× × ×

ကျွန်တော်တို့သည် ကြည့်မြင်တိုင်ဘက်သို့ ခြေလျှောင်းလက်ဆန့် လမ်းလျှောက်သွားကြ၍ လော်ကယ် ရထားနှင့် လိုက်ပါလာကြရာ မီးရထားပေါ်တွင်—

ရှား။ ။"ခင်ဗျားလူတော့ အတော်အကျပ် တွေ့နေတာပဲ။ သူ့အကြောင်းကို ခင်ဗျား သိရ သလောက် ဘယ်လိုလဲဗျာ"

ကျွန်တော်။ ။"ဘယ့်နှယ် မေးတာလဲဗျာ"

ရှား။ ။"အသောက်အစား အကာစားတို့ပေါ့ဗျာ။ မြင်းတို့ ဘာတို့ လောင်းတတ်သလား"

ကျွန်တော်။ ။"ဒါမျိုးတွေ လုပ်တတ်မထင်ပေါင်ဗျာ။ ကြီးပွားရေး သိပ် စေ့စိုက်တဲ့လူပဲ"

ရှား။ ။"ဟုတ်လောက်ပါရဲ့။ ဒါထက် စန်းစန်းကို ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

ကျွန်တော်။ ။"ဖျတ်ဖျတ်လတ်လတ်နဲ့ တော်တော် တင်းမာ ပြတ်သားတဲ့စိတ် ရှိပုံရတယ်"

ရှား။ ။"ဟုတ်ကဲ့၊ မိန်းမတော်ကလေး တယောက်နဲ့ တူရဲ့ဗျ"

ကျွန်တော်။ ။"သဲလွန်စ တွေ့ဘယ်ဆိုတာ ဘယ်လိုလဲဗျ"

ရှား။ ။"ဒီလိုလေဗျာ၊ ခင်ဗျားသိတဲ့အတိုင်း ရည်ရွယ်ချက်မရှိတဲ့ အမှုမျိုးမှာသာ ခြေရာ ကောက်ဖို့ ခက်တယ်။ ဒီအမှုမှာတော့ ရည်ရွယ်ချက်က ထင်ရှားတယ်ဗျ။ ရုရှားလိုမြို့ရှိတဲ့ နိုင်ငံခြား ကောင်စစ်ဝန်တွေအနက် ဘယ်သူ့ဆီမှာ ရောင်းရောင်း ငွေအမြောက်အမြား ရနိုင်တဲ့ စာချုပ်ကိုးဗျ။ ဒီတော့ကာ မစ္စတာ ဂရေဗလီကိုပါ ထည့်ပြီး စဉ်းစားရလိမ့်မယ်"

ကျွန်တော်။ ။"ဘယ့်နှယ်ကြောင့်လဲဗျာ"

ရှား။ ။"ဘယ်လောက် ရိုးဖြောင့်ပါတယ်ဆိုတဲ့လူ ဖြစ်စေ မက်လောက်အောင် လာဘ်ထိုးယင် ယူတယ်တယ်ဆိုတဲ့ အင်္ဂလိပ်စကားပုံ ရှိတယ်ဗျ။ မျက်နှာဖြူသော ဘာသော နားမလည်ဘူး၊ သိန်းနဲ့သန်းနဲ့ ချီပြီး ပံ့တိုက်ယင် ခံနိုင်တဲ့လူ ခပ်ရှားရှားဗျ။ ဒီတော့ သူ့ကို ကျုပ် သွားတွေ့ချင်သေးတယ်"

ကျွန်တော်။ ။"အတွေ့ခံပါ့မလားဗျာ"

ရှား။ ။"သူ့ထက်မကတဲ့ လူတောင် ကျုပ်တွေ့ဖူးတာ ခင်ဗျားလဲ သိသားပဲ။ သို့သော် ဒီကိစ္စကလေးကို ရှေးဦးစွာ ဆောင်ရွက်ကြအုံးစို့"

ဦးစံရှားသည် မှတ်စုစာအုပ်မှ စာရွက် လေး ငါးရွက်ကို ဆုတ်၍ အောက်ပါအဓိပ္ပာယ်ရှိသော စာ လေးငါးကြောင်းကို အင်္ဂလိပ်လိုအချို့၊ မြန်မာလိုအချို့ ရေးသားလေ၏။

လွန်ခဲ့သော မေလ ၂၃ ရက်နေ့ ညနေ ၆ နာရီ အချိန်ခန့်တွင် အတွင်းဝန်များရုံး စတော့ကိတ်လမ်း တံခါးပေါက်၌ ဆိုက်ရပ်သော မြင်းရထားနံပါတ်ကို အောက်ပါလိပ်သို့ ပေးပို့နိုင်သူအား ဆုငွေ တရာကျပ် ပေးပါမည်။

ဦးစံရှား

နံပါတ် ၂၂၀၊ လမ်း ၄၀။

အတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ မီးရထားဆိုက်သည်နှင့် တပြိုင်နက် ရန်ကုန်မြို့ရှိ မြန်မာသဟာယသတင်းစာ ၃ တိုက်နှင့် ရန်ကုန်ဂေဇက်၊ ရန်ကုန်တိုင်း တည်းဟူသော အင်္ဂလိပ် သတင်းစာတိုက်များသို့ အထက်ပါကြော်ငြာကို ကျွန်တော်တို့ ကိုယ်တိုင် သွား၍ ထည့်ခဲ့ကြသည်။

ကျွန်တော်။ ။"နေ့ရက်နဲ့ အချိန်နာရီကတော့ ကိုသူရပြောတဲ့ စကားထဲမှာပါလို့ ဟုတ်ပါပြီ ထားပါအုံးတော့၊ မြင်းရထားနဲ့ လာတယ်ဆိုတာ ခင်ဗျား ဘယ့်နှယ်သိသလဲ"

ရှား။ ။"ဟိုနေ့ညနေက မိုးရွာနေတယ်လို့ ကိုသူရပြောတယ် မဟုတ်လား။ သူ့အခန်းထဲမှာ ရွှံ့တွေ ဘာတွေနဲ့ ခြေရာတွေ ဘာတွေ မတွေ့ဘူးဆိုယင် သူခိုးဟာ မြင်းရထားတို့ ဘာတို့နဲ့လာတာ ဖြစ်ရမှာပေါ့။ သို့သော် ဒါကတော့ ထီထိုးရသလို ပေါက်လိုပေါက်ငြား ရမ်းထိုးရတာမျိုးပါဗျာ။ သေချာလှတယ်တော့ မဟုတ်ဘူးပေါ့။ လိုလေသေးမရှိအောင် လုပ်ရတာပါပဲ"

ကျွန်တော်။ ။"နုဂိုကတည်းက သူ့အခန်းနားမှာ ပုန်းအောင်းနေတဲ့သဘော မဖြစ်နိုင်ဘူးလား ခင်ဗျာ"

ရှား။ ။"ကိုသူရက ပြောတယ် မဟုတ်လား၊ ခိုအောင်းနေစရာ နေရာမရှိဘူးလို့။ သူ့စကားကို အတည်ပြုရတော့တာပဲ။ ဒါကတော့ ကျုပ် ခုနင်ကပြောသလို ပေါက်လိုပေါက်ငြား ကံစမ်းထီထိုးရတဲ့ သဘောပေါ့ဗျာ"

ကျွန်တော်တို့သည် သတင်းစာတိုက်များသို့ ကြော်ငြာထည့်ခဲ့ပြီးနောက် ဤအမှုကို ကိုင်သည်ဆိုသော စုံထောက် ကိုလှဦးထံသို့ သွားကြလေ၏။ ကိုလှဦးသည် ဦးစံရှားကို မြင်သောအခါ မျက်နှာသား မကောင်းလှသော်လဲ မိမိအပေါ်၌ အထင်လွဲသူတယောက်ကို အမြင်မှန်ရအောင် ပြောဆိုခြင်း အလုပ်၌ အလွန်ကျင်လည်သော ဦးစံရှားဖြစ်သည့်အလျောက် စကား လေးငါးခွန်း ပြောလိုက်လျှင်ပင် ကိုလှဦး၌ ပျူငှာသော မျက်နှာထား ဖြစ်ပေါ်လာတော့သည်။ ဦးစံရှားက ကိုလှဦးအား မေးခွန်းများ ထုတ်၍ သိခဲ့ရသော အခြင်းအရာများမှာ ချာပရာစီ နာဆာရှုဒင်မှာ လူရိုးကြီးတယောက် ဖြစ်ကြောင်း၊ သူ၏ မိန်းမ ကုလားမကြီးကား ကဇော် သောက်တတ်ကြောင်း၊ ယင်းနှင့် အကျွမ်းဝင်သော ကုလားမ တယောက်အား ကဇော်မူးအောင် တိုက်စေ၍ ကုလားမကြီးကို စကားအစ်အောက်သော်လည်း အထူး တလည် မသိရကြောင်း၊ ထိုရက်များအတွင်း အသုံးအစွဲကိုလည်း စောင့်ကြည့်ပါသော်လည်း အထူးတလည် လက်ဖွာသည်ကို မတွေ့ရကြောင်း၊ ကိုသူရက ခေါင်းလောင်းထိုး ခေါ်သောအခါ၌ နာဆာရှုဒင်အစား ကုလားမကြီး တက်သွားရခြင်းမှာ နာဆာရှုဒင် ပင်ပန်းလှ၍ အိပ်ပိုက် နေသောကြောင့် ဖြစ်ကြောင်း၊ ရုံးတံခါးပေါက်မှ ကုလားမကြီးက ပျာရီးပျာရာ ထွက်သွားခဲ့ခြင်းမှာလည်း ကဇော် သောက်ချိန်ဘန်၍ ဆာမွတ်သောကြောင့် ဖြစ်ကြောင်း စသည်များဖြင့် စုံထောက် ကိုလှဦးက ပြောပြလေသည်။ ထို့နောက်—

ရှား။ ။"ခနစမ်းပါအုံး ကိုလှဦးရဲ့၊ နာဆာရှုဒင် အခန်းထဲမှာ ကိုသူရရှိနေတုန်းမှာ ခေါင်းလောင်းသံကြားတာက ဘယ်လိုသဘော ထင်သလဲဗျာ"

ဦး။ ။"ကျွန်တော်တော့ မတွေးတတ်ဘူးဆရာ။ စာချုပ်ကို ခိုးပြီး သက်သက်မဲ့ ပမာမခန့် လုပ်လေသလား မပြောတတ်ဘူး"

ရှား။ ။"ကိုင်း တော်လောက်ပါပြီဗျာ"

---

ဒုတိယအကြိမ်

www.burmeseclassic.com

ထို့နောက် ကျွန်တော်တို့သည် ကာကွယ်ရေးဌာန အတွင်းဝန် မစ္စတာဂရေဗလီ၏ရုံးခန်းသို့ သွား၍ ဦးစံရှား၏ နာမည်ပါသော ကတ်ချပ်ကလေးကို ချာပရာစီ၏လက်သို့ ပေးလိုက်သည်တွင် ချာပရာစီသည် မကြာမီ ပြန်ထွက်လာ၍ ကျွန်တော်တို့နှစ်ယောက်ကို အခန်းတွင်းသို့ ခေါ်သွားပါသည်။

အခန်းတွင်းသို့ ရောက်သောအခါ မစ္စတာဂရေဗလီသည် ဦးစံရှားအကြောင်းကို ကြားဖူးသည့် လက္ခဏာနှင့် ဖော်ရွေစွာ နှုတ်ဆက်၍ နေရာထိုင်ခင်း ပေးပါသည်။

လီ။ ။"ခင်ဗျား အကြောင်းကို ကျွန်တော် ကြားဖူးပါတယ်။ ခင်ဗျားကို ဘယ်သူငှားသလဲ"

ရှား။ ။"အပါးတော်မြဲ ကိုသူရ အကူအညီ တောင်းပါတယ်"

လီ။ ။"လူတော်ကလေးတယောက်ပါပဲ။ သို့သော် သိပ်အရေးကြီးတဲ့ကိစ္စဖြစ်လို့ သူ့အတွက် အလွန် ခက်ပါတယ်"

ရှား။ ။"စာချုပ် ပြန်တွေ့ယင်ကော ခင်ဗျာ"

လီ။ ။"ဒီလိုဆိုယင်တော့ ထောက်ထောက်ညာညာ စဉ်းစားဖို့ပဲ"

ရှား။ ။"ကျွန်တော် တခွန်း နှစ်ခွန်း မေးပါရစေ။ ခွင့်ပြုပါသလား ခင်ဗျာ"

လီ။ ။"မေးနိုင်ပါတယ်"

ရှား။ ။"ကိုသူရ ကော်ပီကူးဖို့ စာချုပ်အပ်တာ ဒီအခန်းထဲမှာပဲလား"

လီ။ ။"ဟုတ်ပါတယ်"

ရှား။ ။"ကိုသူရနဲ့ စကားပြောတာကို အခြားလူ ကြားနိုင်လောက်ပါသလား"

လီ။ ။"မဖြစ်နိုင်ပါဘူး"

ရှား။ ။"ကိုသူရကို ကော်ပီကူးခိုင်းမယ့် အကြောင်း တစုံတယောက်ကို ပြောကြားဖူးပါသလား"

လီ။ ။"မပြောဖူးပါဘူး"

ရှား။ ။"သေချာရဲ့နော် ခင်ဗျာ"

လီ။ ။"သေချာပါတယ်"

ရှား။ ။"ခင်ဗျားကလဲ မပြော၊ ကိုသူရကလဲ မပြော။ ဒီလိုဆိုယင် သူခိုးဟာ စာချုပ်ကို ကံအားလျော်စွာ တွေ့သွားတယ် ဆိုရမှာပေါ့"

လီ။ ။"ဒါကတော့ ကျုပ်တို့အလုပ် မဟုတ်ဘူး ထင်တယ်။ ခင်ဗျားတို့ စဉ်းစားပေါ့"

ရှား။ ။"တခု မေးပါရစေအုံး။ ဒီစာချုပ်အကြောင်းကို ပေါက်ကြားသွားယင် ဗြိတိသျှအစိုးရမှာ နစ်နာဖို့ ရှိပါသလား"

လီ။ ။"အများကြီးရှိတယ်"

ရှား။ ။"ယခုအချိန်အထိ ပေါက်ကြားတယ်လို့ အသေအချာ သိရသလား"

လီ။ ။"မသိရသေးပါ"

ရှား။ ။"နိုင်ငံခြားအစိုးရ တခုခုလက်ထဲ ရောက်သွားတယ်ဆိုယင် ခင်ဗျားတို့ သိမှာပေါ့"

လီ။ ။"သိလောက်ပါတယ်"

ရှား။ ။"ယခုနှတိုင် အကြောင်းထူးခြင်း မရှိသေးပုံထောက်တော့ စာချုပ်ဟာ သူတို့လက်ထဲ မရောက်သေးဘူး ဆိုရမှာပေါ့"

လီ။ ။"ဒါပေမယ့် သူခိုးကတော့ အလှကြည့်ဖို့ ခိုးဟန်မတူဘူး ထင်တယ်"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရှား။ ။"ကြိုက်ဈေးရအောင် အချိန်ဆွဲနေတာကော မဖြစ်နိုင်ဘူးလား ခင်ဗျာ"

လီ။ ။"သိပ်ဆွဲလို့တော့ မဖြစ်ဘူး။ တလလောက် အတွင်းမှာ လူတိုင်းသိပြီး တန်ဖိုးမရှိတဲ့ အဖြစ် ရောက်သွားနိုင်တယ်"

ရှား။ ။"ဒီအချက် အရေးကြီးပါတယ်။ သို့သော် ယခုအတောအတွင်းမှာ သူခိုးဟာက နေထိုင်မကောင်းနေလို့များ...."

လီ။ ။(ဦးစံရှားကို စူးစိုက်စွာကြည့်လျက်) "ဦးနှောက်မှာထိခိုက်တဲ့အဖျားမျိုးဆိုချင်သလား"

ရှား။ ။(မျက်နှာထား တည်တည်နှင့်) "ဒီလိုလဲ ကျွန်တော် မဆိုလိုပါဘူးခင်ဗျာ။ ကိုင်း တော်လောက်ပါပြီ။ ခွင့်ပြုပါဦး ခင်ဗျား"

မစ္စတာ ဂရေ့ဗလီက "ဦးစံရှား၏ ကိစ္စ အောင်မြင်ပါစေ" ဟု ဆုတောင်း၍ လွှတ်လိုက်သဖြင့် ကျွန်တော်တို့သည် ရုံးပေါ်မှ ဆင်းလာကြပြီးလျှင် ဦးစံရှားက ယနေ့ အဖို့တွင် ကျွန်တော် အလိုရှိရာ သွားနိုင်ပါသည်ဟု ပြောသည်။ ကျွန်တော်တို့ နှစ်ယောက် ခွဲခွာကြသည်။

× × ×

နောက်တနေ့ နံနက်၌ ကျွန်တော်တို့သည် ဝင်ဒါမီယာပတ်၌ တည်ရှိသော ကိုသူရ၏ နေအိမ်သို့ အတူတကွ သွားရောက်ကြရာ ကိုသူရသည် စိတ်အားထက်သန်သော အမူအရာနှင့် အမှုအကြောင်းကို မေးသော်လည်း ဦးစံရှားက ယခုအချိန်အထိ သတင်းအထူး မပါသေးကြောင်း ပြောပြပြီးနောက်—

ရှား။ ။"သို့သော်လဲ ခင်ဗျားလူ ကိုလှဦးနဲ့တော့ တွေ့ခဲ့တယ်။ ခင်ဗျားဘော့စ်နဲ့လဲ တွေ့ခဲ့တယ်။ ဒီ့ပြင်လဲ အစကလေး တစ နှစ်စ လိုက်ထားသေးတာပဲ"

ရ။ ။"ဒါဖြင့် လက်မလျှော့သေးဘူးပေါ့ ခင်ဗျာ"

ရှား။ ။"ဟာ ဘယ့်နှယ် လျှော့ရမလဲ"

စန်း။ ။"ကောင်းပါလေ့ရှင်။ မဆုတ်မနစ်တဲ့ လုံ့လနဲ့ သည်းခံပြီး လိုက်ကြယင်တော့ မှန်တဲ့ အတိုင်း ပေါ်ပေါက်ရမယ်လို့ ယုံကြည်ပါတယ်ရှင်"

ရ။ ။"ဦးစံရှားက ပြောစရာမရှိယင် ကျွန်တော်မှာ ပြောစရာကလေးတွေ ရှိနေပါတယ် ခင်ဗျာ"

ရှား။ ။"ဟုတ်လားဗျို့။ ဆိုစမ်းဗျာ"

ရ။ ။"ကျွန်တော်တော့ ဒုက္ခပါပဲဗျာ၊ အလုပ်ပြုတ်အောင် တဘက်က ဖန်တီးရုံ အားမရလို့ အသက်ပါ ပြုတ်အောင် မနေ့ညတုန်းက လာပြီး လုပ်ကြသေးတယ်ခင်ဗျ"

ရှား။ ။"ဩော် ဟုတ်လား"

ရ။ ။"ကျွန်တော့်မှာ ရန်သူ မရှိဘူးရယ်လို့ ထင်နေမိတာ မနေ့ညတုန်းကတော့ သေကြောင်း ကြံတဲ့လူတောင် ရှိခဲ့တာကိုးခင်ဗျ"

ရှား။ ။"ဆိုစမ်းပါဦး ခင်ဗျာ"

ရ။ ။"ခါတိုင်းတော့ ကျွန်တော့်ကို ပြုစုဖို့ ဆရာမဖြစ်စေ၊ စန်းစန်းဖြစ်စေ တယောက်ယောက် စောင့်အိပ်တယ်ခင်ဗျ။ မနေ့ညတုန်းကတော့ တော်တော် နေသာထိုင်သာ ရှိတာနဲ့ ကျွန်တော်တယောက် တည်း အိပ်တယ်။ အခန်းထဲမှာ ညတွန်းတဲ့ ဓာတ်မီးမှိန်မှိန် ထွန်းလျက်ပေါ့ခင်ဗျာ။ သန်းခေါင်ကျော် လောက် ကျတော့ သစ်သားကို ကြွက်ကိုက်တဲ့ အသံမျိုး ဂျိ ဂျိ ဂျိ နဲ့ ကြားရာက 'ချောက်'ကနဲ မြည်သံ


www.burmeseclassic.com

www.burmeseclassic.com



ကြားလို့ ရုတ်တရက် ထထိုင်လိုက်တော့ အသံရပ်သွားတယ်ခင်ဗျ။ ဒါပေမယ့် ကျွန်တော်က မသက်သာလို့ ခုတင်ပေါ်က ဆင်းပြီး ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်တော့ လူတယောက် ကုန်းကုန်း ကုန်းကုန်းနဲ့ ထွက်ပြေးတာ မြင်လိုက်ရတယ်။ သူ့လက်ထဲမှာ ခေါးမြှောင်ကြီး ထင်ပါရဲ့၊ လက်ထာနဲ လက်ကနဲ မြင်လိုက်ရတယ်ခင်ဗျ"

ရှား။ ။"ဒီတော့ ခင်ဗျား ဘာလုပ်သလဲ"

ရ။ ။"ကျွန်းကျွန်းမာမာဆိုယင်တော့ သေနတ်ကိုင်ပြီး ကျွန်တော်လိုက်မှာပေါ့။ အခုတော့ ဘာမှ မတတ်နိုင်လို့ တအိမ်လုံးကို နှိုးရတော့တာပဲ။ စန်းစန်းရဲ့အစ်ကို ကိုဘမောင်ကို လက်ဦးနှိုးပြီး တအိမ်လုံးကို နှိုးရတော့တာပဲခင်ဗျ။ ဒါနဲ့ အိမ်ပြင်ထွက်ပြီး ပြတင်းပေါက်နား ကြည့်ကြတော့ လူ့ခြေရာတွေလိုလို တွေ့တယ်ခင်ဗျ။ သစ်သားဝင်းထရံမှာလဲ ကျော်တက်လို့ တချောင်းကျိုးနေတာ တွေ့တယ်ခင်ဗျ။ ပုလိပ်ကိုတော့ ကျွန်တော် မတိုင်သေးဘူး။ ဦးစံရှားကို လက်ဦးတိုင်ပင်ပြီးမှ လုပ်မလို့ ခင်ဗျ"

ဦးစံရှားမှာ ကိုသူရ၏ စကားကို ကြားရသောအခါတွင် စိတ်ကိုထိခိုက်ဟန်နှင့် ဂဏာ မငြိမ်သော အမူအရာတွေ့ရသဖြင့် ကျွန်တော် အံ့ဩမိပါသေးသည်။ ဦးစံရှားသည် ငြိမ်ဝပ်စွာ မထိုင်နိုင်ပဲ အခန်းထဲတွင် လူးလာခတ်လျက်ရှိရာမှ—

ရှား။ ။"လာဗျာ ကိုသူရ၊ ဝင်းထဲမှာ ကျုပ်နဲ့အတူ လျှောက်ကြည့်ရအောင်။ လိုက်နိုင်ရဲ့လား"

ရ။ ။"လိုက်နိုင်ပါတယ်ခင်ဗျာ"

ဤတွင် စန်းစန်းကလည်း အတူလိုက်ကြည့်မည်ပြုသည်နှင့် ဦးစံရှားက—

"မိန်းကလေး မလိုက်ပါနဲ့၊ ဒီမှာပဲ ထိုင်နေရစ်ပါ" ဟု ပြောသဖြင့် ပြန်၍ ထိုင်လိုက်သည်။ ယောက်ဖလောင်း ကိုဘမောင်မှုကား ကျွန်တော်တို့နှင့်အတူ ပါလာ၍ လေးယောက်သား ထွက်လာခဲ့ကြသည်။

ပြတင်းပေါက်အောက်၌ ခြေရာများ တွေ့ရသော်လည်း ရှုပ်ထွေးလျက် ရှိ၏။

ဦးစံရှားသည် တခဏမျှ ငုံ့ကြည့်ပြီးနောက် ထွက်လာခဲ့သည်။

ရှား။ ။"လာကြဗျာ၊ ဒီ့ပြင် နေရာတွေ ကြည့်ကြအုံးစို့။ အိမ်ထဲဝင်ချင်လို့ ဖွင့်တာဖြင့် ဒီပြတင်းပေါက်ကိုမှ ရွေးဖွင့်တာ ကျုပ် နားမလည်ဘူး။ ဒီ့ပြင် တံခါးပေါက်တွေလဲ အများကြီး ရှိသားနဲ့"

မောင်။ "ဒီ့ပြင် အပေါက်တွေကတော့ လမ်းပေါ်က မြင်နိုင်လို့ နေမှာပေါ့ခင်ဗျာ"

ရှား။ ။"ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ ဒီ့အယင် ဒီလို ဖြစ်ဖူးသလား။

ရ။ ။"မဖြစ်ဖူးပါဘူး ခင်ဗျာ"

ရှား။ ။"အိမ်ထဲမှာ အဖိုးတန် ပစ္စည်း ဘာများထားသလဲ"

ရ။ ။"ကျွန်တော့် နှမကလေး ဝတ်တဲ့ လက်ဝတ်လက်စားတွေတော့ ဘဏ်တိုက်မှာ အပ်ထားပါတယ်။ ကိုယ်မှာ ဝတ်တဲ့ ရွှေလက်ကောက်ကလေး၊ ဆွဲကြိုးကလေးလောက် ရှိတာပါပဲ"

ရှား။ ။"ဝင်းထရံ တချောင်း ကျိုးနေတယ် ဆိုတာ ဘယ်နားမှာလဲ"

ကိုဘမောင်သည် ဝင်းထရံကျိုးနေသော နေရာသို့ ကျွန်တော်တို့ကို ခေါ်သွား၍ ဦးစံရှားက တွဲလွဲကျနေသော သစ်သားစ တခုကို ကိုင်ကြည့်လျက်—

www.burmeseclassic.com



ရှား။ ။"ဒီဟာ မနေ့ညက ကျိုးတာ ဟုတ်ပါ့မလား။ ကျိုးတဲ့နေရာက ခပ်ဟောင်းဟောင်း ဖြစ်နေပါကလား"

မောင်။ ။"မပြောတတ်ပါဘူး ခင်ဗျာ"

ရှား။ ။(တခြားဘက်သို့ လှမ်းကြည့်လျက်) "ဟိုဘက် ခုန်ချတဲ့ နေရာလဲ မမြင်ရဘူးနော်။ ကိုင်းလေ တော်လောက်ပါပြီ။ အိမ်ထဲပြန်ဝင်ပြီး စကားပြောကြပါအုံးစို့"

ကိုဘမောင်သည် ယောက်ဖယောင်း ကိုသူရကို တွဲလျက် တဖြည်းဖြည်း လျှောက်လာသည်တွင် ကျွန်တော်နှင့် ဦးစံရှားတို့က သူခိုးဖွင့်သော ပြတင်းပေါက်သို့ ခပ်သုတ်သုတ် လျှောက်လာကြပြီးလျှင် ဦးစံရှားက အခန်းတွင်း၌ရှိသော စန်းစန်းအား—

"ဒီမှာလေ စန်းစန်း၊ ဒီနေရာက ဘယ်မှ မထနဲ့နော်။ တနေ့လုံး ထိုင်နေ၊ ကြားလား။ သိပ်အရေး ကြီးတယ်"ဟု ပြောသဖြင့် စန်းစန်းအား—

"ကောင်းပါပြီရှင်"ဟု ပြန်ပြောလေ၏။ ထို့နောက်—

ရှား။ ။"ညကျတော့လဲ ဒီအခန်းကိုအပြင်ဘက်ကသော့ခတ်ပြီး သော့ကို သိမ်းထား။ ကြားလား"

စန်း။ ။"ကိုသူရ ဘယ်နှယ်လုပ်မလဲရှင်"

ရှား။ ။"ကျုပ်တို့နဲ့ မြို့ထဲ လိုက်အိပ်လိမ့်မယ်"

စန်း။ ။"ကျွန်မ ဒီမှာ စောင့်နေရမယ်ပေါ့"

ရှား။ ။"ဟုတ်တယ်။ ကိုသူရအတွက်ပဲ။ ခိုင်းတဲ့အတိုင်း လုပ်နော်"

စန်း။ ။"ဟုတ်ကဲ့ရှင့်၊ စိတ်ချပါ"

ထိုခဏ၌ ကိုသူရနှင့် ကိုဘမောင်တို့ ရောက်လာကြ၍—

မောင်။ ။"လာလေ စန်းစန်း၊ အခန်းထဲမှာ မအိုက်ဖူးလား။ အပြင်ထွက်ခဲ့ပါအုံးလား"

စန်း။ ။"တော်ပါပြီ ကိုကို၊ ဒီမှာလဲ အေးသားပဲ"

ရ။ ။"ကိုင်း ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ရှား။ ။"ဘယ်လိုလုပ်ကြဆို ခင်ဗျားကို ဒီမှာမထားခဲ့ဘူး၊ ကျုပ်တို့နဲ့ မြို့ထဲ လိုက်ခဲ့ရမယ်"

ရ။ ။"ခုချက်ချင်းလား ခင်ဗျာ"

ရှား။ ။"ချက်ချင်းတော့ မဟုတ်ပါဘူးလေ။ စားစရာလေး ဘာလေး ကျွေးယင်လဲ့ စားရသေးတာပေါ့"

ရ။ ။"ကျွေးပါ့မယ်ခင်ဗျာ။ ကျွန်တော် ဟိုမှာ ညအိပ်ရမှာလား"

ရှား။ ။"အိပ်မှ ဖြစ်မယ်ထင်တယ်"

ရ။ ။"ဒါဖြင့် ကိုဘမောင်ကော ကျွန်တော့်ကိုပြုစုဖို့ ခေါ်ခဲ့ရအုံးမလား"

ရှား။ ။"နေပါစေ၊ ကိစ္စမရှိပါဘူး။ ပြုစုဖို့အတွက် ကျွန်တော် စီမံပေးပါ့မယ်"

ထို့နောက် ကျွန်တော်တို့သည် ကိုသူရကျွေးမွေးသော နံနက်စာကို စားသောက်ကြ၍ တက္ကစီ တွေ့ရှိလောက်သောနေရာသို့ သုံးယောက်သား လျှောက်သွားကြရာ စန်းစန်းတို့မောင်နှမနှင့် အခြားအိမ်သူ အိမ်သားများမှာ အိမ်တွင် ကျန်ရစ်ခဲ့ကြသည်။

မြေနီကုန်းအနီးတွင် တက္ကစီတစီးတွေ့၍ ကျွန်တော်နှင့်ကိုသူရကို တက္ကစီပေါ်သို့တက်စေပြီးနောက်—



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အောင်မယ် သိစရာကလေး တချက်နှစ်ချက် ကျန်နေသေးတယ်ဗျို။ ခင်ဗျားတို့ သွားနှင့်ကြပေတော့။ ကျုပ် နေရစ်အုံးမယ်။ ကိုသိန်းမောင်က ကိုသူရကို ကျုပ်တို့အခန်း ခေါ်သွားပြီး ကျုပ်ပြန်မလာမချင်း စောင့်ရှောက်လိုက်ဗျာ"

ရ။ ။"ခင်ဗျား ဘယ်လောက်ကြာမလဲ"

ရှား။ ။"ဒီည ပြန်ရောက်ချင်မှ ရောက်မယ်။ နက်ဖြန်လောက်မှ ပြန်ရောက်နိုင်မယ် ထင်တယ်"

ရ။ ။"မြို့ထဲမှာ စုံစမ်းစရာ ရှိသေးဆို"

ရှား။ ။"နက်ဖြန်မှ လုပ်တော့မယ်။ ဒီမှာ သာပြီး အရေးကြီးနေတယ်"

ရ။ ။"ကျွန်တော်တို့ အိမ်မှာ အိပ်မယ် မဟုတ်လား"

ရှား။ ။"အိပ်ကောင်းမှ အိပ်မယ်။ ကိုင်း သွားကြပေတော့"

တက္ကစီ ထွက်လာရာတွင် ဦးစံရှားမှာ ကျွန်တော်တို့ကို ငေးမျှော်လျက် ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်နှင့် ကိုသူရတို့သည် လမ်းခရီးတွင် ယမန်ညဥ့်က ကိစ္စနှင့် ပတ်သက်၍ လည်းကောင်း၊ စာချုပ်ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍လည်းကောင်း ထင်မြင်ချက်အမျိုးမျိုးပေးကြသော်လည်း ကျေနပ်လောက်သော တွေးဆချက် မပေါ်ထွက်နိုင်ပဲ ရှိ၏။

ယမန်ညဥ့်က ကိစ္စနှင့်ပတ်သက်၍မူ ကိုသူရက မိမိအသက်ကို လုပ်ကြံရန်အတွက် သက်သက်ဖြစ်သည်ဟု ယုံကြည်လျက် ရှိလေသည်။

ကိုသူရ၏ စိတ်ထဲ၌ စာချုပ်ပျောက်ဆုံးသော ကိစ္စနှင့် ယမန်ညဥ့်က ကိစ္စသည် ဆက်သွယ်ခြင်းရှိသည်ဟူ၍လည်း ယုံကြည်၏။

ကျွန်တော်တို့သည် တိုက်ခန်းသို့ ပြန်ရောက်ကြသောအခါ ကိုသူရမှာ ဦးခေါင်းထဲ ခေါင်းချာစိုင်းနေသည့် လက္ခဏာနှင့် ထိုင်းချည် ထချည် နေမထိ ထိုင်မထိဖြစ်နေရာ ကျောင်းနေဘက် သူငယ်ချင်းဖြစ်သည့်အတိုင်း ရှေးဟောင်းနှောင်းဖြစ်များကို ကျွန်တော်က ပြောသော်လည်း ကိုသူရက စိတ်မဝင်စားပဲ ရှိသည်နှင့် နောက်ဆုံး၌ လက်လျှော့လိုက်ရတော့သည်။

ကျွန်တော်က မည်သည့်အကြောင်းအရာကို ပြောသည်ဖြစ်စေ ကိုသူရမှာ စာချုပ်အကြောင်းကိုသာ ပြောတော့သည်။ ထိုည၌—

ရ။ ။"ခင်ဗျားမိတ်ဆွေ ဦးစံရှားက စိတ်ချရရဲ့လားဗျ"

ကျွန်တော်။ ။"ဒီအလုပ်မျိုးမှာတော့ မ တထောင် တကောင်ဖွားဆိုတဲ့ လူပါဗျ။ တကယ် စွမ်းပါတယ်။ သူ စုံထောက်ရယင် ပေါ်ပေါက်တာချည်း များပါတယ်"

ရ။ ။"နို့ပေမယ့် ဒီအမှုလောက် ရှုပ်ထွေးတဲ့အမှုမျိုး မကြုံဖူးသေးဘူး ထင်တယ်"

ကျွန်တော်။ ။"ဒီလိုလဲ မဟုတ်ပါဘူး။ အင်မတန် ရှုပ်ထွေးတာတွေလဲ ပေါ်အောင်လုပ်ခဲ့ဖူးပါတယ်"

ရ။ ။"ဘာပြောပြော ဒီလောက် အရေးကြီးတဲ့ ကိစ္စမျိုးတော့ မဆောင်ရွက်ဖူးသေးဘူး ထင်တယ်"

ကျွန်တော်။ ။"မထင်နဲ့ ကိုသူရ။ ဒါပေမယ့် စောင့်ကြည့်သေးတာပေါ့ဗျာ"

ဤသို့ဖြင့် ကျွန်တော့်မှာ ကိုသူရ၏ ယုံမှားသံသယများကို ဖြေဖျောက်ရန် ကြိုးစား၍ အိပ်ရာတွင် 3
သိပ်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မှာ ထိုညအဖို့၌ ကိုသူရရော ကျွန်တော်ပါ အိပ်ပျော်နိုင်သည်မရှိပဲ ဏလွန့်လွန့် တလိန့်လိန့် ရှိနေကြပါတော့သည်။

ကျွန်တော့် အဖို့မှာ စန်းစန်းကို အခန်းထဲ၌ စောင့်ခိုင်းခြင်း၊ အခန်းတံခါးကို ပိတ်ခိုင်းခြင်း၊ ကျွန်တော်တို့နှင့်အတူ ဦးစံရှားမလိုက်ခဲ့ပဲ ချန်နေရစ်ခဲ့ခြင်း၊ မိမိနေရစ်မည့်အကြောင်းကို အိမ်သူ အိမ်သားများအား အသိမပေးခြင်း စသည်များသည် တွေးဆ၍မရနိုင်အောင် ဦးနှောက်ခြောက်စရာများ ဖြစ်နေပါတော့သည်။

\+ \+ \+

နောက်တနေ့နံနက် အိပ်ရာမှ နိုးသည်နှင့် တပြိုင်နက် ကိုသူရ၏ ပထမဆုံး မေးခွန်းမှာ ဦးစံရှား မလာသေးသလော ဟူသည်ပင်ဖြစ်၏။ ကျွန်တော်က မရောက်လာသေးကြောင်း၊ သို့သော် မကြာမီ ရောက်လာလိမ့်မည်ထင်ကြောင်း ပြောပြသောအခါ ကိုသူရမှာ ဆံပင်ကိုဖွလျက် ငိုင်နေလေ၏။

ရှစ်နာရီ အချိန်ခန့်တွင်မှ ဦးစံရှား တက်လာသောအခါ လက်ဝဲဘက် လက်မောင်းမှာ ပတ်တီးစည်းလျက် ကြိုးသိုင်းထားသည်ကို တွေ့ရသည်။

ကိုသူရသည် အလွန် စိတ်ပျက် အားလျော့သော မျက်နှာထားနှင့် ဦးစံရှားကို ကြည့်နေစဉ် ကျွန်တော်က ဦးစံရှားအား—

"ခိုက်မိလာခဲ့သလားဗျို့"ဟု မေးသဖြင့် ဦးစံရှားက—

"အရေးမကြီးပါဘူးဗျာ၊ ပွန်းရုံ ပဲ့ရုံလောက်ပါ။ ဒါထက် ကိုသူရ အမှုကဖြင့် နိုက်လေ နက်လေ ဖြစ်နေပြီဗျို့"ဟု ပြန်ပြောသည်။

ရ။ ။"ခင်ဗျားတောင် ညဏ်မမီတော့ဘူး ထင်တယ်"

ရှား။ ။"ဒီလိုလဲ မဟုတ်သေးပါဘူး။ သို့သော် မမေ့နိုင်လောက်တဲ့ အမှုကလေး တခုပါပဲ"

ကျွန်တော်။ ။"ခင်ဗျာ့ လက်မောင်းက ဘာဖြစ်တာလဲဗျ"

ရှား။ ။"နေအုံးဗျာ၊ ဖြည်းဖြည်းပေါ့။ တမနက်လုံး ကျုပ် ဘာမှ မစားခဲ့ရဘူး။ ထမင်းစားပြီးမှ ဖြည်းဖြည်းဆေးဆေး ပြောပြတာပေါ့ဗျာ"

ယင်းနောက် ကျွန်တော်သည် ထမင်းချက်မိန်းမကြီးနှင့် တိုလီမိုလီ အစေခံအား ထမင်းပွဲပြင်စေ၍ ထမင်းစားပွဲ၌ ထိုင်ကြသောအခါ ဦးစံရှားမှာ အလွန် ဆာလောင်ဟန်နှင့်လည်းကောင်း၊ ကျွန်တော်မှာ သိချင်စိတ်နှင့်လည်းကောင်း၊ ကိုသူရမှာ အလွန်စိတ်ပျက်ဟန်နှင့်လည်းကောင်း ရှိနေကြလေ၏။

ရှား။ ။(ဟင်းပွဲများကိုကြည့်လျက်) "ကျုပ်တို့ ဒေါ်ချစ်ခင်ကြီးက တယ်ပြီး လက်စွမ်းပြထားလိုက်ပါကလား။ ဟင်းတွေကို မြိုင်လို့။ အမဲနှပ်ရော၊ ဆယ့်နှစ်မျိုးဟင်းချိုရော၊ ငပိချက် တို့စရာရော ပါတဲ့အပြင် ဟိုဘက်က ဝမ်းဘဲကင်နဲ့ ဝက်အူချောင်းလဲ ပါသေးသကိုး။ ဟိုဘက်က ကြွေအုပ်ထဲက ဘာလဲဗျ။ တဆိတ် ဖွင့်လိုက်စမ်း ကိုသူရ"

ကိုသူရမှာ ထမင်းစားချင်သောစိတ် လုံးဝ မရှိသောကြောင့် စိတ်မပါ လက်မပါနှင့် ကြွေအုပ်ကို ဖွင့်လိုက်သည်တွင် အလန့်တကြား အော်လိုက်မိလေသည်။

အကြောင်းမူကား ကြွေအုပ်ထဲတွင် အပြာရောင် စက္ကူတလိပ် ပိုးကြိုးစည်းလျက် အလျားလိုက် တည်နေသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

---

တတိယအကြိမ်

www.burmeseclassic.com



ကိုသူရသည် စက္ကူလိပ်ကို ဆတ်ကနဲကောက်ယူ၍ ပိုးကြိုးကိုဖြည်ပြီး ဖြန့်ကြည့်လိုက်သည်တွင် ပျောက်ဆုံးနေသော စာချုပ်ဖြစ်ကြောင်း သိသည်နှင့် ကုလားထိုင်တွင် တည်ငြိမ်စွာ မထိုင်နိုင်ပဲ ရုတ်တရက် ထပြီး စက္ကူလိပ်ကို ရင်ဘတ်ထဲသို့ ထိုးသွင်းလိုက်လေတော့သည်။

ထို့နောက်မှ ဦးစံရှား၏ရှေ့တွင် ဆောင့်ကြောင့်ထိုင်လျက် ဒူးနှစ်ဘက်ကို ကိုင်လှုပ်ကာ—

"မောင်မင်းကြီးသား ကျေးဇူးရှင်ကြီးပါပဲခင်ဗျာ"ဟု မျက်ရည်ဝိုင်းလျက် ပြောရှာသေးသည်။ ထို့နောက်မှ ကျွန်တော်နှင့် ကိုသူရတို့က—

"ဘယ်က ရခဲ့တာလဲဗျ။ ဘယ်လိုလုပ် ရခဲ့တာလဲဗျ" စသည်များဖြင့် ဒလတ္ထန်း မေးမြန်းကြလေရာ ဦးစံရှားက—

"ဖြည်းဖြည်း ပြောပါ့မယ်ဗျာ။ ထမင်းဆာလွန်းလို့ စားပါရစေအုံး"ဟု ဆိုကာ ဟင်းခွက်များကို နှိုက်စ ပြုလေတော့သည်။

ကျွန်တော်မှာ သိချင်ဇောကြောင့် ထမင်း ဖြောင့်ဖြောင့် မစားနိုင်။ ကိုသူရမှာမူ လက်ပင်မဆေးပဲ ကျွန်တော်တို့ကို ထိုင်၍ ကြည့်နေတော့သည်။

ထမင်းစားပြီးကြသောအခါ ကျွန်တော်တို့သည် ဧည့်ခန်းသို့ ပြောင်းရွှေ့၍ ဦးစံရှားက ဆေးတံ တဖွာဖွာနှင့် အောက်ပါအတိုင်း ပြောပြလေသည်။

ရှား။ ။"ခင်ဗျားတို့နှစ်ယောက်ကို တက္ကစီပေါ် တင်လွှတ်လိုက်ပြီးတဲ့နောက် ဝင်ဒါမီယာပတ် ဘက်ကို ပြန်မသွားပဲ ရွှေတိဂုံဘုရား ကုန်းတော်ပေါ်မှာ တနေ့လုံး အချိန်ကုန်တယ်ဗျ။ ကြာဇံကြီး မစား ရတာ ကြာတာနဲ့ ညစာတောင် ကြာဇံကြီးနဲ့ ပြီးလိုက်တော့တာပါပဲ။ နေဝင်ချိန်ကျတော့မှ ကုန်းပေါ်က ဆင်း၊ ဝင်ဒါမီယာပတ်ဘက်ကို သွား၊ကိုသူရရဲ့ အိမ်အနီးအနားတဝိုက်မှာ လမ်းလျှောက်နေတာ တော် တော် မိုးချုပ်တော့မှ ခင်ဗျားအိမ်ဝင်းထဲကို ဝင်းထရံက ကျော်ဝင်တာကိုးဗျ"

ရ။ ။"ဝင်းတံခါးက ဘာလို့ မဝင်သလဲဗျ"

ရှား။ ။"ခင်ဗျားအိမ်သားတွေ မမြင်စေချင်လို့ပေါ့ဗျာ။ ခင်ဗျားအခန်း ပြတင်းပေါက်နဲ့ မလှမ်းမကမ်းမှာ စပယ်ရုံကြီးတခု ရှိတယ်မဟုတ်လား။ အဲဒီအောက်က ကျုပ်က ထိုင်စောင့်ကြည့်နေ တာပဲ။ ခင်ဗျားအခန်းထဲမှာ စန်းစန်းက စာတအုပ် ထိုင်ဖတ်နေတာ ကျုပ် မြင်ရတယ်။ သိပ်တော်တဲ့ မိန်းကလေးဗျာ။ ကျုပ် မှာထားတဲ့အတိုင်း တသွေမတိမ်း လိုက်နာပါပေတယ်။ သူ့ကြောင့်လဲ ဒီစာချုပ် ပြန်ရပေတာပဲ။

"ဒါနဲ့ ၉ နာရီခွဲလောက်ကျတော့ စန်းစန်းက ကျုပ်မှာထားတဲ့အတိုင်း အခန်းတံခါးကို အပြင်က သော့ခတ်ပိတ်လိုက်ပြီး သူ့အိပ်ရာသူ ဝင်အိပ်တော့တာကိုး။ စောင့်လိုက်ရတာဗျာ မပြောပါနဲ့တော့။ နာရီပြန် တချက်ကို ထိုးပါရောလား။ မိုးမရွာပေလို့သာ တော်တော့တာပေါ့။ ဟိုတခါ လိုက်ခဲ့ရတဲ့ ဘောင်ဒရီလမ်း လူသတ်မှုတုန်းကတော့ ကိုသိန်းမောင်ပါလို့ တော်သေးတယ်။ ဒီတခါတော့ အသက် အန္တရာယ်အတွက် ဒါလောက် မစိုးရိမ်ရပေမယ့် တယောက်တည်းမို့ ပျင်းလိုက်တာဗျာ။ သန်းခေါင် ကျော်လို့ နာရီပြန် တချက်ခွဲပြီးတော့မှ အိမ်နောက်ပိုင်းဆီက တံခါးတချပ်ပွင့်လာပြီး ကုပ်ကုပ် ကုပ်ကုပ်နဲ့ လူတယောက် ထွက်လာတာကိုးဗျ"

ရ။ ။"ကျွန်တော်တို့ အိမ်ထဲကလား ခင်ဗျာ"

ရှား။ ။"ဟုတ်တာပေါ့။ တခြားလူ ဟုတ်ရိုးလား၊ ခင်ဗျား ယောက်ဖလောင်းပေါ့"

---

ဒုတိယအကြိမ်

www.burmeseclassic.com


ရ။ ။ "ကိုဘမောင်လား ခင်ဗျာ"

ရှား။ ။ "အခုစ်ပေါ့။ ခင်ဗျား ပြတင်းပေါက်နားရောက်တော့ သူ့လက်ထဲက ဓားမြှောင်နဲ့ တံခါးအကြားက လျှိုပြီး ကလန့်ကို ထိုးကလော်လိုက်တော့ ပြတင်းပေါက်ပွင့်သွားရောဗျာ။ ကျုပ်နေရာက ထွန်း၊ ခင်းထားတဲ့ ဖယောင်းပုဆိုးကို အခန်းထောင့်ကနေပြီး လှန်၊ တံမြက်စည်းလှဲချဖို့ ဖောက်ထားတဲ့ အပေါက်က ပျဉ်ပြားကို ထုတ်၊ ခါးကုန်းပြီး အောက်နှိုက်၊ ဒီတော့မှ စက္ကူလိပ်တလိပ် သူ့လက်ထဲ ပါလာ တာကိုးဗျ။

"ဒီနောက်တော့ စက္ကူလိပ်ကို သူ့ရင်ဘတ်ထဲ ထိုးထည့်၊ ပျဉ်ပြား ပြန်ပိတ်၊ ဖယောင်းပုဆိုး ပြန်ဖုံး၊ ဖယောင်းတိုင် ငြိမ်း၊ ပြတင်းပေါက်က ပြန်ထွက်အလာမှာ ကျုပ်နဲ့ ပက်ပင်းပါ တွေ့ကြတော့တာကိုး။

"ခင်ဗျားယောက်ဖလေးက လူပုံကြည့်တော့ သနားကမားနဲ့ မခုတ်တတ်တဲ့ကြောင်လိုလို၊ တကယ့် အခုကျတော့ အာဂလူဗျ။ ကျုပ်ကိုတောင် ခံတွယ်တယ်။ ကျုပ်လက်မောင်းတောင် သူ့ဓား ထိသွားသေးတယ်။ ပါးချိပ်ကို လက်သီးနဲ့ အော်သတ်လို့ ပက်လက်လန်သွားတာတောင် တခါလော ထလာပြီး သုတ်ခြေတင်မလို့ လုပ်သေးတယ်။ နောက်ကနေပြီး လည်ဂုတ်ဆွဲအထားမှာ ဓားမြှောင်နဲ့ တွက်လိုက်လို့ ဗယ်ဘက် လက်မောင်းမှာ မျက်ကနဲ ထိသွားတော့မှ နှာယောင်ပိတ်ပြီး တအားကြုံး လိုက်တာ ငါးမိနစ်လောက် စန့်နေသေးတယ်။

"ဒီတော့မှ ကျုပ်က သူ့ရင်ဘတ်ထဲက စာချုပ်ရော၊ သူ့လက်က လွတ်ကျနေတဲ့ ဓားမြှောင်ရော ယူထားပြီး ထိုင်စောင့်နေ၊ သတိရလာတာနဲ့ တပြိုင်နက် ကျုပ်က အကျိုးအကြောင်းကို သာယာ ညင်းပျောင်း ပြောပြတော့မှ မျက်နှာအောက်ချပြီး အိမ်ထဲ ပြန်ဝင်သွားလေရဲ့။

"မနက်တုန်းကတော့ ခင်ဗျားအမှု ကိုင်တဲ့ စုံထောက် ကိုလှဦးဆီတော့ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားလိုက်တာပဲ။ အချိန်မီ သွားဖမ်းနိုင်သလားတော့ မပြောတတ်ဘူး။ အလုံးစုံပေါင်းကြည့် လိုက်တော့ ကိုဘူ့အဖို့ရော၊ အစိုးရအဖို့ရော ကိုဘမောင်ကို မမိတာ အကောင်းဆုံးနေမှာပဲ ထင်ပါရဲ့"

ရ။ ။ "ဖြော်ရလေခင်ဗျာ။ ဒီအခန်းထဲမှာ ကျွန်တော်ဖျားနေတဲ့အခိုက် ဒီစာချုပ်က ကျွန်တော့် အနားတွင် ရှိနေတာပေါ့ခင်ဗျာ"

ရှား။ ။ "ဟုတ်တာပေါ့ ကိုသူရရဲ့"

ရ။ ။ "ဝှကျလိုက်လေခင်ဗျာ။ မေမေတို့က စန်းစန်းကို သဘောကျသော်လဲ သူ့အစ်ကိုကိုတော့ 'လူပေါ်ကြွ' ဆိုပြီး မျက်နှာကြောမတည့်ဘူး ပြောထားတဲ့အထဲမှာ အခု ဒီလိုဖြစ်ရပြန်တော့ စန်းစန်းနဲ့ လက်ထပ်ဖို့အထိ ဘာနှောက်ယှက်နေကြမလဲ မဆိုနိုင်ဘူးခင်ဗျာ"

ကျွန်တော်။ ။ "ခင်ဗျားအဖေကော"

ရ။ ။ "ပင်စင်ယူပြီး ကလောမှာနေတယ်"

ရှား။ ။ "လက်ပူးလက်ကြပ် မမိယင်လဲ ဖုံးနိုင် ဖိနိုင် ကောင်းပါလားဗျာ။ ခင်ဗျားတို့ အမျိုးက မျက်နှာကြီး မျိုးပဲ"

ရ။ ။ "ဒါကို ထားပါအုံး။ ကိုဘမောင် ခိုးပုံလေး တဆိတ် ပြောပြပါအုံးခင်ဗျာ"

ရှား။ ။ "ဟိုးနေ့ညနေက ကိုဘမောင်နဲ့ ခင်ဗျားနဲ့ ဘူတာရုံမှာ ဆုံကြဖို့ ချိန်းထားတယ်လို့ ခင်ဗျား ပြောလိုက်တာသည်းက ကိုဘမောင်ကို ကျုပ်က တယ်မသင်္ကာဘူး။

တတိယအကြိမ်

www.burmeseclassic.com



"ဘာကြောင့်လဲဆိုတော့ ဘူတာရုံမှာ ခင်ဗျားကို မတွေ့ယင် ခင်ဗျားရုံးကို သူလိုက်လာနိုင်တယ်လို့ ကျုပ်က စဉ်းစားမိတာကိုး။ ပြီးတော့ ခင်ဗျား အိပ်ခန်းကို လူတယောက်ယောက်က ဝင်ဖို့ ကြံစည်တယ်ဆိုပြန်တော့လဲ ဒီအခန်းထဲမှာ ပစ္စည်းဝှက်ထားနိုင်တဲ့လူဟာ ကိုဘမောင်ပဲ ဖြစ်ရမယ်လို့ စဉ်းစားမိတယ်။

"အခန်းထဲဝင်ဖို့ ကြံစည်ရာမှာလဲ သူနာပြုဆရာမ မစောင့်တဲ့ညမှာမှ ကြံစည်တယ်ဆိုတော့ အိမ်တွင်းရေးရာကို သိထားတဲ့ လူတယောက် ဖြစ်ရမယ်။ ဒီလိုဆိုယင် ကိုဘမောင်ပဲလို့ သေချာသည်ထက် သေချာတာကိုးဗျ"

ရ။ ။"ကန်းကြပါပေ့ဗျာ။ ကျွန်တော်တို့ ဒါလောက်တောင်မှ မမြင်ကြဘူး"

ရှား။ ။"ရှင်းပြတဲ့အခါကျတော့ ဒီလိုပြောကြတာပေါ့လေ။ ဖြစ်ပျက်ပုံက ဒီလိုဗျ။ ကိုဘမောင်ဟာ ခင်ဗျားကို ဘူတာရုံကနေစောင့်။ ခင်ဗျားက မပေါ်လာ။ လော်ကယ်ရထား တစင်းပြီးတစင်း လွတ်ကုန်တဲ့အခါကျတော့ ခင်ဗျားရုံးလိုက်လာ။ ခင်ဗျား အခန်းထဲ ဝင်ကြည့်။ ခင်ဗျားကို မတွေ့။ ခေါင်းလောင်းကို မြင်။ ခင်ဗျား ကြားလိုကြားငြား ဘဲလ်ကို နှိပ်ခေါ်။ ဒီအတောအတွင်း စားပွဲပေါ်က စာရွက်တွေမြင်လို့ ကောက်ဖတ်ကြည့်။ လူလည်လူပါးတယောက် ဖြစ်တဲ့အတိုင်း တပုဒ်လောက် ဖတ်လိုက်ယင်ပဲ အဖိုးတန် စာချုပ်ပဲလို့ သိ။ သူ့အိတ်ထဲ ထိုးထည့်။ ခင်ဗျားမလာခင် ကပျာကရာ ဆင်းပြေးတော့တာကိုး။

"သူ့အကြောင်းကို ကျုပ် စုံစမ်းကြည့်ရာမှာ ခင်ဗျားလူက ပိုကာရော၊ အနီရော၊ မြင်းရော စုံနေတဲ့လူ ဆိုပါလားဗျ။ ဒီလို လူမျိုးဟာ အကျဉ်းထဲ အကျပ်ထဲမှာ ယောက်ဖလောင်းသော ဘာသော မညှာနိုင်ဘူး။ လုပ်မိလုပ်ရာ လုပ်တယ်ဆိုတာ ဘာမှ အံ့သြစရာ မရှိဘူးဗျ"

ရ။ ။"ဟုတ်ပါရဲ့ ခင်ဗျာ"

BURMESE CLASSIC .com

ရှား။ ။"ဒါနဲ့ စာရွက်တွေယူပြေးပြီး မီးရထားပေါ်မှာ ဖတ်ကြည့်တော့ ရောင်းစားတတ်လျှင် ငွေအများကြီး ရနိုင်တဲ့ စာချုပ်မျိုးဆိုတာကို သူရိပ်မိတာကိုးဗျ။ အိမ်ရောက်တော့၊ ဒါထက် ဒီအခန်းဟာ ခင်ဗျား ကျန်းမာတုန်းက ကိုဘမောင်နေတဲ့အခန်းဆို။ ဟိုနေ့က ခင်ဗျား ရုံးက ပြန်လာရာမှာ မကျန်းမမာ ဖြစ်လာလို့ သူ့အခန်းမှာ ခင်ဗျားကိုထားပြီး သူ့ကို အပြင်ထုတ်လိုက်ရတယ်ဆို"

ရ။ ။"ဟုတ်ပါတယ်။ စန်းစန်းနဲ့ ကိုဘမောင်နဲ့ အလည်လာကြရာမှာ ကျွန်တော့်အခန်းကို ကိုဘမောင်ပေးပြီး ကျွန်တော်က ညီကလေးနဲ့အိပ်။ စန်းစန်းက ကျွန်တော့်နှမများ၊ အမေများနဲ့အိပ်။ အဲဒီလို စီမံခဲ့ပါတယ်။ ကျွန်တော် နေမကောင်းပဲ ပြန်လာတော့မှ ကျွန်တော့်အခန်း ကျွန်တော်ဝင်အိပ်ပြီး ကိုဘမောင်ကို အပြင်ထုတ်လိုက်ရပါတယ်"

ကျွန်တော်။ ။"သူတို့မောင်နှမ လာလည်ရအောင် ဘယ်လို အခြေအနေမို့လဲဗျ"

ရ။ ။"ကျွန်တော့် အဖေ အရေးပိုင် လုပ်တုန်းက သူတို့အဖေက နယ်ပိုင်ဝန်ထောက်ပါ။ မိတ်ချင်း အလွန်ရင်းနှီးလို့မို့ စန်းစန်းနဲ့ ကျွန်တော် ဆက်မိကြပါတယ်။ သူတို့အဖေ အမေများတော့ မရှိကြတော့ပါဘူး။ မန္တလေးက ရန်ကုန်ကို ဘုရားဖူးလာယင်း ကျွန်တော်တို့အိမ်မှာ တည်းခိုခိုက် ဒီလို ဖြစ်ကြရပါတယ်"

ကျွန်တော်။ ။"စာချုပ်ဝှက်ပုံ လုပ်ပါအုံးဗျာ"

ရှား။ ။"ကိုဘမောင်ဟာ အိမ်ပြန်ရောက်လာပြီး စာချုပ်ဝှက်ထားဖို့ နေရာကို စဉ်းစားရာမှာ သူ့ အခန်းထောင့်က တံမြက်စည်းလှဲချတဲ့ အပေါက်ကို သတိရပြီး ထိုးသွင်းလိုက်ရာမှာ ကိုသူရတ နေမကောင်းပြီး ပြန်ရောက်လာလို့ ကိုယ့်အခန်းကိုယ်ပြန်ယူပြီး သူ့ကို အပြင်ဘက်မှာ နေရာပေးထားတော့

www.burmeseclassic.com



ဂွကျနေတာပေါ့။ အခန်းထဲမှာလဲ သူနာပြုဆရာမက တလှည့်၊ စန်းစန်းက တလှည့်၊ လူပြတ်တယ်လို့ မရှိတော့ သူ့အဖို့ သာပြီး ဂွကျနေတာပေါ့။ ဟိုညက ဆရာမ စောင့်မအိပ်လို့ သူကြံစည်ပြန်တော့လဲ ခင်ဗျားက နိုးနေ။ မနေ့ညတုန်းက ကော်ပြီဟဲ့ ဆိုပြီး စန်းစန်းအလစ်မှာ ဝင်ပြန်တော့လဲ ကျုပ်နဲ့ ပက်ပင်း မိနေပြန်တော့တာကိုး”

ကျွန်တော်။ ။“ဒီအခန်းထဲမှာ သူဝှက်ထားကြောင်း သိယင် ဘာကြောင့် စောစောက ခင်ဗျား မရှာသလဲဗျ”

ရှား။ ။“ကျုပ်ဟာကျုပ် ရှာယင် ပျဉ်တွေ ခွာလား ဘာလား လုပ်နေရမှာပေါ့။ ဒီအပေါက် ရှိလိမ့်မယ်လို့ ကျုပ်က သိမှ မသိပဲကာပဲ”

ရ။ ။“ခေါင်းမြောင်ကြီးကကော ဘာလုပ်ဖို့လဲဗျာ။ ကျွန်တော့်ကို ထိုးမယ်လို့များလား”

ရှား။ ။“ဒီလောက်တော့ မဟုတ်တန်ကောင်းပါဘူး ထင်ပါရဲ့ဗျာ။ သို့သော်လဲ ခင်ဗျား ကိုဘမောင်တော့ ကျုပ်ဖြင့် ဘာမှ စိတ်မချဘူးဗျ”

ဤအမှုမှာ ကိုသူရတို့ ဆွေမျိုးတစု မျက်နှာကြီးခြင်းကြောင့် လည်းကောင်း၊ မစ္စတာ ဂရေဗလီ ကိုယ်တိုင်က ဤမျှလောက် အရေးကြီးသော စာချုပ်နှင့်ပတ်သက်၍ လူကြား သူကြား မဖြစ်စေလိုခြင်း ကြောင့် တကြောင်း ဖုံးဖိထားလိုက်ကြသည်ဖြစ်၍ ကိုဘမောင်မှာ သက်သာရာ ရသွားလေတော့သတည်း။

BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com